www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


၂၈။ မိုးမခရတနာသိုက်
၂၉။ ဖြေဝါထောင်နတ်မင်း
၃၀။ ဝဋ္ဋမပြောက်မိုးနတ်မယ်
၃၁။ ရတနာကျွန်းဇာတ်ရိ
၃၂။ ဂူမှာဏ်ထစ်ထောင်
၃၃။ ဆင်စွယ်နန်းရှင်
၃၄။ ငွေစန္ဒာသားထောင်
၃၅။ ရေလယ်ခေါင်သောင်ကျွန်း နတ်သမီးနေတဲ့ကျွန်း
၃၆။ ခရမ်းရောင်သစ္စာပန်း
၃၇။ မဟာလူသားမောင်ဒဂါး
၃၈။ မျော်တန်ခိုးရှင်မ
၃၉။ ဆားပုလင်းမင်းအောင်နှင့်တာနေ့ါးသစ္စ
၄၀။ နတ်သမီးနဲ့ရွှေခေါင်းလောင်း
၄၁။ လင်းနို့တောင်ကျိန်စာ
၄၂။ ဆင်ဖြူရှင်
၄၃။ ပျောက်သောသူ့ရှာလျှင်တွေ့
၄၄။ ဆားပုလင်းမင်းအောင်နှင့်မိုးဖျံ့ထိမ်ထိုက်
၄၅။ စကြာရှင်
ယခုလထုတ်စာအုပ်
၄၆။ မိုးပြိုးတဲ့ခွန်


## မင်းမြတ်သူရ၏ နောက်ထွက်မည့်စာအုပ်များ

- ရွှေမျှက်နာသခင်မ
- ပတ္တမြားဆန်ကျိုး အဝိုးပြည်ဇာန်
- လနတ်သမီး
- လှူဝင်တားကျောင်းတော်
- မီးအိမ်ရှင်

## စေတနာစာပေ၏ အမှတ်တရအသိအစဉ်

☐ ဆားပုလင်းမင်းအောင်က သဘာဝလောကမှာ တရားမျှတမှုတွေ ရှိနေဖို့အတွက် ချိန်ခွင်လို လူစားတွေ အများကြီးလိုအပ်ပါတယ်လို့ဆိုပါတယ်၊ အဲဒီစာသားလေးဟာ လူတစ်ယောက်ရဲ့ ဘဝအတွက် လမ်းညွှန်တစ်ခု ဖြစ်မယ်ထင်ပါတယ်၊ ဆရာ့စာအုပ်အသစ်တွေ ဖတ်စရာမရှိလို့ အဟောင်းတွေပဲ ပြန်ရှာဖတ်နေရတယ်၊ ဘယ်အချိန်ဖတ်ဖတ် ဆရာ့စာအုပ်တွေကတော့ တန်ဖိုးရှိနေတာပါပဲ။

ရှင်ထေရာနန္ဒ
ဗုဒ္ဓအေးရိပ်သာကျောင်းတိုက်
မြပေါဝန်လမ်း၊ မုဒုံမြို့၊ မွန်ပြည်နယ်

☐ ဆရာ့စာအုပ်တွေ ဖတ်မိရင် တာဝန်ချိန်တွေ ဘာတွေ မေ့သွားတတ်တယ်၊ ထမင်းမေ့ဟင်းမေ့နဲ့ စာအုပ်ကိုပြီးအောင် ထိုင်ဖတ်ရမှကျေနပ်တယ်၊ စာအုပ်တွေအားလုံး အရမ်းဖတ်လို့ကောင်းပြီး၊ ရိုက်ဆက်မိတယ်၊ ရှင်းလင်းပြီး ဆွဲဆောင်အားကောင်းတယ်၊ လူငယ်တွေကို အားမာန်သတ္တိတွေ ပေးပေးတဲ့ ဆရာ့ကို သိပ်လေးစားတယ်၊ အားကျမိတယ်၊ ဆရာ ထာဝရ အောင်မြင်ပါစေသော။

တကာ ပေါင်းလတ်
ခမရ(၃၇၆)၊ ကျောက်တော်မြို့၊ ရခိုင်ပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com

□ ဆင်စွယ်နန်းရှင်စာအုပ်ဟာ ဇာတ်သိမ်းပိုင်း သိပ်မလှဘူးလို့ ထင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ဆရာ့စာအုပ်ထဲက စာသားတွေဟာ သမီးတို့လူငယ်တွေအတွက် မှတ်သားစရာကောင်းပါတယ်၊ ဆားပုလင်းမင်းအောင်ပါကဲ့ ဇာတ်လမ်းတွေ များများ ရေးပေးပါဆရာ၊ ဆရာထိပ်ဆုံးမှာ အမြဲရပ်တည်နိုင်ပါစေ။

အိဖြူစင်
အမှတ်(၇၇၀)၊ ဇိုလ်ဖိုးဝင်း ၃–လမ်း၊ မြောက်ဒဂုံ

□ လွမ်းငွေ့တဝေဝေကိုဖတ်ပြီးကတည်းက ဆရာ့စာအုပ်တွေကို မဖတ်ဘဲ မနေနိုင်တော့ဘူး၊ စာအုပ်တွေအားလုံးကို ဒုတိယအကြိမ် အမြန်ဆုံး ထုတ်ပေးစေချင်ပါတယ်၊ ဆရာ့စာအုပ်တွေဖတ်တိုင်း အသိပညာ ဗဟုသုတနဲ့ စိတ်ဓာတ်တက်ကြွစရာတွေပါလို့ အဖိုးမဖြတ်နိုင်တဲ့ ရတနာတွေရလိုက်သလိုပါပဲ။

စုလှိုင်ဝင်းနု
လိုင်း (၇၅)၊ အခန်း-G
မီးရထားဝင်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

□ သမီးတို့နှစ်ယောက်ဟာ စိတ်ထင်ရာစိုင်းပြီး လောကကို အရွဲ့တိုက်သူတွေပါ။ နောက်တော့ လူငယ်တွေရဲ့စိတ်ဓာတ်ကို ရင့်ကျက်စေပြီး ဆွဲဆောင်အားကောင်းလွန်းတဲ့ ဆရာ့စာအုပ်တွေကို ဖတ်ရှုရတော့ အမှားကိုမြင်ပြီး အမှန်ကို ပြင်တတ်လာပါတယ်၊ အခုတော့ ဘဝသစ်မှာ အားအင်ပြည့်ဝစွာနဲ့ လောကကို ရင်ဆိုင်ဖို့ အသင့်ဖြစ်နေပါပြီ၊ ဒီအတွက် ဆရာ့ကို သိပ်ကျေးဇူးတင်ပါတယ်။

မဖြူဖြူခိုင်+မနေခြည်မီးမီး
ဖက်ခင်းရပ်၊ မော်လမြိုင်မြို့။

❉ ဘုရားစောင်းတန်းမှာ တွေ့တုန်းက
တတ်ရိုက်စာတ်ဆင် ဆရာစိန်
လင်ပျောက် မယားပျောက် အထူးပေယ်ရှယ်လစ်တဲ့
တေိုင်ကြီး တစ်ခွဲသားနဲ့
အထင်ကြီးစရာနော်...

❉ တစ်နေ့ သူ့အိမ်မှာ
သူ့သမီးလင်နောက်လိုက်တော့
ငိုကြီးချက်မနဲ့
ရဲစခန်းမှာ
တိုင်ချက်ဖွင့်မလို့တဲ့...

ချမ်းမြေ့သရဖီလှိုင်

www.burmeseclassic.com

www.burmeseclassic.com

❀ အနာဂတ်ရည်မှန်းချက်မရှိဘဲ
ဗိုက်ပြည့်ရုံ ထမင်းစားနေတာ
သင့်ဘဝ သံချေးတက်တာပေါ့..

ချမ်းမြေ့သရဗီလှိုင်

❀ ရွှေရှိတယ်
ငွေရှိတယ်
တိုက်နဲ့ကားရှိတယ်

❀ မေတ္တာမရှိဘူး
သစ္စာမရှိဘူး
❀ ကရုဏာမရှိဘူး၊...

ချမ်းမြေ့သရဗီလှိုင်

www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်မှုအနည်းဆုံးလူဟာ
ကိုးကွယ်မှု အများဆုံးလုပ်တတ်တယ်

ချမ်းမြေ့ သရုဒီလှိုင်

တစ်နေ့သ၌ ပဲခူးကောင်းချိုဉ့်ဂှမ်းလွင်ပြင်အတွင်းရှိ ရွာကြီးတစ်ရွာနှင့် မနီးမဝေးတွင်ရှိသော တောစပ်တစ်နေရာတွင်လူငယ်လေးတစ်ဦးသည် လေးတာခ်လက်ကိုကိုင်တွယ်၍ ပစ်မှတ်ရှိရာသို့ ပစ်လွှတ်လိုက်လေ၏။

ထိုအခါ လေးမှလွှတ်လိုက်သောမြားတံသည် သစ်ပင်၏အလယ်တွင် စက်ဝိုင်းသဏ္ဍာန် ရေးထိုးထားသော နေရာ၌ စွဲဝင်လေ၏။

လူငယ်သည် သူ၏မြားစွမ်းကို သဘောကျဟန်ဖြင့် ပြုံးလိုက်ပြီးကျည်တောက်အတွင်း မြားတစ်လက်ကိုထုတ်၍ ဒုတိယံမိ မြားတံခါးချောင်းကို ပစ်လွှတ်လိုက်ပြန်၏။

ထိုအခါ ဒုတိယမြားတံသည် ပထမမြားတံ၏အနီးတွင် ကပ်၍



www.burmeseclassic.com

www.burmeseclassic.com



စွဲဝင်လေ၏။ ထိုအခိုက်မှာပင် လူငယ်၏အနောက်မှ ခြေသံကြားရပြီး

“ ဟားဟားဟား… မရန်နော် လက်ဖြောင့်လှချည်လား။ ဒီလောက်လက်ဖြောင့်နေရင် တစ်နေ့မုဆိုးဒုဝါကြီးဖြစ်ပြီး ဩဇာအာဏာတွေ ကြီးမှာ မြင်ယောင်သေးတယ်ဟေ့ ”

ဟူသောအသံကိုကြားရသဖြင့် လူငယ်က မျက်မှောင်ကြုတ်၍ လှည့်ကြည့်လိုက်ရာ သူ့အား သိုင်းပညာသင်ပေးသော ရှမ်းသိုင်းဆရာကြီး စိုင်းလုံဖြစ်ကြောင်းတွေ့ရလေ၏။ လူငယ်က လေးကို ကျောတွင် သိုင်းလွယ်လိုက်ပြီး

“ ကျုပ်ဘယ်တော့မှ ဒုဝါမလုပ်ဘူး ဝါသနာလဲမပါဘူး ”

ဟုငြင်းဆန်လိုက်လေ၏။ လူငယ်၏စကားကြောင့် ရှမ်းသိုင်းဆရာကြီးစိုင်းလုံက ကွမ်းကို ပစ်ခနဲထွေးလိုက်ပြီး

“ ဒုဝါသားဟာ ဒုဝါမလုပ်လို့ရမလား မရန်နော်၊ မင်းအဖေဟာ ဒုဝါမှ ရိုးရိုးဒုဝါမဟုတ်ဘူး၊ ဗိနယ်မြေမှာ အင်အားအကြီးဆုံး မုဆိုးဒုဝါကြီးကွ၊ မုဆိုးဒုဝါကြီးရဲ့သားက ဒုဝါတာဝန်မယူလို့ရမလား၊ နောက်ပြီး မင်းမှာ ညီအစ်ကိုလဲမရှိဘူး၊ မင်းတစ်ယောက်တည်းရှိတယ်၊ မင်းမလုပ်ရင် ဘယ်သူလုပ်မှာလဲ ”

ဟုပြောလေရာ မရန်နော်သည် သက်ပြင်းချ၍ တောင်တန်းများဆီသို့ ကြည့်လိုက်ပြီး

“ အစ်ကိုက မဥ္စုန့်ရှုယ်ယာဘွန့်မှာ စောစောအနားရသွားပြီ၊ ကျုပ်ကတော့ အနားမရနိုင်သေးဘူး၊ လူ့ဘဝမှာဆက်နေရဦးမယ် ”

ဟုရေရွတ်လိုက်လေ၏။ ကချင်လူမျိုးတို့၏ ရိုးရာယုံကြည်မှုအရ ဂုင်းတို့သေဆုံးလျှင် ဝိညာဉ်က မဥ္စုန့်ရှုယ်ယာဘွန့်တောင်ကြီးသို့





အရောက် ပြန်သည်ဟု ယုံကြည်ကြ၏။ ထိုအခါ ရှမ်းသိုင်းဆရာကြီးက ကွမ်းကိုဝါးရင်း

“ မင်းအစ်ကို မသေရင်လဲ မင်း ဒုဝါလုပ်ဖို့ ငြင်းဆန်လို့ဘယ်ရမလဲ၊ အငယ်ဆုံးသားက ဒုဝါလုပ်ရရိုး ထုံးစံရှိတယ်လေ ”

ဟုပြောလေရာ မရန်နော်သည် စိတ်ရှုပ်ဟန်ဖြင့် သက်ပြင်းချလိုက်လေ၏။ အုပ်ချုပ်သူ ဒုဝါတို့၏အမွေဆက်ခံမှုပုံစံမှာ အစ်ကိုကြီးများက အမွေဆက်ခံခွင့်မရဘဲ အငယ်ဆုံးသားကသာ ဒုဝါအာဏာကို ဆက်ခံရ၏။

မရန်နော်က ခေါင်းကို ခါယမ်းလိုက်ရင်း

“ ဘာပဲဖြစ်ဖြစ် ကျုပ်ဒုဝါမလုပ်ချင်ဘူး၊ ကျုပ်ဟာ တောတောင်အနှံ့ လှည့်လည်သွားလာပြီး သားကောင်ကြီးတွေကို ပစ်ချင်တယ်၊ ဘယ်သူ့ရဲ့ ထိန်းချုပ်မှုအောက်မှာမှ မနေချင်ဘူး၊ လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်၊ အစဉ်အလာယူဆချက်တွေနဲ့ မွန်းကျပ်နေတဲ့ ဒုဝါဘဝကို မလိုချင်ဘူး ”

ဟုပြောလေရာ ရှမ်းသိုင်းဆရာကြီးက သက်ပြင်းချလိုက်ရင်း

“ မင်းတို့ ကချင်တွေအားလုံး ဒုဝါဘဝကို ရချင်ကြတယ်၊ ဒုဝါအမျိုးအနွယ်ဖြစ်ချင်ကြတယ်၊ ဒုဝါတွေဟာ မနော့ပွဲကျင်းပနိုင်တယ်၊ မိုးနတ်ကို ပူဇော်နိုင်တယ်၊ မဒိုင်နတ်ကိုလဲ ပူဇော်ခွင့်ရှိတယ်၊ ကိုယ့်နယ်မြေမှာရှိတဲ့ အသီးအနှံတွေကိုလဲ အခွန်အကောက်အဖြစ် လက်ခံနိုင်တယ်၊ နောက်ပြီး ကျေးရွာသားတွေ ပစ်ခတ်လို့ရတဲ့ အမဲပေါင်ကို ဦးဦးဖျားဖျား စားခွင့်ရှိတယ်၊ ကောက်ရိတ်သိမ်းချိန်ဆိုရင် ဒုဝါတွေရဲ့ လယ်မြေ[illegible]အရင်ဆုံးရိတ်သိမ်းပေးရတယ်၊ ဒါတွေဟာ ဒုဝါတွေရဲ့အခွင့်အရေးတွေ၊



www.burmeseclassic.com

နောက်ပြီး တော့ မင်းအဖေဟာ ဒူဝါမှ ရိုးရိုးဒူဝါမဟုတ်ဘူး။ ဒူဝါပေါင်းများစွာကို အုပ်ချုပ်ရတဲ့ မှန်းဒူဝါကြီးလေ၊ မင်းတို့နယ်မှာ မှန်းဒူဝါကြီးလောက် တန်ခိုး ကြီးတဲ့သူ ဘယ်သူရှိဦးမလဲ၊ မှန်းဒူဝါကြီးကို ဒူဝါတွေအားလုံးက ကြောက်ကြရတယ်လေ။ ဒီအခွင့်အရေးကို မင်း မလိုချင်ဘူးလား ''

ဟုပြောဆိုလေရာ ဓရန်နော်က ခေါင်းကိုခါယမ်း၍

'' လောကမှာ ကျုပ်မလိုချင်ဆုံးက ဒီအခွင့်အရေးတွေပဲ၊ ကျေးရွာသားတွေ သားကောင်တစ်ကောင်ပစ်တိုင်း အကောင်းဆုံးပေါင်သား ကို ကျုပ်တို့က စားခွင့်ရှိတယ်၊ တကယ်တော့ အကောင်းဆုံးပေါင်သား ဟာ ကျုပ်တို့နဲ့မဆိုင်ဘူး၊ ကျေးရွာသားနဲ့ပဲဆိုင်တယ်။ တောင်ယာတွေ ရိတ်သိမ်းဖို့ အချိန်ရောက်ရင်လဲ ကျေးရွာသားတွေက ကျုပ်တို့တောင် ယာတွေကို အရင်ဆုံး ရိတ်ပေးတယ်၊ တကယ်ဆိုရင် ကျုပ်တို့ဟာ ကိုယ့် တောင်ယာကို ကိုယ်ရိတ်သိမ်းချင်တယ်၊ အကောင်းဆုံးပေါင်သားကိုလဲ လက်မခံသင့်ဘူး၊ အကောင်းဆုံးပေါင်သားကို လိုချင်ရင် အဖော်ကိုယ်တိုင် အမဲလိုက်သင့်တယ်၊ တစ်နှစ်တစ်နှစ်မှာ ကျေးရွာသားတွေဆက်သတဲ့ အသီးအနှံတွေကိုလဲ မယူသင့်ဘူး ''

ဟုမကျေမနပ်ပြောဆိုလေရာ ရှမ်းသိုင်းဆရာကြီးက မျက်မှောင် ကြုတ်၍

'' မင်းရဲ့အတွေးအခေါ်တွေကို မှန်းဒူဝါကြီးကြားရင် မတွေးနိုင် စရာဘဲပေါ့၊ ဒူဝါတွေဟာ တချင်းလူထုရဲ့အကျိုးအတွက် ရှေ့တန်းက ပါဝင်ဆင်နွှဲနေကြတဲ့သူတွေပါ၊ မနောပွဲကျင်းပနိုင်ဖို့ ဆိုင်းစတ်ကို ပူဇော်နိုင်ဖို့ ဒူဝါတွေမှာပဲ အခွင့်အရေးရှိတယ်လေ၊ နတ်ပူဇော်မှုမလုပ်ရင်





ဘယ်လိုလုပ် လယ်ယာစိုက်ပျိုးရေး အောင်မြင်နိုင်မလဲ၊ ကျေးရွာသား တွေဟာ နတ်တွေကို ပူဇော်ဖို့အတွက် ဒူဝါတွေကို အားကိုးနေ ရတယ်ကွ၊ မနောပွဲတစ် ပွဲကျင်းပဖို့ ကုန်ကျစရိတ်တွေ ဘယ်လောက် ကုန်သလဲ၊ ဒီကုန်ကျစရိတ်တွေကို ဒူဝါတွေပဲ အကုန်ခံရတယ်လေ၊ ကျေးရွာမှာဖြစ်ပွားတဲ့ လူမှုရေးပြဿနာမျိုးစုံကို ဒူဝါတွေပဲ ဖြေရှင်း ပေးရတာပဲမဟုတ်လား ''

ဟုပြောလေ၏။ မရန်နော်က သက်ပြင်းချ၍

'' ဒါကြောင့်လဲ ဒူဝါဘဝဟာ မလွတ်လပ်တာပေါ့၊ ကျုပ်ဟာ လွတ်လပ်ခြင်းကို မြတ်နိုးတယ်၊ ကျေးရွာသားတွေရဲ့ ဝေါလက်ဆောင် ပစ္စည်းတွေကို လက်ခံယူရင် သူတို့အမျိုးအတွက် လုပ်ကိုင်ပေးရမှာပဲ၊ တောထဲတောင်ထဲမှာ လှည့်လည်ပြီး အမဲပစ်လို့ဘယ်ရတော့မလဲ ''

ဟုပြောလိုက်လေတော့၏။ ရှမ်းသိုင်းဆရာကြီးက အဝေးဆီသို့ ငေးကြည့်၍

'' အင်း မရန်နော်ရဲ့ အယူအဆနဲ့ မှန်းဒူဝါကြီးနဲ့ ထိပ်တိုက်တွေ့ ရမဲ့အချိန်ကိုတွေးပြီး ရင်မောတယ်ဟေ့ ''

ဟုရေရွတ်ကာ ကွမ်းကို ပစ်ခနဲထွေးရင်း အဝေးက တောင်တန်း များဆီသို့ ငေးမောကြည့်နေ၏။

မရန်နော်ကမူ သိုင်းဆရာကြီးကို စကားမတုံ့ပြန်ဘဲ ရွာဘက်သို့ ထွက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မရန့်နော် ရွာထိပ်သို့ရောက်သောအခါ ရွာထဲသို့ဝင်လာသော လားတန်းကြီးကိုမြင်ရလေ၏။

လားတန်းကြီးကို ဦးဆောင်လာသူမှာ ဒူဝါငယ်တစ်ဦးဖြစ်၏။ ထိုဒူဝါငယ်သည် ဖခင်ဖြစ်သူ မှုန်းဒူဝါကြီးအား ဖေါလက်ဆောင်ပစ္စည်းများ လာရောက်ဆက်သပုံရ၏။

ဖခင်ဖြစ်သူ မှုန်းဒူဝါကြီး၏ လက်အောက်တွင် ဒူဝါငယ်များစွာရှိ၏။ ထိုဒူဝါငယ်များသည် ၎င်းတို့အုပ်စိုးရာ နယ်မြေများ၌ အခွန်အကောက်များကို လက်ခံ၍ ဖခင်ကြီးအား တစ်ဖန်ပြန်လည် ဆက်သ၏။

မရန့်နော်သည် ဒူဝါငယ်များ ပေးပို့သော ဖေါများကို မမြင်လိုသဖြင့် ၎င်းတို့၏ ထိန်နုအိမ်ကြီးသို့ အလျှင်အမြန်ပြန်လာခဲ့၏။





ထိန်နုအိမ်ကြီးသည် ပေ ၃၀၀ ကျော်ရှည်လျားပြီး အခန်းပေါင်းများစွာပါ၏။

အခန်းတိုင်းတွင် မီးလင်းဖိုတစ်လုံးရှိပြီး အိမ်၏အမြင့်မှာ မြေပြင်မှ ၄ ပေခန့်ရှိ၏။

မရန့်နော်သည် အိမ်၏နဘေးမှ တိတ်တဆိတ်ဝင်ပြီး သူ၏အခန်းသို့ ကျော်တက်လိုက်၏။ အခန်းထဲသို့ရောက်သောအခါ လေးနှင့်မြားကို နံရံတွင်ချိတ်၍ အနားယူလေ၏။

ထိုအခိုက်မှာပင် မီးရှူးမီးပန်း ဖောက်သံများ ကျယ်လောင်စွာထွက်ပေါ်လာသဖြင့် မရန့်နော် လန့်ဖြန့်သွား၏။

ဖခင်သည် တရုတ်ပြည်ဘက်မှာ ကုန်သည်ကြီးများ လက်ဆောင်ယူလာသော မီးရှူးမီးပန်းများကို မကြာခဏ ဖောက်လေ့ရှိ၏။

ယခု ၎င်းအား ဒူဝါငယ်တစ်ဦးက လက်ဆောင်များ လာရောက်ဆက်သသဖြင့် မီးရှူးမီးပန်းဖောက်၍ ဂုဏ်ပြုခြင်းဖြစ်ဟန်တူ၏။

ထိုဒူဝါငယ်သည် မှုန်းဒူဝါကြီးက မီးရှူးမီးပန်းဖောက်၍ ကြိုဆိုခြင်းကို သားစဉ်မြေးဆက်တိုင် ပြောစမှတ်တွင်မည်ထင်၏။

ခဏအကြာတွင် မြေထဲရှိ မီးလင်းဖိုများတွင် တောင်ဆိတ်ပေါင်များကို ကင်လေတော့၏။

ဖခင်၏အစေအပါးများသည် ခေါင်ရည်ထည့်ထားသော ကျည်တောက်များကိုဆွဲ၍ အလုပ်ရှုပ်နေလေ၏။

အစေအပါးအချို့သည် ရွာထဲသို့ထွက်ခွာသွားကြ၏။

ရွာရှိ ကချင်လူပျိုပြုံတို့ ယနေ့ည အကအခုန်တို့ဖြင့် ပျော်ကြလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကချင်လူမျိုးတို့၏ လူမှုရေးရာတွင် အတီးအမှုတ်အကအခုန်တို့ အရေးကြီးသောအခန်းမှ ပါဝင်၏။

ကျေးရွာရှိ လူပျိုအပျိုများ တွေ့ဆုံပွဲ၊ မင်္ဂလာပွဲ၊ အိမ်သစ်တက်ပွဲ၊ မနောပွဲများတွင် အတီးအမှုတ် အကအခုန်တို့ မပါလျှင် ပွဲမစည်ပေ။

မရန်နော်သည် တစ်နေကုန် ပြေးပစ်လေ့ကျင့်နေသဖြင့် ပင်ပန်းလှသောကြောင့် ခဏမျှ မှေးစက်ရန် ကြိုးစား၏။ သို့သော် အိုးစည်သံနှင့် ပုလွေသံများကို ကျယ်လောင်စွာ စတင်ကြားရသောအခါ အိပ်စက်မပျော်နိုင်တော့ချေ။

ကချင်တို့၏ တူရိယာများမှာ နှစ်လုံးပူးပုလွေ၊ အိုးစည်အရှည်စား၊ တယော၊ လင်ကွင်းနှင့်ကြေးမောင်းတို့ဖြစ်၏။ သို့သော် နှဲနှင့်တယောမှာ ကခုန်ရာတွင် အသုံးပြုလေ့မရှိဘဲ အပျိုလူပျိုများ အပြန်အလှန်တေးသီချင်းဆိုသောအခါမှပင် အသုံးပြုလေ့ရှိ၏။

ခဏကြာလျှင် ရွာထဲတွင် ကခုန်သူများ ရောက်ရှိလာပြီး ဧည့်သည်များကို ဖြေဖျော်လေ၏။

တောင်ဆိတ်ကင်နံ့လည်း မွှေးပျံ့လာ၏။ ထိုအခိုက်မှာပင် မရန်နော်၏အခန်းဝတွင် အစေအပါးတစ်ဦးရောက်လာပြီး

" ဒူဝါကြီးက သခင်လေးကို ခေါ်ခိုင်းလိုက်ပါတယ်၊ သူ့ဧည့်သည်တွေနဲ့ မိတ်ဆက်ပေးမလို့တဲ့ "

ဟုပြောဆိုလေရာ မရန်နော်သည် ခေါင်းကိုခါယမ်း၍

" ငါအိပ်နေတယ်လို့ပြောလိုက်ပါ "

ဟုပြောလေ၏။

အစေအပါးက မရန်နော်ကို မဝံ့မရဲကြည့်၍





" ဒူဝါကြီးက သေသေချာချာမှာလိုက်ပါတယ်၊ အိပ်နေရင်လဲ နှိုးလိုက်ပါတဲ့ "

ဟုပြောလေရာ မရန်နော်သည် မျက်နှာရှုံ့မဲ့၍ လှဲနေရာမှ ထရပ်လိုက်လေ၏။

ဖခင်သည် ၎င်းအား ဖဂါလက်ဆောင်များ ဆက်သသော ဒူဝါငယ်များအား မိမိနှင့်မိတ်ဆက်ပေး၍ မိမိ၏အစွမ်းကို မကြာခဏ ပြခိုင်းလေ့ရှိ၏။

ဒူဝါငယ်များသည် မိမိ၏အစွမ်းကိုကြည့်၍ ဝေးလံသောအရပ်များတိုင် မှန်းဒူဝါကြီး၏သား မရန်နော် မည်မျှအစွမ်းထက်ကြောင်း ချီးမွမ်းကြပေလိမ့်မည်။

ဖခင်သည် မရန်နော်ကိုမြင်သောအခါ ထိုင်ရာမှထ၍ ပခုံးကိုဖက်ကာ

" သူ့နာမည် မရန်နော်လို့ခေါ်တယ်၊ သူ့အစ်ကိုကြီး မရှိတော့တဲ့အချိန်မှာ မရန်နော်ဟာ ကျုပ်ရဲ့တစ်ဦးတည်းသောသားပဲ၊ မရန်နော်ဟာ သိုင်းအတတ်၊ မြားအတတ်၊ မုဆိုးအတတ်တွေမှာ အလွန်ကျွမ်းကျင်တယ်၊ ဧည့်သည်တွေကို ကျုပ်သားရဲ့အစွမ်းကိုပြမယ် "

ဟုပြောလေရာ ဧည့်သည်များသည် မရန်နော်ကို အထင်ကြီးဟန်ဖြင့် ကြည့်ရှုကြလေ၏။ မရန်နော်ကမူ မှန်းဒူဝါဟူသောစကားကြောင့် ရင်ထဲတွင် လေးလံသွားလေ၏။

ဖခင်သည် မိမိအား မှန်းဒူဝါအရိုက်အရာကို မဖြစ်မနေ ဆက်ခံစေလိုသော ဆန္ဒရှိပုံရ၏။ မှန်းဒူဝါကြီးသည် တိုင်တွင်ချိတ်ထားသော လေးကို ယူ၍ မရန်နော်၏လက်သို့ ထည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



" မရန်နော် မင်းရဲ့အစွမ်းကို ပြလိုက်ပါဦး "

ဟုပြောလိုက်လေ၏။

မရန်နော်သည် စက်ရုပ်တစ်ရုပ်ကဲ့သို့ မိမိ၏အစွမ်းကို လူအများကြားတွင် ပြသလိုသူမဟုတ်ချေ။

ခြံဝင်းထဲရှိ စက်ဝိုင်းသဏ္ဌာန်ရေးထိုးထားသည့် ပစ်မှတ်တွင် မြင်းစိုက်ဝင်ပြီး ဝင့်ကြွားလိုသူလည်းမဟုတ်ချေ။

သို့သော် မုန်းဒူဝါကြီး၏ဆန္ဒကို မလွန်ဆန်နိုင်သဖြင့် ကျည်ထောက်မှ မြားတစ်စင်းကို ဆတ်ခနဲထုတ်၍ ပစ်မှတ်ကို လှမ်းပစ်လိုက်ပြီး လေးနှင့်မြားကို ဖခင်လက်အပ်ကာ ကျောခိုင်းထွက်ခဲ့လေ၏။

မြားသည် ပစ်မှတ်အလယ်ရှိ စက်ဝိုင်းတွင် ထုံးစံအတိုင်း စိုက်ဝင်လေ၏။

မရန်နော်၏ မြားပစ်ကျွမ်းကျင်ပုံကို ဧည့်သည်များ တအံ့တဩ ကြည့်ရှုကြ၏။ ကောင်းချီးပြောဘာပေးကြ၏၊

ထိုအခိုက်မှာပင် ဧည့်သည်များအတွင်းမှ တစ်ယောက်က ထိုင်ရာမှထ၍

" မုန်းဒူဝါကြီးရဲ့သားဟာ မြားပစ်အလွန်ကျွမ်းကျင်ပါတယ်၊ ဒါပေမဲ့ ပြိုင်ဖက်ကင်းတယ်လို့ မဆိုနိုင်သေးဘူး "

ဟုပြောလေရာ မရန်နော်သည် လှမ်းလက်စခြေလှမ်းပင် ရပ်တန့်သွားလေ၏။

မုန်းဒူဝါကြီးက မျက်မှောင်ကြုတ်၍

" ဘာဖြစ်လို့ မဆိုနိုင်တာလဲ၊ ဒီနယ်ဘက်ကြေမှာ ကျုပ်သားထက် မြားပစ်ကျွမ်းတဲ့သူ ရှိလို့လား။ ကျုပ်သားကို အစွမ်းထက်တဲ့





ယောက်ျားဖြစ်အောင် ရှမ်းသိုင်းဆရာကြီးတွေခေါ်ပြီး သိုင်းအတတ်၊ မြားပစ်အတတ်တွေ သင်ကြားပေးတာဗျ၊ ရှမ်းသိုင်းဆရာကြီးတွေကိုယ်တိုင် ဒီနယ်တစ်ကြောမှာ ကျုပ်သားထက် စွမ်းတဲ့သူမရှိဘူးလို့ပြောကြတယ်၊ ခင်ဗျားက ဘာဖြစ်လို့ ကျုပ်သားကို ပြိုင်ဖက်ကင်းမဟုတ်ဘူးလို့ ပြောရတာလဲ "

ဟုဒေါသဖြင့် မေးမြန်းလေ၏။ မုန်းဒူဝါကြီးကို ပြောဆိုသူမှာ ဒူဝါ ယယ်နှင့်လိုက်လာသော လူတစ်ဦးပင်ဖြစ်၏။ သူ၏မျက်လုံးများသည် တဉ်းမြောင်းလွန်းပြီး ကချင်တစ်ဦးထက် တရုတ်တစ်ဦးနှင့်ပိုတူလေ၏။

ထိုသူက မုန်းဒူဝါကြီးကို ဦးညွှတ်၍

" စိတ်ရှိပါနဲ့ မုန်းဒူဝါကြီး။ မုန်းဒူဝါကြီးသားကို မလိုမုန်းထားပြီး ဝေဖန်တာမဟုတ်ပါဘူး၊ ကျုပ်တို့ဒေသကို ရောက်လာတဲ့ ဧည့်သည် လူထူးလူဆန်းကြီးတစ်ယောက် တွေ့ဖူးပါတယ်၊ ဒီလူကြီးဟာ မြေပြန့်ဒေသက မုဆိုးကြီးလို့ သိရပါတယ်၊ သူဟာ မြားပစ်အတတ်မှာ အလွန်ကျွမ်းကျင်ပါတယ် "

ဟုပြောလေရာ မုန်းဒူဝါကြီးက မျက်မှောင်ကြုတ်၍

" အဲဒီမုဆိုးက ကျုပ်သားထက် ပိုကျွမ်းကျင်လို့လား "

ဟုမကျေမနပ် မေးမြန်းလိုက်လေ၏။ ထိုအခါ ဧည့်သည်ဖြစ်သူက သက်ပြင်းချ၍

" အဲဒီလူထူးလူဆန်းကြီးဟာ ဒူဝါကြီးရဲ့သားထက် မြားပစ်အတတ်မှာ ပိုကျွမ်းကျင်တယ်လို့ထင်ပါတယ်၊ သူဟာ ကောင်းကင်ကို မြားတစ်စင်းပစ်လွှတ်ပြီး အဲဒီမြားကို မြေမှာမကျခင် နောက်ထပ်မြားတစ်စင်းနဲ့ ထိမှန်အောင် ပစ်နိုင်ပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ ဇည့်သည်၏စကားကြောင့် မုန်းဒူဝါကြီးသည်အကာ မရန်နေဘ်ပင်လျှင် အံ့သြသွားလေ၏။ မရန်နေဘ်က ဧည့်သည်ကိုကြည့်၍

" ကောင်းကင်ကမြားကို ထိမှန်အောင်ပစ်တယ်ဟုတ်ရဲ့လား "

ဟုမေးမြန်းလေ၏။ ဧည့်သည်က ခေါင်းကဲဆတ်ဆတ်ညိတ်၍

" ဟုတ်ပါတယ်၊ သူဟာ မြားတစ်စင်းပစ်ပြီး နောက်ထပ်မြား တစ်စင်းကို လေထဲကိုလွှတ်ပြီး ထိမှန်အောင်ပစ်နိုင်ပါတယ်၊ ပစ်တဲ့အခါ မှာလဲ ဘယ်တော့မှ လွဲချော်လေ့မရှိဘူး၊ အမြဲတမ်းထိမှန်ပါတယ် "

ဟုပြောလေရာ မရန်နေဘ်က လူထူးလူဆန်းဆိုသူကို အလွန် စိတ်ဝင်စားသွားပြီး

" အဲဒီလူဘယ်မှာလဲ၊ သူ့ကို ကျုပ်တွေ့ချင်တယ် "

ဟုမေးမြန်းလေရာ ဧည့်သည်ဖြစ်သူက ခေါင်းခါ၍

" သူဟာ ကျွန်တော်တို့ဒေသကို မကြာခဏရောက်လာတတ် ပါတယ်၊ သူဟာ ကချင်ပြည်နယ်ကို ဘယ်လိုရည်ရွယ်ချက်နဲ့ရောက်နေ သလဲဆိုတာ မသိပါဘူး၊ ဒါပေမဲ့ တောထဲမှာလှည့်လည်နေတာများပါ တယ်၊ မုဆိုးကြီးလို့ဆိုပေမဲ့ အမဲလိုက်တာ မတွေ့ရသလောက်ပါပဲ "

ဟုပြောဆိုလေ၏။ ထိုအခါ မရန်နေဘ်၏အစ် မုန်းဒူဝါကြီးက

" သူ့ကို ကျုပ်တွေ့ချင်တယ်၊ ကျုပ်တို့ဒေသကိုရောက်ရင်ခေါ် ပြီး စစ်ဆေးရလိမ့်မယ်၊ သူဟာ ဖျက်နှာဖြူတွေရဲ့ဘက်တော်သားဖြစ်နိုင် တယ်၊ ငါတို့ရဲ့လှုပ်ရှားမှုတွေကို သူလျှိုတစ်ယောက်လို စုံစမ်း ထောက် လှမ်းဖို့ ရောက်နေတာဖြစ်နိုင်တယ် "

ဟုပြောဆိုလေ၏။ ဧည့်သည်က မုန်းဒူဝါကြီး၏အမိန့်ကို နာခံ သောအမူအရာဖြင့်





" ကျွန်တော်တို့စောင့်ကြည့်ပြီး သတင်းထူးရင် ဒူဝါကြီးကို ပြော ပြပါမယ် "

ဟုပြောလိုက်လေ၏။

မရန်နေဘ်သည် မိမိအခန်းသို့ ပြန်ရောက်သည်အထိ ဧည့်သည် ဖြစ်သူ ပြောပြသော လူထူးလူဆန်းမုဆိုးကြီးအကြောင်းကို ကြားယောင် နေ၏။ သူသည် သိုင်းပညာကို အလွန်ဝါသနာထုံ၏။

မြားပစ်ကျွမ်းကျင်ရန်လည်း နေ့စဉ်ရက်ဆက် မနားမနေ လေ့ ကျင့်ခဲ့၏။ သို့သော် ဧည့်သည်ပြောပြသော လူထူးလူဆန်းကြီးကဲ့သို့ ကောင်းကင်သို့ ပစ်လွှတ်ပြီးသော မြားတစ်စင်းကို မြေပြင်မှ ထိမှန် အောင် ပစ်ခတ် နိုင်ခြင်းမရှိချေ။

ဤသို့ဆိုလျှင် မုဆိုးကြီး၏ မြားပစ်သောအတတ်ပညာသည် မိမိ ထက် ကျွမ်းကျင်ပုံရ၏။ မုဆိုးကြီးသည် ဧည့်သည်ပြောသကဲ့သို့ ကောင်း ကင်မှ မြားတစ်စင်းကို ထိမှန်အောင် ပစ်နိုင်လျှင် မိမိ၏ဆရာ ရှမ်းသိုင်း ဆရာကြီးထက်ပင် မြားပစ်အတတ်တွင် ပိုမိုကျွမ်းကျင်ပုံရ၏။

မရန်နော် ထိုညက အိပ်စက်၍ မပျော်နိုင်ဘဲ မြားပစ်ဝိဇ္ဇာဟုဆို နိုင်သော မုဆိုးကြီး၏အကြောင်းကို စဉ်းစားနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်တွင် မရန်နော် အိပ်ရာနိုးသောအခါ မြန်မာလူမျိုး ဆရာကြီး ဦးဘိုးတူ ရောက်ရှိနေလေ၏။ ဦးဘိုးတူသည် မရန်နော်ကို မြန်မာစာပေးသင်ကြားစေရန် ဤအရပ်သို့ ရောက်ရှိနေခြင်းဖြစ်၏။

မရန်နော်၏ဖခင် မုန်းဒူဝါကြီးသည် မရန်နော်အား မုန်းဒူဝါဖြစ်ရန် ရည်ရွယ်ချက်ကြီးစွာထား၏၊ ထို့ကြောင့်ပင် ကိုယ်ခံပညာကျွမ်းကျင်စေရန် ရှမ်းသိုင်းဆရာကြီးတစ်ဦးကို ငှားရမ်း၍ သင်ကြားစေ၏။

ကချင်လူမျိုးတို့တွင် ကိုယ်ပိုင်ဘာသာစကား ရှိနေပြီဖြစ်သော်လည်း အသုံးမတွင်ကျယ်သေးသောကြောင့် မြန်မာစာပေကို သင်ကြားပေးခဲ့၏။ ဆရာကြီး ဦးဘိုးတူသည် မြေပြန့်ဒေသရှိ ကျောင်းဆရာ





ဟောင်းကြီးတစ်ဦးဖြစ်၏။

ဦးဘိုးတူငယ်စဉ်က ကျောင်းဆရာဘဝနှင့်ပင် မြန်မာပြည်အနှံ့ ပြောင်းရွှေ့နေထိုင်ခဲ့၏။ ထိုသို့ တစ်ရွာပြီးတစ်ရွာ ပြောင်းရွှေ့နေထိုင်ရင်း ချောမောလှပသော မိန်းမတစ်ဦးနှင့် အိမ်ထောင်ပြုခဲ့၏။

နောက်ဆုံးတွင် ဦးဘိုးတူ၏မိန်းမသည် ဦးဘိုးတူ ဘုရားဖူးထွက်ခိုက် မီးရထားငါးဘ်ဗိုလ်တစ်ဦးနှင့် ဖောက်ပြန်ပြီး မြို့မှထွက်ပြေးသွားလေ၏။

ဦးဘိုးတူသည် မိန်းမမရှိတော့သည့်အချိန်မှစ၍ အရူးတစ်ပိုင်းဖြစ်ခဲ့၏။ သူသည် မြို့ပေါ်ရှိလူများကို ရှက်သည်ဟု အကြောင်းပြကာ ကျောင်းဆရာအလုပ်မှ နုတ်ထွက်လိုက်၏။

ထို့နောက် မြန်မာပြည်အနှံ့ တောပေလေလွင့်၍ သွားလာနေခဲ့၏။ ပုဂံရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ကပ္ပိယလုပ်ခဲ့ဖူး၏။ ထိုဘုန်းကြီးကျောင်း၌နေစဉ် မိန်းမများ မာယာများကြောင်း၊ မဃဒေဝလင်္ကာကြီးကို ကိုးကား၍ မကြာခဏ ပြောဆိုသောကြောင့် ထိုကျောင်းရှိ ကိုရင်ကြီးတစ်ပါးနှင့် စကားများရန်ဖြစ်ကာ ကျောင်းမှထွက်ခဲ့ရ၏။

ထို့နောက် ဦးဘိုးတူသည် ကချင်ပြည်နယ်သို့ ကျောက်စိမ်းတူးမည့်သူများနှင့် ရောနှောကာ ဤအရပ်သို့ရောက်ခဲ့ခြင်းဖြစ်၏။

ဦးဘိုးတူသည် ကျောက်စိမ်းတူးမည်ဟူသောရည်ရွယ်ချက်နှင့် ထွက်လာခဲ့သော်လည်း ပင်ပန်းဆင်းရဲသောဒဏ်ကြောင့် မုန်းဒူဝါကြီးထံတွင် ကျောင်းဆရာအလုပ်ကို လုပ်ကိုင်ခဲ့၏။

ဦးဘိုးတူသည် မိန်းမမုန်းသမားကြီးဖြစ်သော်လည်း စာသင်အပြ ကောင်းလှ၏။



www.burmeseclassic.com

www.burmeseclassic.com



မရန်နော်ကို မြန်မာစာပေသင်ကြားရင်း ငါးရာ့ငါးဆယ်နိပါတ်တော်ကဲ့သို့ ဇာတ်တော်ကြီးများကို ဗဟုသုတဖြစ်စေရန် ပြောပြပေးခဲ့၏။ မြန်မာရာဇဝင်အကျဉ်းကိုလည်း သင်ကြားပေးခဲ့၏။ မရန်နော်သည် မြေပြန့်ဒေသရှိ လူများအကြောင်းကို စိတ်ဝင်စားသဖြင့် ဦးဘိုးတူ့ထံတွင် မကြာခဏ မေးခွန်းများထုတ်လေ့ရှိ၏။

သူသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် မြေပြန့်ဒေသသို့ ရောက်အောင်သွားမည်ဟု ဆုံးဖြတ်ထား၏။

မရန်နော်သည် ဦးဘိုးတူ့ထံတွင် ပညာသင်ကြားပြီးနောက် ကိုယ်ခံပညာလေ့ကျင့်ရန် တောထဲသို့ ထွက်ခဲ့လေ၏။

သူသည် ရှမ်းသိုင်းဆရာကြီး သင်ကြားပေးသော သိုင်းပညာလေ့ကျင့်ခန်းများကို လေ့ကျင့်ပြီးနောက် မြားကျည်ထောက်ကိုလွယ်ကာ မြားပစ်လေ့ကျင့်ရာ တောင်ခေါင်းသို့ လျှောက်ခဲ့လေ၏။

သူသည် တောင်ခေါင်းရှိ မြားပစ်လေ့ကျင့်ရာ သစ်ပင်ကြီးတစ်ပင်သို့ ရောက်သောအခါ လေးမြားကို အသင့်ပြင်လိုက်၏

သူသည် ကောင်းကင်ရှိ ပစ်မှတ်ကိုချိန်ရွယ်ပြီးနောက် ဒွဝါငယ်နှင့် လိုက်ပါလာသော ဧည့်သည်လူစိမ်း၏စကားများကို ကြားယောင်လာ၏။ ဧည့်သည်လူစိမ်း၏ပြောစကားအရ လူထူးလူဆန်းမုဆိုးကြီး၏ မြားပစ်စွမ်းရည်သည် အလွန်မြင့်မားလှ၏။

ဤမျှ မြန်ဆန်တိကျသော မြားပစ်သမားသည် လူ့လောကတွင် အမှန်တကယ်ရှိမှရှိပါလေစ။

မရန်နော်သည် ဧည့်သည်လူစိမ်း၏စကားကို ကြားယောင်ရင်း ကောင်းကင်သို့ မြားတစ်စင်းပစ်လွှတ်ကြည့်၏။





ထို့နောက် ထိုမြားမြေပေါ်သို့မကျမီ ချိန်ရွယ်၍ နောက်ထပ်မြားတစ်စင်း ပစ်လွှတ်ကြည့်၏။

သို့သော် မြားနှစ်စင်း ထိမှန်ဖို့ဝေးစွ။ အဝေးကြီးလွဲချော်သွားလေ၏။

မရန်နော်သည် သူ၏မြားချက်များ လွဲချော်နေသဖြင့် စိတ်ပျက်လက်ပျက်ဖြစ်သွားပြီး မြားကိုချ၍ မြက်ခင်းပေါ်တွင် ပက်လက်လှန်အိပ်၏။

သူသည် တိမ်တိုက်များကို ငေးကြည့်ရင်း မြားဝိဇ္ဇာလူထူးလူဆန်းကြီးအကြောင်းကို စဉ်းစားနေလေ၏။

မရန်နော်သည် မြားဝိဇ္ဇာတစ်ဦးဖြစ်ချင်သူဖြစ်သဖြင့် လူထူးလူဆန်းကြီးကို တွေ့ချင်နေမိ၏။

ထိုသူကြီးနှင့်တွေ့ဆုံပြီး ပညာယူလိုလှ၏။

ထိုအချိန်မှာပင် ကောင်းကင်မှ ပျံသန်းလာသော သတ္တဝါကြီးတစ်ကောင်ကိုမြင်ပြီး အလွန်အံ့ဩသွားသဖြင့် အိပ်နေရာမှ ထထိုင်လိုက်၏။

မရန်နော်သည် ကောင်းကင်မှ ပျံသန်းလာသော သတ္တဝါကြီးကို အံ့ဩလွန်းသဖြင့် မျက်လုံးကျွတ်မတတ် စူးစိုက်ကြည့်နေ၏။

သူ့တစ်သက်တွင် ဤမျှကြီးမားသော ငှက်သတ္တဝါမျိုးကို မမြင်ဖူးချေ။ ထိုသတ္တဝါကြီးသည် တောင်ပံခတ်ခြင်းမရှိဘဲ လေဟုန်စီးနေသဖြင့် ပိုမိုအံ့ဩသွားလေ၏။

ထို့ကြောင့် အထိတ်တလန့်ဖြင့်

" အင် ဘယ်လိုသတ္တဝါကြီးလဲ တောင်ပံခတ်တာ[illegible]မတွေ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်ထဲမှာကြားဖူးတဲ့ ရောမငှက်ကြီးလား ''

ဟုရေရွတ်နေလေ၏။ ထိုအခိုက်မှာပင် သတ္တဝါကြီးသည် တောင်တန်းများပေါ်မှ ပျံဝဲ၍ မရန်နော်ရှိရာသို့ တဖြည်းဖြည်း နီးကပ်လာ၏။

မရန်နော်သည် သတ္တဝါကြီးကို နီးကပ်စွာမြင်တွေ့သောအခါ သက်ရှိသတ္တဝါမဟုတ်ဘဲ ဖျင်ကြမ်းပိတ်စများဖြင့် စွန်ကဲ့သို့ပြုလုပ်ထား ပြီး စွန်၏အောက်ခြေတွင် တွဲလွဲခိုရွ၍ စီးလာသော လူတစ်ယောက်ကိုလည်း တွေ့ရလေ၏။

မရန်နော်သည် စွန်ကဲ့သို့ပြုလုပ်ထားသောအရာတွင် ခိုဆွဲ၍ လိုက်ပါလာသော လူကိုမြင်သဖြင့် အံ့သြလွန်းသောကြောင့်

'' ဟေး... ''

ဟုအော်ဟစ်ရွတ်ဆက်လိုက်လေ၏။

ထိုအခါ စွန်ကြီးတွင် လေဟုန်စီး၍ လိုက်ပါလာသော လူသည် မရန်နော်ကို မြင်တွေ့သွားဟန်ရှိပြီး မရန်နော်ရှိရာ တောင်ကြီးဆီသို့ စွန် ကို ဦးတည်ဆင်းသက်လာ၏။

စွန်သည် တဖြည်းဖြည်းနိမ့်ဆင်းလာပြီး မရန်နော်ရှိရာ မြက်ခင်းသို့ ဦးတည်နေကြောင်းတွေ့ရလေ၏။ စွန်ပျံကြီးသည် မြက်ခင်းပြင်သို့ ဆင်းသက်လိုက်လေ၏။

စွန်ပျံကြီးပေါ်တွင် လိုက်ပါလာသောသူသည် မြေပြင်သို့ စွန်ပျံ ကျရောက်သောအခါ အရှိန်ကိုထိန်း၍ ရပ်တန့်လိုက်လေ၏။ မရန်နော်သည် ထိုအခါမှပင် စွန်နှင့်အတူလိုက်ပါလာသူကိုကြည့်လိုက်ရာ အသက်ငါးဆယ်ဝန်းကျင် လူကြီးတစ်ဦးဖြစ်နေလေ၏။

ထိုလူကြီး၏မျက်နှာတွင် မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများရှိပြီး





အလွန်သန်မာထွားကြိုင်းပုံရ၏။

လူကြီးက သူ့အား တအံ့တသြကြည့်ရှုနေသော မရန်နော်ကို ကြည့်၍ရယ်မောကာ

'' ဟဲဟဲ... ငါ့ကိုကြည့်ပြီး ကောင်းကင်ပေါ်ကကျလာတဲ့ နတ်သားအောက်မေ့နေလား။ နတ်သားမဟုတ်ပါဘူးကွ၊ လူ လူအစစ်ပါ ''

ဟုပြောဆိုလေရာ မရန်နော်က ထိုလူကြီးကို ပါးစပ်အဟောင်းသားဖြင့်ကြည့်၍

'' ခင်ဗျားလေထဲကို ဘယ်လိုလုပ်ပြီး ပျံတက်တာလဲ၊ ခင်ဗျားကို ကျုပ်က ရောမငှက်ကြီးအောက်မေ့လို့ ကြည့်နေတာဗျ ''

ဟုပြောလိုက်လေ၏။

ထိုအခါ လူကြီးက တဟားဟားရယ်မော၍

'' ဟားဟားဟား... ငါ့ကို ငှက်ကြီးအောက်မေ့လို့ မြားနဲ့ပစ်မလို့ ကြံရွယ်သေးတယ်ပေါ့၊ ငါ ကံကောင်းလို့ မြားစာမမိတာနဲ့တူတယ်၊ ငါ့ ရဲ့စွန်ကြီးက လေထဲမှာ ပြဿနာနည်းနည်းပေါ်လို့ မြေပေါ်ကို ကမန်းကတန်းဆင်းဖို့ ကြံရွယ်နေတာကွ၊ ငါ့ကို မင်းလှမ်းအော်လိုက်တော့ မင်းရပ်နေတဲ့နေရာမှာ မြေပြန့်ရှိလို့ ဆင်းလို့ရမယ်ထင်ပြီး ဆင်းလိုက်တာ၊ စွန်ကြီးကို အတော်စွန့်စွန့်စားစား ဆင်းလိုက်ရတယ် ''

ဟုပြောလေ၏။ လူကြီး၏စကားကြောင့် မရန်နော်သည် စွန်ကြီးကို အနီးကပ်ကြည့်ရှုလေ၏။

ထိုအခါမှပင် စွန်ကြီး၏ပိတ်စကို ပိုးသားဖြင့်ပြုလုပ်ထားကြောင်း တွေ့ရလေ၏။

စွန်၏ပုံသဏ္ဌာန်မှာ သေတ္တာပုံဖြစ်ပြီး အကျယ် ပေ၊ အမြင့်



www.burmeseclassic.com

www.burmeseclassic.com



၈ ပေ၊ အနား ၁၀ ပေခန့်ရှိ၏။

စွန်၏အောက်ခုံတွင် ခြေနင်းရန် တန်းတစ်ခုပါရှိ၏။ စွန်၏လိုင်းများတွင် ဝါးခွေတပ်ထား၏။ စွန်၏နဘေးရှိ တန်းများတွင် ကြိုးစများကို ခွဲ၍ ချည်နှောင်ထား၏။ မရန်နော်က စွန်ပျံကြီးကို သေချာစွာကြည့်၍

" ဒီဟာကြီးနဲ့ကောင်းကင်ကို ဘယ်လိုလုပ်ပျံတက်သလဲ "

ဟုမေးမြန်းလေ၏။ လူကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍

" ဒီစွန်မျိုးကို မင်းတို့ကချင်တွေ ဘယ်မြင်ဖူးမလဲ၊ ဒါကြောင့် အထူးအဆန်းဖြစ်နေတာပေ့ါ၊ တိဘက်ပြည်မှာတော့ ဒီစွန်မျိုးတွေကို ရိုးနေပြီကွ၊ ငါက တိဘက်မှာ နှစ်တွေ အတော်ကြာသွားနေဖူးတယ်၊ ဒါကြောင့် စွန်ပျံစီးတဲ့အတတ်ကို ကျွမ်းကျင်ခဲ့တာကွ "

ဟု ပြောဆိုလေရာ မရန်နော်က မျက်မှောင်ကြုတ်၍

" ခင်ဗျား ဒီစွန်ကြီးကို လေထဲပျံတက်အောင် ဘယ်လိုလုပ်သလဲ"

ဟု မေးမြန်းလေ၏။ လူကြီးက

" တိဘက်မှာ လေတိုက်ခတ်နှုန်းသိပ်ကောင်းတော့ တောင်စောင်းတွေပေါ်ကနေ ခုန်ချပြီး စွန်ပျံစီးနိုင်တယ်၊ လေထဲကို ရောက်တဲ့အခါ စွန်ပေါ်မှာပါတဲ့ ကြိုးတွေကို အလျော့အတင်းလုပ်ပြီး စွန်ကို လိုရာသွားလို့ရတယ်၊ တိဘက်မှာ လားမားဘုန်းကြီးတွေတောင် စွန်ပျံစီးတယ်၊ ငါဟာ လားမားတွေနဲ့အတူနေခဲ့ဖူးတော့ စွန်ပျံစီးတဲ့အတတ်ကို သင်ယူခဲ့ဖူးတယ်၊ မြန်မာပြည်ထဲကို ပြန်ရောက်တော့ စွန်ပျံစီးဝဲ့အကျင့်ကို အသည်းစွဲပြီး ငါ့ဘာသာ စွန်ကြီးတစ်ကောင်ကို ကြိုးစားပမ်းစားလုပ်ခဲ့ တာကွ၊ စွန်ပျံလုပ်တာ မလွယ်ဘူး။ စွန်ပျံမှာ တပ်ဆင်မဲ့





ပိုးစကို အပေါက် အပြဲရှိမရှိ သေသေချာချာစစ်ရတယ်၊ စွန်ပျံအောက်မှာရှိတဲ့ ဝါးခွေနဲ့ ကြိုး တွေကိုလဲ စစ်ဆေးရတယ်၊ ပိုးစမှာ အပေါက်ရှိတယ်ဆိုရင်တော့ လေထဲကို စွန်ပျံရောက်သွားရင် အန္တရာယ်ရှိပြီ မှတ်ပေတော့၊ နောက်ပြီးတော့ စွန်ပျံစီးတဲ့ အတတ်ပညာသင်ယူရဦးမယ်"

ဟု ပြောဆိုလေရာ မရန်နော်က စွန်ပျံကြီးကို သေချာစွာကြည့်၍

" ကျုပ်တို့ဒေသမှာ စွန်ပျံစီးလို့ ရပ့ါမလား "

ဟု မေးမြန်းလေ၏။ ထိုအခါ လူကြီးက သက်ပြင်းချ၍

" တိဘက်မှာတော့ စွန်ပျံကောင်းကောင်း စီးလို့ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တိဘက်မှာ လေတိုက်ခတ်နှုန်း သိပ်ပြင်းတယ်၊ ငါတို့ နိုင်ငံမှာ လေတိုက်အားမကောင်းဘူး၊ ဒါကြောင့် တိဘက်လို စွန်ပျံစီးလို့ မလွယ်ဘူး။ ပိုပြီးတော့ခက်ခဲတယ်၊ အခုလဲ ငါလဲ စွန်ပျံမှာ တပ်ဆင်ထားတဲ့ ပိုးစတွေဟာ ပေါက်ပြဲမဲ့အနေအထားကိုမြင်လို့ မြေပေါ်ကို ကမန်းကတန်း ပြန်ဆင်းလာတာကွ၊ ပိုးစကွဲသွားရင် အလွန်မြင့်မားတဲ့နေရာကနေ ဒလိမ့်ခေါက်ကွေး ကျသွားလိမ့်မယ်၊ ဒါကြောင့် စွန်ပျံစီးရတာ အန္တရာယ်ကြီးတယ်လို့ ပြောတာပေ့ါ "

ဟု ပြောလေ၏။ မရန်နော်က လူကြီး၏ စကားကြောင့် မျက်မှောင်ကြုတ်၍

" ဒါဆိုရင် ခင်ဗျားက ဘာဖြစ်လို့ စွန်ပျံစီးရတာလဲ "

ဟု မေးမြန်းလေ၏။ လူကြီးက ရယ်မော၍

" ဟဲ ဟဲ... စွန်စားချင်လို့ပေ့ါကွာ၊ ငါ့ရဲ့အကျင့်က ငြိမ်ငြိမ်လေး အန္တရာယ်ကင်းကင်း နေထိုင်လို့မရဘူး၊ စွန့်စွန့်စားစား တစ်ခုခုလုပ်ပြီးမှ စားဝင် အိပ်ပျော်တာကွ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ခပြောလေ၏။

" ဒါနဲ့ နေပါဦး မင်းက တောင်ခေါင်းမှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ မရန်နောင်က မြက်ခင်းပေါ်တွင် ချထားသော လေးနှင့်မြားကို ကြည့်၍

" ကျုပ်က တောင်ခေါင်းမှာ မြားပစ်လေ့ကျင့်နေတာဗျ၊ နေ့စဉ် အချိန်အားတိုင်း တောင်ခေါင်းက သစ်ပင်တွေမှာ မြားပစ်လေ့ကျင့်လေ့ ရှိတယ်၊ မြားမပစ်တဲ့အခါ သိုင်းပညာလေ့ကျင့်တယ် "

ဟုပြောလေရာ လူကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍

" ကောင်းတယ်၊ ဘယ်ပညာမျိုးမဆို စုံနေအောင် အကြိမ်ကြိမ် အထပ်ထပ် လေ့ကျင့်ရတယ်၊ ဒီလိုလေ့ကျင့်တဲ့အခါ တဖြည်းဖြည်း တိုးတက်လာတယ်၊ နောက်တော့ ပြိုင်ဘက်ကင်းဖြစ်လာတယ်၊ ကဲ... မင်းရဲ့ လေးနဲ့မြားကို ပေးပါဦး၊ ပစ်ကြည့်ရအောင် "

ဟု တောင်းဆိုလေရာ မရန်နောင်က သူ၏လက်ထဲရှိ လေးနှင့်မြား ကျည်တောက်ကို လူကြီး၏လက်သို့ ထည့်လိုက်လေ၏။

လူကြီးသည် မြားကို ကျည်တောက်ထဲမှထုတ်၍ ကောင်းကင်သို့ ချိန်ရွယ်၍ ပစ်လွှတ်လိုက်၏။

ပြီးနောက် နောက်ထပ်မြားတစ်စင်းကို ကျည်တောက်မှ လျှင်မြန်စွာထုတ်၍ ကောင်းကင်ရှိရာသို့ ပစ်လွှတ်လိုက်ရာ ဒုတိယမြားသည် ပထမမြားကို ထိမှန်ပြီး မြားနှစ်စင်းလုံး တောင်အောက်သို့လွင့်စင် ကျသွားလေ၏။

မရန်နောင်သည် ထိုမြင်ကွင်းကိုကြည့်၍ မျက်လုံးပြူးသွားပြီး





" ဟင်... ခင်ဗျားက ကောင်းကင်ထဲက မြားကို နောက်ထပ်မြား တစ်စင်းနဲ့ ထိမှန်အောင် ပစ်နိုင်တယ်၊ ဒါဆိုရင် ဒီအရပ်ကို ရောက်နေတဲ့ လူထူးလူဆန်း မုဆိုးကြီးဆိုတာ ခင်ဗျားပေါ့ "

ဟု ပြောဆိုလေ၏၊ လူကြီးက မရန်နောင်၏ အံ့သြပုံကိုကြည့်၍ သဘောကျသော အမူအရာဖြင့်

" ဟဲ ဟဲ... ဟုတ်တာပေါ့ကွ၊ ဒီလို မြားပစ်ကျွမ်းကျင်အောင် ငယ်စဉ်ဘဝ တစ်လျှောက်လုံး အရှူးအမူးလေ့ကျင့်ခဲ့ရတာကွ၊ နည်းနည်း နောနော ကြိုးစားခဲ့ရတာမဟုတ်ဘူးနော် "

ဟု ပြောလေရာ မရန်နောင်သည် လူကြီး၏မျက်နှာကို စိတ်ဝင်စား ဟန်ဖြင့် ကြည့်၍

" ဟုတ်တယ်၊ ကျုပ်လဲ မြားပစ်ကျွမ်းကျင်အောင် နေ့စဉ်ရက်ဆက် တောင်ခေါင်းမှာပဲ အချိန်ကုန်ပြီး လေ့ကျင့်ခဲ့ရတယ်၊ ဒါကြောင့် အကျွမ်းကျင်ဆုံး လူငယ်မြားပစ်သမားတစ်ယောက်ဖြစ်ခဲ့တယ်၊ ဒါပေမဲ့ ခင်ဗျားကိုတော့ မမီဘူး၊ အဲဒါ ဘာဖြစ်လို့လဲ "

ဟု စိတ်ဝင်တစား မေးမြန်းလေ၏။

လူကြီးက မရန်နောင်၏မျက်နှာကိုကြည့်၍ ပြုံးကာ

" တကယ်တော့ လူနှစ်ယောက်ဟာ အရူးအမူးလေ့ကျင့်တာ ချင်းတူပြီး၊ တစ်ယောက်နဲ့တစ်ယောက် စွမ်းရည်ချင်းမတူကြာ အဓိက အချက်က ဇွဲစိုက်မှု အားနည်းတဲ့အချက်ကြောင့်ပဲ "

ဟု ပြောဆိုလေရာ မရန်နောင်က စိတ်ဝင်စားစွာဖြင့်

" ဘာ... ဇွဲစိုက်မှု အားနည်းတယ် ... သဘောလဲ၊ ကျုပ်မရှင်းဘူး "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ လူကြီးက မျက်မှောင်ကြုတ်၍

" တကယ်တော့ ကျွမ်းကျင်မှုရှိအောင် အကြိမ်ကြိမ် အထပ်ထပ် လေ့ကျင့်ရတယ်၊ ပိုပိုကျွမ်းကျင်အောင် ကိုယ်လေ့ကျင့်တဲ့အပေါ်မှာ ရှုးစိုက်မှုထားရတယ်၊ ရှုးစိုက်မှုဆိုတာ သေသေချာချာစဉ်းစားဆင်ခြင်ခြင်းကို ပြောတာကွ၊ ဥပမာ ငြိမ်သက်နေတဲ့ ပစ်မှတ်ကို ပစ်တာနဲ့ ပျံသန်းနေတဲ့ ငှက်တစ်ကောင်ကို ပစ်တာမတူဘူး၊ ပျံသန်းနေတဲ့ငှက်ကိုပစ်ရင် ငှက်ရဲ့ ပျံသန်းတဲ့အရှိန်ကို ထည့်တွက်ရတယ်၊ ငြိမ်နေတဲ့ ပစ်မှတ်ကို ပစ်ရင်တောင် လေပြင်းတိုက်ခတ်မှု ရှိမရှိ ထည့်တွက်ရတယ်၊ ဒီလို စဉ်းစားဆင်ခြင်တာကို ရှုးစိုက်မှုလို့ ငါက ပြောတာကွ "

ဟု ပြောလေရာ မရန်နော်သည် လူကြီး၏မျက်နှာကိုကြည့်၍

" ဒါဆိုရင် လေထဲက မြားတစ်စင်းကို နောက်ထပ်မြားတစ်စင်းနဲ့ ထိအောင်ပစ်နိုင်ဖို့ လို့ပျက်ချက်တစ်ခု ရှိမှာပေါ့ "

ဟု မေးမြန်းလေ၏။ လူကြီးက ရယ်မော၍

" ငါဟာ အဲဒီလို့ပွက်ချက်ကို သိရဖို့အတွက် နှစ်ပေါင်းများစွာ လေ့ကျင့်ခဲ့ရတာကွ၊ တကယ်တော့ မြားတစ်စင်းကို တောင်းကင်ကို ပစ်လွှတ်ပြီး အဲဒီမြားရဲ့ အရှိန်သေမဲ့အချိန်ကို သေသေချာချာ စောင့်ရတယ်၊ တကယ်တော့ ဘယ်လောက် အရှိန်အဟုန်ပြင်းတဲ့ မြားပဲဖြစ်ဖြစ် တစ်နေရာရောက်ရင် အရှိန်တန့်သွားတာပဲကွ၊ ဒီလို အရှိန်တန့်သွားတာဟာ အောက်ကို ပြန်ကျကာနီး တစ်ခဏအချိန်လေးပဲ၊ ဒီအချိန်လေးကို မှန်းပြီး နောက်ထပ်မြားတစ်စင်းနဲ့ ထိမှန်အောင် ပစ်ရတယ်၊ ဒါဆိုရင် လေထဲမှာရှိတဲ့ မြားတစ်စင်းကို နောက်ထပ်မြားတစ်စင်းနဲ့ ထိမှန်အောင် ပစ်နိုင်လိမ့်မယ်၊ ဒါပေမဲ့ လွယ်တော့မလွယ်ဘူးနော်၊ အများကြီး လေ့ကျင့်





ရဦးမယ် "

ဟု ပြောလေရာ မရန်နော်သည် စိတ်လှုပ်ရှားစွာဖြင့် နားထောင်၍

" ဟုတ်ပြီ၊ ဒါဆိုရင် လေထဲက မြားတစ်စင်းကို နောက်မြားတစ်ခင်းနဲ့ ကျုပ်လဲ ထိမှန်အောင် ပစ်နိုင်တော့မယ်၊ အခုလိုပြောပြတာ ဝမ်းသာလိုက်တာဗျာ၊ ခင်ဗျားနဲ့ စကားပြောရတာ ခဏလေးပေမယ့် ပညာအများကြီးရတယ်၊ ကျုပ်ရဲ့ ရှမ်းသိုင်းဆရာကြီးနဲ့ စကားပြောရတာ ပညာမရဘူး။ ဒါကြောင့် ကျုပ်နဲ့ရွာကို လိုက်ခဲ့ပါဗျာ၊ ရွာမှာ အေးအေးဆေးဆေး အနားယူပါဦးဗျာ "

ဟု ပြောလေရာ လူကြီးက ခေါင်းခါ၍

" ငါ့ကို ဖိတ်ခေါ်တာ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ဒီအချိန်မှာ ဒူဝါသားနဲ့ မမျှော်လင့်ဘဲ ခင်မင်ရပေမဲ့ မုန်းဒူဝါကြီးတစ်ယောက်နဲ့ မတွေ့ချင်သေးဘူးကွ "

ဟု ပြောလေ၏။ မရန်နော်သည် လူကြီး၏ စကားကြောင့် မျက်မှောင်ကြုတ်၍

" ဟင်... ကျုပ်အဖေက မုန်းဒူဝါကြီးတစ်ယောက်ဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိသလဲ "

ဟု မေးမြန်းလေ၏။ လူကြီးကရယ်မော၍

" သိတာပေါ့ကွာ၊ ဒီအချိန်မှာ မင်းဟာ တောင်ယာမလုပ်ဘဲ အေးအေးဆေးဆေး မြားပစ်လေ့ကျင့်နေကတည်းက မင်းဟာ ...ရဲ့ သားတစ်ယောက်မဟုတ်ဘူးဆိုတာ သိတယ်ကွ၊ နောက်ပြီး... မင်းရဲ့ ပုံသဏ္ဌာန်ဟာ ပြည့်စုံကြွယ်ဝပေမဲ့ လယ်ပိုင်ရှင်တစ်ဦး...က် ဒူဝါတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့သားနဲ့ ပိုတူတယ်ကွ၊ အသေချာဆုံးကတော့ မင်းရဲ့လည်ပင်းမှာ ဆွဲထားတဲ့ ကျောက်စိမ်းပုတီးပဲ၊ ကျောက်စိမ်းပုတီးဟာ မုန်းဒူဝါကြီးရဲ့ အမှတ်အသားဖြစ်တဲ့ အောက်ချင်းငှက်ကို တွေ့ရတယ် ''

ဟုပြောလေရာ မရန်နေဘ်က သဘောကျသောဟန်ဖြင့်ရယ်မော၍

'' ဟဲ ဟဲ ... ဒီလိုဆိုတော့လဲ ကျုပ်က ဒူဝါသားဆိုတာ လွယ်လွယ်လေး သိနိုင်သားပဲ ''

ဟု ရေရွတ်လေ၏။ ထိုအခါ လူကြီးကရယ်မော၍

'' ဟဲ ဟဲ... ဒီထက်ပိုပြီး အနာဂတ်မှာဖြစ်မဲ့ မင်းရဲ့အကြောင်းကို ပြောရင် မင်းသိပ်အံ့သြသွားလိမ့်မယ်၊ မင်းဟာ မုန်းဒူဝါကြီးရဲ့သားဖြစ်ပေမဲ့ ဒူဝါ အရိုက်အရာကို မခံချင်တဲ့ ရှားရှားပါးပါး ဒူဝါလေးတစ်ယောက်ပဲ၊ ဒါကြောင့် တစ်နေ့မှာ ဒူဝါမလုပ်ဘဲ ဒီအရပ်က ထွက်ပြေးလိမ့်မယ် ''

ဟု ပြောလေရာ မရန်နေဘ်သည် အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသားဖြစ်သွားပြီး

'' ခင်ဗျားက နတ်ဆရာလား။ အနာဂတ် အကြောင်းအရာတွေကို ကြိုသိနေတယ် ''

ဟု ပြောလေရာ လူကြီးက ရယ်မော၍ ခေါင်းခါယမ်းကာ

'' နတ်ဆရာဖြစ်မှ အနာဂတ်အကြောင်းအရာတွေကို ကြိုသိရမှာလားကွ၊ လူမှာ အသိဉာဏ်ရှိတယ်လေ၊ အသိဉာဏ်နဲ့ စဉ်းစားရင် သိနိုင်တာပဲ၊ ကဲ ဒါတွေ ထားလိုက်ပါဦးကွာ၊ ငါ့ရဲ့ စွန်ပျံကြီးကို ဒီနေရာမှ ပြုပြင်ချင်တယ်၊ စွန်ပျံရဲ့ ပိုးသားတွေ ပေါက်ပြဲကုန်လို့ ဆက်ပြီး စီးလို့မရတော့ဘူးကွ ''





ဟု ပြောရင်း စွန်ပျံ၏ အပေါက်အပြဲနေရာကို သေချာစွာ ဖာထေးလေ၏။ ပြီးသောအခါ စွန်ပျံကို တောင်ကြီး၏ အစွန်းရှိရာသို့ ယူဆောင်သွားပြီး

'' စွန်ပျံကြီးကို ငါပြန်ယူသွားမယ်၊ ပြီးတော့မှ မင်းနဲ့ငါ ပြန်တွေ့ကြတာပေါ့ကွာ၊ အဲဒီအခါကျမှ မင်းအဖေ မုန်းဒူဝါကြီးနဲ့တွေ့မယ် ''

ဟု ပြောလေ၏။ ထို့နောက် တောင်ကြီးပေါ်မှ စွန်ပျံကို ချ၍ လေဟုန်စီးရန် ပြင်လေ၏။ လူကြီးသည် စွန်ပျံအောက်ရှိ သစ်သားတန်းကို လက်ဖြင့်ကိုင်၍ မရန်နေဘ်ကို လှည့်ကြည့်လိုက်ပြီး သူ၏ အိတ်ထဲမှ အသားတုံးတစ်တုံးကို ပစ်ပေးလေ၏။

အသားတုံးသည် မီးကင်ထားသဖြင့် မွှေးပျံ့နေ၏။ လူကြီးက

'' နောက်တစ်ကြိမ် မင်းနဲ့ငါ ပြန်ဆုံဦးမယ်ဟေ့၊ ဒီတော့မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့ကွာ၊ ဟဲဟဲ... ဒူဝါသားဖြစ်ပြီး ဒူဝါ မလုပ်ချင်တဲ့ကောင်လေး၊ လောလောဆယ်တော့ သွားပြီဟေ့ ''

ဟုဆိုကာ စွန်ပျံကြီးကို တောင်ပေါ်မှ တွန်းချလိုက်ရာ စွန်ပျံကြီးသည် တောင်အောက်သို့ ဒိုက်ဆင်းကျသွားပြီးမှ လေထဲတွင် ဝဲပျံသွားလေ၏။ လေပြင်းများ တိုက်ခတ်သဖြင့် စွန်ပျံကြီးသည် တဖြည်းဖြည်း ဝေး၍ သွားလေ၏။

မရန်နေဘ်သည် စွန်ပျံကြီးကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

ဤလူကြီးသည် သူတို့နယ်မြေတွင် စွန်ပျံကြီး တစ်စင်းကို စီး၍ မည်သည့်ရည်ရွယ်ချက်ကြောင့် သွားလာနေသည်မသိချေ။

မရန်နေဘ်သည် အိမ်သို့ ရောက်သောအခါ ဖခင်ဖြစ်သူ မုန်းဒူဝါကြီးနှင့် လက်အောက်ငယ်သားများသည် တစ်စုံတစ်ရာကို အရေး



www.burmeseclassic.com

www.burmeseclassic.com



တကြိုး ဆွေးနွေးနေလေ၏။ မရန်နော်သည် ၎င်းတို့၏ စကားဝိုင်းကို နားစွင့် လိုက်၏။

မုန်းဒူဝါကြီးက လက်ထဲရှိ ဓားကို ဓားအိမ်ထဲသို့ သွင်းလိုက်ပြီး

" တောင်းကင်မှာ အလွန်ကြီးမားတဲ့ ငှက်ကြီးတစ်ကောင်ကို တွေ့ရတယ်လို့ သတင်းပို့တာ သုံးလေးယောက်ရှိပြီ၊ ဒီငှက်ကြီးဟာ ဒဏ္ဍာရီထဲမှာ ကြားဖူးတဲ့ ရောမ ငှက်ကြီးလား "

ဟု ရွေ့တတ်သံကို ကြားရလေ၏။ မုန်းဒူဝါကြီး၏ တပည့်တစ်ဦးက

" ဒီတစ်ကြိမ် ရောမငှက်ကြီးကိုတွေ့ရင် မြားနဲ့ ပစ်ခွင်းလိုက်မယ် "

ဟု ပြောလေရာ မုန်းဒူဝါကြီးက ခေါင်းခါယမ်း၍

" ဒီငှက်ကြီးဟာ တောင်းကင်မှာ ပျံခဲ့တယ်လို့ ကြားတယ်၊ မြေပြင်ကို ဆင်းတယ်လို့ မကြားဖူးဘူး။ ငါတို့ နယ်သားတွေကို အန္တရာယ် မပြုသရွေ့သူ့ကိုလဲ အန္တရာယ်မပြုပါနဲ့ "

ဟု မှာကြားနေလေ၏။ ဖခင်၏ တပည့်တပန်းများသည် ထူးဆန်းသောလူကြီး၏ ခွန်ပုံကြီးကို ရောမငှက်ကြီးဟု ယူဆသွား ပုံရ၏။

မရန်နော်သည် ညစာ စားသောက်ရန်ပြင်ဆင်ခနစဉ် သူ၏ သူငယ်ချင်းဖြစ်သူ ဘောက်ရိမ်း ရောက်လာပြီး

" ရွာထဲမှာ လနတ်သမီး ပူဇော်ပွဲရှိတယ် မရန်နော်၊ ငါတို့ သွားရအောင် "

ဟု ခေါ်လေ၏။ မရန်နော်က ခေါင်းခါယမ်း၍

" ငါ မလိုက်ချင်ဘူး ဘောက်ရိမ်။ ငါ့ငါမျိုးတွေ ဝါသနာမပါဘူး ဆိုတာ မင်းသိရဲ့သားနဲ့ "



ဟု ငြင်းဆိုလိုက်လေ၏။ လနတ်သမီးခေါ်ပွဲသည် အပျိုလူပျိုတို့ တွေ့ဆုံသော ပွဲဖြစ်၏။

ထိုပွဲကို လသာညများ၌ ပြုလုပ်ကြပြီး ဖိတ်ခေါ်ခြင်းခံရသော အပျို လူပျိုတို့သည် မိမိတို့ နိုင်သမျှ အရက်၊ ခေါင်ရည်နှင့် စားသောက် ဖွယ်ရာများကို ယူဆောင်လာရ၏။

လနတ်သမီး ခေါ်ပွဲကို တောင်ယာ၌သာပြုလုပ်လေ့ရှိ၏။ ရွာတွင်း ၌ ကျင်းပလျှင် ဆူညံသံများကြောင့် လနတ်သမီး မလာမည်ကို စိုးသဖြင့် တောင်ယာ၌သာ ပြုလုပ်ရ၏။

လနတ်သမီးခေါ်ပွဲ၌ လနတ်သမီး ပင့်တတ်သူ နတ်ဆရာတစ်ဦး ပါရ၏။

နတ်ဆရာသည် လှူစုံလျှင် အရက်တစ်ခွက်ကို ကိုက်မြှောက်၍ လနတ်သမီးကို ပင့်ရ၏။

နတ်ဆရာသည် ထိုသို့ပင့်ရာတွင် အများနားမလည်သော နတ် စကားဖြင့် ပင့်လေ့ရှိ၏။

ထိုအချိန်တွင် လူပျိုတစ်ဦးနှင့် အပျိုတစ်ဦးက ပုတီးစေ့လေးစေ့ သို့မဟုတ် ကြေးပြားလေးပြားထည့်ထားသော ဝါးကျည်တောက်ကို ကိုင်ဆောင်ထားလေ၏။

လနတ်သမီးရောက်လာလျှင် ဝါးကျည်တောက် လှုပ်ရှားလာ၍ ပုတီးစေ့ သို့မဟုတ် ကြေးများ၏ လှုပ်ရှားသံကို ကြားရလေ၏။

ထိုအခါ ငြိမ့်ပရိသတ် အပျိုလူပျိုများသည် ခေါင်ရည်နှင့် အရက် များကို သောက်ရင်း အနာဂတ် အရေးများကို ပျော်ရွှင်စွာ မေးမြန်း ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မေးမြန်းကြရင်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင်စွာဖြင့် ချစ်မှုရေးရာများကို တိုင်ပင်ကြ၏။

မရန်နော်သည် လနတ်သမီး ပူဇော်ပွဲများသို့ သွားလာလေ့ မရှိပေ။

သူသည် အပျိုလေးများနှင့် ရင်းနှီးစွာ နေထိုင်ခြင်းထက် လေး မြား လက်နက်များကိုသာ ခင်တွယ်လို၏။

ဘောက်ရိမ်းသည် မရန်နော်နှင့် ငယ်စဉ်ကပင် ရင်းနှီးသော သူငယ်ချင်းဖြစ်သဖြင့်

'' လနတ်သမီးခေါ်ပွဲကို ဖေ့နာလုတောင်ယာမှာ လုပ်မှာကွ၊ မင်းမပါရင် မဖြစ်လို့ပါကွာ၊ ဖေ့နာလု အစ်ကိုက ငါ့ကို မကြိုက်ဘူးဆိုတာ မင်းသိရဲ့သားနဲ့ ''

ဟု ပြောလေ၏။ ဘောက်ရိမ်းသည် ဖေ့နာတော့ကို ကြိုက်နှစ်သက်သူဖြစ်၏။ မရန်နော်က သက်ပြင်းချ၍

'' ငါ မလိုက်ချင်ဘူးကွာ၊ လနတ်သမီး ပူဇော်ပွဲတွေကို ငါဘယ်တုန်းက လိုက်ဖူးလို့လဲ ''

ဟု ငြင်းဆန်လေ၏။ မရန်နော်၏ စကားကြောင့် ဘောက်ရိမ်းက

'' မလိုက်ချင်ပေမဲ့ ဒီတစ်ခါတော့ လိုက်ခဲ့ပါကွာ၊ ဒီနေ့ညမှာ ဖေ့နာလု အစ်ကို ဖေ့နာဂမ် ဖျော်လိုဖျက်ဆီး လုပ်ရင်ခက်မယ်၊ နောက်ပြီးတော့ လေနဂန်းဘာလဲ ဖေ့နာလုကို အသေရရ အရှင်ရရ လိုချင်နေတာကွ၊ ဒီကောင်လာပြီး ပွဲကို ဖျက်မှာ သေချာတယ်၊ မင်းတစ်ကြိမ်တော့ လိုက်ခဲ့ဖို့ တောင်းပန်ပါတယ်ကွာ၊ ဒီနေ့ည လနတ်သမီးပွဲကို လိုက်ရင် မင်းအတွက် မချစ်ဉတွေ အများကြီးရှာပေးမယ် ''





ဟု တောင်းပန်နေသဖြင့် မရန်နော်သည် ဘောက်ရိမ်းကို သနား သွားပြီး

'' ကဲ... ဒါဆိုရင်လဲ ဒီတစ်ကြိမ်တော့ ပထမဦးဆုံးနဲ့ နောက်ဆုံး အနေနဲ့ ငါလိုက်ခဲ့မယ်ကွာ ''

ဟု ပြောလေရာ ဘောရိမ်းက ဝမ်းသာအားရဖြင့်

'' ဟားဟားဟား... ဒါမှ ငါ့သူငယ်ချင်းကွ၊ လနတ်သမီး ပူဇော်ပွဲကို ရောက်ရင် မင်းအတွက် အပျိုချောလေးတစ်ယောက် ရှာပေးရမယ် ''

ဟု ပြောဆိုလေ၏။ ထိုအခါ မရန်နော်က လက်ကာပြ၍

'' ဟေ့ကောင် တော်စမ်း၊ ငါအပျိုချောတွေကို စိတ်မဝင်စားဘူး ငါ့ဘဝမှာ အပျိုချောတွေထက် သိုင်းပညာလေ့ကျင့်ဖို့၊ သားကောင်များ များရဖို့ပဲ အရေးကြီးတယ် ''

ဟုပြောလေရာ ဘောက်ရိမ်းက ရယ်မော၍

'' ဟဲဟဲ... ချစ်တဲ့သူ မတွေ့သေးတော့လဲ ပြောထားဦးပေါ့ကွာ၊ ကဲ... ဒီနေ့ညတော့ ငါ့နောက်လိုက်ပေးပါဦး၊ မင်းရဲ့အဝတ်အစားတွေ သွားလဲဦးလေ ''

ဟုပြောလေ၏။ မရန်နော်သည် အဝတ်အစားလဲရန် စိတ်မဝင် စားသဖြင့်

'' မလဲတော့ပါဘူးကွာ၊ ဘယ်အပျိုချောကိုမှ ဟန်ရေးပြဖို့ မလို တဲ့ငါ့အတွက် အဝတ်အစားမလိုဘူး ''

ဟုပြောကာ တောဘွင်းသို့ဝင်၍ မြားပစ်လေ့ကျင့်လေ့ရှိသော ဖျင်ကြမ်းအင်္ကျီနှင့်ဘောင်းဘီကို ဝတ်ဆင်၍ ဘောက်ရိမ်းနောက်သို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့လေ၏။ ဘောက်ရိမ်းသည် အနက်ရောင်ထက်အောင် ဆင်တူ ဝတ်ဆင်ကာ သာနေသည်နေ၏။

လနတ်သမီးခေါ်ပွဲပြုလုပ်ရာ ဖော့နာလု၏တောင်ယာသို့ မရန်နော်တို့ ရောက်သောအခါ တောင်ယာ၌ လပြည့်ည၏အလင်းရောင်ကြောင့် အမျိုးလုပျိုများလည်း ဒုံညီစွာရောက်ရှိနေကြောင်းတွေ့ရလေ၏။

ဘောက်ရိမ်းနှင့်အတူ မရန်နော် လိုက်ပါလာကြောင်း တွေ့ရသောအခါ ရွာရှိ အပျိုများသည် လွန်စွာအံ့ဩဟန်ဖြင့် တိုးတိုးပြောဆိုနေကြလေ၏။

သူမတို့၏အမြင်တွင် မရန်နော်သည် ပြားပန်ခြင်းနှင့် သိုင်းပညာလေ့ကျင့်ခြင်းကိုသာ စိတ်ဝင်စားသူဖြစ်ပြီး ချစ်မှုရေးရာများ၌ စိတ်ဝင်စားသူမဟုတ်ချေ။

တောင်ယာ၏ပိုင်ရှင် ဖော့နာလုသည် ဘောက်ရိမ်းနှင့် အတူပါလာသော မရန်နော်ကိုကြည့်၍ အံ့ဩဟန်ဖြင့်

" မရန်နော်ကိုယ်တိုင် လနတ်သမီးပွဲကို လိုက်လာတာ အံ့ဩဖို့ကောင်းတယ်၊ နင်လဲ အပျိုတွေကို စိတ်ဝင်စားနေပြီပေါ့ "

ဟုနောက်ပြောင်လေရာ မရန်နော်က ခေါင်းခါယမ်း၍

" ငါစိတ်မဝင်စားပါဘူး။ ငါက ဘောက်ရိမ်းအဖော်ခေါ်လို့ လိုက်လာရတာ "

ဟု ရှုတင်းတင်းပြောလိုက်လေ၏။ ရွာရှိ အပျိုချောများသည် မုန်းဒူဝါ၏သား မရန်နော်ကို ကြည့်၍ တိုးတိုးရယ်မောကြ၏။

ဖော့နာလု၏အစ်ကိုသည် ဘောက်ရိမ်းကို ညီမဖြစ်သူနှင့် ကြည်ဖြူသော်လည်း မုန်းဒူဝါ၏သား မရန်နော်ကို အလေးအမြတ်ပြုသည့်





အနေဖြင့် ခေါင်ချည်ခွက်ကို လာရောက်ကမ်းပေးလေ၏။

မရန်နော်သည် ခေါင်ရည်သောက်ရင်း တောင်ယာတဲသို့ မျက်လုံးဝေ့ကြည့်လိုက်သောအခါ လူပျိုအုပ်စုများအတွင်း တောက်ပြောင်သောအဝတ်အစားများကို ဝတ်ဆင်ထားသော လေန်ဂန်းကိုတွေ့ရလေ၏၊ လေန်ဂန်းသည် လယ်မြေနှင့်ကျွဲနွားများစွာပိုင်သော မိသားစုမှ မွေးဖွားလာသူဖြစ်၏။

လေန်ဂန်း၏ဖခင်သည် ရွာတွင် မုန်းဒူဝါကြီးပြီးလျှင် အချမ်းသာဆုံး လယ်ပိုင်ရှင်ကြီးတစ်ဦးဖြစ်၏။ လေန်ဂန်းသည် မုန်းဒူဝါသား မရန်နော်ကို မြင်သောအခါ ရယ်မော၍

" ဟဲဟဲ မရန်နော်တောင် လနတ်သမီးခေါ်ပွဲကို ရောက်လာပါလား၊ အင်းပေါ့လေ အချိန်တန်တော့လဲ အချစ်နဲ့ကင်းပြီး ဘယ်သူနေနိုင်မလဲ "

ဟုပြောဆိုလေရာ မရန်နော်က လေန်ဂန်းကို မျက်နှာတည်တည်ဖြင့်ကြည့်၍

" ငါ့မှာ ဘာရည်ရွယ်ချက်မှမရှိဘူး။ ဘောက်ရိမ်းအဖော်ခေါ်လို့ လိုက်လာရတာ "

ဟုပြောလေ၏။

မရန်နော်၏စကားကြောင့် လေန်ဂန်းက မျက်နှာရှုံ့မဲ့၍

" မရန်နော် မင်းဟာ ဒူဝါသားဖြစ်နေပြီး ဘောက်ရိမ်းလိုကောင်နဲ့ ပေါင်းသင်းနေရသလားကွာ၊ ဘောက်ရိမ်းဟာ ဆင်းရဲသားတစ်ယောက်ပါ၊ မင်းနဲ့အဆင့်အတန်းမတူပါဘူး "

ဟုပြောလေရာ မရန်နော်သည် လေန်ဂန်း၏မာန်တက်နေသော အမူ



www.burmeseclassic.com

www.burmeseclassic.com



အရာကို မနှစ်မြို့သလိုဖြစ်သွားပြီး

" အဆင့်အတန်းတွေဘာတွေ ငါလုံးမဆိုက်ဘူး၊ ဒူဓါသားလဲလူပဲ၊ ဆင်းရဲသား နင်းပြားလဲလူပဲ၊ လူလူချင်း အဆင့်အတန်းမတူဘူးဆိုတာ မရှိဘူး "

ဟုပြောလေ၏။ လေနိုင်ဂန်းက မရန်နေဘ်၏စကားကြောင့် ခေါင်းခါယမ်း၍

" ဒီမှာ မရန်နေဘ်၊ မင်းတို့လိုလူတွေကြောင့် ဘောက်ရိမ်းတို့လို ကောင်တွေ လူပါးဝလာမှာ သေချာတယ် "

ဟုပြောလေ၏၊ လေနိုင်ဂန်းသည် ကျွန်ုပ်များစွာကို ပိုင်ဆိုင်သူ ပိပိမာန်မာနထောင်လွှားသူဖြစ်သဖြင့် ဘောက်ရိမ်းကို ရှုံ့မှာထား၍ ရင့်သီးစွာ ပြောဆိုနေလေ၏။ ဘောက်ရိမ်းသည် လေနိုင်ဂန်း၏စကားကြောင့် မဲ့ပြုံးပြုံး၍

" ဟဲဟဲ… ငါလူပါးဝတာ အရေးမကြီးဘူး၊ မင်းသာ မာန်ဖောက် ခေါက်ခိုက်ပြီး ကောင်းကင်နတ်မင်းကြီးရဲ့ဖင်ကို တက်ဆောင့်မိမယ် "

ဟုပြောလိုက်ရာ လေနိုင်ဂန်းသည် မကျေမနပ်ဖြစ်သွားပြီး

" ဟေ့ကောင် မင်း ဘာလူပါးဝတာလဲ၊ သေချင်လို့လား "

ဟုကြိုးဝါးကာ လက်သီးဆုပ်၍ ရှေ့သို့ ဘိုးလာလေ၏။

ထိုအခိုက်မှာပင် အနီးသို့ ဖော့နာလုရောက်ရှိလာပြီး

" ဟဲ့… ဘာတွေဖြစ်နေတာလဲ၊ နင်တို့ ဆူညံဆူညံလုပ်တာနဲ့ နတ်သမီးရောက်မလာဘဲနေဦးမယ်၊ လာ ဘောက်ရိမ်း နင်နဲ့ငါ ကျည် ထောက် ကိုင်ရမယ် "

ဟုပြောလေရာ ဘောက်ရိမ်းသည် အလွန်သဘောကျသွားလေ





၏။ သူသည် လနတ်သမီးခေါ်ပွဲတွင် ဖော့နာလုနှင့်အတူတူ ကျည် ထောက်ကိုင်ရန် ကြံစည်ထားသူ မဟုတ်ပါလား။ လေနိုင်ဂန်းသည် ဖော့ နာလု၏အပြုအမူကြောင့် ဘောက်ရိမ်းကိုအလွန်မနာလိုဖြစ်သွား၏။

သူသည် ဖော့နာလုကို အသေအလဲ ပိုးပန်းနေသူဖြစ်၏။ ထို ကြောင့် မကျေမချမ်းဖြစ်သွားပြီး

" ဖော့နာလု နင်နဲ့ငါ ကျည်ထောက်ကိုင်မယ်လေ၊ ဘောက်ရိမ်း လိုကောင်ကို ကျည်ထောက်မကိုင်ခိုင်းပါနဲ့၊ သူနဲ့နင် အဆင့်အတန်းမတူ ပါဘူး "

ဟုပြောလေရာ ဖော့နာလုက ခေါင်းခါယမ်း၍

" အဆင့်အတန်းတူတာ မတူတာ ငါနားမလည်ဘူး၊ ငါ ဘောက်ရိမ်းနဲ့ပဲ ကျည်ထောက်ကိုင်ချင်တယ် "

ဟုပြောလေ၏။ ၎င်းတို့၏ အပြန်အလှန်ပြောဆိုသံများကြောင့် လနတ်သမီးခေါ်ပွဲသို့ ရောက်ရှိလာသော အပျိုလူပျိုများသည် အနီးသို့ စုအုံလာပြီး အပျိုတစ်ဦးက

" နင်တို့ကလဲ ငြင်းခုန်မနေပါနဲ့ဟယ်၊ လနတ်သမီးရောက်မလာ ဘဲနေဦးမယ်၊ အေးအေးချမ်းချမ်းလုပ်စမ်းပါ "

ဟုဝင်ရောက်ပြောဆိုလေရာ လေနိုင်ဂန်းသည် အပျိုများ၏ဆန္ဒ ကို မလွန်ဆန်နိုင်တော့ဘဲ ကိုကြိတ်၍ ငြိမ်သက်သွားလေ၏။

လေနိုင်ဂန်း၏တပည့်တပန်းများသည် ၎င်းအား တောင်ယာ၏ တစ်နေရာသို့ခေါ်သွားပြီး တီးတိုးနှစ်သိမ့်ကြလေ၏။ ထိုအချိန်တွင် ဘောက်ရိမ်းသည် ဖော့နာလုနှင့်အတူ ကျည်ထောက်ကို ကိုင်နေပြီ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နတ်ဆရာသည် နတ်စကားဖြင့် လနတ်သမီးကို စတင်ပင့်နေလေပြီ။

ခဏကြာလျှင် ဘောက်ရိမ်းနှင့် ဖော့နာလုကိုင်ထားသော ဝါးကျည်ထောက်သည် တဖြည်းဖြည်း လှုပ်ခါလာ၏။ ထိုသို့ လှုပ်ခါလာလျှင် လနတ်သမီးရောက်လာပြီဟု ယုံကြည်ကြ၏။

ထိုအခါ အမျိုးလူမျိုးများသည် စိတ်လှုပ်ရှားစွာဖြင့် ဝါးကျည်ထောက်၏အနီးသို့ ရောက်လာကြ၏။

ဝါးကျည်ထောက်သည် လှုပ်ခါလာသဖြင့် ကျည်ထောက်အတွင်းရှိ ပုတီးစေ့များ၏လှုပ်ရှားသံကို ကြားရလေ၏။

ထိုအခါ အမျိုးလူမျိုးများသည် ခေါင်းညိတ်နှင့်အရက်များကို တမျော်တပါး သောက်ရင်း လနတ်သမီးအား ရှေ့ဖြစ်ကိစ္စများကို မေးမြန်းကြလေ၏။

ကချင်လူငယ်တို့၏ ရိုးရာယုံကြည်မှုအရ လနတ်သမီး၏ဟောကိန်းများသည် မှန်ကန်သည်ဟု ယုံကြည်ကြ၏။ ကျည်ထောက်ကိုင်ထားသော ဘောက်ရိမ်းသည် လနတ်သမီးကို သူ၏အချစ်ရေးအား စတင်မေးမြန်းလေ၏။

ဝါးကျည်ထောက်၏ လှုပ်ရှားဟန်ကိုကြည့်ရှု၍ ဟောကိန်းများကို တွက်ဆနိုင်၏။

ဘောက်ရိမ်းသည် ကျည်ထောက်၏လှုပ်ရှားဟန်ကိုကြည့်၍ ဝမ်းသာအားရအမူအရာဖြင့်

" ဟိုက်... ဖွဲ့ရဲ့အချစ်ရေး အဆင်ပြေပြီ ဒီနေ့ညပဲ ချစ်သူဆီက အဖြေရတော့မယ် "





ဟုရေရွတ်လိုက်ရာ လေန်ဂန်းတို့ လူစုမှလွဲ၍ အမျိုးလူမျိုးများသည် ဝမ်းသာအားရ ကောင်းချီးပေးကြလေ၏။

ဘောက်ရိမ်းက ဆက်လက်၍ လနတ်သမီးကိုမေးမြန်းပြီး

" ဖွဲ့ရဲ့ချစ်သူက အနီးဆုံးမှာရှိနေတယ်လို့ လနတ်သမီးက ပြောတယ် "

ဟုပြောလေရာ ဖော့နာလုသည် ဘောက်ရိမ်းအား ရှက်ကိုးရှက်ကန်းကြည့်ရှုလိုက်လေ၏။

အမျိုးလူမျိုးများသည် ၎င်းတို့စုံတွဲကို သဘောပေါက်ဟန်ဖြင့် နောက်ပြောင်ကျီစယ်ကြလေ၏။

ထိုအခိုက်မှာပင် အနီးသို့ ဖော့နာလု၏အစ်ကို ဖောနာဂမ် ဒေါသတကြီးရောက်လာပြီး

" တိတ်ကြစမ်း၊ ဘောက်ရိမ်းလိုကောင်နဲ့ ငါ့ညီမကို မစကြနဲ့၊ ငါလုံးဝ သဘောမတူဘူး။ ဟော့ကောင် ဘောက်ရိမ်း မင်းက ဖဝါတွေ ဘယ်လောက်တင်နိုင်လို့ ငါ့ညီမကို မှန်းရတာလဲ "

ဟုကြိမ်းမောင်းလိုက်လေ၏။ ကချင်ရိုးရာယဉ်ကျေးမှုအရ သားရှင်က သမီးရှင်ဘက်သို့ ဖဝါဟုခေါ်သော လက်ဆောင်ပစ္စည်းများ ပေးအပ်ရလေ၏။ သမီးရှင်သည် ဖဝါလက်ဆောင်ပစ္စည်း များစွာပေးသောသူကို သမက်အဖြစ် လက်ခံလိုကြ၏။

ထိုဖဝါများတွင် ကျွဲများ၊ နွားများ၊ ပိုးပုဆိုး၊ မောင်း စသည့်အဖိုးတန်ပစ္စည်းများပါဝင်၏။

ဘောက်ရိမ်းသည် ယောက်ဖဖြစ်သူ၏ ရင့်သီးသော စကားကြောင့် သက်ပြင်းချ၍



www.burmeseclassic.com

www.burmeseclassic.com



" လောကမှာ ဖဂါတွေက ဒီလောက်တောင် အရေးကြီးနေပြီလား။ အချစ်ဆိုတာ မင်းတို့ထည့်မစဉ်းစားတော့ဘူးလား "

ဟုမေးမြန်းလေ၏။ ဖော့နာဂမ်သည် ဘောက်ရိမ်း၏စကားကို နား ထောင်၍ လက်သီးဆုပ်လိုက်ပြီး

" ဟော့ကောင် မင်းပါးစပ်ပိတ်ထားစမ်း၊ ငါတို့က အချစ်ကို နားမလည်ဘူး၊ ဖဂါကိုပဲ အသိအမှတ်ပြုတယ်၊ ငါတို့ညီမကို ဖဂါများများ တင်နိုင်တဲ့သူကိုပဲ ပေးစားမယ် "

ဟုပြောလေ၏။ ထိုအခိုက်မှာပင် ငလေန်ဂန်းသည် အနီးသို့ရောက်လာပြီး

" ဟုတ်တယ်၊ ဖဂါမတင်နိုင်တဲ့သူကို လက်ခံစရာမလိုဘူး၊ မင်းထွက်သွားစမ်း "

ဟုပြောဆိုကာဘောက်ရိမ်းအား ဆောင့်တွန်းလိုက်ရာ ဘောက်ရိမ်းလက်ထဲရှိ ဝါးကျည်ထောက်လွတ်ကျကာ လနတ်သမီးပွဲပျက်လေ၏။

လနတ်သမီးခေါ်ပွဲသို့ ရောက်လာသော အပျိုလူပျိုများသည် အထိတ်တလန့်ဖြစ်သွားလေ၏။ ဘောက်ရိမ်းသည် အချစ်အတွက် စွန့်စားတော့မည်ဟု ဆုံးဖြတ်ထားပုံရ၏။

ထို့ကြောင့် လက်သီးဆုပ်၍

" ဒီမှာ ဖဂါမရှိလဲ ချစ်သူကိုရအောင်ကြိုးစားမယ်၊ တစ်ယောက်နဲ့တစ်ယောက် ချစ်နေရင် ဖဂါမလိုဘူး "

ဟုပြောလေရာ ဖော့နာဂမ်သည် ဘောက်ရိမ်းကို ဒေါသတကြီး ကြည့်၍ လက်သီးဖြင့်ထိုးလိုက်လေ၏။



ဘောက်ရိမ်းသည် ဖော့နာဂမ်၏ပြင်းထန်သောလက်သီးကြောင့် မြေပေါ်သို့ လဲကျသွားလေ၏။ ဖော့နာလုသည် ဘောက်ရိမ်း လဲကျသွားသောအခါ စိုးရိမ်စိတ်ဖြင့် ဘောက်ရိမ်းအနီးတွင် ဒူးထောက်ထိုင်လိုက်ပြီး

" အို အစ်ကို ဒီလိုမတရားမလုပ်ပါနဲ့၊ ဘောက်ရိမ်းပြောတာမှန်တယ်၊ ကျွန်မ ဖဂါကို မမက်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် ချစ်နေဖို့ပဲ လိုတယ် "

ဟုအော်ဟစ်လိုက်လေ၏။ ဖော့နာလု၏စကားကြောင့် ဖောနာဂမ်သည် မျက်စိမျက်နှာပျက်သွားပြီး ဖော့နာဂမ်က ညီမဖြစ်သူကို ဒေါသတကြီး ဆွဲယူလိုက်ပြီး

" နင်ဘာမှမဟုတ်တဲ့ ဆင်းရဲသားတစ်ယောက် ကိုယူရင် တစ်သက်လုံး ဆင်းရဲတွင်းနက်မှာပေ့ါဟဲ့ "

ဟုအော်ဟစ်ကာ ညီမဖြစ်သူ၏ပါးကို ဖြန်းချနဲ့ ချလိုက်လေ၏။ ဘောက်ရိမ်းသည် ထိုင်ရာမှထ၍

" ဖော့နာဂမ် ဒီလိုမလုပ်ပါနဲ့ "

ဟုတားဆီးလိုက်ပြန်၏။ ဖော့နာဂမ်သည် ဘောက်ရိမ်း၏တားဆီးမှုကြောင့် ပိုမို၍ ဒေါသအိုးပေါက်ကွဲသွားပြီး

" သေပေတော့ "

ဟုကြုံးဝါးကာ ဘောက်ရိမ်းကို လက်သီးဖြင့်ထိုးပြန်၏။ ထိုအခါ လနတ်သမီးခေါ်ပွဲသို့ ရောက်ရှိလာသော အပျို လူပျိုများသည် ဆူညံပွက်သွားလေ၏။

မရန်နေဘ်သည် ဘောက်ရိမ်းကို လက်သီးဖြင့်တစ်ချက်ပြီး[illegible] ချက်ထိုးနေသော ဖော့နာဂမ်ကိုကြည့်၍ တားဆီးရန်ဆုံးဖြတ်[illegible]ပြီး

www.burmeseclassic.com

ခေါင်းရည်ကျည်ထောက်ကိုချကာ ဖေ့နာဂမ်၏လက်သီးကို ဖမ်းဆွဲလိုက်လေ၏။ ပြီးနောက်သက်ပြင်းချ၍

" ဖေ့နာဂမ် မလုပ်ပါနဲ့တော့၊ ဘောက်ရိမ်းဟာ မင်းကို အခုအချိန်ထိ လက်တုံ့မပြန်သေးဘူး၊ မင်းလွန်နေပြီ "

ဟုတားဆီးလိုက်လေ၏။

ဖေ့နာဂမ်သည် ဒူဝါသား မရန်နေဘ်က သူ့ကို တားဆီးနေသဖြင့် ဆက်လက်၍ မထိုးတော့ဘဲ

" ဒီကောင် ငါ့ညီမကို ခေါ်ကားနေတာ မရန်နေဘ် မြင်တယ် မဟုတ်လား၊ ဘောက်ရိမ်းလို ဆင်းရဲသားတစ်ယောက်ဟာ ငါ့ညီမနဲ့ တူ သလား တန်သလား "

ဟုမေးမြန်းလေ၏။ မရန်နေဘ်က မျက်မှောင်ကြုတ်၍ မျက်နှာတွင် သွေးသံရဲရဲဖြစ်နေသော ဘောက်ရိမ်းကိုကြည့်၍

" ဆင်းရဲသားလဲ လူပဲ၊ လူချမ်းသာလဲ လူပဲ၊ မတူတာ မတန်တာ မရှိပါဘူး။ အရေးကြီးတာက စိတ်ထားကောင်းဖို့လိုတယ်၊ သူတို့နှစ်ယောက် ချစ်ဖို့လဲလိုတယ် "

ဟုပြောလိုက်ရာ ဖေ့နာဂမ်သည် မရန်နေဘ်၏မျက်နှာကို မကျေမနပ်ကြည့်လိုက်လေ၏။

ထိုအခါ လယ်ပိုင်ရှင်သား ဝေလန်ဂန်းက မရန်နေဘ်ကိုကြည့်၍

" ဒီကောင်မှာ ကျွဲတွေ၊ နွားတွေမရှိဘူး၊ အစေအပါးတွေလဲ မရှိဘူး။ ဒီလိုကောင်မျိုးဟာ ဖေ့နာလုကို တစ်သက်လုံး ကောင်းကောင်းမွန်မွန် ကျွေးနိုင်မှာမဟုတ်ဘူး "

ဟုပြောလိုက်လေ၏။ မရန်နေဘ်က ခေါင်းခါယမ်း၍



" ဘောက်ရိမ်းမှာ လက်ရှိတယ်၊ ခြေထောက်ရှိတယ်၊ လက်တွေ ခြေထောက်တွေ ကောင်းမွန်နေသရွေ့ ဖေ့နာလုကို ကျွေးမွေးထားနိုင်တယ်၊ တစ်ဦးနဲ့တစ်ဦး ချစ်နေသူတွေမှာ ကျွဲတွေ၊ နွားတွေ မလိုပါဘူး၊ လူလူချင်း အဆင့်အတန်း မတူဘူးဆိုပြီး အနိုင်ကျင့်တာ ငါလုံးဝမကြိုက်ဘူး၊ မင်းတို့ ဒီလိုမလုပ်ပါနဲ့၊ နောက် ဒီလိုအနိုင်ကျင့်ရင် ဘောက်ရိမ်းဘက်က ငါဝင်ပါရလိမ့်မယ် "

ဟုပြောကာ လဲကျနေသော ဘောက်ရိမ်းကိုဆွဲထူ၍ ထိုနေရာမှ လှည့်ထွက်ခဲ့လေ၏။

ဖေ့နာဂမ်နှင့်လယ်ပိုင်ရှင်သား ဝေလန်ဂန်းသည် မရန်နေဘ်၏ နောက်ကျောကို မကျေမချမ်းဖြစ်၍ ကျန်ရစ်ခဲ့လေ၏။

ဖေ့နာလုက ဝမ်းနည်းကြေကွဲဟန်ဖြင့် မျက်နှာကို လက်ဖြင့်အုပ်၍ ရှိုက်ငိုနေလေ၏။


၆၀ ဖန္ဒီဘား ဇာတ်ကြော်ပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ်-၅၊ အသောကလမ်း၊ ကျောက်မြောင်း ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်၊

www.burmeseclassic.com



မရန်နော်သည် ဘောက်ရိမ်းကို သူ၏အိမ်သို့ခေါ်သွားပြီး ဒဏ်ရာ ဒဏ်ချက်များကို ဆေးထည့်ပေးလေ၏။ မရန်နော်က ဒဏ်ရာများကို ဆေးထည့်ပြီးသောအခါ ဘောက်ရိမ်း၏ပခုံးကိုဖက်၍

" ဒီနေ့ည ငါ့အိမ်မှာပဲ အိပ်လိုက်ပါလား "

ဟုပြောလိုက်ရာ ဘောက်ရိမ်းက ခေါင်းခါ၍

" အိမ်မှာ ငါ့အမေ နေမကောင်းဘူးကွ၊ ငါပြန်မှဖြစ်မယ်၊ တောက် ဒီကောင်တွေ မိုးကောင်းတုန်းတော့ ရွာထဲဦးပေါ့ကွာ၊ ဖော့နာလု ငါ့ ဘက်မှာရှိနေသရွေ့ သူတို့ကို ငါရင်ဆိုင်ရဲတယ် "

ဟုပြောလေရာ မရန်နော်က လက်သီးဆုပ်၍

" မင်းဘာမှ မပူပါနဲ့၊ မင်းဘက်မှာ ငါရှိနေတယ်၊ လူတစ်ယောက်နဲ့တစ်ယောက် အဆင့်အတန်းခွဲခြားတာ ငါလုံးဝမကြိုက်ဘူး၊ လောကမှာ လူဟာ ဓါးလက်နက်တွေထက် အများကြီးပိုအရေးကြီးတယ်၊ လူတစ်ယောက်ရဲ့ အရည်အချင်းဟာ အတိုင်းအဆမရှိဘူးကွ "

ဟုအားပေးစကားပြောလေ၏။ ဘောက်ရိမ်းက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ဖော့နာလုအတွက်ဆိုရင် ဘာမဆိုငါလုပ်ဝံ့တယ်၊ တောထဲသွားပြီး ဆင်းကိုလဲဖမ်းရဲတယ်၊ ကျားနဲ့လဲ နပန်းသတ်ရဲတယ် "

ဟုအားတက်သရောပြောလေရာ မရန်နော်က ဘောက်ရိမ်း၏ ပခုံးကိုဖက်၍

" မင်းတို့ နီးစပ်ဖို့အရေးမှာ ငါအစွမ်းကုန်ကြိုးစားပြီး ကူညီပါမယ် "

ဟုပြောလေရာ ဘောက်ရိမ်းသည် မရန်နော်ကို ကျေးဇူးတင်ကြောင်းပြော၍ အိမ်မှထွက်ခွာသွားလေ၏။

ဘောက်ရိမ်းထွက်ခွာသွားသောအခါ အမှောင်ထဲမှ ရှမ်းသိုင်းဆရာကြီး ရောက်လာပြီး

" မရန်နော် ရွာထဲမှာ ပြဿနာပေါ်တယ်ကြားတယ်၊ ဒီအကြောင်းကို ကျုပ်သိပြီးပါပြီ၊ ဘောက်ရိမ်းဘက်က ကူညီတာမှန်ပါတယ်၊ ဒါပေမဲ့ တစ်နေ့ မုန်းဒူဝါဖြစ်မဲ့လူဟာ လေနဲ့ကန်းလို လယ်ပိုင်ရှင်သားတစ်ယောက်နဲ့ ဆက်ဆံရေးပြေလည်တာ အကောင်းဆုံးပါပဲ "

ဟုပြောလေ၏။ မရန်နော်က ရှမ်းသိုင်းဆရာကြီးကို ကြည့်၍

" ကျုပ် အမှန်တရားကိုပဲ မြတ်နိုးတယ်၊ ဒူဝါဖြစ်ရင် လယ်ပိုင်ရှင်တွေနဲ့အဆင်ပြေအောင် မဟုတ်တာ မပြောနိုင်ဘူး၊ နောက်ပြီးတော့ ကျုပ် ဒူဝါလဲ မလုပ်ချင်ဘူး "

ဟုပြောလေ၏။





www.burmeseclassic.com

www.burmeseclassic.com



ရှမ်းသိုင်းဆရာကြီးက ခေါင်းခါယမ်း၍

" ဒူဝါသားက ဒူဝါမလျှပ်ချင်လို့ ရမလား မရန်နေဘ်၊ အစဉ်အလာ ပျက်သွားမှာပေါ့ "

ဟုပြောလေ၏။ မရန်နေဘ်က လက်သီးကိုဆုပ်၍

" အစဉ်အလာဆိုတိုင်း ကျုပ်က ဖျောက်လုံးနှိပ်ပြီး ကိုယ်မလုပ်ချင်တဲ့အလုပ်ကိုလုပ်ရမှာလား၊ အစဉ်အလာဆိုတာ ကျုပ်မယုံဘူး၊ အဲဒီအစဉ်အလာတွေက ထာဝရမှန်နေတယ်လို့ ကျုပ်မယုံကြည်ဘူး "

ဟုပြောကာ သူ၏အိပ်ခန်းရှိရာသို့ ထွက်ခွာခဲ့လေ၏။ ရှမ်းသိုင်းဆရာကြီးသည် ခေါင်းကိုခါယမ်း၍

" အစဉ်အလာဟာ ထာဝရမှန်နေတယ်လို့ ကျုပ်မယုံကြည်ဘူးဆိုပါလား၊ မြတ်စွာဘုရား မရန်နေဘ် တစ်နေ့ ဒုက္ခရောက်တော့မယ် "

ဟုတီးတိုးရေရွတ်နေလေ၏။

[illegible]

[illegible]





မရန်နေဘ်သည် နောက်တစ်နေ့တွင် မြှားပစ်လေ့ကျင့်ရန် တောတွင်းသို့ရောက်ခဲ့ပြန်၏။

သူသည် မြေပြန့်ဒေသမှ လူထူးလူဆန်းကြီး သင်ပြပေးခဲ့သော မြှားပစ်နည်းကို အကြိမ်ကြိမ်အထပ်ထပ်လေ့ကျင့်ရင်း အချိန်ကုန်လာ၏။

မည်သို့ပင် လေ့ကျင့်စေကာမူ လူထူးလူဆန်းကြီးကဲ့သို့ မစွမ်းဆောင်နိုင်သေးချေ၊ ညနေစောင်းသောအခါ မရန်နေဘ်သည် ပင်ပန်းလှသဖြင့် မြက်ခင်းတွင်လှဲ၍ အနားယူလေ၏။

အတန်ကြာအောင် အနားယူပြီးနောက် လေးနှင့်မြှားကိုယူ၍ ဇရ ချိုးရန် စမ်းချောင်းဘက်သို့ ထွက်ခဲ့လေ၏။

ထိုအခိုက်မှာပင် တောင်အောက်မှ မိန်းမပျိုတစ်ဦး၏အသံကို ကြားရသဖြင့် နားစိုက်ထောင်ပြီးတောင်အောက်သို့ ငုံ့ကြည့်လိုက်သောအခါ ကျောက်ဖျာပေါ်တွင် မိန်းမပျိုတစ်ဦးကို လူတစ်ဦးက အဝတ်ပြုကျင့်ရန် ကြိုးပမ်းနေကြောင်းတွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မရန်နေဘ်သည် လူယုတ်မာ၏အပြုအမူကြောင့် ဒေါသထွက်သွားပြီး တောင်အောက်သို့ လျှင်မြန်စွာပြေးဆင်းခဲ့၏။ ထိုအခါ တောင်အောက်တွင် မတရားကျင့်ရန် ကြံစည်သူမှာ လယ်ပိုင်ရှင်သား လေနံဂန်းဖြစ်ပြီး မိန်းမပျိုမှာ ဘောက်ရိမ်း၏ချစ်သူ ဖေ့နာလုဖြစ်ကြောင်းတွေ့ရ၏။

မရန်နေဘ်သည် ကျောက်ဖျာထက်ရှိ လေနံဂန်းကို ဂုတ်မှဆွဲကိုင်၍ ၎င်း၏မျက်နှာအား လက်သီးဖြင့် အားကုန်ထိုးလိုက်ရာ လေနံဂန်းသည် သွားနှစ်ချောင်းကျိုး၍ မျက်နှာမှ သွေးများ ကျဆင်းလာ၏။

မရန်နေဘ်သည် မြေပေါ်တွင်လဲနေသော လေနံဂန်းကို ရှုံ့ရှာစွာကြည့်၍

" လူယုတ်မာ၊ မင်းမရှက်ဘူးလား။ အားနွဲ့တဲ့မိန်းမတစ်ယောက်ကို အတင်းအဓမ္မလုပ်ရသလား။ မင်းကြောင့် ငါတို့ကချင်တွေရဲ့ အကျင့်စာရိတ္တကို သူတစ်ပါး အထင်သေးစရာဖြစ်တော့မယ် "

ဟုပြောလေရာ လေနံဂန်းသည် ကျိုးသွားသော သွားများကို ထွေးထုတ်လုပ်ပြီး မကျေမချမ်းဖြင့်

" ဟေ့ကောင် မရန်နေဘ်၊ မင်းဟာ ဒူဝါသားဆိုပြီး အရာရာမှာ ဝင်ပါနေတာ လွန်လွန်းပြီထင်တယ် "

ဟုပြောလေရာ မရန်နေဘ်က တဟားဟားရယ်မော၍

" ဟားဟားဟား... မသွားနိုင်ဘူး၊ မင်းတို့လို လူယုတ်မာတွေကို ရင်ဆိုင်ဖြေရှင်းဖို့ သစ္စာဆိုထားတဲ့ကောင်ကွ၊ မင်းသာ ငါ့ရှေ့က ထွက် သွား။ ကြာရင် မင်းဒီထက် အထိနာလိမ့်မယ် "

ဟုကြိမ်းဝါးလေရာ လေနံဂန်းသည် မကျေမချမ်းဖြင့် ကျောက်ဖျာအနီးမှ ထွက်ခွာသွားလေ၏။





ဖေ့နာလုသည် လေနံဂန်းထွက်သွားသောအခါ တအင့်အင့်ရှိုက်ငို၍

" ငါ သစ်ခွပန်းခူးဖို့ တောစပ်ကိုရောက်နေတုန်း လူယုတ်မာနဲ့ တွေ့တာပဲ၊ ဒီကောင်က ငါ့ကို ကျောက်ဖျာပေါ်ကို အတင်းဆွဲပြီး အဓမ္မပြုကျင့်ဖို့ ကြိုးစားတာပဲ "

ဟုပြောလေ၏။ မရန်နေဘ်က ဖေ့နာလုကိုကြင်နာစွာကြည့်ရှု၍

" အဖော်မပါဘဲ သစ်ခွပန်းခူးဖို့ ထွက်လာတာ နင့်အမှားပဲ၊ နောက်ဆိုရင် ဘယ်တော့မှ တောစပ်ကို တစ်ယောက်တည်းမလာပါနဲ့၊ ငါနဲ့မတွေ့ရင် နင့်ဘဝပျက်လိမ့်မယ် "

ဟုပြောလေရာ ဖေ့နာလုက ခေါင်းညိတ်၍

" ငါနောက်ဆိုရင် တစ်ယောက်တည်းဘယ်တော့မှ ပန်းခူးမထွက်တော့ပါဘူးဟယ်၊ နင့်ကိုလဲ ကျေးဇူးတင်ပါတယ်၊ ငါသွားတော့မယ် "

ဟုပြောကာ ကျောက်ဖျာအနီးမှ ပြန်လည်ထွက်ခွာသွားလေ၏။

မရန်နေဘ်သည် ထိုနေ့က သိုင်းလေ့ကျင့်ရန် စိတ်မပါတော့သဖြင့် ရွာသို့ပြန်ခဲ့လေ၏။

သူသည် လေနံဂန်း၏ ယုတ်မာသောအပြုအမူကို ပြန်လည်မြင်ယောင်လာပြီး စက်ဆုပ်ရွံရှာနေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် မရန်နေဘ်သည် ခားသိုင်းလေ့ကျင့်ရင်း သူ၏ လည်တိုင်တွင် ဆွဲထားသော ကျောက်စိမ်းပုတီးပျောက်ဆုံးနေကြောင်း တွေ့ရလေ၏။

ကျောက်စိမ်းပုတီးသည် တောထဲတွင် သိုင်းလေ့ကျင့်ရင်း ပြုတ်ကျခြင်းဖြစ်မည်ဟု ယူဆ၏။ ထို့ကြောင့် တောထဲသို့ ပုတီးရှာရန် ထွက်ခဲ့၏။

သူသည် လမ်းတစ်လျှောက်လုံး မြေပြင်ကို ငုံ့ကြည့်၍ ကျောက်စိမ်းပုတီးကို ရှာဖွေနေလေ၏။ သူသည် သိုင်းလေ့ကျင့်ရာနေရာ၌လည်း ကျောက်စိမ်းပုတီးကို ရှာဖွေမတွေ့ချေ။

ကျောက်စိမ်းပုတီးကို မိမိအသက်တစ်ဆယ်နှစ်ခြောက်နှစ်ပြည့်သော





နေ့က ဖခင်ဖြစ်သူက နတ်ဆရာ၏ အစီအရင်ဖြင့် ပြုလုပ်ပေးခဲ့ခြင်းဖြစ်၏။ ဖခင် မုန်းဒူဝါကြီးသည် ကျောက်စိမ်းပုတီး ပျောက်ဆုံးသွားသည်ဆိုလျှင် ဒေါသပုန်ထမှာ သေချာ၏။

မရန်နေဘ်သည် ကျောက်စိမ်းပုတီး ရှာမတွေ့သည်နှင့် စိတ်ပျက်လက်ပျက်ဖြင့် ရွာသို့ပြန်လာခဲ့၏။ ရွာထိပ်သို့ရောက်သောအခါ ထူးဆန်းသောမြင်ကွင်းကြောင့် မျက်မှောင်ကြုတ်လိုက်မိ၏။

မရန်နေဘ် မြင်ရသောမြင်ကွင်းမှာ လှပသော အမျိုးသမီးကြီးတစ်ဦးသည် ဝန်တင်လားကိုစီး၍ သူမနှင့်အတူ အထမ်းသမား လူသန်ကြီးငါးယောက်ကိုလည်း တွေ့ရ၏။

အမျိုးသမီးကြီးကို တရုတ်အမျိုးသမီးများ ဝတ်ဆင်လေ့ရှိသော အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ခေါင်းတွင်လည်း အစိမ်းရောင်ဦးထုပ်ကို ဆောင်းထားလေ၏။

မရန်နေဘ်သည် မိမိမြင်တွေ့လေ့ရှိသော ကချင်မိန်းမများနှင့် ကွာခြားနေသဖြင့် အမျိုးသမီးကြီးကို စူးစိုက်ကြည့်နေလေ၏။

အမျိုးသမီးကြီးသည် မရန်နေဘ်ကို သတိပြုမိသွားပြီး မျက်မှောင်ကြုတ်ကာ

" ကောင်လေး၊ မင်းအဖေဟာ မုန်းဒူဝါကြီးမဟုတ်လား "

ဟု မေးမြန်းလေရာ မရန်နေဘ်က ခေါင်းညိတ်၍

" ဟုတ်တယ်၊ ကျုပ်အဖေက ဒူဝါပဲ၊ ခင်ဗျားက ဘယ်သူလဲ၊ အဖေ့ကို သိလို့လား "

ဟု မေးမြန်းလေ၏။ ထိုအခါ အမျိုးသမီးကြီးက မရန်နေ၏ မျက်နှာကိုကြည့်၍ တီးတိုးရယ်မောလေ၏။



www.burmeseclassic.com

" မင်းအဖေကို ငါသိပ်သိတာပေါ့ကွာ၊ မင်းရဲ့ ရုပ်ရည်ဟာ မင်းအဖေ ငယ်ငယ်တုန်းက အတိုင်းပါပဲ၊ ဒါပေမဲ့ မင်းက အဖေ့ထက် ပိုချောတယ်ဟေ့၊ မင်းအဖေနဲ့မင်း စိတ်ခံတတ်ချင်း မတူပါစေနဲ့လို့ ငါဆုတောင်းပါတယ် "

ဟု ပြောလေရာ မရန်နော်က မျက်မှောင်ကြုတ်၍

" ခင်ဗျားက အဖေနဲ့ ရင်းနှီးလို့လား "

ဟု မေးမြန်းလေ၏။

ထိုအခါ အမျိုးသမီးကြီးက မျက်နှာတည်တည်ဖြင့်

" ရင်းနှီးတာပေါ့ကွာ၊ မင်းအဖေနဲ့ငါဟာ အရင်းနှီးဆုံး မိတ်ဆွေတွေပါ၊ ဒါပေမဲ့ မင်းအဖေဟာ ငါ့ကိုမြင်ရင် လိပ်ပြာလွင့်မတတ် ထိတ်လန့်သွားမှာသေချာတယ် "

ဟု ပြောလေရာ မရန်နော်က အမျိုးသမီးကြီးကို အံ့ဩဟန်ဖြင့် ကြည့်၍

" အဖေဟာ သတ္တိရှိတယ်၊ အမဲလိုက်တဲ့နေရာမှာ အရဲဝံ့ဆုံးပဲ၊ အဖေဟာ မိန်းမတစ်ယောက်ကိုမြင်ရုံနဲ့ ထိတ်လန့်သွားမယ်ဆိုတာ ကျုပ်မယုံဘူး "

ဟု ပြောလေ၏။ အမျိုးသမီးကြီးက ရယ်မော၍

" မင်းအဖေဟာ ကျားရဲတစ်ရာကိုအမဲလိုက်ဖို့ ရဲဝံ့ရင် ရဲဝံ့လိမ့်မယ်၊ ငါ့ကိုမြင်ရင်တော့ ထိတ်လန့်မှာသေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အပေါ်မှာ ငါအကြွေးတွေ ရစရာရှိတာကိုး "

ဟု ပြောလေ၏။ မရန်နော်သည် အမျိုးသမီးကြီး၏ စကားကြောင့် မယုံနိုင်ဟန်ဖြင့်





" အကြွေးဟုတ်လား၊ ကျုပ်အဖေဟာ မုန်းဒူဝါကြီးလေ၊ စည်းစိမ်ဥစ္စာတွေအများကြီးရှိတယ်၊ ဒီနယ်မှာ အဖေ့လောက် ရွှေ၊ ငွေ၊ ကျောက်စိမ်း ပေါတဲ့သူမရှိဘူး "

ဟု ပြောလေရာ အမျိုးသမီးကြီးက ရယ်မော၍

" ဟား ဟား ဟား... မင်းအဖေ ချမ်းသာမှန်းသိပါတယ်၊ ဒါပေမဲ့ သူဘယ်လောက် ချမ်းသာချမ်းသာ ငါ့ရဲ့အကြွေးဆပ်ဖို့ ကျန်သေးတာ သေချာတယ်၊ ကဲ... မင်းကို ရှင်းပြရင် အချိန်ကုန်တယ်၊ ငါ့ကို မင်းအဖေဆီကိုသာ ခေါ်သွားပေတော့ ဒူဝါလောင်းလေးရေ "

ဟု ပြောလေ၏။ မရန်နော်သည် အမျိုးသမီးကြီးကိုကြည့်၍ သက်ပြင်းချလိုက်ပြီး ဖခင်ရှိရာ ရွာလယ်ရှိ အိမ်ကြီးဆီသို့ ခေါ်ဆောင်သွားလေ၏။

အမျိုးသမီးကြီးသည် မရန်နော်၏ နောက်မှ လမ်းပြများနှင့်အတူ လိုက်ပါလာလေ၏။

ဖခင် မုန်းဒူဝါကြီး၏ ရှည်လျားသောအိမ်ကြီးသည် ရွာတောင်ပိုင်း၌ ရှိပြီး အိမ်ရှေ့၌ မနောတိုင်များရှိသဖြင့် အမျိုးသမီးကြီးအနေဖြင့် မသိနိုင်စရာ မရှိချေ၊

မရန်နော်သည် အမျိုးသမီးကြီးနှင့် လမ်းပြများကို ဦးဆောင်၍ ခေါ်လာခဲ့ရာ ကျောက်စိမ်းရောင် တရုတ်အမျိုးသမီးဝတ်စုံ ဝတ်ဆင်ထားသော အမျိုးသမီးကြီးကို အထူးအဆန်းအနေဖြင့် ဝိုင်းဝန်းကြည့်ရှုကြလေ၏။

အမျိုးသမီးကြီးသည် မရန်နော်တို့ အိမ်ရှေ့သို့ ရောက်လာကြသော် သူမ၏ အိတ်ထဲရှိ ကျောက်စိမ်းပုလွေ တစ်ချောင်းကိုထုတ်ကာ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



မောဖွယ် တေးသွားတစ်ပုဒ်ကို မှုတ်လေ၏။

အမျိုးသမီးကြီး၏ ပုလွေသံကြောင့် အိမ်ထဲတွင် ရွာသူရွာသားများနှင့် စည်းဝေးတိုင်ပင်နေသော မုန်းဒူဝါကြီးသည် အိမ်ထဲမှ ကမန်းကတန်းထွက်လာလေ၏။

မုန်းဒူဝါကြီးသည် ပုလွေမှုတ်နေသော အမျိုးသမီးကြီးကို ကြည့်၍ လွန်စွာ အံ့ဩထိတ်လန့်သွားဟန်ဖြင့်

'' မိုးနတ်မယ်၊ မင်းဝါ့ဆီကို ရောက်လာတယ်၊ မင်းနဲ့ငါ ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူး အောက်မေ့နေတာ ''

ဟု ပြောဆိုလေရာ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက မုန်းဒူဝါကြီးကို စူးစူးစိုက်စိုက်ကြည့်၍

'' မုန်းဒူဝါကြီးဖြစ်ပြီဆိုပြီး ရှင်ကတော့ အရာရာကို မေ့ထားလိုက်နိုင်ပြီပေါ့၊ ဒါပေမဲ့ ကျွန်မကတော့ မေ့လို့မရနိုင်သေးဘူး၊ ရှင့်ဆီက အကြွေးပြန်လိုချင်လို့ ဝေးလံတဲ့အရပ်ကို ရောက်လာခဲ့တာပဲ ''

ဟု ပြောလေရာ မရန်နော်၏ဖခင်သည် မျက်နှာကွက်ခနဲ ပျက်သွားပြီး

'' မိုးနတ်မယ်၊ ငါ့ကိုခွင့်လွှတ်ပါ၊ တကယ်တော့ဒါတွေအားလုံးဟာ ငါ့ရဲ့အမှားပါ၊ ဒီအမှားတွေအတွက် ငါတစ်သက်လုံး နောင်တရလို့ မဆုံးခဲ့ပါဘူး ''

ဟု ပြောဆိုလေ၏။ အမျိုးသမီးကြီးက ခေါင်းခါ၍

'' ရှင် နောင်တရတာ သိပ်နောက်ကျနေပြီ၊ ဘာပဲဖြစ်ဖြစ် ရှင့်ရဲ့အပြစ်တွေကို ကျွန်မ မေ့ပစ်လိုက်ပါပြီ၊ ကျွန်မဒီကိုလာခဲ့တာ ရှင့်ဆီက အကြွေးပြန်လိုချင်လို့ပါ၊ ကဲညွှေ့သည်ကို ဒီအတိုင်းထားတော့မှာလား၊





အိမ်ထဲကို မခေါ်တော့ဘူးလား ''

ဟု မေးမြန်းလေ၏။ မုန်းဒူဝါကြီးသည် အမျိုးသမီးကြီးကို အိမ်၏ အနောက်ပေါက်မှဝင်စေပြီး ဧည့်ခန်းထဲတွင် ဧည့်ခံလေ၏။

ကချင်တို့၏ ရိုးရာအယူအဆအရ ဧည့်ခန်းထဲတွင် ခေါင်ရည်အရက်နှင့် အခြားသော စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံရ၏။

ဧည့်သည်စားသောက်ရန် ထမင်းဟင်းများကို အိမ်သူအိမ်သားများ စားသောက်ပြီးသော အစားအစာများနှင့် မကျွေးမွေးရဘဲ ဧည့်သည်အတွက် သီးသန့်ချက်ပြုတ်ကျွေးမွေးရ၏။

အမျိုးသမီးကြီးသည် မရန်နော်တို့အိမ်ကြီးထဲသို့ ရောက်သောအခါ လမ်းပြများသည် ခြံဝင်းထဲမှာပင် အပန်းဖြေနေကြ၏။

မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးသည် ခေါင်ရည်ကို ကျည်တောက်ထဲမှ ငှဲ့သောက်ရင်း

'' ရှင့်မိန်းမတွေ တစ်ယောက်မှ မရှိဘူးလား ''

ဟု မေးမြန်းလေ၏။ ထိုအခါ မုန်းဒူဝါကြီးက သက်ပြင်းချ၍

'' ငါ့မှာ သေသွားတဲ့ မိန်းမကလွဲရင် ဘယ်မိန်းမမှ မရှိပါဘူး ''

ဟု ပြောလေ၏။ ထိုအခါ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက မုန်းဒူဝါကြီးကို အံ့ဩဟန်ဖြင့် ကြည့်၍

'' မယုံနိုင်စရာပဲ၊ ရှင့်လို မုန်းဒူဝါတစ်ယောက်ဟာ မိန်းမတစ်ယောက်တည်းယူတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ''

ဟု မေးမြန်းလေ၏။ ထိုအခါ မရန်နော်၏ဖခင်က အဝေးသို့ ငေးကြည့်၍

'' ကျုပ်ဟာ မုန်းဒူဝါတစ်ယောက်ဖြစ်ပေမဲ့ အချစ်ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



အလေးအနက် ထားပါတယ်၊ မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် ယူတဲ့ မုန်းဒူဝါထဲမှာ ကျုပ်မပါဘူး၊ ဒါကြောင့် ကျုပ်ရဲ့ မုန်းဒူဝါနေရာကို ဆက်ခံဖို့ သားတစ်ယောက်တည်းရှိတယ် ''

ဟု ပြောလေ၏။ အမျိုးသမီးကြီးသည် မုန်းဒူဝါကြီးကို မျက်မှောင်ကြုတ်ကြည့်၍

'' ကြားရတာ မယုံနိုင်စရာပဲ၊ ဒါပေမဲ့ ထားလိုက်ပါတော့ ကျွန်မ ဒီနေရာကို ရောက်လာတာ ရှင့်ဆီက အကြွေးလိုချင်လို့ပါ ''

ဟု တောင်းဆိုလေ၏။ မုန်းဒူဝါကြီးက သက်ပြင်းချ၍

'' မိုးနတ်မယ်ကို ကျုပ်ပေးစရာရှိတဲ့အကြွေးကို ကျုပ်ဘယ်တော့မှ မေ့မထားပါဘူး၊ တစ်နေ့နေ့တစ်ချိန်ချိန် အကြွေးပြန်ရဖို့ ကျုပ်ကို မိုးနတ်မယ် လာတွေ့မယ်ဆိုတာ သိပါတယ်၊ ကျုပ်ရဲ့နယ်မြေကို ရောက်တုန်းအေးအေးဆေးဆေး အနားယူပါဦး၊ အကြွေးကိစ္စကို နောက်မှ ပြောကြတာပေါ့၊ မိုးနတ်မယ်အတွက် လိုလေသေးမရှိအောင် ကျုပ်တာဝန်ယူပါ့မယ် ''

ဟု ပြောလေ၏။ ထို့နောက်တွင်မူ မုန်းဒူဝါကြီးသည် မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးနေထိုင်ရန်အခန်းကို ပြသပေးလေ၏။

သူမအတွက် လိုလေသေးမရှိအောင် အစေအပါးနှစ်ယောက်ကိုလည်းအနီးတွင် စောင့်ကြည့်ရန် စေခိုင်းထားလေ၏။

မရန်နော်သည် မိမိတို့အိမ်သို့ ထူးဆန်းသော အမျိုးသမီးကြီးရောက်လာခြင်းကို များစွာ စိတ်ဝင်စားနေလေ၏။

ညသို့ရောက်သောအခါ မုန်းဒူဝါကြီးက ညစာစားရန် မရန်နော်ကို အခေါ်လွှတ်လိုက်လေ၏။





မုန်းဒူဝါကြီးသည် မရန်နော်အား မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီး နှင့် မိတ်ဆက်ပေးလေ၏။

'' မိုးနတ်မယ်ဟာ အဖေ့ရဲ့မိတ်ဆွေဟောင်းပဲ ငါ့သား၊ အဖေနဲ့ သူဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀) ကျော်လောက်က ရှမ်းပြည်နယ်ဘက်မှာ ခင်မင်ခဲ့ဖူးတယ်၊ သူဟာ ရှမ်းအမျိုးသမီးတစ်ယောက်ပဲ ငါ့သား ''

ဟုပြောဆိုလေရာ မရန်နော်သည် အမျိုးသမီးကြီးကို အံ့ဩဟန်ဖြင့် ကြည့်လေ၏။

မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးသည် ရှမ်းလူမျိုးတစ်ယောက် ဖြစ်လျက်နှင့် ကချင်ဘာသာကို ကျွမ်းကျင်စွာ ပြောတတ်နေ၏။

အမျိုးသမီးကြီးက အသားခြောက်ဖုတ်ကို ဝါးလိုက်ရင်း

'' ငါ့ကို ကချင်ဘာသာ တတ်ကျွမ်းတယ်ဆိုပြီး အံ့ဩသွားသလားကောင်လေး၊ ငါက ကချင်ဘာသာတင်မကဘူး၊ မြန်မာ၊ ရှမ်း၊ တရုတ်၊ အင်္ဂလိပ်၊ တိဘက်ဘာသာတွေလဲ တတ်ကျွမ်းသေးတယ် ''

ဟု ဝံ့ကြွားဟန်ဖြင့် ပြောဆိုလေရာ မုန်းဒူဝါကြီးက ဝင်၍

'' မိုးနတ်မယ်ဟာ ဉာဏ်သိပ်ကောင်းတယ် ငါ့သား၊ အဖေ့ထက် အများကြီး ဉာဏ်ပိုကောင်းတယ်၊ တကယ်တော့ မိုးနတ်မယ်နဲ့ ငါ့သားဟာ အတော်တူတယ်၊ ငါ့သားလဲ မိုးနတ်မယ်လိုပဲ ဉာဏ်ကောင်းတာပဲ''

ဟု ပြောလေရာ မုန်းဒူဝါကြီး၏ မျက်နှာကို မိုးနတ်မယ်က မျက်လုံးစေ့ကြည့်၍

'' ရှင့်သားက ရှင်နဲ့ မတူဘူးပေါ့၊ ဒါဆိုရင်တော့ သူ့ကို ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တပည့်မွေးချင်စိတ်တောင် ပေါက်နေပြီ ''

ဟု ပြောလေ၏။ ထိုအခါ မုန်းဒူဝါကြီးက ခေါင်းညိတ်၍

'' ကျုပ်သားဟာ မင်းနဲ့နေမယ်ဆိုရင် အများကြီးတိုးတက်မှာ သေချာတယ်၊ ကျုပ်က သူ့ကို မုန်းဒူဝါသိပ်ဖြစ်စေချင်တယ်၊ ဒါပေမဲ့ ကျုပ်သားက ဒူဝါလုပ်ဖို့ ဝါသနာမပါဘူး ဖြစ်နေတယ် ''

ဟု ပြောဆိုလေရာ အမျိုးသမီးကြီးသည် မရန်နော်ကို အံ့သြဟန်ဖြင့်ကြည့်၍

'' ဟင်... မင်းက ဒူဝါမဖြစ်ချင်ဘူးဟုတ်လား၊ အတော်ဆန်းပါလား၊ ကြားရတာ မယုံနိုင်စရာပဲဟေ့၊ ရှင်းပါဦး ''

ဟု မေးမြန်းလေ၏။ ထိုအခါ မရန်နော်က အမျိုးသမီးကြီးကို ကြည့်၍

'' ဟုတ်တယ်အဒေါ်၊ ကျုပ်ဒူဝါ မလုပ်ချင်ဘူး၊ ဒူဝါဘဝထက် လွတ်လပ်တဲ့ဘဝကိုပဲ လိုချင်တယ်၊ မိုးကုတ်စက်ဝိုင်းကြီးကို လှမ်းမျှော်ကြည့်ပြီး မျက်စိတစ်ဆုံး အနှံ့ သွားလာချင်တယ်၊ ကမ္ဘာမြေပေါ်က လွတ်လပ်တဲ့လေကို ရှူချင်တယ်၊ လူတွေအားလုံးနဲ့ ဟန်ဆောင်မှု မရှိဘဲ ဆက်ဆံချင်တယ်၊ ကမ္ဘာကြီးဟာ လွတ်လပ်တဲ့ကမ္ဘာကြီးအဖြစ် ယုံကြည်ချင်တယ် ''

ဟု ပြောလေရာ မိုးနတ်မယ်ဆိုသောအမျိုးသမီးကြီးသည် မရန်နော်ကို သဘောကျဟန်ဖြင့် ကြည့်ရှု၍

'' ကြိုက်သွားပြီ၊ ဒီလိုစိတ်ဓာတ်မျိုး မင်းအဖေဆီမှာတောင် မရှိဘူးဟေ့၊ မင်းအဖေက မုန်းဒူဝါဆိုတဲ့ အလွန်ကျဉ်းမြောင်းတဲ့ အလုပ်ကလေးကို မက်မောတွယ်တာပြီး သူ့ရဲ့ ခံစားချက်တွေကို စတေးခဲ့တယ်၊





နှလုံးသားကို မြှုပ်နှံခဲ့တယ် ''

ဟု ပြောဆိုလေ၏။ မိုးနတ်မယ်၏ စွပ်စွဲချက်ကြောင့် မုန်းဒူဝါကြီး၏ မျက်နှာပျက်သွားပြီး

'' ထားလိုက်ပါတော့ ဒီကိစ္စတွေကို မင်းနဲ့ငါ မငြင်းချင်ပါဘူး၊ တစ်ချိန်ကျရင် ငါ့ကို မင်းနားလည်လာမှာပါ၊ ဘာပဲဖြစ်ဖြစ် မင်းရဲ့ အကြွေးတွေကို ဆပ်ဖို့ ငါ့မှာ အချိန်မရွေး အသင့်ဖြစ်နေပါတယ် ''

ဟု ပြောဆိုလေ၏။ မုန်းဒူဝါကြီး၏ စကားကြောင့် မိုးနတ်မယ်က သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး

'' ရှင် ကတိတည်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အကြွေးကိစ္စအတွက် နောက်မှ အေးအေးဆေးဆေး ပြောကြတာပေါ့၊ လောလောဆယ်တော့ ညဉ့်နက်နေပြီ၊ ကျွန်မ အနားယူချင်ပြီ ''

ဟု ပြောဆို၍ စကားဝိုင်းကို အဆုံးသတ်လေ၏။

မရန်နော်သည် ထိုညက အိပ်စက်မပျော်နိုင်ဘဲ ထူးဆန်းသော အမျိုးသမီးကြီးအကြောင်းနှင့် ပျောက်ဆုံးသွားသော ကျောက်စိမ်းပုတီးလေးအကြောင်းကို တွေးတောပြီး မနက်မိုးလင်းကာနီးမှ အိပ်ပျော်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မရန်နော်သည် နောက်တစ်နေ့နံနက်တွင် ဆူညံသော အသံများကြောင့် အိပ်ရာမှ လန့်နိုးလာလေ၏။

သူသည် လှဲနေရာမှထ၍ မျက်နှာပင် မသစ်နိုင်သေးဘဲ အိမ်၏ အပေါက်ဝဆီသို့ လျှောက်သွားလေ၏။

ထိုအခါ ခြံဝင်းကြီးထဲတွင် ငိုယိုနေသော ချောမောလှပသော မိန်းမတစ်ဦးနှင့် ရွာသူရွာသားများကို တွေ့ရလေ၏။

ထိုမိန်းမသည် လွန်ခဲ့သောနှစ်က သူမ၏ယောကျ်ားကို ကျားကိုက်ခံရသဖြင့် မုဆိုးမဖြစ်နေသူဖြစ်၏။

သူမ၏ ယောကျ်ားဘက်မှ သူမကို ယူနိုင်သော အမျိုးအဆွေမရှိသဖြင့် လောလောဆယ် ယောကျ်ားမရှိသူဖြစ်၏။

———— စေတနာစာပေ ————



မရန်နော်သည် မုဆိုးမ ငိုယိုနေခြင်းကို စိတ်ဝင်စားသဖြင့် တံခါးဝတွင်ရပ်၍ ကြည့်ရှုနေ၏။

သူ၏ ဖခင်ဖြစ်သူ မုန်းဒူဝါကြီးရောက်မလာသဖြင့် ဖခင်၏ လက်ရုံးတစ်ဦးက မုဆိုးမ၏ အမှုကို စစ်ဆေးနေလေ၏။

မုဆိုးမက လွန်ခဲ့သောညက သူမ၏ အိမ်သို့ဝင်၍ ရွာသားတစ်ဦးက အဓမ္မပြုကျင့်သွားသည်ဟု တိုင်ကြား၏။

မရန်နော်သည် မုဆိုးမ၏ စကားကြောင့် သူမကို အဓမ္မပြုကျင့်သွားသူကို အလွန်စိတ်ဝင်စားသွား၏။

ထိုအခိုက်မှာပင် မုန်းဒူဝါကြီးရောက်လာသဖြင့် ဖခင်၏လက်ရုံးက မုဆိုးမ၏ အမှုကို ပြောပြလေ၏။

မုန်းဒူဝါကြီးသည် မုဆိုးမ၏ တိုင်ကြားမှုကြောင့် မျက်နှာတင်းမာသွားပြီး

" ငါတို့ ရွာသားတွေ ဒီလောက်တောင် အကျင့်စာရိတ္တ ညံ့ဖျင်းနေပြီလား၊ နင့်ကို စော်ကားတဲ့ကောင် ဘယ်သူလဲပြောစမ်း။ ငါ ကောင်းကောင်း အပြစ်ပေးမယ် "

ဟု ဒေါသတကြီး မေးမြန်းလိုက်၏။ ထိုအခါ မုဆိုးမက ခေါင်းငုံ့၍ ရှိုက်ငိုနေရာမှ မရန်နော်၏ မျက်နှာကိုကြည့်ရင်း

" ညအမှောင်ထဲမှာ ကျွန်မကို မတရားပြုကျင့်သွားတဲ့အကောင် တိတိကျကျ မပြောနိုင်ပါဘူး။ ဒါပေမဲ့ ကျွန်မမှာ ခိုင်မာတဲ့ သက်သေတစ်ခုတော့ ရှိပါတယ် "

ဟု ပြောလေရာ မရန်နော်သည် မုဆိုးမ၏ စကားကို အလွန်စိတ်ဝင်စားသွားလေ၏။

———— စေတနာစာပေ ————

www.burmeseclassic.com

www.burmeseclassic.com



မုန်းဒူဝါကြီးက မျက်မှောင်ကြုတ်၍

" ဘယ်လို နိုင်မာတဲ့သက်သေလဲ၊ ငါ့ကို မြန်မြန်ပြောစမ်း "

ဟု မေးမြန်းလေ၏။ ထိုအခါ မုဆိုးမဘာ မရန်နေဘ်ကို တစ်ချက်စူးစိုက်ကြည့်ရင်း သူမလက်ထဲရှိ အရာတစ်ခုကို ပြလိုက်၏။

" ကျွန်မရဲ့သက်သေက ကျောက်စိမ်းပုတီးလေးပါ "

မရန်နေဘ်သည် မုဆိုးမလက်ထဲရှိ ကျောက်စိမ်းပုတီးကိုကြည့်၍ အလွန်ထိတ်လန့်သွားပြီး

" ဟင်... ငါ့ရဲ့ ကျောက်စိမ်းပုတီးလေးပါလား "

ဟု ရေရွတ်လိုက်မိ၏။ မုန်းဒူဝါကြီးသည် ကျောက်စိမ်းပုတီးကို ကြည့်၍ မျက်လုံးပြူးသွားပြီး

" ဟင်... ဒါဟာ မရန်နေဘ်ရဲ့ ကျောက်စိမ်းပုတီးပါလား မရန်နေဘ်"

ဟု ရေရွတ်ရင်း မရန်နေဘ်ကို မီးဆင်းဆင်းတောက်သော မျက်လုံးများဖြင့် ကြည့်ရှုလေ၏။ ထိုအချိန်မှာပင် မုဆိုးမက ငိုရှိုက်၍

" ကျွန်မကို လူယုတ်မာက အဓမ္မပြုကျင့်ပြီး အခန်းထဲမှာ သူ့ရဲ့ ကျောက်စိမ်းပုတီး ကျကျန်ခဲ့ပါတယ်၊ ဒီပုတီးဟာ မုန်းဒူဝါကြီးရဲ့ အမှတ်သားဖြစ်နေတော့ ကျွန်မ ယုံတောင်မယုံနိုင်ပါဘူး၊ ဒါပေမဲ့ ဒါဟာ လူယုတ်မာကျန်ရစ်ခဲ့တဲ့ ပုတီးဆိုတာ သေချာပါတယ် "

ဟု ပြောဆိုပြီး မရန်နေဘ်၏မျက်နှာကို ရွံရှာဟန်ဖြင့် ကြည့်ရှုကြလေ၏။

သူမ၏ စွပ်စွဲချက်ကြောင့် ရွာသူရွာသားများလည်း မရန်နေဘ်ကို မယုံနိုင်ဟန်ဖြင့် ကြည့်ရှုကြလေ၏။





မရန်နေဘ်သည် ရွာသူရွာသားများ၏ မျက်လုံးများကြောင့် အလွန် ရှက်ရွံ့သွားလေ၏။

မုန်းဒူဝါကြီးသည် ဒေါသတကြီး တက်ခေါက်၍

" ဟေ့ကောင် မင်း ယုတ်မာလှချည်လား၊ မင်းကိုယ်မင်း ဒူဝါသားဆိုတာ မေ့နေပြီလား၊ ငါတို့ အမျိုးဂုဏ်ကို ဖျက်အောင်လုပ်တဲ့ကောင်၊ မင်းကို အရှင်မထားဘူး၊ သေပေတော့ "

ဟု ကြုံးဝါးကာ သူ၏ ဆောင်ဓားကိုထုတ်၍ မရန်နေဘ်ကို ခုတ်ပိုင်းရန် ပြင်လိုက်၏။

မရန်နေဘ်သည် ဖခင်၏ အထင်လွဲခြင်းခံရသဖြင့် အလွန်ထိတ်လန့်သွားပြီး

" အဖေ ကျုပ်ကို အထင်မလွဲပါနဲ့၊ ကျုပ်မှာ ဘာအပြစ်မှ မရှိဘူး၊ မုဆိုးမကို ကျုပ် မစော်ကားဘူး "

ဟု အော်ဟစ်လိုက်လေ၏။ ထိုအခါ မုန်းဒူဝါကြီးက ဒေါသတကြီးဖြင့်

" ဟေ့ကောင် မင်းမစော်ကားရင် ကျောက်စိမ်းပုတီးက ဘာဖြစ်လို့ သူ့ဆီမှာ ကျန်ခဲ့တာလဲ၊ ငါ့ကို လိမ်ညာတဲ့ မကောင်းဆိုးဝါးကောင် သေပေတော့ "

ဟု ကြုံးဝါးကာ မရန်နေဘ်ကို ဓားဖြင့် ပိုင်းလိုက်၏။ မရန်နေဘ်သည် မိမိမှာ အပြစ်မရှိဘဲ အထင်လွဲခံနေရသဖြင့် ဖခင်၏ ဓားချက်ကို ကာမန်းကတန်း ရှောင်ရှားလေ၏။

မုန်းဒူဝါကြီးသည် မရန်နေဘ်က ရှောင်တိမ်းသဖြင့် ပိုမို ဒေါသဖြစ်လာပြီး မြင်းဆန်စွာ တိုက်ခိုက်လိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



မရန်နေဘ်သည် ဖခင်၏ ခေါင်းချက်များကို ရှောင်တိမ်းရင်း

" အဖေ မှားနေပြီ၊ ကျုပ်မှာ အပြစ်မရှိဘူး။ မုဆိုးမကို ကျုပ်လုံးဝ မစော်ကားဘူး။ ညက တစ်ညလုံး အိမ်မှာရှိတယ် "

ဟု အော်ဟစ်လေ၏။

သို့သော် မှန်းဒူဝ်ကြီးသည် မရန်နေဘ်ကို ဒေါသထွက်နေသဖြင့် အပြင်းအထန်တိုက်ခိုက်ရန် ပြင်လိုက်ပြန်၏။

ထိုအခိုက်မှာပင်

" ရပ်လိုက်စမ်း "

ဟူသော အသံကြားရသဖြင့် မှန်းဒူဝ်ကြီးသည် တိုက်ခိုက်ခြင်းကို ရပ်တန့်၍ အိမ်ထဲသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ အိမ်ပေါက်ဝတွင် ရပ်နေသော မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးကို တွေ့ရလေ၏။

သူမသည် လှေကားထစ်များမှ အိမ်အောက်သို့ ဆင်းလာပြီး ဖခင်ကိုကြည့်ကာ

" ရှင်ဟာ မှန်းဒူဝ်ဖြစ်ပြီး ပြဿနာတစ်ခုဖြစ်လာရင် ဒီလိုနည်းနဲ့ ဖြေရှင်းမလို့လား၊ ပြဿနာရဲ့ အရင်းအမြစ်ကို ရှင်မစုံစမ်းတော့ဘူးလား "

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ မှန်းဒူဝ်ကြီးက စိတ်ကို ချုပ်တီးဟန်ဖြင့်

" ဒီထက်ရှင်းတာ ဘာရှိဦးမလဲ၊ မုဆိုးမရဲ့ အိပ်ရာမှာ ဒီကောင်ရဲ့ ကျောက်စိမ်းပုတီး ကျန်ရစ်ခဲ့တယ်၊ ဒီပုတီးဟာ ဒီမှာ တစ်ယောက်တည်း ပိုင်ဆိုင်တဲ့ ပစ္စည်းပဲ၊ ဒါကြောင့် ဒီကောင်ဟာ လူယုတ်မာဆိုတာ





သေချာတယ်၊ ကျုပ်သားဟာ ရွာသူတစ်ဦးကို စော်ကားတဲ့ လူယုတ်မာဖြစ်နေပြီ၊ ကျုပ်ရဲ့သွေးဟာ အခုလို ဖောက်ပြန်နေရင် ကျုပ်ဟာ နယ်သူနယ်သားတွေကို ဘယ်လိုလုပ် အုပ်ချုပ်ရမလဲ၊ ဒီကောင်ကို ဇဂါ လက်ဆောင်လျော်ပေးရုံနဲ့ ကျုပ် မကျေနပ်နိုင်ဘူး၊ သူ့အသက်ကို အလျော်ပေးရမယ် "

ဟု ပြောလေ၏။ မှန်းဒူဝ်ကြီး၏ စကားကြောင့် မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက တည်ငြိမ်စွာဖြင့်

" ဒီမှာ ရှင် စိတ်အေးအေးထားပြီး နားထောင်စမ်း၊ ရှင်ကျွန်မကို ပေးစရာရှိတဲ့အကြွေးကို ကျွန်မ အခုပဲ လိုချင်တယ် "

ဟု ပြောလိုက်ရာ မှန်းဒူဝ်ကြီးသည် မိုးနတ်မယ်ကို စိတ်ရှုပ်ထွေးဟန်ဖြင့် ကြည့်လိုက်ပြီး

" ဟင်... မင်းရဲ့အကြွေးက ဒီအချိန်မှပဲ လိုချင်ရလားကွာ၊ နောက်မှ အေးအေးဆေးဆေး ယူလို့ရတာပဲ "

ဟု ပြောလေ၏၊ ထိုအခါ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက သက်ပြင်းချ၍

" ကျွန်မ အခုပဲလိုချင်တယ်၊ ရှင်ကျွန်မကို ပေးမဲ့အကြွေးအတွက် အမြဲအဆင်သင့်ဖြစ်နေတယ်ဆို၊ အခုတော့ ကတိမတည်တော့ဘူးလား "

ဟု ပြောဆိုလေရာ မှန်းဒူဝ်ကြီးသည် မတတ်သာတော့ဘဲ သူ၏ ခေါင်းကို ခေါင်းအိမ်ထဲသို့ ထည့်၍

" ကဲ.., မင်းလိုချင်တဲ့ အကြွေးက ဘာလဲ "

ဟု မေးမြန်းလေ၏၊ ထိုအခါ အမျိုးသမီးကြီးက မှန်းဒူဝ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



စူးစိုက်ကြည့်၍

" ကျွန်မလိုချင်တဲ့ အကြေးက ရှင့်သားကိုပဲ၊ ရှင့်သားကို ကျွန်မနဲ့ ထည့်လိုက်ပါ၊ သူ့ကို ကျွန်မရဲ့ ပညာတွေ သင်ပေးပြီး လောကကြီးထဲကို ပြန်လွှတ်လိုက်မယ်၊ ဒါဆိုရင် တစ်နေ့နေ့မှာ ရှင့်သားဟာ ထူးချွန်တဲ့ သူတစ်ယောက် ဖြစ်လာလိမ့်မယ် "

ဟု ပြောဆိုလေ၏။ မိုးနတ်မယ်၏ စကားကြောင့် မုန်းဒူဝါကြီးသာ ကာမ မရန်နော်ပါ အံ့သြသွားလေ၏။

သို့သော် မုန်းဒူဝါကြီးက ခေါင်းခါယမ်း၍

" ဒီကောင်ကို မင်းနဲ့ ထည့်လိုက်ဖို့ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ရွာသူတစ်ဦးကို အဓမ္မပြု ဇော်ကားတယ်၊ ဒူဝါတစ်ယောက်ရဲ့သားဟာ ဒီလို မယုတ်မာရဘူး "

ဟု ပြောဆိုလေ၏။ မရန်နော်သည် ဖခင်၏ စွဲချက်များကြောင့် စိတ်လှုပ်ရှားစွာဖြင့်

" အဖေ၊ ကျုပ် လုယုတ်မာမဟုတ်ဘူး၊ လွန်ခဲ့တဲ့ရက်ကပဲ ကျောက်စိမ်းပုတီးပျောက်သွားလို့ တောထဲမှာ ကျုပ်လိုက်ရှာသေးတယ်၊ မိန်းကလေးကို စော်ကားတဲ့ကောင်ဟာ ကျုပ်ရဲ့ကျောက်စိမ်းပုတီးကို ကောက်ရထားတဲ့ကောင်ဖြစ်လိမ့်မယ် "

ဟုပြောဆိုလေ၏။ သို့သော် မုန်းဒူဝါကြီးက ယုံကြည်ဟန်မပြဘဲ

" ဒီမှာ မင်းငို့ကို လိမ်ညာဖို့ မကြိုးစားနဲ့၊ ကျောက်စိမ်းပုတီးပျောက်ရင် မင်းငို့ကို ပြောပါလား၊ ဒီပုတီးဟာ နတ်ဆရာရဲ့အစီအမံနဲ့ လုပ်ထားတဲ့ ပုတီး၊ နယ်နယ်ရရမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် မင်းကို အပြစ်ဒဏ်ခတ်ရမယ်၊ ဒူဝါသားမို့ အပြစ်မယူဘူးဆိုရင် ဒီနယ်မြေကလူတွေကို





ဝါဘယ်လိုမျက်နှာနဲ့ ဆက်အုပ်ချုပ်ရမလဲ "

ဟုကြိမ်းမောင်းလေ၏။ ထိုအခါ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက

" ဒီအချိန်မှာ ကျွန်မကို ပေးစရာရှိတဲ့အကြေးကို ရှင်ပေးဆပ်လို့ရပါတယ်၊ ရှင့်သားမှာ အပြစ်ရှိတယ်လို့ ယူဆရင် တရားလိုမိန်းကလေးကို မင်္ဂလာလက်ဆောင်ပစ္စည်းတွေ အများကြီးလျော်ပေးလိုက်ပါ၊ ဖါဂါတွေ ရမယ်ဆိုရင် တရားလိုမိန်းကလေးက ကျေနပ်မှာပါ "

ဟုပြောဆိုလေ၏။ မိုးနတ်မယ်သည် မုဆိုးမအနီးသို့ လျှောက်သွားပြီး ကြင်နာစွာပြုံး၍

" ဒီမှာမိန်းကလေး၊ ဖါဂါအဖြစ် ကျွဲတစ်ကောင်၊ မောင်းတစ်လုံးနဲ့ ရွှေဒါးကျုပ်သားရရင် ကျေနပ်မယ်မဟုတ်လား "

ဟုမေးမြန်းလေ၏၊ ထိုအခါ မုဆိုးမသည် များပြားလှသော ဖါဂါလက်ဆောင်များကြောင့် မငြင်းဆန်နိုင်တော့ဘဲ ကျေနပ်မည့်အကြောင်း ပြောဆိုလေ၏။ မိုးနတ်မယ်ဆိုသော အမျိုးသမီးက မုန်းဒူဝါကြီးကို ကြည့်၍

" တရားလို မိန်းကလေးက သဘောတူလက်ခံနေပြီ၊ ရှင်ဘာမှ ငြင်းဆန်မနေနဲ့တော့ "

ဟုထပ်ရောက်ပြောဆိုလေ၏။ မရန်နော်က မိမိဘက်မှ ဝင်ရောက်ကူညီသော အမျိုးသမီးကြီးကိုကြည့်၍

" ကျုပ်ကိုကူညီတာ ကျေးဇူးတင်ပါတယ်အဒေါ်၊ ဒါပေမဲ့ ကျုပ်မှာအပြစ်မရှိတဲ့အတွက် ဖါဂါတွေပေးဖို့မလိုပါဘူး၊ ဖါဂါပေးလိုက်ရင် ကျုပ်မှာ အပြစ်ရှိကြောင်း ဝန်ခံလိုက်သလိုဖြစ်မှာပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောဆိုလေ၏။ ထိုအခါ အမျိုးသမီးကြီးက ခေါင်းခါယမ်း၍

" ခေါင်းမမာပါနဲ့ကောင်လေး၊ မင်းမှာ အပြစ်မရှိဘူးဆိုတာ ငါ ယုံတယ်၊ တစ်နေ့နေ့မှာ တရားခံဘယ်သူလဲဆိုတာ အလိုလိုပေါ်လာ လိမ့်မယ်၊ လောလောဆယ်တော့ ဖေါ်တွေအများကြီးပေးပြီး အန္တရာယ် က လွတ်ကင်းအောင် လုပ်လိုက်ပါ မင်းအဖေရဲ့ ဒေါသအိုးပေါက်ကွဲနေ ချိန်မှာ ဒီနည်းဟာ အကောင်းဆုံးပဲ "

ဟုတီးတိုးပြောဆိုရာ မရန်နောင်သည် အမျိုးသမီးကြီး၏ စကား ကို မဆန့်ကျင်နိုင်ဘဲ ငြိမ်နေလေ၏။

မုဆိုးမကို စော်ကားသောကြောင့် မိမိအား ရွာသူရွာသားများ က အထင်သေးဟန်ဖြင့် ငိုင်းစန်းကြည့်ရှုနေခြင်းကို လွန်စွာရှက်၍နေမိ ၏။ တစ်ရွာလုံး၏အမြင်တွင် မုန်းဒူပါ၏သားဖြစ်လျက် မုဆိုးမကို စော် ကားမိခြင်းသည် စက်ဆုပ်ရွံရှာဖွယ်ဖြစ်၏။

မိုးနတ်မယ်ဆိုသော် အမျိုးသမီးကြီးက မုန်းဒူဝါကြီးဘက်သို့ လှည့်၍

" ရှင် ကျွန်မ တောင်းဆိုတာကို လက်ခံမယ်မဟုတ်လား "

ဟုမေးမြန်းလေ၏။ မုန်းဒူဝါကြီးသည် အမျိုးသမီးကြီး၏စကားကို မလွန်ဆန်နိုင်တော့ဟန်ဖြင့် ခေါင်းညိတ်၍

" ကောင်းပြီလေ၊ မင်းတောင်းဆိုတဲ့အတိုင်း ကျုပ်လက်ခံမယ်၊ ဒါပေမဲ့ ဒီနေ့ကစပြီး မရန်နောင်ကို ကျုပ်သားအဖြစ် အသိအမှတ်မပြု တော့ဘူး "

ဟုပြောဆိုလေ၏။

မရန်နောင်သည် ဖခင်၏စကားကြောင့် သူ၏ရင်ထဲတွင် နာကျင်



သွားလေ၏။

တစ်ရွာလုံးက မဒိန်းကောင်တစ်ဦးအဖြစ် မြင်ယောင်ခြင်းထက် ဖခင်၏အထင်လွဲခြင်းက သူ၏ရင်ကို ပိုမိုနာကျင်စေသည်။ ထိုအခါ မိုး နတ်မယ်ဆိုသော အမျိုးသမီးကြီးက မရန်နောင်၏ပခုံးကိုပုတ်၍

" ဘာမှ မပူနဲ့ကောင်လေး၊ တရားခံကို မကြာမီ ငါဖော်ထုတ် ပေးမယ်၊ ကြာခင် မင်းအဖေ မင်းကိုသားအဖြစ်ပြန်ပြီး အသိအမှတ်ပြု မှာပါ "

ဟုပြောဆိုလေ၏။ မရန်နောင်သည် ရွာသူရွာသားများ၏ မျက် လုံးများကို ရင်မဆိုင်နိုင်တော့သဖြင့် အိမ်ထဲသို့ အပြေးဝင်ခဲ့လေတော့၏။

သူ၏ဘဝကြီးမှာ ညိုးနွမ်းသောအချိန်သို့ရောက်ရှိပြီထင်၏။

၆၀ ပန်ဓိကာ ဘာပြုံပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူ

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်၊

www.burmeseclassic.com

www.burmeseclassic.com



မရန်နေ့ာ်သည် မိမိ၏ဆိုးဝါးလှသော ကံကြမ္မာကြောင့် တစ်ညလုံးအိပ်မပျော်နိုင်ဘဲရှိနေ၏။

နောက်တစ်နေ့နံနက်တွင် သူ၏အခန်းသို့ ဘောက်ရိမ်းရောက်ရှိလာပြီး

'' ဘယ်လိုဖြစ်တာလဲ မရန်နေ့ာ်၊ ငါ့အထင်တော့ မင်းကို တစ်စုံတစ်ယောက်က လုပ်ကြံပြီနဲ့တူတယ် ''

ဟုပြောဆိုလေရာ မရန်နေ့ာ်က ခေါင်းညိတ်၍

'' ငါ့ရဲ့ကံကြမ္မာက ဆိုးဝါးတော့လဲ ခံလိုက်ပေါ့ကွာ၊ ဒါပေမဲ့ ငါဟာ ရွာထဲမှာ ရန်သူမှ မရှိတာ၊ ငါဟာ နေ့စဉ် ကိုယ်ခံပညာလေ့ကျင့်





တာနဲ့ပဲ အချိန်ကုန်နေတာပဲ၊ ဘယ်လိုလုပ် ရန်သူရှိမှာလဲ ''

ဟုပြောဆိုလေ၏။ ထိုအခါ ဘောက်ရိမ်းက မျက်မှောင်ကြုတ်၍

'' မင်းမှာ ရန်သူတစ်ယောက်ရှိတယ်လေ၊ လွန်ခဲ့တဲ့တစ်ပတ်လောက်ကပဲ အဲဒီကောင်ကို ထိုးကြိတ်ခဲ့သေးတယ်လေ ''

ဟုပြောဆိုလေ၏။ မရန်နေ့ာ်သည် ဘောက်ရိမ်း၏စကားကြောင့် လယ်ပိုင်ရှင်သား လေနဂန်း၏မျက်နှာကို မြင်ယောင်လာ၏။

လွန်ခဲ့သောရက်အနည်းငယ်က လေနဂန်း ဖော့နာလုကို မတရား ပြုကျင့်ရန် ကြံစည်ခြင်းကို ပြန်လည်မြင်ယောင်လာ၏။ မရန်နေ့ာ်သာ မျက် မှောင်ကြုတ်၍

'' လေနဂန်းကိုပြောတာလား၊ ဒီကောင်ကို ငါမတရား ထိုးကြိတ်တာမှမဟုတ်တာ၊ ဖော့နာလုကို အဓမ္မပြုကျင့်လို့ ငါဝင်ကယ်လိုက်တာပဲ၊ ဒါကို ဒီကောင်က ရန်ငြိုးဖွဲ့မှာလား ''

ဟုပြောဆိုလေ၏။ ဘောက်ရိမ်းက သက်ပြင်းချ၍

'' ရန်ငြိုးနဲ့မီးတောက်ဆိုတာ ဘယ်တော့မှ မပေါ့ဆသင့်ဘူးကွ၊ ငါ့အထင်တော့ လယ်ပိုင်ရှင်သား လေနဂန်းဟာ မင်းရဲ့ကျောက်စိမ်းပုတီးကို မမျှော်လင့်ဘဲရပြီး အကောက်ကြံလိုက်တာဖြစ်နိုင်တယ် ''

ဟုဘီးတိုးပြောဆိုလေ၏။ ထိုအခိုက်မှာပင် ၎င်းတို့၏စကားကို ချောင်းမြောင်းနားထောင်နေသော မိုးနတ်မယ်ဆိုသော အပျိုသပိုးကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်၍ ရွာထဲသို့ ထွက်ခွာသွားလေ၏။

မရန်နေ့ာ်သည် ညနေစောင်းသည်အထိ အိပ်ထဲတွင် တစ်ဦးတည်း ထိုင်နေမိ၏။

သူ၏အခေအပါးများသည် မရန်နေ့ာ် စားသောက်ရန်တောင်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ကင်တစ်ချောင်းကို လာပို့ပေးလေ၏။

သူ၏ကိုယ်ခံပညာ သင်ကြားပေးသော ရှမ်းသိုင်းဆရာကြီးနှင့် ကျောင်းဆရာ ဦးဘိုးတူတို့ရောက်ရှိလာပြီး တစ်နေကုန် နှစ်သိမ့်နေလေ၏။ ရှမ်းသိုင်းဆရာကြီးက မရန်နော်၏ အကျင့်စာရိတ္တကို ယုံကြည်ကြောင်း ပြောလေ၏။ ကျောင်းဆရာဦးဘိုးတူက

'' မိန်းမတွေရဲ့မာယာကို မင်းနားလည်ပြီမဟုတ်လား။ ဒါတောင် မိန်းမမာယာ သဲကိုးဖြာထဲက သဲတစ်ပွင့်လောက်ပဲရှိသေးတယ်ကွ၊ တကယ်တော့ မိန်းမဖျက်ရင် ပြည်တောင်ပျက်နိုင်လောက်တယ်ကွ ''

ဟုမိန်းမများကို မုန်းတီးသောစကားကိုပြောဆိုလေ၏။

မရန်နော်သည် ၎င်းတို့၏စကားကို အောင့်အီးသည်းခံ၍နေရလေ၏။ မိမိဘဝ၏ အနာဂတ်အရေးများကို တွေးတော၍ ရင်ထဲတွင် လေးလံနေမိ၏။

မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးသည် ဖခင်နှင့်မည်သို့ ပတ်သက်သည်မသိ။ ဒေါသမီးတောက်လောက်နေသော ဖခင်ထံမှ မိမိအား သူမ ရရှိရန်ကြွေးအဖြစ်တောင်းယူခဲ့၏။

ဖခင်သည် မုန်းဒူဝါတစ်ဦးအဖြစ်ဩဇာအာဏာ ထက်မြက်သူဖြစ်သော်လည်း မိုးနတ်မယ်ကို ငြင်းဆန်နိုင်ပုံမရချေ။ မိုးနတ်မယ်ဟူသော အမျိုးသမီးကြီးနှင့် ဖခင်မုန်းဒူဝါကြီးသည် မည်သို့ပတ်သက်သည်မသိ။

မရန်နော်သည် အိမ်ထဲတွင်တစ်ကိုယ်တည်းအတွေးနယ်ချဲ့နေစဉ် အခန်းထဲသို့ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီး ဝင်ရောက်လာ၏။

သူမက မရန်နော်ကိုကြည့်၍

'' မရန်နော် မနက်ဖြန် ငါတို့ခရီးထွက်မယ်၊ အသင့်ပြင်ထားပါ၊





တကယ်တော့ ငါနဲ့ခရီးထွက်တာ မင်းအတွက်စွန့်စားခန်းတွေ၊ စိတ်လှုပ်ရှားစရာတွေနဲ့ တွေ့ကြုံရမှာအသေအချာပါ ''

ဟုပြောဆိုလေ၏။ မရန်နော်သည် ခေါင်းညိတ်၍

'' ကျုပ် စိတ်လှုပ်ရှားစရာတွေကို နှစ်သက်ပါတယ်၊ ဒါပေမဲ့ ရွာက ထွက်ခွာသွားပြီး ကျုပ်ကို တစ်ရွာလုံးက မုဒိန်းကောင်လို့ မြင်နေမှာစိတ် မချမ်းသာဘူး၊ ကျုပ်မှာ အပြစ်မရှိကြောင်း တစ်ရွာလုံးသိစေချင်တယ်၊ ဒါမှလဲ စိတ်ချမ်းချမ်းသာသာနဲ့ ခရီးထွက်နိုင်မှာပေါ့ ''

ဟုပြောဆိုလေ၏။ မရန်နော်၏စကားကြောင့် မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက

'' မင်းရဲ့စိတ်ဓာတ်ကို ငါနားလည်ပါတယ်၊ ဒါဟာ သူရဲကောင်းယောကျ်ားတွေရဲ့ စိတ်ဓာတ်ပဲ၊ ကိုယ်ကိုယ့်ကိုယ်အမြဲတမ်း ဖြူစင်ချင်တာ ချီးကျူးစရာပဲ၊ ဒါပေမဲ့ လောကကြီးမှာ ဘယ်လိုလူမှ တစ်သက်လုံး အမြဲ မဖြူစင်နိုင်ဘူးကွ၊ ဘာပဲဖြစ်ဖြစ် မင်း ငါနဲ့လိုက်ပြီး သုံးရက်အတွင်း ယုတ်မာတဲ့ မုဒိန်းတရားခံကို တစ်ရွာလုံးသိစေရမယ် ''

ဟုပြောဆိုလေရာ မရန်နော်သည် အမျိုးသမီးကြီး၏မျက်နှာကို အံ့သြဟန်ဖြင့်ကြည့်လိုက်လေ၏။

မရန်နော်က

'' အခေါ်တကယ်ပြောတာလား၊ တရားခံကို အခေါ်ဘယ်လိုလုပ်သိနိုင်မှာလဲ ''

ဟုမယုံကြည်နိုင်ဟန်ဖြင့် မေးမြန်းလေ၏။ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက

'' ငါဘယ်တော့မှ မဟုတ်တာ မပြောဘူး၊ တရားခံကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



နေတာကြာပြီ၊ ဒါကြောင့် မင်း ငါနဲ့လိုက်ပြီးခရီးထွက်နေတုန်း တရားခံကို မရရအောင် ဖော်ထုတ်ပေးမှာပါ ''

ဟုပြောလေရာ မရန်နော်က ခေါင်းညိတ်၍

'' ကောင်းပြီ၊ အခေါ်က တရားခံကို ရိပ်မိနေလို့လား ''

ဟုမေးမြန်းလေသဲ၏။ ထိုအခါ မီနီးမချောကြီးက သက်ပြင်းချ၍

'' ငါမသင်္ကာဖြစ်နေတာရှိတယ်၊ ဘာပဲဖြစ်ဖြစ် မင်းခရီးထွက်ပြီး သုံးရက်အတွင်း တရားခံကို ဖော်ထုတ်ပေးမယ်၊ မင်းစိတ်ချပြီးသာ ထွက်ခဲ့တော့ ''

ဟုပြောလေ၏။ မရန်နော်သည် အချိုးသမီးကြီး၏ ပိုင်နိုင်သော အမူအရာကြောင့် မုဒိန်းမှုတရားခံနှင့်ပတ်သက်၍ စိတ်အေးသွား သယောင်ရှိ၏။

ထို့ကြောင့် သူမ၏အနောက်သို့လိုက်ရန် ဆုံးဖြတ်လိုက်လေ၏။

ဖခင် မုန်းဒွစ်ကြီးက လူယုတ်မာတစ်ဦးအဖြစ် သူ့ကိုထင်မြင်နေ သရွေ့ ရွာတွင် မနေချင်တော့ချေ။ ထို့ကြောင့် ခရီးထွက်ရန် အထုပ်အပိုး များ ပြင်ဆင်နေ၏။

မိုးနတ်မယ်ဆိုသော အချိုးသမီးကြီးနောက်သို့ လိုက်လျှင် ထူးခြားဆန်းကြယ်သော အတွေ့အကြုံမျိုးစုံ ရရှိမှာသေချာ၏။



မရန်နော်သည် နောက်တစ်နေ့နံနက်တွင် စောစောထ၍ ဖခင်ဖြစ်သူ မုန်းဒွစ်ကြီး၏ အခန်းသို့သွားလေ၏။ သူသည် ဖခင်ရှေ့တွင်ထိုင်ရင်း

'' အဖေ ဒီနေ့မနက်ပဲ ကျွန်တော် အဒေါ်နဲ့လိုက်သွားမယ်၊ မုဒိုးမ ကို ကျွန်တော် လုံးဝမစော်ကားပါဘူး၊ အဒေါ်ကတော့ အဖြစ်မှန်ပေါ်စေရ မယ်လို့ ကျွန်တော့်ကိုအာမခံထားပါတယ် ''

ဟုပြောလေရာ မုန်းဒွစ်ကြီးသည် မရန်နော်၏မျက်နှာကိုကြည့်၍

'' မင်းမှာ အပြစ်မရှိဘူးဆိုတာ သေသေချာချာသိရရင်တော့ မင်းကိုငါ ခွင့်လွှတ်ပါတယ်၊ အပြစ်ရှိကြောင်း နိုင်မာတယ်ဆိုရင်တော့ မင်း ကို သားအဖြစ် အသိအမှတ်ပြုမှာတော့မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ငါ့ မိတ်ဆွေ မိုးနတ်မယ်နဲ့ မင်းလိုက်သွားရင် အတွေ့အကြုံတွေ အများ ကြီး ရမှာပါ၊ မင်းအတွက် အရှုံးမရှိနိုင်ပါဘူး ''

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ မရန်နော်က မှန်းဒူဝါကြီးကို ခွဲခွာရတော့မည် ဖြစ်၍ နောက်ဆုံးရှုတ်ဆက်လိုက်ပြီး

" ကျွန်တော် သွားတော့မယ်၊ အခုဇ့ကျန်းမာရေးကို ဂရုစိုက်ပါ "

ဟုမှာကြားလိုက်လေ၏။ မှန်းဒူဝါကြီးက ခေါင်းညိတ်၍

" ဒါဟာ မင်းရဲ့ပထမဦးဆုံး ခရီးရှည်ကြီးပဲ၊ ငါငယ်ငယ်တုန်းကချင် ပြည်နယ်ကနေ ဆေးလံခေါင်သီတဲ့အရပ်တွေကို ရောက်ဖူးတယ်၊ အဲဒီဒေသတွေမှာ ငါတို့ပြည်နယ်နဲ့မတူညီကွဲပြားတာတွေ အများကြီး ရှိတယ်၊ ဒါတွေကို မင်းလေ့လာနိုင်ရင် မင်းအတွက် အကျိုးမဖြစ်နိုင်တဲ့ အတွေ့အကြုံတွေ အများကြီးရမယ်၊ ခရီးထွက်တဲ့သူဟာ မျက်စိနဲ့နားကို အစွမ်းကုန် ဖွင့်ထားသင့်တယ်၊ နောက်ပြီးတော့ မိုးနတ်မယ်ဟာ အလွန်ထူးခြားတဲ့ မိန်းမတစ်ယောက်ပဲ၊ သူနဲ့နေရင် ပညာမျိုးစုံရတတ်တယ်၊ အဲဒီပညာတွေကို မင်းသင်ယူစေတတ်ဖို့ပဲလိုတယ် "

ဟုပြောကာ မရန်နော်အတွက် သူ၏ဆောင်ဓားကို လက်ဆောင်အဖြစ် ချီးမြှင့်လိုက်လေ၏။

ထိုအခိုက်မှာပင်အမျိုးသမီးကြီးရောက်လာပြီး

" လမ်းပြတွေ အသင့်ဖြစ်နေပြီ၊ ငါတို့ခရီးထွက်ကြမယ် "

ဟုလောဆော်လိုက်ပြီး မှန်းဒူဝါကြီးအား ခရီးထွက်မည့် အကြောင်း ပြောဆိုနှုတ်ဆက်နေလေ၏။ မှန်းဒူဝါကြီးလည်း မိုးနတ်မယ်ဆိုသောအမျိုးသမီးကြီးကို ရှုစိုက်ကြည့်၍

" မုဒိန်းမှုရဲ့တရားခံကို မင်းရှာပေးမယ်ဆိုလို့ စိတ်အားတွေ တက်ကြွမိတယ်၊ ဒါပေမဲ့ ဒီနေ့အထိ အကြောင်းမထူးသေးဘူးနော် "





ဟုပြောဆိုလေရာ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက လေသံတိုးတိုးဖြင့်

" စိတ်မပူပါနဲ့၊ ရှင်သားတရားခံမဟုတ်ဘူးဆိုတာ ကျွန်မ သေသေချာချာသိတယ်၊ ကျွန်မတို့ ပထမဦးဆုံး ညစာစားပွဲလုပ်တဲ့ညက သူ့ရဲ့လည်ပင်းမှာ မှန်းဒူဝါဟာထိမ်းအမှတ် ကျောက်စိမ်းပုတီးမရှိတာ ကျွန်မ သတိထားမိတယ်၊ တကယ်တော့ မရန်နော်ရဲ့ ကျောက်စိမ်း ပုတီးဟာ မုဒိန်းမှုမဖြစ်မီကတည်းက ပျောက်ဆုံးနေတာပါ "

ဟုရှင်းလင်းပြလေ၏။

မှန်းဒူဝါကြီးသည် အမျိုးသမီးကြီး၏စကားကြောင့် မျက်နှာဝင်း လက်သွားပြီး

" ဟင်... ဒါဆို ကျုပ်သားမှာ အပြစ်မရှိဘူးပေါ့ "

ဟုမေးမြန်းလေ၏။ အမျိုးသမီးကြီးက ခေါင်းညိတ်ပြီး

" အပြစ်မရှိတာ သေချာပါတယ် "

ဟုပြောရင်း သူမလက်ထဲရှိ သေးငယ်သော ယွန်းသေတ္တာလေးကို မှန်းဒူဝါကြီးလက်သို့ အပ်လိုက်လေ၏။ ပြီးနောက်

" ဒီသေတ္တာထဲမှာ မုဒိန်းမှုရဲ့တရားခံဘယ်သူလဲဆိုတာ ကျွန်မ ရေးထားတယ်၊ ရှင်ကိုယ်တိုင်ဖွင့်ဖတ်လိုက်ရင် အမှုမှန်ပေါ်မှာပါ၊ ကဲ ... ကျွန်မတို့သွားတော့မယ် "

ဟုဆိုကာ မရန်နော်ကိုခေါ်၍ ခြံဝင်းထဲမှ ထွက်ခဲ့လေ၏။ ခြံပေါက်ဝသို့ရောက်သောအခါ မရန်နော်၏ဆရာ ဦးဘိုးတူနှင့် ရှပ်းသိုင်း ဆရာကြီးကိုတွေ့ရလေ၏။ ၎င်းတို့သည် မရန်နော်ကို စိတ်ပကောင်းသော မျက်နှာဖြင့်ကြည့်၍ ပိုင်းဝန်းနှုတ်ဆက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းသိုင်းဆရာကြီးက လမ်းခရီးတွင် လီမှုဘုံးနှပ်ရွာနေထိုင်ရန် ညွှန်ကြားး၏။ ဆရာဦးဘိုးဟုက ချောမောလှပသော မိန်းမများကိုရှောင်ခွာရန် မှာကြားလေ၏။

မရန်နော်သည် ၎င်းတို့၏စကားများကို နားထောင်ပါမည့်အကြောင်း ကတိပြုလေ၏။ ထို့နောက် အမျိုးသမီးကြီးအနောက်သို့ လိုက်ခဲ့လေတော့၏။

မရန်နော်တို့ ထွက်ခွာရာလမ်း၌ တစ်ရွာလုံးရှိ လူများအားလုံး ဝိုင်းဝန်းကြည့်ရှုနေကြောင်း တွေ့ရ၏။

မရန်နော်သည် မိမိအား မုဘိန်းကောင်တစ်ဦးအဖြစ် ထင်မြင်ယူဆနေသူများ၏အရှေ့တွင် ရှက်ရွံ့စွာဖြင့် ခရီးဆက်နေလေ၏။

မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက မြောက်ဘူးရှုးသို့ ခရီးဆက်မည်ဖြစ်ကြောင်း ပြောဆိုလေ၏။ ၎င်းတို့သည် လမ်းပြများ၏ဦးဆောင်မှု အောက်၌ ခရီးဆက်ကြလေ၏။

ညနေစောင်းသောအခါ အမျိုးသမီးကြီးက ရွာတစ်ရွာ၌ ညအိပ်ရန်ပြောဆိုလေ၏။

ထိုရွာရှိ အကိဝါရွာသူကြီးသည် မရန်နော်ကို မြင်သော်အခါ ကောင်းမွန်စွာ ညှိခံလေ၏။ ရွာသူကြီးက ကြိုဆို၍

" မရန်နော်ကို ကြိုဆိုပါတယ်၊ ကျုပ်တို့ရွာမှာ အေးချမ်းသာယာစွာ တည်းခိုနိုင်ပါတယ်၊ မုန်းရွာဝါကြီး ကျန်းမာရေးကောင်းတယ် မဟုတ်လား "

ဟုမေးမြန်းလေ၏၊ မရန်နော်က ခေါင်းညိတ်၍

" အဖေ နေကောင်းပါတယ်၊ ရွာမှာ တည်းခိုခွင့်ပေးတဲ့အတွက်





ကျေးဇူးတင်ပါတယ် "

ဟုပြောလေ၏။ ထို့နောက်တွင်မူ အကိဝါရွာသူကြီးသည် မရန်နော်တို့အတွက် စားသောက်ဖွယ်ရာများကိုယူဆောင်လာလေ၏။

ထိုရွာရှိ အကိဝါရွာသူကြီး၌ သားယောကျ်ားလေး များစွာရှိလေရာ ၎င်းတို့သည် မုဆိုးအတတ်တွင် တစ်ဖက်ကမ်းခတ်သည်ဟု ကျော်ကြားသော မရန်နော်ကို အထင်ကြီးဟန်ဖြင့် လာရောက်ကြည့်ရှုကြလေ၏။

ထိုအချိန်မှာပင် မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးသည် အကိဝါရွာသူကြီး၏ အိမ်ပေါ်မှဆင်းသွားလေ၏။

မရန်နော်သည် သူ့အား မုဆိုးကျော်တစ်ဦးအနေဖြင့် အထင်တကြီး ဝိုင်းဝန်းမေးမြန်းနေသော အကိဝါ၏သားများကိုမေးခွန်းများ ဖြေဆို၍ မဆုံးနိုင်အောင်ရှိသဖြင့် အိမ်အောက်သို့ ဆင်းခဲ့လေ၏။

သူသည် ရွာသူကြီး၏ခြံဝင်းအနောက်သို့ လျှောက်သွားသောအခါ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးသည် ကျောက်ဖျာကြီးပေါ်တွင် ပက်လက်လှန်၍ လှဲအိပ်နေကြောင်းတွေ့ရ၏။

မရန်နော်သည် အမျိုးသမီးကြီး အိပ်ပျော်နေသလောဟု ကြည့်ရှုလေရာ အိပ်ပျော်ခြင်းနှင့်မတူဘဲ ကျင့်စဉ်တစ်ရပ်ကို လေ့ကျင့်နေသည်နှင့်တူသဖြင့် ကြည့်ရှုနေမိ၏။

မိုးနတ်မယ်သည် အတန်ကြာသောအခါ လှဲအိပ်နေရာမှ ထထိုင်လိုက်ပြီး

" ဒီနေ့ တစ်နေကုန် ခရီးထွက်လာရလို့ ပင်ပန်းနေတာ ပြေပျောက်အောင် အကြောလျှော့လေ့ကျင့်ခန်းတွေ လုပ်နေတာ "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောဆိုလေ၏။ မရန်နေဘ်က စိတ်ဝင်စားဟန်ဖြင့်

" အကြောလျှော့လေ့ကျင့်ခန်းလုပ်တယ်ဟုတ်လား၊ အဲဒီလေ့ကျင့်ခန်းတွေက အကျိုးရှိလို့လား "

ဟုမေးမြန်းလေ၏။

ထိုအခါ မိုးနတ်မယ်ဆိုသောအမျိုးသမီးကြီးက ခေါင်းညိတ်၍

" အကြောလျှော့လေ့ကျင့်ခန်းက အကျိုးရှိတာပေါ့၊ လူဟာ တစ်နေ့ကုန် ပင်ပန်းနွမ်းနယ်သမျှကို တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ရုံမြေပျောက်သွားတာယ်၊ ဒါပေမဲ့ အကြောလျှော့လေ့ကျင့်ခန်းတွေကိုစနစ်တကျလုပ်တတ်ရင် ငါးမိနစ်၊ ဆယ်မိနစ်နဲ့ ပင်ပန်းသမျှတွေ ပြေပျောက်သွားတာယ်၊ အကြောလျှော့လေ့ကျင့်ခန်းတွေဟာ ကိုယ်ခန္ဓာ ကျန်းမာရေးအတွက် အလွန်အထောက်အကူပြုတာယ်၊ မင်းကို နောက်တော့မှ ကိုယ်ခန္ဓာမှာရှိတဲ့ အကြောတွေလျှော့နည်းကို စနစ်တကျ သင်ပြပေးမယ်၊ အတတ်ပညာအမျိုးမျိုးကို သင်ယူနေတဲ့သူတွေဟာ အကြော လျှော့လေ့ကျင့်ခန်းတွေကို လုပ်ကိုင်ပေးရမယ် "

ဟုပြောဆိုလေ၏။ ထိုအခါ မရန်နေဘ်က မိုးနတ်မယ်၏စကားများကို ပိုမိုစိတ်ဝင်စားသွားပြီး

" အဲဒီလေ့ကျင့်ခန်းအကြောင်းကို အနည်းအကျဉ်းလောက် ပြောပြပါလား "

ဟုမေးမြန်းလေ၏။

မိုးနတ်မယ်က သဘောပြင်းချ၍

" မင်းစိတ်ဝင်စားရင်တော့ ပြောပြရမှာပေါ့၊ အကြောလျှော့လေ့ကျင့်ခန်းကို စနစ်တကျ လေ့ကျင့်ထားတဲ့သူဟာ စိတ်စွမ်းအားတွေ





မြင့်တက်လာမယ်၊ ငါ့ရဲ့အကြောလျှော့နည်းကတော့ အလွန်မြင့်မားတဲ့ ချောက်ကမ်းပါးကြီးပေါ်ကနေ လွင့်စင်ကျသွားတယ်လို့ ပထမဦးဆုံး ခံစားရမယ်၊ နောက်ပြီးတော့ မိမိရဲ့ကိုယ်ခန္ဓာဟာ ချောက်ကမ်းပါးကြီးအောက်ကို ကျပြီး ခြေလက်တွေ ကျိုးကျေကုန်ပြီလို့ ခံစားရမယ် "

ဟုရှင်းလင်းပြလေရာ မရန်နေဘ်က စိတ်ဝင်စားစွာဖြင့်

" အတော်ထူးဆန်းတာပဲ၊ ချောက်ကမ်းပါးကြီးထဲ လွင့်စင်ကျပြီး အရိုးတွေကျိုးကျေသလို ခံစားပြီး ဘယ်လိုဆက်လုပ်ရမလဲ "

ဟုပြောလေ၏။ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက

" အဲဒီအချိန်မှာ မင်းရဲ့စိတ်တွေကို လွတ်မြောက်အောင်လုပ်ထားရမယ်၊ ရင်ထဲမှာ ဘာအတွေးကိုမှ ချန်မထားရဘူး၊ ဒါဆိုရင် မင်းတစ်ကိုယ်လုံးမှာ တင်းမာမှုတွေ မရှိလောက်အောင် ပျော့ပျောင်းသွားလိမ့်မယ်၊ လူဟာ တစ်နေ့ကုန်လှုပ်ရှားသွားလာပြီး မွန်းကျပ်တဲ့ အတွေးတွေကြောင့် အကြောတွေတင်းမာနေတယ်၊ အဲဒီတင်းမာမှုတွေကြောင့် ကိုယ့်စိတ်ငြိမ်းချမ်းမှုမရှိဘူး၊ ရုပ်နဲ့စိတ်ကို ငြိမ်းချမ်းအောင် ကြိုးစားလိုက်ရင် ဘဝမှာ တိုးတက်ပြောင်းလဲမှုတွေ အများကြီးဖြစ်လာလိမ့်မယ်၊ ရုပ်နဲ့စိတ်ကို ငြိမ်းချမ်းမှုရှိအောင် ကြိုးစားလိုက်ရင် ရရှိမဲ့ ကျေးဇူးတွေဟာ ပြောလို့တောင်မကုန်ဘူး "

ဟုပြောလိုက်ရာ မရန်နေဘ်က အမျိုးသမီးကြီးထံမှ အကြောလျှော့လေ့ကျင့်ခန်းကို တတ်မြောက်အောင် သင်ယူမည်ဟု ဆုံးဖြတ်လိုက်၏။

မိုးနတ်မယ်က မရန်နေဘ်၏အမူအရာကိုကြည့်၍

" စိတ်နဲ့ပတ်သက်တဲ့လေ့ကျင့်ခန်းတွေကို စိတ်ဝင်စားရင် မင်း



www.burmeseclassic.com

www.burmeseclassic.com



ကို အများကြီးသင်ပေးစရာရှိတယ်၊ ကြိုးစားပြီးတော့ သင်ယူဖို့သာပြင်ပေတော့ ''

ဟုပြောလေ၏။ ထို့နောက် မရန်နော်သည် ဗုဒ္ဓိန်းမှ တရားခံနှင့် ပတ်သက်ပြီး အမျိုးသမီးကြီးကို မေးမြန်းရာ သူမက

'' မင်းအဖေကို ဒါ ပေးခဲ့တဲ့ ယွန်းသေတ္တာထဲမှာ တရားခံကို ဖော်ထုတ်ထားတယ်၊ တကယ်တော့ တရားခံဟာ မင်းနဲ့ ရန်ငြိုးရန်စရှိတဲ့ ငလန်ဂန်းပဲ၊ သူဟာ မင်းရဲ့ကျောက်စိမ်းပုတီးကို တောသဲမှာကောက်ရပြီး မင်းကိုအကောက်ကြံလိုက်တာပဲ၊ ဒီအကြောင်းတွေကို ငါ့နည်းငါ့ဟန်နဲ့ စုံစမ်းပြီးပြီ ''

ဟု ပြောလေရာ မရန်နော်သည် ယုတ်မာသော ငလန်ဂန်းကြောင့် မိမိ၏ ဂုဏ်သိက္ခာကျဆင်းရပုံကို တွေး၍ ငလန်ဂန်းဟား မကျေမချမ်း ဖြစ်နေလေ၏။





မရန်နော်တို့သည် နောက်တစ်နေ့တွင် ခရီးဆက်ကြရန်ပြင်လေ၏။ အကျီဖါရွာသူကြီးသည် မရန်နော်တို့ စားသောက်ရန် အထုပ်အပိုးများ ကို ပြင်ဆင်ပေးလိုက်လေ၏။

ထိုအခိုက်မှာပင် ရွာသူကြီး၏အိမ်သို့ သန်မာထွားကြိုင်းသော လူတစ်ဦးရောက်ရှိလာ၏၊ ထိုသူသည် ရှမ်းဘောင်းဘီဝတ်ဆင်ထားကာ ကိုယ်ခန္ဓာအပေါ်ပိုင်းကို ဗလာကျင်းထားပြီး ရှည်လျားသောဆံပင်များသည် ပခုံးပေါ်သို့ကျနေ၏။

မရန်နော်သည် လူသန်ကြီးကိုကြည့်နေစဉ် လူသန်ကြီးက မရန်နော်ကို မျက်မှောင်ကြုတ်ကြည့်၍

'' မုဆိုးကျော် မရန်နော်ဆိုတာ မင်းလား ''



www.burmeseclassic.com

ဟုမေးမြန်းလေ၏။ မရန်နော်ဘာ လူသန်ကြီးကိုခေါင်းညိတ်၍

" ဟုတ်တယ်၊ မရန်နော်ဆိုတာ ကျုပ်ပဲ၊ ခင်ဗျားက ဘာဖြစ်လို့ မေးတာလဲ "

ဟုပြန်လည်မေးမြန်းလေ၏။

လူသန်ကြီးက မရန်နော်၏စကားကြောင့် မျက်နှာရှုံ့မဲ့၍

" ဩော်... မုဆိုးကျော် မရန်နော် ဆိုပြီး ကျော်ကြားနေလိုက်တာ၊ တကယ်ကြည့်တော့ နို့နံ့မစင်သေးတဲ့ကောင်လေးပါလား။ မင်း အသက်အရွယ်နဲ့ မုဆိုးကျော်ဖြစ်နိုင်ပါ့မလား "

ဟုမေးမြန်းလေ၏။ မရန်နော်က လူသန်ကြီး၏ မကျေနပ်သော အမူအရာကြောင့် သက်ပြင်းချလိုက်ပြီး

" ကျုပ် ငယ်စဉ်ကတည်းက လူကြီးတွေနဲ့တောလိုက်ထွက်လေ့ ရှိတယ်၊ မုဆိုးအတတ်ကို ငါးနှစ်လုံးလုံးတော့ ကြိုးစားပမ်းစားသင်ယူ ခဲ့တယ်၊ တောထဲမှာ တစ်ကိုယ်တည်း နှစ်နဲ့ချီပြီး လှည့်လည်နေခဲ့တယ်၊ ကျုပ်ဟာ သားကောင်ငယ်တွေကိုမပစ်ဘဲ သားကောင်ကြီးတွေကိုပဲ ပစ်လေ့ရှိတယ်၊ ကျုပ်တစ်သက်မှာ သားကောင်ကြီးတွေပစ်တိုင်း ဦးချိုတွေကို အိမ်မှာချိတ်ထားရရင် ဧည့်သုံးရာဆောက်ရှိတဲ့အိမ်ကြီးမှာတောင် ချိတ် စရာနေရာမရှိဘူး "

ဟုပြောလေရာ လူသန်ကြီးက ခေါင်းခါယမ်း၍

" ဒါကတော့ မုန်းဘုဝါကြီးရဲ့သားမို့လို့တွေက ချဲ့ကားပြောတာ လဲ ဖြစ်နိုင်တာပဲ၊ မင်းမှာ အရည်အချင်းရှိရင် ငါတကယ်ယုံအောင် နည်းနည်း ပါးပါးပြပါလား၊ ဒါနဲ့ လက်တွေ့စမ်းသပ်ပြီးရင်တော့ မင်းမှာ အရည်အချင်း ရှိမရှိ ပေါ်လွင်ပါပြီ "





ဟုပြောလေ၏။

ထိုအခိုက်မှာပင် အကီဝါရှာသူကြီးကပင်၍

" ဒီမှာ အိုက်ပီ၊ ညော်သည်ကိုဘာဖြစ်လို့ တို့ရဲ့ရန်သူလုပ်နေရ တာလဲ၊ သူဟာ မုန်းဘုဝါကြီးရဲ့သားဆိုတာ သတိရပါဦး "

ဟုပြောလေ၏။ ထိုအခါ လူသန်ကြီးက ခေါင်းခါယမ်း၍

" ကျုပ် ကချင်မဟုတ်ဘူး၊ ရှမ်းပြည်နယ်ကလာတဲ့ ရှမ်းမုဆိုး စံစော်ပဲ၊ ဒါကြောင့် ဘုဝါတွေဘာတွေ အရေးမစိုက်ဘူး၊ နောက်ပြီး ကျုပ် က ဒီကောင်လေးကို ရန်စတာမဟုတ်ဘူး၊ မုဆိုးအချင်းချင်း ပညာ ဖလှယ်ချင်လို့ ကမ်းလှမ်းတာဖြစ်တယ် "

ဟုပြောဆိုလေရာ မိုးနတ်မယ်ဆိုသောအမျိုးသမီးကြီးက ဝင်၍

" ပညာဖလှယ်ချင်တယ်ဆိုရင်တော့ ရပါတယ်၊ ဘယ်လိုဖလှယ် ချင်လို့လဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ လူသန်ကြီးက လက်သီးဆုပ်၍

" သူနဲ့ကျုပ် မြားပစ်ပြိုင်မယ်၊ ဓားပစ်ပြိုင်မယ်၊ ဒီလိုပြိုင်ပြီး မကျေ နပ်ရင် လက်ရုံးရည်ချင်းပြိုင်ကြမယ် "

ဟုပြောလေ၏။ မရန်နော်သည် ရှမ်းမုဆိုးကြီး၏ ပညာစမ်းရန် စိတ်အားထက်သန်ပုံကို မငြင်းဆန်တော့ဘဲ

" ကောင်းပြီလေ၊ ခင်ဗျားနဲ့ကျုပ် မြားပစ်ပြိုင်မယ်၊ ကျုပ်ရဲ့မြား စွမ်းကို ခင်ဗျားမြင်အောင် အရင်ပြမယ်၊ ကျုပ်ရဲ့အစွမ်းကိုမြင်ပြီးရင် ခင်ဗျားဘာသာ ဆက်ပြိုင်သင့် မပြိုင်သင့်စဉ်းစားပေတော့ "

ဟုပြောဆိုလေရာ ရှမ်းမုဆိုးကြီးသည် သဘောကျ...နှင့်ဖြင့်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တဟားဟားရယ်မောပြီး

" ဟားဟားဟား ကြိုက်သွားပြီပေ့ါ၊ ငါဟာ တို့ပြည်နယ်မှာ တော့ အတော်ဆုံးမုဆိုးတစ်ယောက်ပဲ၊ ဒါကြောင့် မင်းတို့ပြည်နယ်ဘက် လာပြီး အတော်ဆုံးမုဆိုးကို ရှာနေတာကွ၊ ကဲ ... မင်းရဲ့မြားစွမ်းကို ပြစမ်းကွာ၊ ကြည့်ချင်လှပြီ "

ဟုပြောဆိုလေ၏၊ မရန်နော်သည် ရှမ်းမုဆိုးကြီး၏ စိတ်ခေါ်မှုကို လက်ခံလိုက်ပြီး သူ၏မြားကျည်ထောက်မှ မြားတစ်စင်းကိုဆွဲယူ၍ လေး ညှို့တွင်တပ်လိုက်၏။

ပြီးနောက် ကောင်းကင်ပြင်ကို ပစ်ရန်ချိန်ရွယ်လိုက်ရာ ရှမ်းမုဆိုး ကြီးကရယ်မော၍

" ဟားဟားဟား... မြေပြင်က ပစ်မှတ်ကို မပစ်တဲ့ ကောင်းကင် ကို ပစ်မလို့လား "

ဟုလှောင်ပြောင်လေ၏။

မရန်နော်သည် ရှမ်းမုဆိုးကြီး၏လှောင်ပြောင်မှုကို အလေးဂရု မပြုဘဲ ကောင်းကင်သို့ မြားတစ်စင်းပစ်၍ နောက်ထပ်မြားတစ်စင်းဖြင့် ထပ်မံပစ်လိုက်ရာ ပထမမြားသည် ဒုတိယမြားကိုထိမှန်၍ မြားနှစ်စင်း သည် အဝေးဆီသို့ လွင့်စင်ထွက်သွားလေ၏။

မရန်နော်သည် လူထူးလူဆန်းမုဆိုးကြီးကဲ့သို့ မြားစွမ်းပြနိုင်ပြီ ဖြစ်၏။

ရှမ်းမုဆိုးကြီးသည် မရန်နော်၏မြားစွမ်းကို တအံ့တသြကြည့်ရှု၍

" ဟင်... ကောင်းကင်ကမြားကို နောက်ထပ်မြားတစ်စင်းနဲ့ ထိမှန် အောင်ပစ်နိုင်တယ်၊ ဟုတ်ပါ့မလား "





ဟုရေရွတ်လိုက်လေ၏။ ထိုအခါ မရန်နော်က ရှမ်းမုဆိုးကြီးကို မခိုးမခန့်ကြည့်၍

" ဟဲဟဲ... ကြက်ကန်းဆန်အိုးတိုးသွားတယ်ထင်လို့လား၊ နောက်ထပ်ကြည့်လိုက်ပါဦး "

ဟုပြောဆိုကာ ပထမတစ်ကြိမ်ကဲ့သို့ မြားနှစ်စင်းကို ထိမှန်အောင် ပစ်ခတ်ပြလိုက်ရာ ဝိုင်းဝန်းကြည့်ရှုနေသူပေါင်းသည် ချီးမွမ်းကြလေ၏။

ရှမ်းမုဆိုးကြီးသည် မရန်နော်၏မြားစွမ်းကို မြင်တွေ့သွားပြီး နောက် ခေါင်းခါယမ်း၍

" အသက်အရွယ်ငယ်လို့ အစွမ်းမရှိဘူးလို့ အထင်သေးမိတာ ခွင့်လွှတ်ပါ၊ တကယ်တော့မောင်ရင်ဟာ ကျုပ်ထက် မြားပစ်အတတ်မှာ အပြတ်အသတ်သာလွန်ပါတယ်၊ ဒါကြောင့် ဒေးပစ်အတတ်နဲ့ လက်ရုံး ရည်ကို ဆက်မပြိုင်တော့ပါဘူး၊ ကျုပ်အရှုံးပေးလိုက်ပါပြီ "

ဟုပြောဆိုလိုက်ပြီး ဂူဝါ၏ခြံဝင်းထဲမှာပြန်လည်ထွက်ခွာသွားလေ တော့၏။

ထိုအခါမှပင် မရန်နော်နှင့် မိုးနတ်မယ်သည် ဝိုင်းဝန်းကြည့်ရှု၍ တစ်ယောက်တစ်ပေါက် ချီးမွမ်းနေသော လူများကြားမှထွက်ခဲ့လေတော့ ၏။

ရွာပြင်သို့ရောက်သောအခါ မိုးနတ်မယ်က မရန်နော်ကိုကြည့်၍

" မင်းကို မြားပစ်စွမ်းရည် ဒီလောက်ကောင်းမယ်လို့ ငါမထင်ခဲ့ ဘူး၊ သိပ်ထူးဆန်းတာပဲ၊ ငါနဲ့ပတ်သက်တဲ့ လူနှစ်ယောက်စလုံး မြားပစ် ဝိဇ္ဇာတွေဖြစ်နေတယ် "

ဟုပြောဆိုလေ၏။ မရန်နော်သည် အမျိုးသမီးကြီး၏စကား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အံ့ဩသွားပြီး၊

'' ဟင်... ခေါင်လေးနဲ့ပတ်သက်တဲ့ လူနှစ်ယောက်စလုံး မြားပစ်ဝိဇ္ဇာတွေဖြစ်နေတာယ်ဟုတ်လား၊ နောက်တစ်ယောက်က ဘယ်သူလဲ ''

ဟုမေးမြန်းလေ၏၊ ထိုအခါမိုးနတ်မယ်ဆိုသောအမျိုးသမီးကြီးက

'' သူလဲ မင်းလို ကောင်းကင်က မြားတစ်စင်းကို နောက်ထပ် မြားတစ်စင်းနဲ့ထိမှန်အောင် ပစ်နိုင်တယ် ''

ဟုပြောလေ၏။

မရန်နော်သည် မိုးနတ်မယ်၏စကားကြောင့် ၎င်းအား မြားပစ်နည်းသင်ပြပေးသော မြားဝိဇ္ဇာလူထူးလူဆန်းကြီးကို မြင်ယောင်လာပြီး မရန်နော်က စိတ်အားတက်ကြွစွာဖြင့်

'' သူဟာ ဆွန်ပုံစီးတဲ့ အတတ်ကို တတ်ကျွမ်းတဲ့ မြားဝိဇ္ဇာ လူကြီး မဟုတ်လား ''

ဟုမေးမြန်းလေ၏။ မိုးနတ်မယ်က ခေါင်းညိတ်၍

'' ငါထင်တဲ့အတိုင်း မင်းနဲ့သူ တွေ့ဆုံပြီးပြီနဲ့တူတယ်၊ ဒါဆိုရင် ကောင်းကင်ကမြားကို ထိမှန်အောင်ပစ်နိုင်တဲ့အတတ်ကို သူသင်ပေးခဲ့တာဖြစ်မယ် ''

ဟုပြောလေ၏၊ မရန်နော်က ခေါင်းညိတ်၍

'' ဟုတ်တယ်၊ အဲဒီလူထူးလူဆန်းကြီးက မြားပစ်အတတ်ကို ကျုပ်ကိုသင်ပြပေးခဲ့တယ်၊ သူနဲ့နောက်တစ်ကြိမ် ပြန်မဆုံဖြစ်တာကြာပြီ အခေါ်နဲ့ မြားဝိဇ္ဇာကြီးနဲ့ ဘယ်လိုပတ်သက်သလဲ ''

ဟုမေးမြန်းလေ၏၊ မရန်နော်၏အမေးကြောင့် မိုးနတ်မယ်ဆို





သောအမျိုးသမီးကြီးက

'' ဒီအကြောင်းတွေကို မင်းကိုပြောပြဖို့ရည်ရွယ်ချက်ရှိပါတယ်၊ မြားဝိဇ္ဇာအကြောင်းကိုပြောပြရင် ငါနဲ့မင်းအဖေ ဘယ်လိုပတ်သက်တယ် ဆိုတာ အရင်ပြောပြမှ ဖြစ်မယ် ''

ဟုပြောရင်း ကျောက်ဆောင်ကြီးတစ်ခုပေါ်သို့ လျှင်မြန်စွာခုန်တက်လိုက်၏။

မရန်နော်သည် မိုးနတ်မယ်၏ အရွယ်နှင့်မလိုက်အောင်ပေါ့ပါးသော ကိုယ်ဟန်ကြောင့် မျက်လုံးပြူးသွားလေ၏။

ဤအမျိုးသမီးကြီးသည် ကိုယ်ခံပညာတစ်ရပ်ကို ကျွမ်းကျင်စွာ တတ်မြောက်မည်ဟု ထင်မြင်မိလေ၏။

အမျိုးသမီးကြီးက ကျောက်ဖျာပေါ်တွင် ရေနွေးကရားနှင့် တစ်ပုဂ္ဂိုလ်စာထိုင်၍ မရန်နော် စားရန် ဝေးလိုးမုန့်များကိုကျွေးလေ၏။

'' ငါ့အဖေဟာ ရှမ်းပြည်နယ် ကွတ်ခိုင်နားက ရွာလေးတစ်ရွာ မှာနေတဲ့ အလွန်ထူးချွန်တဲ့ ရှမ်းတရုတ်သိုင်းဆရာကြီးပဲ၊ အဖေဟာ ရှမ်း တရုတ်သိုင်းတင်မကဘူး၊ ရှမ်းကြီးသိုင်း၊ ဗန်တို ဗန်ရှည်၊ သိုင်းပြောင်းပြန် စတဲ့ သိုင်းပညာအမျိုးမျိုးကို ကျွမ်းကျင်တဲ့အတွက်ရှမ်းပြည်နယ်ဘက်မှာ ကျော်ကြားတယ်၊ အဖေဟာ ဆရာ့ရှိရင် နန်းတွင်းမှာ သိုင်းပညာသင်တဲ့ ဆရာကြီးအဖြစ် နေထိုင်နိုင်ပေမဲ့ တောရွာမှာပဲ နေထိုင်ခဲ့တယ်၊ အဖေ့ဆီ မှာ အနယ်နယ်အရပ်ရပ်က သိုင်းပညာလာသင်တဲ့ တပည့်တွေရှိတယ်၊ ဒါကြောင့် ငါတို့နေတဲ့ခြံအပြင် တပည့်တွေ နေထိုင်ဖို့ ခြံကြီးတစ်ခြံအသင့် ထားရတယ်၊ မင်းအဖေဟာ အဖေ့ဆီမှာ သိုင်းပညာလာသင်တဲ့ တပည့် တစ်ယောက်ပဲ၊ ဒါအားဖယ်တော့ မင်းအဖေရဲ့အဖေ မင်းဘကြီးဟာ အဖေ့



www.burmeseclassic.com

www.burmeseclassic.com



အမြင်ရှိတဲ့ မုန်းဒူဝါကြီးတစ်ယောက်ပဲ၊ ဒါကြောင့်လဲ သူ့သားကို ကချင်ပြည်နယ်ကနေ ဝေးလံတဲ့ရှမ်းရွာကလေးတစ်ရွာကိုလွှတ်ပြီး သိုင်းပညာသင်ယူခိုင်းတာပဲ၊ မင်းအာဇာဟာ ဒူဝါသားပီပီ ဇွဲလုံ့လဝီရိယကြီးတယ်၊ ဉာဏ်ရည်ထက်မြက်တယ်၊ သူဟာ တစ်နေ့ မုန်းဒူဝါကြီးလုပ်ပြီး ပြည်နယ်မှာ အုပ်ချုပ်မဲ့သူဆိုတော့ ရည်မှန်းချက်လဲကြီးတယ်၊ သူ့ရဲ့အမျိုးအနွယ်ကိုလဲချစ်တယ်၊ ဒါကြောင့် အဖေ့ရဲ့တပည့်တွေထဲမှာ အတော်ဆုံးတပည့်တစ်ယောက်ဖြစ်ခဲ့တယ် ''

ဟုပြောရင်း မိုးနတ်မယ်သည် ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လေ၏။ မရန်နော်သည် ဖခင်၏ငယ်စဉ်ဘဝကို တစ်ကြိမ်တစ်ခါမျှ မကြားဘူးသဖြင့် စိတ်ဝင်စားစွာ နားထောင်နေလေ၏။ မိုးနတ်မယ်က ဆက်၍

'' တိုတိုပြောရရင်တော့ မင်းအာဇနဲ့ငါဟာ ငယ်ရွယ်သူတွေပီပီ အနေနီးပြီး သံယောဇဉ်တွေပိုခဲ့တယ်၊ ချစ်သူဘဝကိုရောက်ခဲ့ကြတယ်၊ ငါတို့နှစ်ယောက် ရင်းနှီးကျွမ်းဝင်တာကို ဖခင်သိုင်းဆရာကြီးကသိပ်မီတဲ့အတွက် ငါ့ကိုခေါ်ပြီး သတိပေးတယ်၊ မင်းအာဇာဟာ မုန်းဒူဝါကြီးရဲ့ တစ်ဦးတည်းသောသားဖြစ်တာမို့ သူ့အမျိုးအနွယ်ကို စောင့်ထိန်းတဲ့အနေနဲ့ မျိုးနွယ်တူတဲ့လူကိုပဲ လက်ထပ်လိမ့်မယ်တဲ့ ''

ဟုပြောဆိုလေရာ မရန်နော်သည် ကချင်လူမျိုးတို့၏ လက်ထပ်သော ဓလေ့ထုံးစံကို သတိရလေသည်။

ကချင်လူမျိုးတို့၌ အမျိုးအနွယ်မည်ချောင် ဖျားပြားစကားမှု ညီအစ်ကိုမျိုး၊ ယောက္ခမမျိုး သမက်မျိုး ဟူ၍ အမျိုးအနွယ်သုံးမျိုးသာ ရှိ၏။

---



ယောက္ခမမျိုးထဲမှ အမျိုးသမီးကို သမက်မျိုးထဲမှ အမျိုးသားက လက်ထပ်ခွင့်ရှိ၏။ သမက်မျိုးထဲမှ အမျိုးသမီးကို ယောက္ခမမျိုးမှ အမျိုးသားက လက်ထပ်ယူခွင့်မရှိချေ။

ထိုဓလေ့ထုံးစံကို ကချင်လူမျိုးတိုင်း ကျေနပ်စွာလိုက်နာကြသည်။

ထိုထုံးစံကို ပယ်ဖျက်မိပါက လူ့ပတ်ဝန်းကျင်၏ ပြစ်တင်ရှုံ့ချမှုကိုခံရပြီး နိုးရာနတ်များ၏ ပြစ်ဒဏ်ခတ်ခြင်းကို ခံရမည်ဟု ယုံကြည်ကြ၏။

မရန်နော်သည် ကချင်တို့၏ ရိုးရာဓလေ့ထုံးစံများကို တွေးတောပြီးရာက မိုးနတ်မယ်၏စကားများကို ပြန်လည် နားစိုက်ထောင်မိလေ၏။

'' ဒါပေမဲ့ အချစ်စိတ်မွှန်နေတဲ့ငါဟာ အဖေ့ရဲ့စကားကို နားမဝင်ဘဲ မင်းအာဇာကို အယုံကြီးယုံပြီး ပုံအပ်ထားမိတယ်၊ မင်းအာဇာကလဲ ငါနဲ့ ချစ်ကျွမ်းဝင်တဲ့အချိန်မှာ သိုင်းပညာမလေ့ကျင့်နိုင်ဘဲ တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်ဘဲ ချစ်ကျွမ်းဝင်ခဲ့တယ်၊ ဒီလိုနဲ့ မင်းအာဇာဟာ ငါ့အဖေဆီက သိုင်းပညာသင်ရင်း ပညာမစုံမီမှာဘဲ ကချင်ပြည်နယ်က မုန်းဒူဝါကြီးရဲ့ အထောက်တော်တစ်ယောက်ရောက်လာပြီး မင်းအာဇာရဲ့ညီ မင်းဦးလေး သေဆုံးသွားတဲ့အတွက် ပြန်ခဲ့ဖို့ခေါ်လာခဲ့ပို့ အကြောင်းထုတ်ကာတယ်၊ တကယ်တော့ မုန်းဒူဝါကြီးရဲ့ ကိုက်အရေးကို ဆက်ခံမဲ့သူက မင်းအာဇာမဟုတ်ဘူး၊ မင်းဦးလေးပဲ၊ အခုတော့ မင်းဦးလေးက သေသွားတဲ့အတွက် မင်းအာဇာဟာ မုန်းဒူဝါရာထူးဆက်ခံဖို့ဖြစ်လာရတယ် ''

ဟုပြောဆိုလေရာ မရန်နော်သည် မိုးနတ်မယ်၏စကားကြောင့် ကချင်ရိုးရာဓလေ့ထုံးစံကို သတိရပြန်၏။

---

www.burmeseclassic.com

www.burmeseclassic.com



ကချင်အုပ်ချုပ်သူ လူတန်းစားဖြစ်သော ဒူဝါအမျိုးအနွယ်ဝင်တို့၏ ဖခင်ဒူဝါ၏အရိုက်အရာကို အငယ်ဆုံးသားကသာ ဆက်ခံနိုင်ခွင့်ရှိ၏။

အငယ်ဆုံးသားသည် အကြောင်းတစ်စုံတစ်ရာကြောင့် ဒူဝါနေရာကို ဆက်ခံနိုင်ခွင့်မရှိမှသာ နောက်ထပ်သားတစ်ယောက်က ဆက်ခံနိုင်၏။ မရန်နော်၏အဘိုး၌ သားနှစ်ယောက်ကိုသာ မွေးထားသဖြင့် ညီငယ် သေဆုံးသောအခါ မရန်နော်၏အဖေက ဒူဝါကြီးရာထူး၌ ဆက်ခံနေလေ၏။ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက ဆက်လက်၍

'' မင်းအဖေဟာ ကချင်ပြည်နယ်ကို ပြန်ရမယ်ဆိုတော့ ငါ့ကို ကတိတွေ အကြိမ်ကြိမ်ပေးပြီး နှစ်သိမ့်ခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ မင်းအဖေနဲ့ငါဟာ အချစ်နယ်ကျွံခဲ့ပြီးပြီလေ။ မင်းအဖေဟာ ကချင်ပြည်နယ်ကိုရောက်ပြန်ပြီး ငါ့ဆီကိုအရောက်ပြန်လာခဲ့မယ်လို့ ကတိတွေ အကြိမ်ကြိမ်ပေးခဲ့တယ်၊ အဲဒီတုန်းက သူ့ကို လေးလေးနက်နက် ပြောခဲ့တဲ့စကားတစ်ခွန်းရှိတယ်၊ ရှင် ကတိဖျက်ပြီး ကျွန်မဆီကို ပြန်မလာခဲ့ရင် တစ်နေ့နေ့တစ်ချိန်ချိန်မှာ ရှင့်ဆီကို ကျွန်မအရောက်လာပြီး အကြွေးတောင်းမယ်၊ ဒီအချိန်ရောက်ရင်သာ ရှင့်အကြွေးဆပ်ဖို့ ပြင်ပေတော့လို့ပြောခဲ့တယ်၊ မင်းအဖေဟာ ကချင်ပြည်နယ်ကို ပြန်ရောက်တဲ့အခါ မရှောင်သာတဲ့ မှန်းဒူဝါရာထူးကို ဆက်ခံရတယ်၊ နောက်ပြီးတော့ ကချင်ဒူဝါအမျိုးအနွယ်ဝင် မိန်းမတစ်ယောက်နဲ့ လက်ထပ်လိုက်ရတယ်လို့ ကြားရတယ်၊ ဒီအကြောင်းတွေကို ငါပြန်ကြားတဲ့အခါမှာ မင်းအဖေကို သစ္စာမရှိတူးဆိုပြီး ငယ်ရွယ်သူတို့စိတ်နဲ့ အမုန်းကြီးမုန်းတီးခဲ့တယ်၊ မင်းအဖေနဲ့ ခွဲခွာကာနီးမှာ အမှတ်တရပေးခဲ့တဲ့ ကျောက်စိမ်းပုလွေကိုလဲ ရိုက်ချိုးပစ်ခဲ့တယ်၊





ငါလဲ ဒီအချိန်ကစပြီး ယောကျ်ားတွေကို စိတ်နာပြီး အိမ်ထောင်မပြုဘဲ နေလာခဲ့တာ ဒီနေ့အထိပဲ ''

ဟုပြောလေရာ မရန်နော်က သက်ပြင်းချ၍

'' အဒေါ်နဲ့အဖေရဲ့နောက်ကြောင်းကို ကြားရတာ စိတ်မကောင်းစရာဗျာ၊ ဖူးစာမပါလို့ပဲ သဘောထားရမှာပေ့ါ ဒါနဲ့ အဒေါ်က ကချင်ပြည်နယ်ကို ဘာဖြစ်လို့ ရောက်လာရတာလဲ ''

ဟုမေးမြန်းလေ၏။ မရန်နော်၏အမေးကြောင့် မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးသည်မျက်မှောင်ကြုတ်၍

'' ငါဟာ အဖေနဲ့အတူနေပြီးသိုင်းပညာသင်ကြားနေခဲ့တယ်၊ ငါဟာအဖေနဲ့အတူနေပြီး သိုင်းပညာသင်ကြားနေခဲ့တယ်၊ ဒီလိုနဲ့ ငါ့အဖေ အသက်အရွယ်ထောက်လာတဲ့အခါ သိုင်းပညာသင်ကြားမှုတွေကို တဖြည်းဖြည်း ရပ်ဆိုင်းခဲ့တယ်၊ ဒါပေမဲ့ သိုင်းပညာသင်ယူချင်တဲ့သူတွေက တောင်းပန်တာနဲ့ လူနည်းစုကိုတော့ သင်ပေးနေရဆဲပဲ၊ တစ်နေ့တော့ ငါတို့သင်တန်းကို ဗလဆိုတဲ့ လက်ဖွေ့သမားတစ်ယောက်ရောက်လာပြီး သိုင်းပညာသင်ယူခဲ့တယ်၊ ဗလဟာသိုင်းပညာသင်ယူရင်း အရက်သောက်ပြီး ရွာထဲမှာ ရမ်းကားလို့ ငါ့အဖေဟာ ပြင်းပြင်းထန်ထန်သတိ ပေးရတယ်၊ ဗလဟာ အကျင့်စာရိတ္တမကောင်းမှန်း ရိပ်စားမိလို့ သူ့ကို သတိ ထားပြီး စောင့်ကြည့်နေခဲ့တယ်၊ တစ်နေ့တော့ ငါတို့ရွာက ဘုရားပွဲရှိလို့ အဖေအလုပ်များနေတဲ့အချိန်မှာ အဖေရဲ့ မိုးကြိုးတံခွန် အထိမ်းအမှတ်အရုပ်ကလေးပျောက်ဆုံးသွားခဲ့တယ်၊ တကယ်တော့ မိုးကြိုးတံခွန် အရုပ်ကလေးဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက အဖေ့ရဲ့ ဘိုးဘေးတွေ ထိန်းသိမ်းခဲ့တယ်၊ အဖေ့မျိုးနွယ်



www.burmeseclassic.com

ခတွေဟာ ဒီဒေသကို ရောက်လာပြီး မိုးကြိုးပစ်လို့ မီးတွေလောင်ပြီး ကျွမ်းခေါင်ခေါင်ဖြစ်နေတဲ့ နေရာမှာရွာတည်ခဲ့တယ်၊ ဒါကြောင့် အမျိုး အနွယ်တွေရဲ့ အထိမ်းအမှတ်အနေနဲ့ မိုးကြိုးတံခွန် အရုပ်ကလေး လုပ်ပြီး သိမ်းသိမ်းခဲ့တာ နှစ်ပေါင်းရာ ကျော်ခဲ့ပြီ အခုဟာ မိုးကြိုးတံခွန် အရုပ်ကလေးကို လိုဏ်ဂူလေးထဲမှာ သိမ်းထားခဲ့တယ်၊ လိုဏ်ဂူ တံခါး ကို သံတခါးလုပ်ပြီး သော့ခတ်ထားခဲ့တယ်၊ အခုဟာ မိုးကြိုးတံခွန် အရုပ်ကလေးရှိတဲ့ လိုဏ်ဂူကိုဘစ်ဖတ် တစ်ကြိမ် သန့်ရှင်းရေး လုပ်လေ့ ရှိတယ်၊ လူယုတ်မာဇလဟာ မိုးကြိုးတံခွန် အရုပ်ကလေးကို အဖိုးတန် မှန်းသိလို့ ဘုရားပွဲတော်ကျင်းပတဲ့အချိန်မှာ ခိုးယူသွားခဲ့တယ်၊ ငါ့အဖေ ဟာ မိုးကြိုးတံခွန်အရုပ်ကလေး ခိုးယူခံရတဲ့ အချိန်ကစပြီး မအိပ်နိုင် မစားနိုင်ဖြစ်ခဲ့တယ်၊ သူတို့ဘိုးဘေးတွေ လက်ထက်ကတည်းက အစဉ် အဆက် ထိန်းသိမ်းခဲ့တဲ့ မိုးကြိုးတံခွန်က သူ့လက်ထက်ကျမှ တော့ ပျောက်ဆုံးရတယ်ဆိုပြီး ဝမ်းနည်းကြေကွဲ ခဲ့တယ်၊ နောက်ဆုံးတော့ မိုးကြိုးတံခွန်အရုပ်ကလေးပျောက်ဆုံးတဲ့စိတ်နဲ့ပဲ ကွယ်လွန်ခဲ့ ရရှာတယ်၊ သူကွယ်လွန်ခါနီးတော့ အရုပ်ကလေးကို သူ့ ကိုယ်စား ပြန်ရအောင် ရှာဖွေပေးဖို့ ငါ့ကိုကတိတောင်းခဲ့တယ်၊ ဒါကြောင့်လဲ မိုးကြိုးတံခွန် အရုပ်ကလေးကိုရှာဖွေဖို့ ငါ့တာဝန်ဖြစ်လာခဲ့ တာပဲ ''

ဟုပြောရင်း သူမ၏စကားကို ရပ်နား၍ ရေနွေးကြမ်းတစ်ခွက်ကို သောက်လေ၏။ ပြီးနောက် ဒေးလိုးမုန့်တစ်ခုကို စားပြန်၏။ သူမက ဆက်လက်၍

'' ငါဟာ အဖေဆုံးတာနဲ့ လူယုတ်မာဇလနောက်ကို သတင်း အနံ့ခံပြီး မြန်မာပြည်အနှံ့လိုက်လံရှာဖွေခဲ့တယ်၊ ငါက်တောင်းချင်တော့





လူယုတ်မာဟာ မိုးကြိုးတံခွန်အရုပ်ကလေး [illegible] ရောင်းကောင်းမရလို့ မရောင်းသေးဘဲ သူ့လက်ထဲမှာပဲ [illegible] တစ်နေ့တော့ ဧာတ် ပြည်က သာယာဝတီမြို့ [illegible] ကိုရောက်တော့ မြို့လယ်က ကွင်းကြီးမှာ အငြိမ့်ပွဲတစ်ပွဲ [illegible] ထိုင်ကြည့်ခဲ့တယ်၊ အဲဒီအခါမှာ လူရွှင်တော်လုပ်တဲ့ [illegible] ကောင်ဟာ လူယုတ်မာဇလနဲ့ အတော်တူ [illegible] ကို တိုးပြီး ကြည့်ခဲ့တယ်၊ အဲဒီမှာ လူရွှင်တော်လုပ်တဲ့ [illegible] ကောင်ဟာ ငါ့ကိုသတိပြုမိသွားတယ်၊ [illegible] ထွက်တော့ လူရွှင်တော် လေးယောက်ထဲက သုံးယောက်ပဲတွေ့ရတော့တယ်၊ ဒီတော့ ငါ့သံသယဖြစ်သွားပြီး [illegible] လူရွှင်တော် အယောင်ဆောင် ထားတဲ့ဇလဟာ [illegible] အဲဒီတုန်းက ဘယ်လောက်များ [illegible] လူရွှင်တော် အယောင်ဆောင်ထားတဲ့ဇလဟာ မိုးကြိုးတံခွန်အရုပ်ကလေးကို အငြိမ့်မင်းသမီးမိုးသူဇာဆီမှာ [illegible] ပြီး အရက်သောက် တယ်လို့သိရတယ်၊ လူရွှင်တော်ဇလဟာ [illegible] ထွက်ပြေးကာနီး မိနစ်ပိုင်းအလိုရောက်မှ မင်းသမီးမိုးသူဇာဆီက မိုးကြိုးတံခွန်အရုပ် ကလေးကို တစ်ကျပ်နဲ့ပြန်ရွေးပြီး [illegible] ''

ဟုပြောဆိုလေရာ [illegible]

'' အဖေါ်ရဲ့ရန်သူကို လက်စားချေ [illegible] ပေါ့ ''

ဟုရေရွတ်လေ၏။

မိုးနတ်မယ်ဆိုသော် [illegible]



www.burmeseclassic.com

www.burmeseclassic.com



“ ဟုတ်တယ်၊ ငါနည်းနည်းလေးနောက်ကျသွားလို့ ဒီကောင် လွတ်မြောက်သွားတယ်၊ ဒီကောင်ဟာ ငါ့ကိုတော့ သေလုမျောပါး ကြောက်လန့်တယ်၊ ဒါ့ကြောင့် ငါ့လက်ကလွတ်အောင် မြန်မာပြည်အနှံ့ လှည့်ပြေးနေတယ်၊ သူဟာ ငါ့လက်ထဲရောက်ရင် အသတ်ခံရမယ် ဆိုတာ ကြိုသိနေတယ်၊ ငါကတော့ အစတုန်းကတော့ သူ့လက်ထဲက မိုးကြိုးတံခွန်အရုပ် ကလေးကိုဘယ်သူနဲ့မှ တည့်အောင်မရောင်းရဘူး ဖြစ်နေတယ်၊ ဒီလိုနဲ့ နှစ်အတော်ကြာတော့ မြေလတ်ပိုင်းမြို့ကလေး တစ်မြို့မှာ အလွန်နာမည်ကြီးနေတဲ့ ဘိုးတော်တစ်ယောက်ကို ငါတွေ့ခဲ့တယ်၊ အဲဒီဘိုးတော်ဟာ တပည့်တပန်းတွေအများကြီးနဲ့ ခြံကြီးတစ်ခြံမှာ ဘုရင်လို ငါတစ်မင်း နေထိုင်တာတွေ့ရတယ်၊ ငါဟာ ဘိုးတော်ရဲ့ခြံထဲကိုဝင်ပြီး တစ်နာရီ လောက်လေ့လာကြည့်တော့ ဘိုးတော်ဟာ လူလိမ်ဆိုတာသဘော ပေါက်သွားတယ်၊ သူဟာ ပျောက်စေဆန်ဆန် နည်းလမ်းတွေနဲ့ ဒုက္ခ ရောက်နေသူတွေကို လိမ်ညာနေတာပဲ၊ ငါဟာ များပြားလှတဲ့ မိန်းမ ပရိသတ်တွေကြားမှာ ဝင်ပြီး ဘိုးတော်ကို သေသေချာချာကြည့်တော့ ဘိုးတော်ဟာ လူယုတ်မာ ဗလပဲဖြစ်နေတယ်၊ ဒါကြောင့်ငါဟာ အလွန် ဝမ်းသာသွားပြီး ဒီတစ်ကြိမ်တော့ လူယုတ်မာကို အမိဖမ်းမယ်လို့ ဆုံး ဖြတ်လိုက်တယ်၊ ဒါကြောင့် ဘိုးတော်ကို စွပ်မဲ့ပန်းကုံးတစ်ကုံးကိုဈေးကြီးကြီးပေးပြီး ဝယ်ယူခဲ့တယ်၊ နောက်ပြီးတော့ အလုအယက်ပန်းကုံး စွပ်မဲ့မိန်းမတွေ နောက်မှာ တန်းစီစောင့်နေတယ်၊ လူယုတ်မာကံကောင်းချင်တော့ သူဟာပန်းကုံးစွပ်မဲ့မိန်းမတွေကြားက ငါ့ကိုမှတ်မိသွားခဲ့တယ်၊ ဒါကြောင့် ငါ့အလှည့်မရောက်မီမှာ ပန်းကုံးစွပ်ပွဲကိုရပ်ပြီး အိမ်ကြီးရဲ့ အနောက်ကို





ဝင်ပြေးတယ်၊ ဒီတစ်ကြိမ်တော့ ငါဟာ လူယုတ်မာဗလကို အလွတ် မပေးတော့ဘူးလို့ဆုံးဖြတ်ပြီး အိမ်ကြီးထဲကို အတင်းဝင်ရှာဖွေတော့ ဘိုးတော်ရဲ့တပည့်တွေနဲ့ ပဋိပက္ခဖြစ်ရပြန်တယ်၊ ဒါပေမဲ့ ဒီတစ်ကြိမ်လည်း လူယုတ်မာဗလဟာ မြေလျှိုးမိုးပျံပြီး လွတ်မြောက်သွားပြန်တယ်”

ဟုပြောဆိုလေရာ မရန်နော်က မျက်မှောင်ကြုတ်၍

“ ဘယ်လို လွတ်သွားတာလဲ၊ မိကာနီးမှဗျာ ”

ဟုရေရွတ်လေ၏။ မိုးနတ်မယ်ဆိုသောအမျိုးသမီးကြီးက

“ ဒီကောင်ရဲ့အိမ်ကြီးမှာလျှို့ဝှက်မြေတိုက်ခန်းရှိတယ်၊ ဒီမြေတိုက်ခန်းကတစ်ဆင့်လွတ်မြောက်သွားတာပဲ၊ ငါဟာ လူယုတ်မာ ကို မိကာနီးမှ လွတ်မြောက်သွားလို့ အတော်လေး မချင့်မရဲဖြစ်ခဲ့တယ်၊ နောက်တော့ သူ့ကို အမိဖမ်းဖို့ လိုက်ရှာပေမဲ့ မြန်မာပြည်အနှံ့ ဘယ်နေရာမှာမှ ရှာလို့ မတွေ့တော့ဘူး၊ ငါဟာ သူ့ကို သဲကြီးမဲကြီး လိုက်ရှာခဲ့ပေမဲ့ မတွေ့တဲ့အခါ မိုးကြိုးတံခွန်အရုပ်ကလေးအတွက် စိုးရိမ်သောကစိတ်ဖြစ်ပေါ်ခဲ့တယ်၊ ဒီလိုနဲ့ ဧရာဝတီမြစ်ကမ်းနဘေးက ရွာတစ်ရွာကိုကျော်ဖြတ်ပြီးတောစပ်ကိုရောက်တော့ လူတစ်စုဟာ လိုဏ်ဂူကြီးတစ်လုံးကိုကျောက်တုံး ကျောက်ခဲကြီးတွေနဲ့ ပိတ်ဖို့ကြိုးစား နေတာတွေ့ရတယ်၊ ငါဟာ သူတို့ ရဲ့အကြံကိုသိချင်တာနဲ့ ချောင်းပြီး ကြည့်နေခဲ့တယ် ”

အမျိုးသမီးကြီးသည် ပြောရင်း ရေနွေးတစ်ခွက်ကိုသောက်ပြန် ၏။ မရန်နော်လည်း တစ်ခွက်သောက်၍ နားစွင့်နေလေ၏။

သူမက ဆက်၍

“ ဒီတော့မှ လိုဏ်ဂူကို ပိတ်နေတဲ့လူတွေဟာ ဓားပြတွေဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိခဲ့ရတယ်၊ ဝါးပြွတွေက လိုက်ဂူထဲမှာ တစ်ခုံတစ်ခုကို ပိတ်လှောင်နေတယ်လို့ ငါထင်တယ်၊ ဒါကြောင့် ချောင်းမြောင်းပြီးနားထောင်ကြည့်တော့ ဂူထဲမှာ တရားကျင့်နေတဲ့သူတော်စင်တစ်ယောက်ကို ပိတ်လှောင်နေကြောင်း အံ့ဩဖွယ်သိရတယ် ''

ဟုပြောဆိုလေရာမရန်နေဘ်က မျက်မှောင်ကြုတ်၍

'' ဒီလူတွေအဓော်ယုတ်မာတာပဲ၊ သူတော်စင်တရားကျင့်တာကို ရှုပြင်ကနေ အဓေသပိတ်တယ် ''

ဟုရေရွတ်လေ၏။

မိုးနတ်မယ်ဆိုသောအမျိုးသမီးကြီးက

'' အဲဒီသူတော်စင်ဟာဘယ်သူလဲဆိုရင် မင်းအံ့ဩသွားမယ်၊ သူဟာမြားဝိဇ္ဇာ လူတူးလူဆန်းကြီးလေ ''

ဟုပြောဆိုလေရာ မရန်နေဘ်က မိမိအား စွန်ပုံစီး၍ မြားပစ်အတတ်ကို သင်ပြပေးသောလူကြီးကိုအမှတ်ရသွားလေ၏။

မိုးနတ်မယ်က ဆက်လက်၍

'' ဝါးပြွတွေဟာ မြားဝိဇ္ဇာလူကြီးနဲ့ ရန်ငြိုးရန်စရှိတယ်၊ ဒါကြောင့် ဒီလူကြီးဂူထဲမှာ အဓိဋ္ဌာန်နဲ့တရားကျင့်နေတုန်း ဂူပေါက်ကို အဓေသပိတ်ဆို့ကြတာပဲ၊ တကယ်တော့ ဒီလူကြီးဟာ သိပ်ပြီးကောင်းတဲ့လူကြီးမဟုတ်ဘူး၊ သူဟာ ဟိုနေရာစပ်စပ် ဒီနေရာစပ်စပ် ပါတတ်တယ်၊ သူများကိစ္စတွေ ဝင်ရှုပ်လွန်းလို့ ပြဿနာဖြစ်ပေါင်းများလှပြီ၊ သူ့နာမည်က ဦးထိပ်သီးတဲ့၊ သူ့အကြောင်းသိတဲ့လူတွေက လူ့ဌစာကြီး ဦးထိပ်သီးလို့ ကွယ်ရာမှာခေါ်ခဲ့တယ်၊ ဒါပေမဲ့ ငါဟာ အဲဒီတုန်းက လူ့ဌစာကြီး ဦးထိပ်သီးကို ဂူထဲကလွတ်မြောက်အောင် ကယ်တင်ပေးခဲ့တယ်၊ သူ့ကို





လွယ်လွယ်လေးကယ်လို့ရတာမဟုတ်ဘူး၊ အနီးအနားရွာက ရွာသားတွေကိုစုစည်းပြီးကျောက်တုံးကြီးတွေကို ဖြိုဖျက်ပစ်ခဲ့ရတယ်၊ ကျောက်တုံးကြီးတွေကြားကနေ သူ့အတွက် စားသောက်ဖွယ်ရာတွေ ပို့ပေးရတယ် ''

ဟုပြောဆိုလေရာမရန်နေဘ်က သက်ပြင်းချ၍

'' ဒီလူကြီးကကောင်းလို့အသက်ရှင်တာပေါ့ ''

ဟုမေးမြန်းလေရာ မိုးနတ်မယ်က ခေါင်းညိတ်၍

'' ဒီလူကြီးမှာ အဓမပေးတဲ့အသက်မရှိတော့ဘူး၊ ငါပေးတဲ့အသက်ပဲရှိတယ်၊ ဒီလူကြီးဟာ လူ့ဌစာပီပီ ငါ့ကို ကျေးဇူးတင်စကားမပြောဘူး၊ ငါ့ကိုကျေးဇူးတင်ရမှာစိုးလို့ ခင်ဗျားမှာအခက်အခဲရှိရင် ကူညီပြန်ပေးမယ်တဲ့၊ ဒီတော့လဲ ငါက ငါ့ရဲ့အဓိကအခက်အခဲဖြစ်တဲ့လူယုတ်မာဗလကို ရှာဖွေဖို့တာဝန်ကို သူ့ကိုလွှဲပေးလိုက်တယ် ''

ဟုပြောလေ၏။

မရန်နေဘ်က စိတ်ဝင်စားဟန်ဖြင့်

'' ဒီလိုတော့ အားကိုးလို့ရသလား ''

ဟုမေးမြန်းလေ၏။ မိုးနတ်မယ်က ခေါင်းညိတ်၍

'' သိပ်အားကိုးရတာပေါ့၊ ဒီလူကြီးဟာ သူတစ်ပါးကို ကျေးဇူးတင်ခံချင်တဲ့လူကြီးမဟုတ်ဘူး၊ ဒါကြောင့် ဗလရဲ့သဲလွန်စကို မရရအောင် ရှာဘဲ့နေရာမှာ ငါ့ထက်တော်တယ်၊ ငါဘယ်လိုမှ ရှာဖွေမတွေ့တဲ့လူယုတ်မာဗလရဲ့သဲလွန်စကို မရရအောင် ရှာဖွေပေးခဲ့တယ် ''

ဟုပြောဆိုလေရာ မရန်နေဘ်က သက်ပြင်းချ၍

'' ဒါဆိုရင် ဗလဆိုတဲ့လူရဲ့နေရာကို သိပြီပေါ့၊ သူ့ဘယ်ကိုရောက်



www.burmeseclassic.com

www.burmeseclassic.com



နေသလဲ ''

ဟုမေးမြန်းလေ၏၊ ထိုအခါ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက

'' သူဟာ မင်းတို့နယ်မြေကိုရောက်နေတယ်၊ ဒါကြောင့် ဒီကောင်ရဲ့သဲလွန်စကို ငါရှာမတွေ့တာပေါ့ ''

ဟုပြောဆိုလေ၏။ မရန်နေဘ်က မျက်မှောင်ကြုတ်၍

'' ကျုပ်တို့ဒေသကို ရောက်နေတယ်ဟုတ်လား၊ ဒီလူဘယ်ရွာမှာလဲ ''

ဟုမေးမြန်းလေ၏။

ထိုအခါ မိုးနတ်မယ်က အခေးဆီသို့ငေးကြည့်၍

'' သူဟာ မြောက်ဖွန်းဒေသက မုန်းဒူဝါ တိန်ဖိုင်ရှားဆီမှာ ရောက်နေတယ် ''

ဟုပြောဆိုလေရာ မရန်နေဘ်သည် အလွန်အံ့ဩသွားလေ၏။

မြောက်ဖွန်းဒေသရှိ မုန်းဒူဝါ တိန်ဖိုင်ရှား၏အမည်ကို သူကောင်းစွာသိကျွမ်း၏။ မုန်းဒူဝါ တိန်ဖိုင်ရှားသည် စစ်မက်အလွန်လိုလားသူဖြစ်ပြီး ဒူဝါငယ်များကို တိုက်ခိုက်သိမ်းသွင်းတတ်သူဖြစ်၏။

တိန်ဖိုင်ရှား၏ လက်နက်လူသူအင်အားသည် များပြားလှသဖြင့် သူ့ဖခင် မုန်းဒူဝါကြီးကိုယ်တိုင် တိန်ဖိုင်ရှားကို များစွာသတိထား၍နေထိုင်ရလေ၏။ မုန်းဒူဝါ တိန်ဖိုင်ရှားသည် ဖခင် မုန်းဒူဝါကြီးနှင့်ဆေးလံသော အရပ်၌သာရှိသဖြင့် တိုက်ပွဲမဖြစ်ပွားခြင်းဖြစ်၏။

မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက မျက်မှောင်ကြုတ်၍

'' မုန်းဒူဝါတိန်ဖိုင်ရှားကို မင်းတို့ကောင်းကောင်းသိမှာပေါ့၊ လူ





ယုတ်မာ ဇလဟာ တိန်ဖိုင်ရှားဆီမှာရောက်နေလို့ ငါမျက်ခြေပြတ်သွားတာပဲ ''

ဟုပြောလေ၏။ထိုအခါ မရန်နေဘ်က စိတ်ဝင်စားစွာဖြင့်

'' ဇလဆိုတဲ့လူဟာမုန်းဒူဝါ တိန်ဖိုင်ရှားဆီမှာ ဘယ်လိုရောက်နေတာလဲ ''

ဟုမေးမြန်းလေ၏။ မိုးနတ်မယ်ဆိုသောအမျိုးသမီးကြီးက

'' လူယုတ်မာဇလရဲ့သတင်းကို လူ့ဂွစာကြီးဦးထိပ်သီးက စုံစမ်းပေးခဲ့တယ်၊ ဒီလူကြီးဟာ သိပ်လျှင်တယ်၊ ငါဘယ်လိုမှ သဲလွန်စကောက်မရလို့ လက်လျှော့နေချိန်မှာ မြန်မာပြည်မြောက်ဖွန်းမှာ ဇလရောက်နေတယ်လို့ သတင်းပေးတယ်၊ သူကိုယ်တိုင်လည်း ဒီဒေသကိုလာပြီး လူယုတ်မာကို လက်ဂမမ်းဖို့ကြိုးစားတယ်၊ တကယ်တော့ ဇလဟာ အောက်ပြည်အောက်ရွာမှာနေရင် ငါနဲ့ထိပ်တိုက်တွေ့မှာစိုးလို့ ကချင်ပြည်နယ်ကို ထွက်ပြေးခဲ့တာပဲ၊ ကချင်ပြည်နယ်ကိုရောက်တော့ တိဗက်–မြန်မာနယ်စပ်ကို ပြေးရင်း မုန်းဒူဝါ တိန်ဖိုင်ရှားနဲ့ထိပ်တိုက်တွေ့တော့တာပဲ ''

ဟုပြောဆိုလေ၏။

မရန်နေဘ်က မျက်မှောင်ကြုတ်၍

'' ဇလလို သူခိုးတစ်ယောက်နဲ့ မုန်းဒူဝါ တိန်ဖိုင်ရှား ဘယ်လိုပတ်သက်သွားတာလဲ ''

ဟုမေးမြန်းလေ၏။ ထိုအခါ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက ခေါင်းညိတ်၍

'' မုန်းဒူဝါတိန်ဖိုင်ရှားနဲ့ သူခိုးဇလ တွေ့ဆုံခဲ့တာ အတော်ထိန်း



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မုန်းဒူဝါ တိန်ဖိုင်ရှားမှာ နတ်မီးမယ်လို ချောမောလှပတဲ့ ညီမသုံး ယောက်ရှိတယ်တဲ့၊ သူခိုးဗလဘာ တံခိုးရှင်တော့ မုန်းဒူဝါတိန်ဖိုင်ရှား ရဲ့နယ်မြေကိုရောက်သွားပြီး ညီမသုံးယောက်ရဲ့ အရိုးကန့်ရှိရာကို ရောက်သွားတယ်၊ မုန်းဒူဝါရဲ့ ညီမသုံးယောက်ဟာ အရကန့်ထဲမှာ လွတ် လွတ်လပ်လပ်ရေချိုးနေတုန်း ချောင်းမြောင်းကြည့်နေတဲ့ လူယုတ်မာ ဗလကို သတိပြုမိသွားတယ်၊ ဒါကြောင့် မုန်းဒူဝါရဲ့တပည့်တွေက ဝိုင်းဝန်း ဖမ်းဆီးပြီး တိန်ဖိုင်ရှားဆီ ပို့လိုက်တယ်၊ တိန်ဖိုင်ရှားဟာ ညီမ သုံးယောက်ကိုသိပ်ချစ်တယ်၊ ဒါကြောင့် သူခိုးဗလကို သေဒဏ်ပေးဖို့ အမိန့်ပေးလိုက် တယ်၊ ဒါပေမဲ့ ဥာဏ်နီဥာဏ်နက်များတဲ့ သူခိုးဗလဟာ မိုးကြိုးတံခွန် အရုပ်ကလေးကို အသုံးချပြီး အသက်အန္တရာယ်က လွတ်မြောက်အောင် လုပ်နိုင်ခဲ့တယ်၊ဘာဖြစ်လို့လဲဆိုတော့ တိန်ဖိုင်ရှား ဟာ ရှေးဟောင်းပစ္စည်း တွေရဲ့တန်ဖိုးကိုကောင်းကောင်းနားလည် နေလို့ပဲ၊ သူဟာ မုန်းဒူဝါ တန်ဆိုး ဖြစ်ပေမဲ့ တရုတ်ပြည်က ကုန်သည်တွေ နဲ့ပူးပေါင်းနေလို့ ရှေးဟောင်းပစ္စည်းတန်ဖိုးရှိတယ်ဆိုတာ နားလည်နေ တယ်၊ ဒါကြောင့် သူ့ရဲ့အသက်ကို မသတ်တော့ဘဲ ချမ်းသာခွင့်ပေးခဲ့ တယ်၊ အခုတော့ ဗလဟာ မုန်းဒူဝါတိန်ဖိုင်ရှားရဲ့လက်အောက်မှ ရောက်နေပြီး ဒီသတင်းတွေကို လူ့ငွေစာကြီး ဦးထိပ်သီးက စွန်ပုံတစ်စင်း နဲ့သွားလာပြီး စုံစမ်းပေးလို့ ငါသိခဲ့ရတာပါ ''

ဟုပြောလေ၏။ မရန်နေဘ်သည် ထိုအခါမှပင် ငုံ့ကြည့်စီး၍ သွားလာ နေသော ဦးထိပ်သီး၏ ရည်ရွယ်ချက်ကို ရိပ်စားမိလေ၏။

မိုးနတ်မယ်က ဆက်လက်၍

'' ငါ့ရဲ့အစီကရည်ရွယ်ချက် တော့ မုန်းဒူဝါတိန်ဖိုင်ရှားဆီမှာ





ရောက်နေတဲ့ မိုးကြိုးတံခွန်အရုပ်ကို ပြန်ယူဖို့ပဲ၊ ဒါပေမဲ့ လူ့ငွေစာကြီးဆီက ကြားရတဲ့သတင်းကြောင့် မင်းတို့ဒေသအတွက် စိုးရိမ်စရာတွေ ဖြစ်နေ တယ် ''

ဟု ပြောလေရာ မရန်နေဘ်က မျက်မှောင်ကြုတ်၍

'' ဘယ်လိုစိုးရိမ်စရာရှိတာလဲ ''

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ မိုးနတ်မယ်ဆိုသော အမျိုး သမီးကြီးက

'' မုန်းဒူဝါတိန်ဖိုင်ရှားဟာ နယ်စပ်ဒေသက ဓားပြကြီးတွေနဲ့ ပေါင်းသင်းနေတယ် ''

ဟု ပြောဆိုလေ၏။ မရန်နေဘ်သည် အမျိုးသမီးကြီး၏ စကား ကြောင့် ထိတ်လန့်သွားပြီး

'' ဒါဆိုရင် ကျုပ်တို့ဒေသက ပြည်သူတွေအားလုံး ဒုက္ခဆင်းရဲ ရောက်မှာသေချာတယ်၊ ဒီလူကြီးဟာ ကိုယ့်ရပ်ကိုယ့်ရွာကို ဆင်းရဲတွင်း နက်အောင် လုပ်နေတာပဲ၊ နယ်စပ်ဒေသက လူဆိုးတွေဟာ အလွန်ရိုင်း ရိုင်း ကြမ်းတမ်းတယ်ဆိုတာ သူသိရက်သားနဲ့ဗျာ၊ နယ်စပ်ဒေသ လူဆိုး တွေဟာ နှစ်စဉ် ကျုပ်တို့ဒေသကိုရောက်လာတယ်၊ ကျုပ်တို့တူးဖော်ပြီး ရှာဖွေစုဆောင်းထားတဲ့ ရွှေတွေကို အနိုင်ကျင့်ပြီး သိမ်းယူတယ်၊ ယောကျ်ားတွေကိုသတ်ပြီး၊ မိန်းမတွေကိုတော့ သူတို့ရဲ့မယားလုပ်တယ်၊ မုန်းဒူဝါ တိန်ဖိုင်ရှားဟာ ဒီလူတွေကို မဟာမိတ်လုပ်ပြီး ကျုပ်တို့ဒေသကို ကြီးစိုးမယ်ဆိုရင်တော့ ကချင်တိုင်းရင်းသားတွေရဲ့ ကံကြမ္မာကို မတွေး ဝံ့ဘူး ''

ဟု ပြောဆိုလေ၏။



www.burmeseclassic.com

ထိုအခါ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးကခေါင်းညိတ်၍

" ဟုတ်တယ်၊ ဒါကြောင့်လည်း ဝါနဲ့ လူ့ဌာနကြီး ဦးထိပ်သီးပေါင်းပြီး ယုတ်မာကောက်ကျစ်တဲ့ အကြံအစည်တွေ မအောင်မြင်အောင် တိုက်ခိုက်သွားမယ် "

ဟု ပြောဆိုလေ၏။ ထိုအခါ မရန်နော်က လက်သီးဆုပ်၍

" ဒါဆိုရင် လူယုတ်မာကြီး တိန်ခိုင်ရှားရဲ့ အစီအစဉ်တွေ ပျက်အောင် ကျုပ်လဲ တစ်တပ်တစ်အား ပါဝင်မယ်ဗျာ "

ဟု ရေရွတ်လေ၏။ မိုးနတ်မယ်က ခေါင်းညိတ်၍

" ဒါဆိုရင် ငါတို့ သုံးယောက်ပေါင်းပြီး တိန်ခိုင်ရှားရဲ့ အကြံအစည်တွေ မအောင်မြင်အောင် လုပ်ကြတာပေါ့ "

ဟုပြောဆိုကာ ၎င်းတို့၏ စကားဝိုင်းကို အဆုံးသတ်လိုက်လေတော့၏။

မရန်နော်တို့သည် မြောက်ဘက်သို့ခရီးထွက်ခဲ့လေ၏။ ကချင်ပြည်နယ်သည် တောင်ထူထပ်ပြီး လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲသဖြင့် ကုန်းလမ်းခရီးသာ သွားရလေ၏၊

အမျိုးသမီးကြီး၏ လမ်းပြများကို ခေါ်ဆောင်လာခြင်းမရှိသဖြင့် အထုပ်အပိုးများကို တစ်ခိုင်တစ်ပိုင် သယ်ဆောင်ရလေ၏။ ၎င်းတို့သည် မြစ်များ၊ ချောင်းများကိုကျော်ဖြတ်ပြီးခရီးဆက်ရလေ၏။

အချို့သော ရေစီးသန်သော ချောင်းများကို ဝါးဖောင်များ၊ ကြိုးတံတားများဖြင့် ဖြတ်သန်းရ၏၊

၎င်းတို့သည် ခေါင်လန်ဖူးကို ကျော်လွန်ပြီးနောက် ကချင်ရှဝါနယ်များရှိရာ ရွာများကိုဖြတ်သန်းခဲ့၏။ ရွာတစ်ရွာကိုလွန်မြောက်သော





အခါ ခရီးလမ်းတစ်နေရာတွင် တောလမ်းကိုပိတ်ဆို့ထားသောလူတစ်စုကိုတွေ့ရ၏။

ထိုသူများသည် ကချင်လူမျိုးများဖြစ်သော်လည်း လူကောင်းများ ဖြစ်ဟန်မတူချေ။ မရန်နော်က ထိုသူများကို မျက်မှောင်ကြုတ်ကြည့်၍

" မိတ်ဆွေတို့ လမ်းဖယ်ပေးပါ "

ဟုတောင်းဆိုလိုက်လေ၏။ ထိုအခါ ဓားတစ်ချောင်းကို သိုင်းလွယ်ထားသောသူက ခေါင်းခါယမ်း၍

" လမ်းဖယ်ပေးချင်ရင် လွယ်ထားတဲ့အိတ်တွေကိုထားခဲ့ပါ၊ အသာတကြည်လိုက်နာရင် အသက်ချမ်းသာပေးမယ် "

ဟုပြောဆိုလေရာ မရန်နော်တို့သည် မျက်နှာစိမ်းများကို ဓားပြများဟု သဘောပေါက်သွားလေ၏။

ထိုအခါ အမျိုးသမီးကြီးကဝင်၍

" မင်းတို့ဓားပြတိုက်တာ လူမှားနေပြီ၊ ငါတို့ကိုတိုက်ရင် ဘာပစ္စည်းမှမရတဲ့အပြင် မင်းတို့ပစ္စည်းတွေ ပေးခဲ့ရလိမ့်မယ်၊ မရန်နော်က အင်းတန်ဆော်တဲ့ မုဆိုးတစ်ယောက်ပဲ၊ မြားပစ်အတတ်မှာလဲ တဖက်ကမ်းခပ်အောင် ကျွမ်းကျင်တယ် "

ဟုပြောဆိုလေ၏။ ထိုအခါ ဓားပြခေါင်းဆောင်က မျက်မှောင်ကြုတ်၍ကြည့်လိုက်ပြီး

" ဩော်... မင်းက မုဆိုးလား၊ မြားပစ်အတတ်မှာလဲ ကျွမ်းကျင်တယ်ဟုတ်လား "

ဟုရေရွတ်ကာ သူ၏ကျောတွင် သိုင်းလွယ်ထားသော လိုင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှ သေနတ်ကိုထုတ်၍ ချိန်ရွယ်လိုက်လေ၏။

ပြီးနောက် ရယ်မော၍

" ဟဲဟဲ... မြားပစ်အတတ်မှာ ထက်ဖက်ကမ်းဘတ်တဲ့မုဆိုးကို သေနတ်နဲ့ချိန်ရင် ဘယ်လိုလုပ်မလဲ "

ဟုမေးမြန်းလေ၏။ မရန်နော်သည် သူ၏ရင်ဘတ်ကို သေနတ်ဖြင့်ချိန်ရွယ်ခံရသဖြင့် အခက်တွေ့သွားလေ၏။

ထိုအခိုက်မှာပင် မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက ရှေ့သို့တိုး၍ ထိုသူ၏မျက်လုံးကိုစူးစိုက်ကြည့်ကာ

" မင်းရဲ့လက်ထဲက သေနတ်ကြီးက လေးလာပြီ၊ လေးလာပြီ၊ တဖြည်းဖြည်း လေးလာပြီ၊ ကိုင်လို့မရလောက်အောင် လေးလာပြီ "

ဟုရေရွတ်လိုက်လေရာ ဓားပြခေါင်းဆောင်သည် သူ၏လက်ထဲက သေနတ်ကို မကိုင်နိုင်တော့ဘဲ လက်ထဲမှလွတ်ကျသွားလေ၏။

ထိုအခါ အမျိုးသမီးကြီးက သေနတ်ကိုကောက်၍ ရယ်မောကာ

" ကိုယ့်သေနတ်ကိုတောင် မြဲအောင်မကိုင်နိုင်ဘဲ ဓားပြတိုက်မလို့လားကွယ်၊ ငါက မိန်းမဆိုပြီး သေနတ်မပစ်တတ်ဘူးလို့ အထင်မသေးလိုက်နဲ့နော်၊ ဟောဟိုမှာ ဗုံရဲ့လက်စွမ်းလေးကိုကြည့်လိုက်ဦး "

ဟုဆိုကာ ၎င်း၏ခေါင်းတွင်ဆောင်းထားသော ဖြက်ဦးထုပ်ကို ထိမှန်အောင် ပစ်ပြလိုက်ရာ ဓားပြခေါင်းဆောင်၏ ဦးထုပ်သည် အဝေးသို့လွင့်စင်သွားလေ၏။

ဓားပြခေါင်းဆောင်သည် အမျိုးသမီးကြီး၏အစွမ်းကို အလွန်အံ့သြထိတ်လန့်သွားလေ၏။ ၎င်း၏နောက်လိုက်ငယ်သားများမှာလည်း ဓားလှံများကိုသာ ဆောင်ထားကြသဖြင့် မရန်နော်တို့ကို မယှဉ်သာ



တော့ချေ။ မရန်နော်က အမျိုးသမီးကြီး၏အစွမ်းကို တအံ့တသြကြည့်နေစဉ် ဓားပြများသည် တောတွင်းသို့ ဝင်ပြေးကြလေတော့၏။

မိုးနတ်မယ်က ရယ်မော၍

" ဟဲဟဲ ... ဓားပြတွေသနားပါတယ်၊ ဓားပြလာလိုက်တာ ဘာမှစွည်းမှမရဘဲ ခြောက်လုံးပြူးတစ်လက် ဆုံးရှုံးရရှာတယ် "

ဟုပြောဆိုလေ၏။

မရန်နော်က သူမကို တအံ့တသြကြည့်၍

" အခေါ်ရဲ့အစွမ်းက ထူးဆန်းလှချည်လား၊ ဓားပြရဲ့လက်ထဲက သေနတ်ကို လွတ်ကျအောင် ဘယ်လိုလုပ်တာလဲ၊ မှော်အတတ်နဲ့များလုပ်လိုက်သလားဗျာ "

ဟုမေးမြန်းလေ၏။ မရန်နော၏အမေးကို အမျိုးသမီးကြီးက ခေါင်းခါ၍

" တဲ့... မှော်အတတ်မဟုတ်ပါဘူး၊ စိတ်ညှို့ပညာလို့ခေါ်တယ်၊ ဓားပြရဲ့စိတ်ကိုညှို့ပြီး သူ့လက်ထဲကသေနတ်ကို လုယူလိုက်တာပေါ့ "

ဟုပြောဆိုလေ၏။

မရန်နော်က အမျိုးသမီးကြီး၏လက်ထဲရှိ သေနတ်ကိုကြည့်၍

" အခေါ်က သေနတ်လည်းကောင်းကောင်းပစ်တတ်တယ်နော်၊ လက်ဖြောင့်လိုက်တာ၊ ဓားပြရဲ့ဦးထုပ် လေထဲကို လွင့်ထွက်သွားတာ အံ့သြစရာပဲ "

ဟုချီးမွမ်းလေ၏။

မိုးနတ်မယ်က ရယ်မော၍

" ဒီလို ခြိမ်းခြောက်လိုက်မှပဲ ဒီကောင်တွေထွက်ပြေးမယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ငါယုံတယ်၊ ဒါ့ကြောင့် ငါ့ရဲ့အစွမ်းကိုပြလိုက်တာပါ၊ ငါ့အထင်တော့ ဒီ ခါးပြတွေဟာ မုန်းဒူဝါ တိန့်ဗိုင်ရှားနဲ့ ပတ်သက်မယ်ထင်တယ် ''

ဟုပြောဆိုလေရာ မရန်နော်က ခေါင်းညိတ်၍

'' ဖြစ်နိုင်တယ်၊ ဒီဒေသတစ်လျှောက်လုံး မုန်းဒူဝါ တိန့်ဗိုင်ရှား ရဲ့ပိုင်နက်နယ်မြေဖြစ်လိမ့်မယ်၊ ဒါဆိုရင်တော့ တိန့်ဗိုင်ရှားဟာ ကျွန်တော် တို့ထင်တာထက်တောင် ပိုဆိုးနေပြီ သူဟာ တပည့်မွေးပြီး ခါးပြတိုက် တဲ့အဆင့်ကိုရောက်နေပြီ၊ သူဟာ မုန်းဒူဝါကနေ လူဆိုးဓားပြတစ် ယောက်ဖြစ်နေပြီ ''

ဟုပြောလေတော့၏။

၆၀ ဖန်စီ၊ ခွာပြဲ ပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၅၂ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်။





မရန်နော်တို့သည် မေခမြစ်၏ လက်တက်တစ်ခုဖြစ်သော တစ္ဆန့်ခန့်ချောင်းကို ကျော်ဖြတ်ခဲ့လေ၏။ မရန်နော်က ရေစီးသန်သော ချောင်းကိုကျော်ဖြတ်ပြီးနောက်

'' ကျုပ်တို့ ခြေလျင်လမ်းအတိုင်းခရီးဆက်ရန် ရဝမ်တို့နေတဲ့ ပန်နန်ဒင်ကိုရောက်ပြီ ဒီဒေသဟာ မုန်းဒူဝါ တိန့်ဗိုင်ရှားရဲ့ ပိုင်နက်နယ်မြေ ဖြစ်နေပြီ၊ ကျုပ်တို့ ရှေ့ဆက်ပြီး သတိထားရတော့မယ် ''

ဟုပြောဆိုလေ၏။

ထိုဒေသသို့ရောက်သောအခါ မိုးချိန်းသံများကြားရသဖြင့် မိုးနတ် ဖယ်ဆိုသော အမျိုးသမီးကြီးက ကောင်းကင်ကိုမော့ကြည့်၍

'' ရာသီဥတုမကောင်းဘူး၊ မိုးရွာတော့မယ်ထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောဆိုလေရာ မရန်နေဘ်က ကောင်းကင်ကိုမော့ကြည့်၍

“ ဟုတ်တယ်၊ ကျုပ်တို့ မိုးရိုစရာနေရာရှာရမယ်၊ ရေစီးသန်တဲ့ ချောင်းတွေကို ဒီအချိန်မှာ ဖြတ်သန်းလို့မဖြစ်နိုင်ဘူး ”

ဟုပြောလေ၏။

ထိုနောက်တွင်မူ မရန်နေဘ်တို့သည် တဂွန်ဝန်ချောင်းနဘေးရှိ လိုဏ်ဂူတစ်လုံးတွင် နားခိုရန်ပြင်လေ၏။

မရန်နေဘ်တို့ နားခိုပြီးသောအခါ ကြာလျှင်မိုးများ သဲသဲမဲမဲ ရွာချလေတော့၏။ မိုးကြိုးမုန်တိုင်းများ တဝုန်းဝုန်းပစ်နေသဖြင့် ပတ် ဝန်းကျင်ရှိ သစ်ပင်ကြီးများ ကျိုးကျလေတော့၏။

မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက ကျောပိုးအိတ်ထဲမှ ခေါင် ရည်ထည့်ထားသောဘူးကိုထုတ်၍ ခေါင်ရည်တစ်ကြိုက်သောက်လေ၏။ မရန်နေဘ်ရှိရာသို့ ခေါင်ရည်ခွက်ကို ကမ်းပေးလိုက်ရင်း

“ ဒီပတ်ဝန်းကျင်က ရွာတွေမှာ ဒူဝါတွေမရှိဘူးနော်၊ ဘာဖြစ် လို့လဲ ”

ဟုမေးမြန်းလေ၏။ မရန်နေဘ်က ခေါင်ရည်ကိုသောက်ရင်း

“ မုန်းဂူဝါ တိနိုင်ငံရှားထဲ အနီးပတ်ဝန်းကျင်မှာ ဒူဝါအဆင့်ရှိ တဲ့လူတွေ ရှိနေမှာ မလိုလားလို့လားမသိဘူး၊ ဒူဝါဟယ် ဆလံဝါတွေပဲ ရှိတယ်၊ ဒူဝါဟယ်ဟာ ကောင်းကင်နတ်ကိုပူဇော်နိုင်တယ်၊ နတ်စင် ဆောက်နိုင်တယ်၊ ဒါပေမဲ့ မနေ့ဘွဲ့ကျင်းပခွင့်နဲ့ အမဲပေါင် လက်ခံနိုင် ခွင့်မရှိဘူး ”

ဟုပြောလေရာ မိုးနတ်မယ်က တဖွဲဖွဲရွာနေသော မိုးရေထဲကိုငေး ကြည့်၍



“ မင်းတို့ဒေသက ဒူဝါတွေအကြောင်းပြောပြပါဦး၊ စိတ်ဝင်စား ဖို့ကောင်းလို့ပါ ”

ဟုမေးမြန်းလေ၏။ မရန်နေဘ်က ခေါင်းညိတ်၍

“ ဒူဝါဆိုတာ ကချင်ဒေသမှာတော့ အုပ်ချုပ်သူလူတန်းစားပါ ပဲ၊ ကျေးရွာသားတွေက ဒူဝါတွေရဲ့အလုပ်အကိုင်တွေကိုလုပ်ကိုင်ပေးရ တယ်၊ အခွန်အတုတ်နဲ့ လက်ဆောင်ပဏ္ဏာတွေကိုပေးရတယ်၊ ၃ှစ်စဉ် ဒူဝါရဲ့တောင်ယာကို ရိတ်သိမ်းပေးရတယ်၊ ဒူဝါတွေကို မနေ့ဘွဲ့ကျင်းပနိုင် တယ်၊ မိုးနတ်ကို ပူဇော်နိုင်တယ်၊ မဒိုင်နတ်ကို ပူဇော်နိုင်တယ်၊ အမဲပေါင် ကို လက်ခံနိုင်ခွင့်ရှိတယ်၊ ကချင်ဒေသမှာရှိတဲ့ တောတောင်တွေကို ဒူဝါ တွေက ပိုင်ဆိုင်တယ်လို့ ယုံကြည်ကြတယ်၊ ဒါကြောင့် မုဆိုးတစ်ယောက် ဟာ အမဲတစ်ကောင်ရတိုင်း အကောင်းဆုံးဖြစ်တဲ့ ပေါင်သားကို ဒူဝါကို ဆက်သရတယ် ”

ဟုပြောလေရာ အမျိုးသမီးကြီးက နားစိုက်ထောင်၍

“ မုဆိုးက သားကောင်ကိုပစ်ပြီး အမဲပေါင်ကို မဆက်သရင် ဘာဖြစ်လဲ ”

ဟုမေးမြန်းလေ၏။ ထိုအခါ မရန်နေဘ်က ခေါင်ရည်ကို သောက်ရင်း

“ မုဆိုးဟာ သားကောင်ကိုရပြီး ဒူဝါကို အမဲပေါင်မဆက်ရင် အပြစ်ဒဏ်ကျတာပေါ့၊ ဒူဝါရဲ့ စိတ်ကျေနပ်မှုရအောင် လျော်ကြေး တွေပေးရတယ် ”

ဟုပြောဆိုလေရာ အမျိုးသမီးကြီးက သက်ပြင်းချ၍

“ ထိုဆိုရင်တော့ ဒူဝါတွေဟာ အတော်တန်ခိုးကြီးတာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ဒူဝါ တွေကလည်း ကချင်လူထုအတွက် ဘာတွေလုပ်ပေးသလဲ ''

ဟုမေးမြန်းလေ၏။ မရန်နော်က ခေါင်းညိတ်၍

'' ဒူဝါတွေဟာ ပြည်သူတွေကို ဘာဒီကအုပ်ချုပ်နေရတာက ကချင်လူထုရဲ့ ကိုးကွယ်ယုံကြည်မှုကြောင့်ပဲ၊ ကချင်တွေဟာ နတ်ကိုး ကွယ်မှုကို အထူးပြုလုပ်လေ့ရှိတယ်၊ သူတို့ရဲ့ရိုးရာယုံကြည်မှုအရ နေရာ တိုင်းမှာ ကြီးစိုးတဲ့နတ်တွေရှိတယ်၊ ဒီနတ်တွေကို လူတိုင်းပူဇော်ခွင့်မရှိ ဘူး နတ်တွေကို ပူဇော်ခွင့်ရှိတာ နတ်ဆရာနဲ့ ဒူဝါတွေပဲ၊ ဒူဝါဟာ မနော ပွဲကျင်းပနိုင်တယ်၊ ကောင်းကောင်းနတ်ကို ပူဇော်နိုင်တယ်လေ၊ ဒါကြောင့် ဒူဝါတွေကို ယုံကြည်ကိုးကွယ်နေရတာပဲ၊ ဒူဝါတွေက နတ်တွေကို ပူဇော် မပေးရင် သူတို့ရဲ့ကောင်းသောတွေ မအောင်မြင်ဘူး ရာသီဥတု ဆိုးဝါး တယ်လို့ ယုံကြည်ကြတယ်၊ နောက်ပြီးတော့ ရပ်ရွာမှာ အမှုအခင်းဖြစ် ရင် ဖြေရှင်းပေးတယ်၊ ဆင်းရဲသားပြည်သူတွေ နတ်ပူဇော်ဖို့ မတတ်နိုင် ရင် ဒူဝါက စိုက်ထုတ်ပြီး ပူဇော်ပေးရတယ်၊ ဒါကြောင့် ဒူဝါဟာ ဆင်းရဲ သားပြည်သူတွေအတွက် ကိုယ်ကျိုးစွန့်ပေးရတာလဲရှိတယ် ''

ဟုပြောဆိုလေရာ အမျိုးသမီးကြီးက မျက်မှောင်ကြုတ်၍

'' ဂူဝါတွေရဲ့အုပ်ချုပ်မှုကို သကြိုက်လို့ ပြည်သူတွေဟာ ပုန်ကန် တာလဲရှိတယ်နော် ''

ဟုပြောဆိုလေ၏။ မရန်နော်က ခေါင်းညိတ်၍

'' ဟုတ်တယ်၊ မိန့်ပိုမှုများလွန်းတဲ့ အရပ်ဒေသမှာ ဒူဝါတွေကို ပြည်သူတွေက ပြန်လည်တိုက်ခိုက်ပြီး မောင်းထုတ်ခဲ့တယ်၊ ဒူဝါမရှိတဲ့ အတွက် အများသဘောနဲ့ ရွေးချယ်ထားတဲ့သူက အုပ်ချုပ်ရတယ်၊ သူ ဟာ ဆင်းရဲသားပြည်သူတွေကို ဖိနှိပ်မှုမလုပ်ရဘူး၊ အဲဒီလိုစနစ်နဲ့အုပ်ချုပ်





တာကို ဒွဲခ်ရောင်ဂွမ်စနစ်လို့ခေါ်တယ် ''

ဟုပြောဆိုလေ၏။ အမျိုးသမီးကြီးက သက်ပြင်းချ၍

'' ကချင်လူမျိုးတွေရဲ့ အိမ်ထောင်ရေးစနစ်ကလဲ စိတ်ဝင်စားဖို့ ကောင်းတယ် ''

ဟုပြောဆိုလေရာ မရန်နော်က

'' ဟုတ်တယ်၊ ကျုပ်တို့ကချင်တွေမှာ အမျိုးအနွယ်တွေ ဘယ် လောက်များများပေမဲ့ ယောက္ခမမျိုး၊ သမက်မျိုးနဲ့ ညီအစ်ကိုမျိုးဆိုပြီး ဒီမျိုးအနွယ်သုံးခုပဲရှိတယ်၊ ဒီအမျိုးအနွယ်သုံးမျိုးမှာ သတ်မှတ်ထားတဲ့ အတိုင်းလက်ထပ်ရတယ်၊ အမျိုးအနွယ်မတူရင် လုံးဝလက်ထပ်ခွင့်မရှိဘူး၊ စည်းကမ်းဥပဒေကို ချိုးဖောက်ပြီးလက်ထပ်ခဲ့ရင် အများရဲ့ပြစ်တင် စေဖန်ခြင်းကို ခံရတယ်၊ ကျုပ်တို့ကချင်ယဉ်ကျေးမှုအရ လုံမပျိုရှိတဲ့အိမ် တွေမှာ အပ်လာအပ်လို့ခေါ်တဲ့ အပျိုခန်းတွေရှိတယ်၊ မနောပွဲ၊ အိမ်သစ် တက်ပွဲ၊ ကောက်သစ်စားပွဲ၊ မင်္ဂလာပွဲတွေမှာ အပျိုနဲ့လူပျိုတွေသုံးနိုင် တယ်၊ အဲဒီမှာ အပျိုလူပျိုတွေဟာ သီချင်းဆိုကြတယ်၊ ချစ်တင်းနှီးနှော ခွင့်ရှိတယ်၊ အပျိုနဲ့လူပျို ချစ်တင်းနှီးနှောရင်း အချစ်နယ်ကျူးကြပေမဲ့ အမျိုးအနွယ်မတူရင် လက်ထပ်နိုင်ခွင့်မရှိကြဘူး၊ အပျိုနဲ့လူပျို မှားယွင်း မိရင် ပိန်းကလေး မိဘတွေ နတ်ပူဇော်နိုင်ဖို့ ဝက် (သို့မဟုတ်) ကြွက် ပေးရတယ် ''

ဟုရှင်းလင်းပြလေ၏။ အမျိုးသမီးကြီးက မရန်နော်ခါးလေးကို နွားထောင်းနေရာမှ ဗုတ်ဇန်းကျင်ကို မျက်လုံးဝေ့ကြည့်၍

'' မိုးတောင်ခါသွားပြီ၊ ခရီးဆက်လို့ရပြီတင်တယ် ''

ဟုပြောဆိုလေရာ မရန်နော်က ခေါင်းငြိမ့်၍



www.burmeseclassic.com

" ခရီးထွက်ဖို့ မဖြစ်နိုင်သေးဘူးနော်၊ ကျုပ်တို့ ဒီဂူထဲမှာပဲ နှစ်ရက်သုံးရက် ခိုအောင်းရလိမ့်မယ်၊ မိုးမပြတ်သေးဘူးဆိုတာ ကျုပ်သိတယ်"

ဟုပြောဆိုလေ၏။ မရန်နော်၏စကားမှန်ကန်၏။ ခဏကြာလျှင် မိုးများ ပြန်လည်ရွာသွန်းလာ၏။

ထို့ကြောင့်ပင် မရန်နော်တို့သည် အသားခြောက်များကို ဖုတ်ကင်၍ ဂူထဲမှာပင် နေထိုင်ရလေ၏။

ဂူ၌နေထိုင်ခိုက်တွင် အမျိုးသမီးကြီးက မရန်နော်အား ခရွာကိုယ်ရှိ တင်းမာသောအကြောမျိုးကို ဖြေလျော့ရန် လေ့ကျင့်ခန်းများ သင်ပြပေးလေ၏။ မရန်နော်သည် အမျိုးသမီးကြီး၏ သင်ပြပေးမှုကို စိတ်ဝင်စားစွာ သင်ယူလေ၏။

၎င်းတို့သည် ဂူ၌ သုံးရက်ခန့်နေထိုင်ရလေ၏။

သုံးရက်မြောက်သောနေ့တွင် မိုးပြတ်သည်ထင်၍ ခရီးဆက်ရန် ကြံစည်ခိုက်တွင် မိုးများပြန်လည်ရွာသွန်းလာ၏။ မရန်နော်တို့သည် ဂူ၌ ပြန်လည်ခိုအောင်းရပြန်၏။

ထိုနေ့ညနေက မရန်နော်နှင့် မိုးနတ်မယ် စကားပြောဆိုနေခိုက်တွင် လွန်စွာကျယ်လောင်သောအသံကြီးကို ကြားလိုက်ရပြီး ပတ်ဝန်းကျင်တစ်ခုလုံး သိမ့်သိမ့်တုန်သွားလေ၏။

၎င်းတို့နေထိုင်ရာ ဂူအတွင်းရှိ ကျောက်တုံးကျောက်ခဲများ ပြင်လျှင် ပြိုလဲကျလေ၏။

မရန်နော်က ကိုယ်ပေါ်သို့ကျလာသော ကျောက်ခဲများကိုဖယ်ရှားလိုက်ရင်း အမျိုးသမီးကြီးအထံသို့ လှည့်ကာ



" အဒေါ် ဘာဖြစ်သေးလဲ "

ဟု မေးမြန်းလေရာ အမျိုးသမီးကြီးက ခေါင်းခါယမ်း၍

" ငါ ဘာမှမဖြစ်ပါဘူး၊ ငါတို့နဲ့အနီးဆုံးသစ်ပင်ကြီးကို မိုးကြိုးပစ်ကြတာ ဖြစ်တယ်၊ သစ်ပင်အောက်မှာမထိုင်ဘဲ ဂူထဲမှာနေမိတာ ကံကောင်းတာပဲ "

ဟုပြောဆိုလေ၏။ ထိုအခိုက်မှာပင် မိုးများစဲသွား၍ ဂူအပြင်သို့ ထွက်ကြည့်ရာ ဂူနှင့်အနီးဆုံးသစ်ပင်ကြီးတစ်ပင်ကို မိုးကြိုးပစ်သဖြင့် သစ်ပင်ကြီးသည် ခါးလည်မှပြတ်ကျနေလေ၏။

အမျိုးသမီးကြီးသည် ကျိုးကြေနေသော သစ်ကိုင်းများကို လိုက်လံကြည့်ရှုလေ၏။ မရန်နော်သည် အမျိုးသမီးကြီးအနောက်မှ လိုက်လံကြည့်ရှုရင်း လဲကျနေသောသစ်ပင်၏ သစ်ခေါင်းတစ်ခုကိုမြင်တွေ့လေ၏။

သစ်ခေါင်းတစ်နေရာတွင် ရွှေရောင်တောက်ပြောင်နေသဖြင့် မရန်နော်က သစ်ခေါင်းအနီးသို့သွား၍ ဒူးထောက်ထိုင်ချလိုက်၏။

မရန်နော်သည် သစ်ခေါင်းတစ်နေရာရှိ ရွှေရောင်တောက်နေသော နေရာဆိုလက်ဖြင့်ဖဲ့လိုက်၏။

ထိုအခါ သစ်ခေါင်းအတွင်းမှ ရွှေရောင်များ ပိုမို၍ထွက်လာလေ၏။

အမျိုးသမီးကြီးက အနီးသို့ဝင်ထိုင်၍

" ဟင်... သစ်ခေါင်းထဲက ရွှေရောင်ထွက်နေပါလား၊ အထဲမှာ ဘာရှိလို့လဲမသိဘူး "

ဟုဆိုကာ ချုံနွယ်ကြားမှ ဓားမြှောင်ကိုထုတ်၍ သစ်ခေါင်းကို ဖွဲ့ထုတ်လေ၏။

www.burmeseclassic.com



ထိုအခါ သစ်ခေါင်းရှိ အသားများမှပဲထွက်သွားပြီး ရွှေရောင်အတုံး တစ်တုံးထွက်လာလေ၏။ အမျိုးသမီးကြီးက ရွှေရောင်အတုံးကို ဆစ်ဆေးကြည့်ရှု၍

" ဟင်... ရွှေတုံးပဲ၊ သစ်ခေါင်းထဲကို ဘယ်လိုလုပ် ရွှေတုံးရောက်နေတာလဲ၊ ရွှေတုံးက နှစ်ဆယ်သားလောက်ရှိမယ်၊ နောက်ထပ်ဖွဲ့ထုတ်ကြည့်စမ်း "

ဟုပြောလေ၏။

ထိုအခါ မရန်နော်သည် သစ်ခေါင်းကို ဓားမြှောင်ဖြင့် ထပ်မံဖွဲ့ထုတ်လေရာ ရွှေတုံးများ တစ်တုံးပြီးတစ်တုံး ထွက်လာလေ၏။ ရွှေတုံး စုစုပေါင်း (၁၀) တုံးရှိလေ၏။ အမျိုးသမီးကြီးက မျက်မှောင်ကြုတ်၍

" သစ်ခေါင်းထဲမှာ လုံခြုံတယ်ဆိုပြီး ရွှေတုံးတွေလာဖွက်ထားတာပဲ၊ ဒီသစ်ပင်ကြီးရဲ့သက်တမ်းကလဲ မနည်းတော့ဘဲ သစ်ခေါင်းထဲမှာ ရွှေတုံးတွေဖွက်ထားတဲ့သူဟာ သက်ရှိထင်ရှား ရှိတော့မယ်မထင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သစ်ခေါင်းထဲမှာ အသားတောင်တက်နေပြီဆိုတော့ နှစ်ပေါင်းများစွာကြာခဲ့ပြီ၊ ဒါ့အပြင်တော့ လူတစ်ယောက်ဟာ မမျှော်လင့်ဘဲ ရွှေတွေအများကြီးရလိုက်မယ်၊ သူဟာ ပိုင်ဆိုင်တဲ့ရွှေတုံးတွေကို သစ်ခေါင်းထဲမှာ လုံခြုံတယ်ဆိုပြီး ဖွက်ထားခဲ့တယ် နောက်တော့ သူ့ရဲ့ရွှေတုံးတွေကို ပြန်မယူနိုင်ခင်မှာပဲ သေဆုံးခဲ့ပုံရတယ်၊ သူ့ရဲ့နောင်လာနောက်သားတွေလဲ ရွှေတုံးတွေရှိတဲ့နေရာကို သိရှိပုံမရဘူး "

ဟုပြောဆိုလေ၏။ ထိုအခါ မရန်နော်က ရွှေတုံးများကို ဆုပ်ကိုင်ကြည့်၍

" ရွှေတုံးတွေရဲ့တန်ဖိုးက မနည်းဘူးနော်၊ ကျုပ်တို့ရွှေတုံးတွေ





ကို ဘာလုပ်ကြမလဲ "

ဟုမေးမြန်းလေ၏။ မရန်နော်၏အမေးကြောင့် မိုးနတ်မယ်က

" ပိုင်ရှင်မဲ့ရတနာတွေဆိုတော့ ငါတို့ယူရုံပဲပေါ့၊ ဒါပေမဲ့ ပိုင်ရှင်အစစ်အမှန်နဲ့တွေ့ရင် ငါတို့ပြန်ပေးမှာပေါ့၊ ကဲ ငါတို့ခရီးဆက်ကြမယ်၊ ငါတို့ခရီးက အတိတ်နိမိတ်ကောင်းတယ်ပော့၊ ခရီးအစမှာ ရွှေတွေ့တယ်ဆိုတော့ အောင်မြင်မဲ့အတိတ်နိမိတ်ပဲပေါ့ "

ဟုပြောဆိုလေ၏။ ထို့နောက်တွင်မူ မရန်နော်တို့သည် မိုးများရွာသွန်းခြင်းမရှိသည်နှင့် ခရီးထွက်ခဲ့လေတော့၏။

မရန်နော်တို့သည် ရွာတစ်ရွာသို့ရောက်သောအခါ ထိုရွာရှိ ဒူဝါငယ် ဆလန်ဒါထံတွင် တည်းခိုရန် ခွင့်တောင်းလေ၏။

ထိုဒေသသို့ရောက်သောအခါ မရန်နော်သည် မိမိကိုယ်မိမိ ဒူဝါတစ်ဦး၏သားဖြစ်ကြောင်း ထုတ်ဖော်မပြောခဲ့ချေ။ ထိုဒေသ၌ မုန်းဒူဝါ တိန်ပိုင်ရှား၏ဩဇာအာဏာ ကြီးမားလှသဖြင့် မိမိကိုယ်မိမိ မုန်းဒူဝါသားဟု လူသိမခံခဲ့ချေ။

ထိုနေ့ညက မရန်နော်တို့ တည်းခိုသော ဒူဝါငယ် ဆလန်ဝါသည် စိတ်သဘောကောင်းမွန်သူဖြစ်၏။ မရန်နော်တို့၏ ခရီးလမ်းပန်းကို စိတ်ဝင်စားစွာ မေးမြန်း၍

" မိတ်ဆွေတို့ကို စေတနာကောင်းနဲ့ သတိပေးချင်တယ်၊ မြောက်ဘက်စွန်းဒေသကိုရောက်လို့ မုန်းဒူဝါ တိန်ပိုင်ရှားနဲ့ တဖြည်းဖြည်း နီးကပ်လာရင် သတိထားပါ၊ အဲဒီဒေသမှာ အင်အားကြီးမားတဲ့သူတွေက အင်အားငယ်တဲ့သူတွေကို သိမ်းပြီအုပ်ချုပ်ယူတယ်၊ မုန်းဒူဝါ တိန်ပိုင်ရှား ကိုယ်တိုင် တိုက်ရိုက်ရတဲ့သူတွေကို ငွေကြေးအများကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီး ခြောက် ဖေးထားတယ်၊ အဲဒီမှာတော့ လူစွမ်းကောင်းတွေချည်းပဲ၊ နောက်ပြီးတော့ နယ်စပ်ဒေသက လူဆိုးတွေလဲ ခြေချင်းလိမ်နေတယ်''

ဟုပြောဆိုလေ၏။ မရန်နော်က မျက်မှောင်ကြုတ်၍

'' ဒူဝါက နယ်စပ်ဒေသလူဆိုးတွေကို မကြိုက်ဘူးလား ''

ဟုမေးမြန်းလေ၏။ ဒူဝါငယ် ဆလန်ဝါက ခေါင်းခါ၍

'' နယ်စပ်ဒေသလူဆိုးတွေကို ဘယ်သူမှ မကြိုက်ဘူး၊ ဒီကောင်တွေက အချိုးအစိုင်းတွေပဲ၊ သူတို့ကြောင့် ကျုပ်တို့ဒေသက ပြည်သူတွေ အသက်တွေအများကြီးဆုံးရှုံးခဲ့တာပဲ၊ မုန်းဒူဝါတိန်ပိုင်ရှားက သူ့ရဲ့အာဏာကြီးလာအောင် လူဆိုးတွေနဲ့ပူးပေါင်းနေတာပဲ၊ နောက်ဆုံးတော့ လူဆိုးတွေက သူ့ကို ကြီးစိုးသွားခဲ့ရင် ကျုပ်တို့ဒေသမှာ တွေးစရာတောင်မရှိဘူး၊ မုန်းဒူဝါရဲ့လုပ်ရပ်ကို ကျုပ်တို့မကြိုက်ပေမဲ့ ဒူဝါငယ်ဆလန်ဝါတစ်ယောက်က မုန်းဒူဝါကို ဘယ်လိုလုပ် အာခံရဲမှာလဲ ''

ဟုပြောဆိုလေ၏။

မရန်နော်က ဒူဝါငယ်၏စကားကို နားထောင်၍

'' မုန်းဒူဝါတိန်ပိုင်ရှားဆီမှာ ခစ်ရေးလေ့ကျင့်မှုတွေ အများကြီးရှိမှာပေါ့ ''

ဟုမေးမြန်းလေ၏။ ဒူဝါငယ် ဆလန်ဝါက သက်ပြင်းချ၍

'' သိပ်ရှိတာပေါ့၊ မုန်းဒူဝါ တိန်ပိုင်ရှားဟာ စစ်ကိုလိုလားသူပဲ၊ အရင်တုန်းကတော့ မုန်းဒူဝါရဲ့လက်အောက်ငယ်သားတွေဟာ စနစ်တကျ မရှိသေးဘူး၊ ဒါပေမဲ့ အခုတော့ မုန်းဒူဝါရဲ့တပ်သားတွေဟာ စနစ်တကျနဲ့စစ်ရေးလေ့ကျင့်နိုင်အောင် ရွှေလုံ့ပုံဆိုတဲ့လူက သင်ကြားပေးနေတယ်''



ဟုပြောဆိုလေ၏။ ထိုအခါ မိုးနတ်မယ်ဆိုသောအမျိုးသမီးက

'' ရွှေလုံ့ပုံဆိုတာ ဘယ်သူလဲ ''

ဟုမေးမြန်းလေ၏။ ဒူဝါငယ် ဆလန်ဝါက သက်ပြင်းချ၍

'' သူဘယ်သူလဲဆိုတာ ကျုပ်မသိဘူး၊ သူဟာ မြေပြန့်ဒေသမှာ နှစ်တွေအများကြီးသွားနေတဲ့ ကချင်လူမျိုးတစ်ယောက်ပဲ၊ သူဟာ မြေပြန့်ဒေသကနေ ကချင်ပြည်နယ်ကို ပြန်လာတော့ မုန်းဒူဝါတိန်ပိုင်ရှားနဲ့ သွားခေါင်းမိတယ်၊ တိန်ပိုင်ရှားဟာ သူ့ကိုမြှောက်စားထားတယ်၊ မုန်းဒူဝါတိန်ပိုင်ရှားဆီမှာ ရွှေလုံ့ပုံဟာ ကြောက်စရာအကောင်းဆုံးပဲ၊ သူဟာ သိပ်ရက်စက်တယ်၊ လူတစ်ယောက်ရဲ့အသက်ကို ဖက်ရွက်လိုပဲ သဘောထားတယ်၊ တောက်... သူ့ကြောင့် ကျုပ်အစ်ကို သေဆုံးခဲ့ရတယ် ''

ဟုပြောရင်း ဒူဝါငယ် ဆလန်ဝါသည် ဒေါသဖြစ်ဟန်ဖြင့် တက်ခေါက်လိုက်လေ၏။ မရန်နော်က မျက်လုံးပြူးသွားပြီး

'' ဟင်... ခင်ဗျားအစ်ကိုက ရွှေလုံ့ပုံကြောင့် သေဆုံးရတယ် ဟုတ်လား၊ ပြောပါဦး ''

ဟုမေးမြန်းလေ၏။ ဒူဝါငယ်က လက်သီးဆုပ်၍

'' ကျုပ်အစ်ကိုဟာ စွန့်လွှတ်စွန့်စားချင်စိတ်ရှိတယ်၊ ရွာမှာ တောင်ယာလုပ်ကိုင်စားသောက်ရတာ မပျော်ဘူး၊ ဒါကြောင့် ရွာကိုစွန့်ပြီး မုန်းဒူဝါတိန်ပိုင်ရှားဆီမှာ သွားပြီးအမှုထမ်းတယ်၊ အစ်ကိုနဲ့အတူ သူ့ သူငယ်ချင်းတစ်ဦးလဲ စစ်မှုထမ်းဖို့ ပါသွားတယ်၊ ကျုပ်အစ်ကိုဟာ ရဲစွမ်း သတ္တိရှိတဲ့သူမို့ မုန်းဒူဝါတိန်ပိုင်ရှားဆီမှာ နေရာရပါတယ်၊ ဒါပေမဲ့တစ်နေ့တော့ ကံဆိုးချင်တော့ အစ်ကိုဟာ ရွှေလုံ့ပုံ ဖမ်းဆီးထားတဲ့ အမျိုးသမီးငယ်လေးတစ်ဦးကို ခေါင့်ကြိပ်ရတယ်၊ ရွှေလုံ့ပုံဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူယုတ်မာဟာ အနီးအနားရွာတွေကို လှည့်လည်ပြီး မိန်းမချောလေး တွေတွေ့ရင် ဖမ်းဆီးခေါ်ဆောင်လာတတ်တယ်။ ပြီးတော့ အားရအောင် စော်ကားပြီး စွန့်လွှတ်လိုက်တာများတယ်၊ ဒီတစ်ခါ ရွှေလုံ့မျှ ဖမ်းဆီးလာတဲ့ အမျိုးသမီးဟာ ချစ်သူရှိတယ်၊ သူ့ချစ်သူနဲ့ မကြာမီ လက်ထပ်ရတော့မဲ့သူဖြစ်နေတယ်၊ အမျိုးသမီးလေးဟာ သူ့ကို စောင့်ကြပ်ဖို့ တာဝန်ကျတဲ့ ငါ့အစ်ကို ကို ငိုယိုပြီး သူ့ကိုလွှတ်ပေးဖို့ တောင်းပန်ခဲ့တယ်၊ ငါ့အစ်ကိုဟာ ရဲရွမ်းသတ္တိရှိတဲ့သူပဲ၊ မတရားမှုကို မနှစ်သက်ဘူး။ ဒါကြောင့် သူ့မှာ အပြစ်ကျမှာ သိရက်နဲ့ အမျိုးသမီး လေးကို လွှတ်ပေးခဲ့တယ်၊ ဒီအကြောင်းတွေကို တဖျာလူးရွှေလုံ့မျှသိ တော့ ဒေါသူပုန်ထပြီး အစ်ကို့ကို သတ်ဖြတ်လိုက်တာယ်၊ ဒီအကြောင်း တွေကို အစ်ကို့သူငယ်ချင်း ပြောပြလို့ ကျုပ်ပြန်သိရတာပါ၊ ဒီကောင်တွေ မိုးကောင်းတုန်းတော့ ရွာထားဦးပေါ့၊ တစ်နေ့နေ့မှာ သူ့တို့ကိုအနိုင် ယူမဲ့သူ ပေါ်ဦးမှာပါ ''

ဟုပြောဆိုလေ၏။ မရန်နော်တို့သည် မမျှော်လင့်ဘဲ မုန်းဒူဝါတိန်ပိုင်ရှားကို မုန်းတီးနေသော ဒူဝါငယ်တစ်ဦးနှင့်ဆုံတွေ့ခဲ့သဖြင့် တိန်ပိုင် ရှား၏အကြောင်းကို သိရှိရလေ၏။

မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက သက်ပြင်းချ၍

'' ဒူဝါရဲ့သတင်းကိုကြားရတာ စိတ်မကောင်းစရာပါပဲ၊ ဒါနဲ့ တိန်ပိုင်ရှားမှာ လူအင်အားဘယ်လောက်ရှိသလဲ ''

ဟုမေးမြန်းလေ၏။ ဒူဝါငယ်က ခေါင်းခါယမ်း၍

'' အတိအကျတော့ မပြောနိုင်ဘူး၊ လူအင်အား ရာကျော်မယ် ထင်တယ် ''





ဟုပြောဆိုလေ၏။ ထို့နောက်တွင်မူ မရန်နော်တို့သည် အိမ်ရှင် ကိုခွင့်တောင်း၍ အိပ်စက်ခဲ့လေ၏။

နောက်တစ်နေ့တွင် ခရီးဆက်ရန် ပြင်လေရာ ဒူဝါငယ်က လမ်း ခရီးတွင် စားသောက်ရန် ရိက္ခာများကို ထုပ်ပိုးပေးလိုက်လေ၏။

မရန်နော်တို့သည် မြိတ်ခါးမှ ထွက်ခွာကာနီးတွင် ဒူဝါငယ်က

'' လမ်းခရီးမှာ ဓားပြတွေကို သတိထားပါ၊ ဒီနယ်မြေကိုရောက် ရင် သူတစ်လူ ငါတစ်မင်းလုပ်နေတဲ့သူတွေ အများကြီးရှိတယ် ''

ဟု စေတနာကောင်းဖြင့် သတိပေးလေ၏။ မရန်နော်တို့သည် မြောက်စူန်းဆီသို့ တဖြည်းဖြည်းခရီးဆက်ခဲ့ရာ မုန်းဒူဝါတိန်ပိုင်ရှား၏နယ် မြေသို့ တဖြည်းဖြည်း နီးကပ်လာလေ၏။

လမ်းခရီးတွင် ဧဗ္ဗာနားဆိုဆိုက် မိုးနတ်မယ်က

'' ငါဒီဒေသကိုရောက်တာ မိုးကြိုးတံခွန်အရုပ်ကလေးကို ပြန် လိုချင်လို့ပဲ၊ ဒါပေမဲ့ မုန်းဒူဝါတိန်ပိုင်ရှားရဲ့ မကောင်းသတင်းတွေကို ကြား ရလွန်းတော့ ဒီကောင့်ကို ဆုံးမဖို့ဖြစ်လာတယ် ''

ဟုပြောဆိုလေရာ မရန်နော်က အမျိုးသမီးကြီးကိုကြည့်၍

'' ကျုပ်က မုဆိုးတစ်ယောက်ပါ၊ ခရီးလမ်းရဲ့ကြမ်းတမ်းမှုကို ခံနိုင်တယ်၊ အဒေါ်အတွက် ကျုပ်စိုးရိမ်တယ် ''

ဟုပြောဆိုလေ၏။ အမျိုးသမီးကြီးက ရယ်မော၍

'' ဟားဟားဟား... မင်းက ငါ့ကို မိန်းမသားဆိုပြီး အထင် သေးလို့လား၊ ငါငယ်စဉ်ကတည်းက အဖေနဲ့အတူ ယောကျ်ားတွေကို ရင်ပေါင်တန်းပြီး နေခဲ့တဲ့မိန်းမကွ၊ နောက်ပြီးတော့ ငါ့မှာပညာစုံတယ် ဓားဝ တစ်လျှောက်လုံး တရုတ်ပြည်နဲ့ တိဘက်ပြည်တွေမှာ လှည့်လည်



www.burmeseclassic.com

www.burmeseclassic.com



ပြီးနေထိုင်ခဲ့ဖူးတယ်၊ ဒါကြောင့် တောရုံခရီးကြမ်းဆို ဒါမမှုဘူး၊ မြန်မာပြည် မြောက်ဖျန်းဒေသဟာ ခရီးလမ်းကြမ်းတာ ငါခန့်မှန်းပါတယ်၊ ဒါပေမဲ့ အလွန် ရာသီဥတုကြမ်းတမ်းတဲ့ တိဘက်ပြည်လိုနေရာမှာ လားမားဘုန်းကြီး တွေဆီက ပညာတွေ အများကြီးသင်ယူခဲ့တာပဲ၊ ဒီလောက်တော့ခမ္မ ပါဘူး''

ဟုပြောလေ၏၊ မရန်နော်က ခေါင်းညိတ်၍

'' ဟုတ်တယ်၊ အခေါ်ဆိုမှာ ထူးဆန်းတဲ့ပညာရပ်တွေရှိတယ် နော်၊ ကိုယ့်ကိုယ် သေနတ်နဲ့ချိန်ထားတဲ့သူကို အမိန့်ပေးပြီး သေနတ် လွှတ်ကျအောင်လုပ်လို့ရတယ် ''

ဟုပြောဆိုလေရာ မိုးနတ်မယ်ဆိုသောအမျိုးသမီးကြီးက

'' အဲဒါ စိတ်ညှို့ပညာလေ၊ ဒီပညာတင်မကဘူး လူတစ် ယောက်ရဲ့အကြောကို ကိုင်လိုက်တာနဲ့ တစ်သက်လုံး အကျိတဖြစ်အောင် မေ့မျောသွားအောင် ငါလုပ်တတ်တယ်၊ ဒီပညာတွေကို တိဘက်ကနေ ငါသင်ခဲ့တာပဲ၊ လူ့ဂုဏ်ကြီးဦးထိပ်သီးလဲ တိဘက်ကနေ ပညာမျိုးစုံ သင်ယူလာခဲ့တာပဲ၊ ဒီလူကြီးတောင် ပျောက်နေတယ်၊ သူများသတ်လို့ သေပြီ လားမသိဘူး ''

ဟုရေရွတ်လိုက်လေ၏။ ထိုအခိုက်မှာပင် မရန်နော်က မျက် မှောင်ကြုတ်၍

'' လူသံကြားတယ်၊ ကျုပ်တို့ရှေ့တွေကို လုံခြုံအောင်သိမ်းထား ပါ ''

ဟုပြောလိုက်ရာ အမျိုးသမီးကြီးက ရွှေထုပ်ကို အိတ်ထဲတွင် ထည့်လိုက်လေ၏၊ ထိုအခိုက်မှာပင် မုဆိုးဖြစ်ဟန်တူသော ကချင်လူမျိုး





သုံးယောက်သည် မရန်နော်တို့ နားခိုနေသော ကျောက်တုံးကြီးအနီးသို့ ရောက်လာ၏။

၎င်းတို့လူစုမှ သန်မာထွားကြိုင်းသော မုဆိုးတစ်ဦးက အမျိုး သမီးကြီး၏ ဝတ်ဆင်ထားသော အနက်ရောင်ဘောင်းဘီပွကြီး ကိုကြည့်၍

'' မင်းတို့ဘယ်ကို ခရီးသွားမှာလဲ ''

ဟုမေးမြန်းလေ၏။ မရန်နော်က ၎င်းတို့၏အရိပ်အကဲကိုကြည့်၍

'' ကျုပ်တို့ဟာ မြောက်ဖျန်းဒေသက လျှို့ဝှက်ရှားပါးတဲ့ ဆေးမြစ် တွေကို ရှာဖွေစုဆောင်း သုတေသနပြုနေတာပါ ''

ဟုပြောဆိုလေရာ မုဆိုးတစ်ဦးက သူ၏ပလိုင်းထဲမှ မချစ်ဥ၊ ခန်း တောက်မြစ်နှင့်အခြားသော ဆေးမြစ်၊ ဆေးဥများကိုထုတ်၍ ရောင်းချလို ကြောင်း ပြောဆိုလေ၏။

အမျိုးသမီးကြီးက ၎င်း၏ဆေးမြစ်ဆေးဥများကို စစ်ဆေး၍ အတော်အစင်ခွဲခြားကာ ဝယ်ယူလေ၏။ မုဆိုးများသည် ဆေးမြစ်ဆေးဥ များကို ရောင်းချပြီး ကျေနပ်ပြီး ပြန်သွားလေ၏။

မရန်နော်က ၎င်းတို့၏နောက်ကျောကိုကြည့်၍

'' ဆေးရောင်းပြီး ပြန်သွားတာ ကံကောင်းတာပဲ၊ သူတို့ကို ခားပြတွေထင်ပြီး ရင်ထိတ်နေတာ ''

ဟုပြောဆိုလေ၏။ အမျိုးသမီးကြီးက ခေါင်းခါယမ်း၍

'' မင်းရဲ့အထင်မမှားပါဘူး၊ ဒီကောင်တွေဟာ ဓားပြတွေပဲ၊ ငါတို့ ဆီကို ဆေးရောင်းချင်ယောင်ဆောင်ပြီး မုန်းဒူဝါတိန်ပိုင်ရှားနဲ့ပတ်[illegible]မှု ရှိမရှိ လာစုံစမ်းတာပဲ၊ အခုတော့ ငါတို့ဟာ မုန်းဒူဝါနဲ့မ[illegible]သက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆေး မြစ်ရှာသူတွေမှန်း သိသွားတော့ နောက်တစ်ကြိမ်ခေါ်ပြတိုက်ဖို့ ရောက် လာမှာသေချာတယ် ''

ဟုပြောလေရာ မရန်နော်သည် မျက်လုံးပြူးသွားလေ၏။

ပြီးနောက် မရန်နော်က မျက်မှောင်ကြုတ်၍

'' သူတို့ဟာ ခေါ်ပြတွေဆိုတာ ဘယ်လိုသိတာလဲ ''

ဟုမေးမြန်းလေ၏၊ အမျိုးသမီးကြီးက သက်ပြင်းချ၍

'' သူတို့ရဲ့လက်ထဲက ဒူးလေးတွေက သစ်လွင်လွန်းတယ်၊ မုဆိုး အစစ်တွေကိုင်တဲ့ ဒူးလေးဟာ ဘယ်လိုပုံစံရှိတယ်ဆိုတာ မင်းအသိဆုံး ပဲ။ နောက်ပြီးတော့ သူတို့ရဲ့ခြေသံဟာ ပြင်းလွန်းတယ်၊ မုဆိုးအစစ်တွေ ဟာ ခြေသံလုံတယ် ''

ဟုပြောလေရာ မရန်နော်က ခေါင်းညိတ်၍

'' ဟုတ်တယ်၊ အခေါ်ပြောမှ သူတို့ကို ရိပ်စားမိတော့တယ်၊ ဒီကောင်တွေဟာ ခေါ်ပြတွေပဲ၊ ကျုပ်တို့ဘယ်လိုလုပ်မလဲ ''

ဟုမေးမြန်းလေ၏၊ မိုးနတ်မယ်ဆိုသောအမျိုးသမီးကြီးက လေသံတိုးတိုးဖြင့်

'' မကြာခင် သူတို့ ဒီနေရာကို ပြန်ရောက်လာလိမ့်မယ်၊ ဒါကြောင့် မင်းမျက်နှာချင်းဆိုင်က သစ်ပင်ပေါ်မှာတက်ပုန်းလိုက်၊ ဒီလောက်ဆိုရင် ရှေ့ဆက်ပြီး မင်းဘာလုပ်ရမယ်ဆိုတာ သဘောပေါက် တယ်မဟုတ်လား ''

ဟုမေးမြန်းလေ၏။ မရန်နော်က သစ်ပင်ကြီးကိုလှမ်းကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

'' ကျုပ်သဘောပေါက်ပြီ ''



ဟုပြောဆိုကာ သစ်ပင်ကြီးပေါ်သို့ တွယ်ကပ်တက်လေ၏။ ပြီး နောက် သစ်ကိုင်းတစ်ခုပေါ်တွင် ထိုင်လေ၏။

အမျိုးသမီးကြီးသည် အိတ်ထဲမှ ကြွေကရားလေးနှင့်ကြွေပန်းကန် ကို ထုတ်ကာ ရေနွေးကြမ်းကို အရသာခံ၍သောက်နေလေ၏။

သူမ၏အမူအရာမှာ မကြာမီ ခေါ်ပြများရောက်ရှိတော့မည့် အမှု အရာနှင့်မတူဘဲ တောတွင်းသို့ ပျော်ပွဲစားထွက်လာသူနှင့်တူနေလေ၏။

မရန်နော်သည် ထူထူခြေမပျက် နေနိုင်သောအမျိုးသမီးကြီးကို ကျိတ်၍ ချီးမွမ်းလိုက်လေ၏။ ထိုအခိုက်မှာပင် ခြေသံများကိုကြားရပြီး မုဆိုးများ ပြန်လည်ရောက်ရှိလာလေ၏။

အမျိုးသမီးကြီးက ခေါ်ပြများကို အံ့သြဟန်ဖြင့်ကြည့်၍

'' ခြော်... မင်းတို့ရောက်လာပြန်ပြီလား။ ဆေးမြစ်ဆေးဥတွေ ရောင်းဦးမလို့လား၊ ငါမဝယ်တော့ဘူး။ ပြန်တော့ ''

ဟုမောင်းထုတ်လေရာ ခေါ်ပြခေါင်းဆောင်က တဟဲဟဲရယ် မော၍

'' ဟဲဟဲ... ဒီတစ်ခေါက်တော့ ဈေးရောင်းဖို့ရောက်လာတာ မဟုတ်ဘူးဗျ၊ ဒါနဲ့ ခုနကတက မောင်ရင်လေး ဘယ်ရောက်သွားပြီလဲ ''

ဟုမေးမြန်းလေ၏။ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက ရယ် မော၍

'' အဲဒီကောင်လေးက မိုးပေါ်ကိုပျံတက်သွားပြီ ''

ဟုပြောဆိုလေရာ ခေါ်ပြများသည် ကြောင်အမ်းအမ်းဖြစ်သွား လေ၏။ မရန်နော်သည် ခေါ်ပြများ၏ ခေါင်းပေါ်ရှိ သစ်ကိုင်း၌ ရောက် နေသဖြင့် ခေါ်ပြများ အပေါ်သို့မော့မကြည့်ရန် ဆုတောင်းနေရ၏။

www.burmeseclassic.com

ဘေးပြခေါင်းဆောင်က မိုးနတ်မယ်ကို မေးမြန်းခြင်းမရှိတော့ဘဲ မျက်မှောင်ကြုတ်၍

" ခင်ဗျားကို လေကုန်ခံပြီး မေးမနေတော့ပါဘူး၊ လာရင်းကိစ္စကို ပဲ လုပ်တော့မယ်၊ ခင်ဗျားရဲ့ကျောက်ပိုးအိတ်ကို ကျုပ်တို့ကိုပေးပါ "

ဟုတောင်းဆိုလေရာ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက အံ့ဩဟန်ဖြင့်

" မင်းတို့က ဖွဲ့ရဲ့ကျောက်ပိုးအိတ်ကို ကူသယ်ပေးမလို့လား၊ မလုပ် ပါနဲ့ကွယ်၊ အားနာဖို့ကောင်းပါတယ် "

ဟုပြောဆိုလေ၏။ ဘေးပြခေါင်းဆောင်သည် အမျိုးသမီးကြီး၏ စကားကို စိတ်မရှည်နိုင်တော့ဘဲ

" ဒီမှာ ကျုပ်တို့က ခင်ဗျားပစ္စည်းကို ကူသယ်ပေးရအောင် ကူလီတွေအောက်မေ့လို့လား၊ ခင်ဗျားကို ကျုပ်တို့က ဘေးပြတိုက်နေတာ ဗျ ကျောက်ပိုးအိတ်ကို ကျုပ်တို့ကိုပေးစမ်း၊ ဟိုကောင်လေး ဘယ်ရောက် သွားလဲ ပြောစမ်း "

ဟုမေးမြန်းလေ၏။

ထိုအခါ မရန်နေဘ်က မြားကျည်တောက်အတွင်းမှ မြားတစ်စင်း ကိုထုတ်၍ဘေးပြခေါင်းဆောင်ကို ချိန်ရွယ်လိုက်ပြီး

" ဟားဟားဟား... ကျုပ်ဒီမှာပါဗျ "

ဟုအသံပြုလိုက်၏

ဘေးပြခေါင်းဆောင်လှည့်ကြည့်သောအခါ မရန်နေဘ်က ၎င်း၏ လက်မောင်းကို မြားပြင့်ပစ်လိုက်ရာ ဘေးပြခေါင်းဆောင်လက်ထဲရှိ ဓား နတ်လွှတ်ကျသွားလေ၏။ ကျန်ဘေးပြများသည် မရန်နေဘ်ကို တအံ့တဩ





ကြည့်၍ တိုက်ခိုက်ရန် ပြင်လေရာ မရန်နေဘ်က ကျည်တောက်အတွင်း မှ မြားများကိုထုတ်၍ တစ်ချက်ပြီးတစ်ချက် ပစ်ခတ်လေ၏။

ဘေးပြများသည် ၎င်းတို့၏ လက်မောင်းနှင့်ပေါင်များတွင် မြားတန် များ စိုက်ဝင်၍ ထွက်ပြေးသွားလေ၏။

မရန်နေဘ်သည် ဘေးပြများ ထွက်ပြေးသွားသောအခါ သစ်ကိုင်း ပေါ်မှ တစ်ပတ်ကျွမ်းပစ်၍ ခုန်ချလိုက်လေ၏။

ထိုအခါ မိုးနတ်မယ်က ရေနွေးကြမ်းတစ်ခွက်ကို ကမ်းပေးလိုက် ရင်း

" အမောပြေ ရေနွေးကြမ်းလေးတစ်ခွက်သောက်လိုက်ပါဦး၊ ဘေးပြတွေကို မြားနဲ့ပစ်တာ လျှပ်ပြက်သလို မြန်ပါပေတယ်၊ ဘေးပြ ငါး ယောက်ကို မြားတန်တွေ တစ်ချောင်းပြီးတစ်ချောင်း စိုက်ဝင်သွားတာ ကြည့်လို့ကောင်းလိုက်တာ "

ဟုချီးမွမ်းလေ၏။ မရန်နေဘ်က သူ၏လေးနှင့်မြားကို ကျောတွင် သိုင်းလွယ်လိုက်ပြီး

" ဒီကောင်တွေကို ပစ်ရတာ သားကောင်ပစ်ရတာလောက် တောင် မခက်ပါဘူးဗျာ၊ သစ်ပင်ပေါ်ကနေ အကျအနထိုင်ပြီး ပစ်ရ တယ် "

ဟုပြောလိုက်လေ၏။ ထို့နောက်တွင်မူ ၎င်းတို့သည် ရာပ်လူမျိုး ကို နေထိုင်သော ပန်နုန်ဒင်အရပ်သို့ရောက်ခဲ့လေ၏။

မရန်နေဘ်က ရာမ်ရွာများကိုကျော်ဖြတ်ရင်း မြေအိုး မြေခွက် များကို လုပ်ကိုင်သူများကိုကြည့်၍

" ရာပ်လူမျိုးတွေဟာ မြေအိုး၊ မြေခွက်တွေလုပ်တဲ့နေရာ

www.burmeseclassic.com



လက်ရာသိပ်ကောင်းတယ်၊ ခေါင်လိပ်ဖူးနဲ့ ဇန့်ယောဒာ မြေအိုးမြေခွက် လုပ်တဲ့ရဝမ်တွေ အများကြီးရှိတယ် ''

ဟုပြောလေ၏။ အချို့သော ရဝမ်ရွာများကိုရောက်သောအခါ ပန်းပဲလုပ်ငန်းများကို လုပ်ကိုင်ကြောင်းတွေ့ရလေ၏။ မရုန်နော်က

'' ရဝမ်တွေဟာ ပန်းပဲလုပ်ငန်းကိုလဲ ကျွမ်းကျွမ်းကျင်ကျင်လုပ်ကိုင်နိုင်တယ်၊ ဒီအနီးအနားက ရွာလေးတွေမှာ ပန်းပဲဖိုတွေအများကြီးရှိတယ်၊ ပန်းပဲကိုတော့ ပူတာအိုနဲ့ နောင်မွန်းတစ်ပိုက်က ရဝမ်တွေ အများ ဆုံးလုပ်ကိုင်ကြတယ်၊ ရဝမ်တွေဟာ ကျုပ်တို့ ကချင်မျိုးနွယ်ဝင်ပါ ပေမဲ့ သူတို့ရဲ့ဝတ်စားဆင်ယင်ပုံကတော့ တစ်မူကွဲပြားသွားတယ် ''

ဟုရှင်းလင်းပြလေ၏။ မရုန်နော်တို့သည် ရဝမ်ရွာကလေးတစ်ရွာရှိ အကိဝါရွာသူကြီးကို ခွင့်ပန်၍ တည်းခိုခဲ့လေ၏။

ရဝမ်တို့သည် ဧည့်ဝတ်ကျေပွန်သော လူမျိုးဖြစ်သဖြင့် ညသို့ရောက်သောအခါ ထောင်ဆိတ်ကင်၊ ခေါင်ရည်တို့ဖြင့် ဧည့်ခံရုံမက ရဝမ်မျိုးဖြူလေးများ၏ အကဖြင့် ဖြေဖျော်လေ၏။

အကိဝါ ရွာသူကြီး၏သားသည် အလွန်ပျော်ရွှင်တတ်ပုံရပြီး ရဝမ်မျိုးဖြူလေးများနှင့်တွဲက၍ ကပြနေလေ၏။

မရုန်နော်တို့သည် ရဝမ်မျိုးဖြူကလေးများ ဖြေဖျော်ပြီး ညဉ့်နက်သောအခါမှပင် အိပ်စက်ရလေ၏။

မရုန်နော်သည် အိပ်ပျော်ကာစအချိန်တွင် အိမ်နှင့်ခပ်လှမ်းလှမ်းတွင် ကျားဟိန်းသံများကြားရသဖြင့် ကမန်းကတန်းထထိုင်လိုက်၏။

သူ၏အတွေ့အကြုံအရ အနီးပတ်ဝန်းကျင်သို့ ကျားဆိုးတစ်ကောင် ရောက်နေကြောင်း ရိပ်စားမိလေ၏။





ထိုအချိန်မှာပင် အကိဝါရွာသူကြီးသည် အိပ်ရာထဲမှ ကမန်းကတန်းပြေးထွက်လာပြီး အထိတ်တလန့်အမူအရာဖြင့်

'' နတ်ကျားကြီးလာပြီ၊ နတ်ကျားကြီးလာပြီ ''

ဟုအော်ဟစ်လေ၏။ မရုန်နော်က မျက်မှောင်ကြုတ်၍

'' ဘာလို့ဒီလောက်ကြောက်နေရတာလဲ၊ ကျားဆိုး ရွာနားကို ရောက်နေပြီ၊ ရွာထဲမှာရှိတဲ့ ကျွဲနွားတွေကို ဝင်ဆွဲလိမ့်မယ် ''

ဟုပြောဆိုလေရာ အကိဝါရွာသူကြီးက အထိတ်တလန့်ဖြင့် လက်ကာပြပြီး

'' ဆွဲပါစေ၊ အဲဒါ နတ်ကျားကြီးပါ၊ ကျုပ်တို့ တိုက်လို့မရဘူး၊ နွားတစ်ကောင်ရရင် ပြန်သွားလိမ့်မယ် ''

ဟုပြောဆိုလေရာ မရုန်နော်သည် မုဆိုးတစ်ဦးပီပီ ကျား၏ အန္တရာယ်ကို ရိပ်စားမိသဖြင့်

'' ကျားဆိုးက နွားတစ်ကောင်ရရင် ပြန်သွားမယ်ဆိုပေမဲ့ နောက် ဆာလောင်တဲ့အခါတိုင်း ရွာကနွားတွေကို ဝင်ဆွဲလိမ့်မယ်၊ ဒါကြောင့် ကျားကို တစ်ပြိုင်တည်း ရှင်းပစ်လိုက်ပါ၊ ခင်ဗျားတို့ရွာမှာ သေနတ်မရှိဘူးလား ''

ဟုမေးမြန်းလေရာ ရွာသူကြီးက ခေါင်းခါ၍ သေနတ်မရှိကြောင်း ပြောဆိုလေ၏။

ထိုအခိုက်မှာပင် ကျားဟိန်းသံ ပိုမိုနီးကပ်လာပြီး နွားများ ထိတ်လန့်စွာ အော်ဟစ်သောအသံကိုကြားရလေ၏။

မရုန်နော်သည် မုဆိုးတစ်ယောက်ဖြစ်နေသဖြင့် ကျားထိုအနီးသို့ မရှိမ်နှင်းဗုံဘဲဖြစ်နေခြင်းကို အားမလိုအားမရဖြစ်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



" နေပါဦး၊ ခင်ဗျားတို့တစ်ရွာလုံးမှာ ယောက်ျားတွေအများကြီး ရှိတာပဲ၊ ဘာဖြစ်လို့ ကျားဆိုးကို ဒီလောက်ကြောက်နေရတာလဲ "

ဟုမေးမြန်းလေ၏။ ထိုအခါ အဘိုးဝါရွာသူကြီးက အထိတ်တလန့်ဖြင့်

" နတ်ကျားကြီးက ကျုပ်တို့ရွာက နွားတွေကိုဆွဲတာ ၉ ကောင် ရှိပြီ၊ ရွာသားသုံးယောက်လဲ အသက်ဆုံးပြီးပြီ၊ ကျားကြီးကို နတ်ဆရာကို မေးကြည့်တော့ နတ်ဆရာက ရိုးရိုးကျားမဟုတ်ဘူး၊ နတ်ကျားလို့ ပြောပါတယ် "

ဟုပြောဆိုလေရာ မရန်နော်က ခေါင်းခါယမ်း၍

" ခင်ဗျားတို့ကြောင့်ခက်ပါတယ်၊ နတ်ဆရာက နတ်ကျားဆိုတိုင်း လက်ပိုက်ပြီး ကြည့်နေမှာလား၊ ဒါဆိုရင် ခင်ဗျားတို့ရွာက နွားတွေ တစ်ကောင်ပြီးတစ်ကောင် သေကုန်လိမ့်မယ်၊ နွားတွေကုန်ရင် လူတွေ အလှည့်ရောက်လာလိမ့်မယ်၊ အဲဒီကျားကို နှိမ်နင်းမှဖြစ်မယ် "

ဟုပြောဆိုလေရာ အဘိုးဝါရွာသူကြီးက ကြောက်ရွံ့သောအမူအရာဖြင့်

" နတ်ကျားကို ကျုပ်တို့ဘယ်လိုရင်ဆိုင်လို့ဘယ်ရမလဲ၊ ယဇ်ကောင်တွေ တက်မြောက်ပြီး ကျေနပ်အောင် တောင်းပန်ရမှာပေါ့ "

ဟုငြင်းဆန်လေ၏။ မရန်နော်သည် အဘိုးဝါရွာသူကြီး၏စကားကို မတုံ့ပြန်တော့ဘဲ နံရံတွင် ချိတ်ထားသော လှံရှည်နှစ်ချောင်းကို ဆုပ်ကိုင်၍ အိမ်၏အနောက်ဘက်အပေါက်သို့ ပြေးခဲ့လေ၏။

ထို့နောက် ခြံထဲသို့ဆင်းကာ အိမ်နှင့်မလှမ်းမကမ်းရှိ နွားခြံရှိရာသို့ ဆင်းခဲ့လေ၏။



နွားခြံသို့ ကျားဆိုးရောက်နေသဖြင့် နွားများကြောက်ရွံ့စွာ အော်ဟစ်နေကြ၏။

မရန်နော်သည် လှံရှည်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်၍ သစ်လုံးများဖြင့် ကာရံထားသော ခြံစည်းရိုးပေါ်သို့ ခုန်တက်လိုက်၏။

ထိုအခါ ခြံစည်းရိုးရှေ့တွင် ရောက်နေသော ကျားဆိုးကြီးနှင့် အနီးကပ်ကြုံတွေ့လိုက်ရလေ၏။

ကျားဆိုးကြီး၏အသက်အရွယ်မှာ ကြီးရင့်နေပြီး သန်မာထွားကြိုင်းသော ကိုယ်လုံးကိုယ်ထည်ရှိ၏။

ကျားဆိုးကြီးသည် ခြံစည်းရိုးပေါ်တွင် မတ်တတ်ရပ်နေသော မရန်နော်ကို ရုတ်တရက်မြင်တွေ့သောအခါ ဒေါသတကြီး ဟိန်းဟောက်လေ၏။

မရန်နော်သည် ကျားဆိုးကြီးနှင့် နီးကပ်စွာရှိနေသော အခွင့်အရေးကို လက်လွှတ်မခံဘဲ ကျားဆိုးကြီး၏လက်ပြင်ရှိရာသို့ မှန်း၍ လှံဖြင့်အားကုန်ထိုးလိုက်လေ၏။

မရန်နော်သည် ကျွမ်းကျင်သောမုဆိုးတစ်ယောက်ဖြစ်သဖြင့် ကျား၏လက်ပြင်ကို လှံဖြင့် ထိုးစိုက်မိသွားလေ၏။ ကျားသည် ပြင်းထန်သောလှံချက် ထိုးစိုက်ခံရသောကြောင့် ကျယ်လောင်စွာအော်ဟစ်၍ နွားခြံ၏ကာရံထားသော ခြံစည်းရိုးများကို ဒေါသတကြီးကိုက်ဖဲ့နေလေ၏။

မရန်နော်သည် ခြံစည်းရိုးပေါ်မှ ခုန်ချ၍ ကျား၏ဝမ်းဗိုက်ကို ဓားမဖြင့် ခုတ်လေ၏။ ကျားဆိုးကြီးသည် လှံချက်နှင့်ဓားချက် မိသွားသောကြောင့် အထိနာသွားဟန်ဖြင့် မြေပေါ်တွင် လူးလိမ့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မရန်နေဒ်သည် ကျားဆိုးကြီး၏ အခြေအနေကိုကြည့်၍ နောက်ဆုံးအကြိမ် ဝမ်းဗိုက်ကို လှံဖြင့်ထပ်မံထိုးလိုက်ရာ ကျားဆိုးသည် ငြိမ်သက်သွားလေ၏။

ထိုအခိုက်မှာပင် အနီးသို့ အကာဇံရွာသူကြီးနှင့် ရွာသူရွာသားများ မဝံ့မရဲရောက်လာပြီး ရွာသူကြီးက

“ ဟင်... နတ်ကျားကြီးကို သတ်လိုက်ပြီ၊ ဒုက္ခပါပဲ ”

ဟုအထိတ်တလန့် ရေရွတ်လေ၏၊ မရန်နေဒ်က ခေါင်းခါ၍

“ ဘာနတ်ကျားမှမဟုတ်ဘူး ကျားရဲ့အသက်ကြီးနေပြီ၊ တောထဲမှာ သားကောင်တွေဖမ်းရတာ ခက်လာလို့ ဒီရွာကနွားတွေကို လာဆွဲနေတာ၊ ခင်ဗျားတို့အားလုံး ကြောက်ရွံ့ပြီးနေလို့ကတော့ ကြာရင်တစ်ရွာလုံး ကျားစာမိသွားမယ် ”

ဟုပြောလေရာ လူအုပ်ထဲမှ နတ်ဆရာနိုပါဆိုသူက ရှေ့သို့ထွက်လာပြီး မြေကြီးကို တောင်ဝှေးဖြင့်ဆောင့်၍

“ နတ်ကျားကို အသေသတ်လိုက်တဲ့အတွက် မင်းမှာ အန္တရာယ်ဆိုးတွေ ကျရောက်တော့မယ်၊ ယဇ်ကောင်တစ်ကောင်ကို အမြန်ဆုံးပူဇော်ရမယ် ”

ဟုပြောဆိုလေ၏၊

မရန်နေဒ်က ခေါင်းခါယမ်း၍

“ ကျုပ်က ခရီးသွားတစ်ယောက်ပါ၊ ယဇ်ကောင်ကို မပူဇော်နိုင်ပါဘူး ”

ဟုပြောဆိုလေ၏၊ ထိုအခါ နတ်ဆရာနိုပါက မရန်နေဒ်ကို မကျေမချမ်း ကြည့်၍



BURMESE CLASSIC .com



“ နတ်ကျားကို သတ်ပြီး ယဇ်ကောင်ကို မပူဇော်ဘူးဆိုရင် ငါတို့ရွာကို အပြစ်တွေကျလာတော့မှာပေါ့၊ ငါတို့တစ်ရွာလုံး တောင်ယာစပါးတွေပျက်ပြီး ရောဂါဘေးဒုက္ခတွေနဲ့ ရင်ဆိုင်ရလိမ့်မယ် ”

ဟုပြောဆိုလေ၏။ နတ်ဆရာ၏စကားကြောင့် ရွာသူရွာသားများ မျက်စိမျက်နှာပျက်သွားပြီး ကျားဆိုးကြီးကို မဝံ့မရဲကြည့်လိုက်လေ၏၊ မရန်နေဒ်က ခေါင်းကိုခါယမ်း၍

“ ဒါကတော့ နိုပါတို့က အယူသည်းလွန်းပြီထင်တယ်၊ ဟောဒီကျားဆိုးကြီးဟာ နတ်ကျားမဟုတ်ပါဘူး၊ ကျားဟာ အသက်ကြီးလာလို့ တောထဲက သားကောင်ကို ဖမ်းမစားနိုင်လို့ ရွာထဲကနွားတွေကို ခင်ဆွဲတာပါ၊ နွားတွေကို ဝင်ဆွဲရင်း ရွာသားသုံးယောက်လဲ အချောင်အသက်ပါသွားရတာပါ ”

ဟုပြန်လည် ရှင်းလင်းလေ၏။ ထိုအခါ နတ်ဆရာက မရန်နေဒ်၏စကားကို လက်သင့်မခံဘဲ

“ ငါ့ရဲ့အာရုံကို မင်းက မယုံကြည်တဲ့စကားပြောတာလား၊ ငါဟာ ကောင်းကင်နတ်ကို ပူဇော်တဲ့ နတ်ဆရာ၊ သာမန် နတ်ဆရာတစ်ယောက်မဟုတ်ဘူး၊ မင်းရဲ့မယုံကြည်မှုကြောင့် တစ်ရွာလုံး ဘေးဒုက္ခရောက်လိမ့်မယ် ”

ဟုပြောဆိုလေ၏။ ထိုအခိုက်မှာပင် ၎င်းတို့၏အနောက်မှ မိုးနတ်မယ်ဆိုသောအမျိုးသမီးကြီးရောက်လာပြီး

“ နတ်ကျားကြီးကို သတ်ဖြတ်မိတဲ့အတွက် ဘယ်လိုယဇ်ကောင်နဲ့ ပူဇော်ရမှာလဲ ”

ဟုမေးမြန်းလေ၏။ နတ်ဆရာ နိုပါက အနောက်သို့လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍

"အနည်းဆုံး ကြက်တစ်ကောင်၊ ဝက်တစ်ကောင်နဲ့ နွားတစ်ကောင်တော့ ပူဇော်ရမယ်၊ ဒါမှ နတ်တွေကို တောင်းပန်ရာရောက်မယ်"

ဟုပြောဆိုလေ၏။ ထိုအခါ မိုးနတ်မယ်က ခေါင်းညိတ်၍

"ဒါဆိုရင် ယဇ်ပူဇော်ဖို့ လိုအပ်တဲ့တိရစ္ဆာန်တွေကို ကျွန်မပေးပါမယ်၊ နတ်ဆရာနီပါလဲ တာဝန်ယူပြီး လုပ်ကိုင်ပေးပါ အခကြေးငွေကို ကျွန်မ တာဝန်ယူပါတယ်"

ဟုဝင်ရောက်ပြောဆိုလေ၏။ မရန်နော်က မိုးနတ်မယ်၏ မထင်မှတ်သောစကားကြောင့် အံ့ဩသွားပြီး

"ဟင်... အဒေါ် ဘယ်လိုပြောလိုက်တာလဲ၊ သူတို့ရဲ့ အယူသည်းမှုကို ကျုပ်တို့က လျှော်ကြေးပေးရမှာလား၊ တကယ်ဆိုရင် တစ်ရွာလုံးကို ဒုက္ခပေးနေတဲ့ ကျားဆိုးကြီးကို ကျုပ်က နှိမ်နင်းပေးတဲ့အတွက် ကျုပ်ကို ကျေးဇူးတောင် တင်ဦးမယ်၊ ဖါးသက်သောင်ခတွေလဲ အများကြီး ပေးသင့်တယ်၊ အခုတော့ ကျုပ်က သူတို့ကိုပြန်လျော်ပေးနေရတယ်"

ဟု မကျေမနပ်ပြောဆိုလေရာ အမျိုးသမီးကြီးက လက်ကာပြ၍

"မင်းရဲ့မကျေနပ်ချက်တွေကို နောက်မှအေးအေးဆေးဆေး ပြောပါကွာ၊ လောလောဆယ်တော့ ငြိမ်ငြိမ်လေးနေလိုက်ပါကွာ"

ဟုပြောလိုက်လေတော့၏။

မရန်နော်သည် မိုးနတ်မယ်၏စကားကြောင့် မကျေမနပ်ဖြင့် နေလိုက်ရလေ၏။





မိုးနတ်မယ်သည် နတ်ဆရာနီပါကို ယဇ်ပူဇော်ရန် လိုအပ်သော အခကြေးငွေကိုပေးလေ၏။

နတ်ဆရာနှင့်အယူသည်းသော ရွာသူရွာသားများသည် မရန်နော်တို့က ယဇ်ပူဇော်ရန် သဘောတူလိုက်သဖြင့် ကျေနပ်သွားလေ၏။

မရန်နော်တို့သည် ထိုညက မိုးလင်းသည်အထိ မအိပ်စက်နိုင်ဘဲ ကျားဆိုးကြီးအနီးတွင် ရွာသားများနှင့်အတူရှိနေလေ၏။ ရွာသားများ၏ အချို့တစ်ဝက်သည် ကျားဆိုးကြီးကို နတ်ကျားကြီးဟု ယူဆနေကြ၏။ နတ်ကျားကြီး၏ ကြောက်ရွံ့ဖွယ်ကောင်းပုံကို ချဲ့ကားပြောဆိုနေကြ၏။

မရန်နော်သည် ရွာသားများနှင့်ဝေးရာနေရာ၌ ဝါးကျည်တောက်ဖြင့် ခေါင်းရည်သောက်နေသော မိုးနတ်မယ်ထံသို့သွား၍

"အဒေါ် ဘာဖြစ်လို့ နတ်ဆရာ နီပါကို အလျော်ပေးရတာလဲ၊ ဒီလူကြီးက အသားလွှတ် အယူသည်းနေတာဗျ၊ ဘာလဲ အဒေါ်က နတ် ဆရာရဲ့စကားကို ယုံလို့လား"

ဟုမေးမြန်းလေ၏။ မိုးနတ်မယ်က ခေါင်းခါယမ်း၍

"နတ်ဆရာစကားကို ငါမယုံပါဘူး၊ ဒါပေမဲ့ ရွာသားတော်တော်များများကတော့ ယုံကြည်ကြတယ်ကွ၊ သူတို့အတွက် နတ်တွေမကြိုက်တဲ့အလုပ်ကို လုပ်ဖို့ သေမတတ်ကြောက်ရွံ့ကြတယ်၊ နတ်ဆရာနီပါ ပူဇော်ခိုင်းတဲ့ ပစ္စည်းတွေဟာ ငါတို့အတွက်တော့ အသေးအမွှားပါ၊ ဒါကြောင့် ရွာရူရွာသားတွေ အေးချမ်းသာယာစွာနဲ့ ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်ဖို့ ငါက ကူညီပေးလိုက်တာပါ၊ သူတို့အဖို့ ယဉ်ကျေးမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



ပူဇော်ပြီးရင် အေးချမ်းသာယာတော့မယ်လို့ ယုံကြည်နေတယ်လေ၊ မှတ်ထား ကောင်လေး၊ တစ်ခါတစ်ရံ ကိုယ့်အတွက် အရေးမပါသော်လည်း ထင်တဲ့ ကိစ္စတစ်ရပ်က တခြားသူတွေအတွက် အလွန်အရေးပါနေတတ်တယ်ကွ ''

ဟု ရှင်းလင်းပြလေ၏။

မရန်နော်သည် မိုးနတ်မယ်၏စကားမှာ မှတ်သားဖွယ်ကောင်းလှသဖြင့် ရင်ထဲတွင် စွဲထင်သွားလေ၏။

နောက်တစ်နေ့တွင် မရန်နော်နှင့် မိုးနတ်မယ်တာ ရွာမှထွက်ခွာရန် အကိဝါရွာသူကြီးကို နှုတ်ဆက်လေ၏။ ထိုအခါ ရွာသူကြီးက မရန်နော်ကိုကြည့်၍

'' မောင်ရင်တို့ကို အကူအညီတစ်ခုတောင်းချင်ပါတယ်၊ ဖြစ်နိုင်မယ်ဆိုရင် ကူညီပေးပါ ''

ဟုပြောဆိုလေရာ မရန်နော်က ရွာသူကြီးကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်လေ၏။ ရွာသူကြီးက သက်ပြင်းချ၍

'' ဒီလိုပါ၊ ကျုပ်သားကို ရွာနဲ့အလွန်ဝေးကွာတဲ့အရပ်ကိုပို့ပြီး စာပေသင်ကြားချင်လို့ပါ၊ စာပေတတ်တဲ့သူဟာ တစ်နေ့သူတစ်ပါးထက် ခေါင်းတစ်လုံးပိုမြင့်မယ်ဆိုတာ ယုံကြည်ပါတယ်၊ ဒါပေမဲ့ ကျုပ်သား စာသင်မဲ့အရပ်ဟာ ရွာနဲ့အလွန်ဝေးကွာတယ်၊ မေခမြစ်ရိုးအတိုင်းသွားရင် ဂဝိုင်ဆိုတဲ့အရပ်ကိုရောက်မယ်၊ အဲဒီမှာ စာသင်ရမယ်ဆိုတော့ လမ်းခရီးမှာ လူဆိုးဓားပြတွေနဲ့ တွေ့မှာကြောက်လို့ မသွားဝံ့ဘူးဖြစ်နေတယ် ဒါကြောင့် မောင်ရင်တို့လမ်းကြုံရင် အဖော်သည့်လိုက်ပါရစေ ''

ဟုတောင်းပန်လေ၏။ မရန်နော်သည် မိုးနတ်မယ်ဘက်သို့လှည့်





၍ ခေါ်သင့်မခေါ်သင့် မေးမြန်းလေရာ သူမက

'' ဂဝိုင်ဘက်မှာ စာပေသင်ကြားမယ်ဆိုတော့ ဘယ်သူက သင်ပေးမှာလဲ ''

ဟုမေးမြန်းလေ၏။ ထိုအခါ အကိဝါရွာသူကြီးက

'' သာသနာပြုဘုန်းတော်ကြီးတစ်ပါးက သင်ပြပေးနေတယ်၊ ဘုန်းတော်ကြီးဆီမှာ စာပေပညာသင်တဲ့သူ အတော်များနေတယ်လို့ ကြားတယ် ''

ဟုပြောဆိုလေ၏။ မရန်နော်သည် ပြောင်ချော်ချော်မျက်နှာပေးရှိသော သူကြီးသားမျက်နှာကိုမြင်ယောင်မိပြီး စာပေပညာသင်ကြားရန် သံသယဖြစ်နေမိ၏။

ကချင်လူမျိုးတို့၏ ကိုယ်ပိုင်ဘာသာစကားမရှိသဖြင့် လွန်ခဲ့သော အနှစ်တစ်ရာခန့်က အနောက်တိုင်းသာသနာပြုများက ရောမအက္ခရာဖြင့် စာရေးနည်းကို သင်ပြပေးသွားလေ၏။

ထိုစာရေးနည်းကို သူကြီးသားက သင်ယူမည်ထင်၏။

မိုးနတ်မယ်က အကိဝါသူကြီးကိုကြည့်၍

'' ကျွန်မတို့သွားမဲ့လမ်းက အန္တရာယ်များပါတယ်၊ လမ်းခရီးမှာ လုယက်တိုက်ခိုက်တဲ့ လူဆိုးဓားပြတွေရှိတယ်လို့လဲကြားတယ်၊ ဒါကြောင့် သူ့အသက်ကိုတော့ ကျွန်မတို့ တာဝန်မယူနိုင်ဘူး၊ ဒါပေမဲ့ တတ်နိုင်သမျှ စောင့်ရှောက်ခေါ်ယူသွားပါမယ် ''

ဟုကတိပေးလိုက်ရာ ရွာသူကြီးသည် ဝမ်းသာအားရဖြစ်သွားလေ၏။

ထိုနောက်အချိန်၏အနောက်တွင် ကုတ်ကုတ်လေးထိုင်နေသော



www.burmeseclassic.com

www.burmeseclassic.com



သူကြီးသားကို လှမ်းခေါ်လိုက်လေ၏။ သူကြီးက သူ၏သားကို ပခုံးပုတ်၍

" မင်းကို ဟောဒီက ညည်သည်တော်ကြီးတွေက ခေါ်သွားလိမ့်မယ်၊ သူတို့နဲ့အတူတူ ဂုိုင်ရွာကိုသွားပြီး သာသနာပြုဘုန်းတော်ကြီးဆီမှာ စာပေပညာကိုသင်ကြားပါ၊ ပညာကို ကြိုးကြိုးစားစားသင်ယူပါ၊ ပညာတတ်ရင် အမှားနဲ့အမှန်ကို ဝေဖန်ပိုင်းခြားတတ်လာမယ်၊ ဒါဆိုရင် ကြီးပွားတိုးတက်မှာသေချာတယ်၊ လမ်းခရီးမှာ ညည်သည်တွေရဲ့စကားကို နားထောင်ပါ၊ ကလန်ကဆန်မလုပ်ပါနဲ့၊ ဒီလိုလုပ်ရင် ဒုက္ခရောက်ပြီး ဓားပြတွေလက်မှာ အသက်ပေးရလိမ့်မယ် "

ဟုမှာကြားလေရာ ပြောင်ချော်ချော်မျက်နှာပေးရှိသော သူကြီးသားသည် ခေါင်းကို တဆတ်ဆတ်ညိတ်၍

" စိတ်ချပါ၊ ပညာကိုကြိုးစားသင်ပါ့မယ်၊ ပညာတတ်ရင် ရွာသူအမျိုးချောလေးတွေဆီကို ဖဂါလက်ဆောင်တွေ အများကြီးပေါပြီး ကဆော လွတ်ဖို့ အဖေမမေ့ပါနဲ့ "

ဟုပြောလေ၏။ သူကြီးမင်းက သားဖြစ်သူ၏ဆန္ဒကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ကတိပေးလေ၏။

မရန်နေဒ်သည် သူကြီးသား၏လိုအင်ဆန္ဒကို နားထောင်၍ ပြုံးလိုက်မိ၏။

ကချင်တို့၏ရိုးရာ ဓလေ့ထုံးစံအရ ယောကျ်ားလေးရှင်သည် မိန်းကလေးရှင်ထံသို့ ကဆောခေါ် အောင်သွယ်များကိုစေလွှတ်ရ၏။ ထိုသို့စေလွှတ်ရာတွင် ဖဂါခေါ်သော လက်ဆောင်များကို အများအပြား သယ်ဆောင်သွားရ၏။





မိန်းကလေးရှင်သည် ကဆောများ၏အပြောအဆို မှန်ရည်မှု၊ ဖဂါလက်ဆောင်ပစ္စည်းများ များပြားမှုတို့ကို အခြေခံ၍ယောကျ်ားလေးရှင်ဘက်သို့ သဘောတူမတူ ပြန်ကြားရ၏။

များသောအားဖြင့် ဖဂါလက်ဆောင်ပစ္စည်းများ များပြားစွာသယ်ဆောင်သွားနိုင်သူသည် မျက်နှာပန်းလှ၍ မိန်းကလေးရှင်ဘက်က သတင်းကောင်းကို ကြားရတတ်၏။

ထိုအခိုက်မှာပင် မိုးနတ်မယ်က သူကြီးသားဘက်သို့လှည့်၍

" ဒါဆိုရင် ငါတို့ခရီးဆက်ကြမယ်၊ မင်းရဲ့အထုပ်အပိုးတွေပြင်ပေတော့ "

ဟုပြောဆိုလေရာ သူကြီးသားသည် သူ၏အထုပ်အပိုးများကို သွားရောက်ယူငင်လေ၏။

မရန်နေဒ်တို့သည် ခရီးရှည်ကြီးကို ဆက်ကြလေ၏။ သူကြီးသားသည် ခရီးလမ်းတစ်လျှောက်လုံး သီချင်းများသီဆို၍ လိုက်ပါလာလေ၏။ သူသည် တောလမ်းခရီးကို ပိုမိုကျွမ်းကျင်သူဖြစ်သဖြင့် ခရီးလမ်းပန်းပိုမို၍ အဆင်ပြေလေ၏။

၎င်းတို့သည် တောတွင်းသို့ဝင်ရောက်ခဲ့ပြီး တရွေ့ရွေ့ခရီးဆက်ခဲ့ရာ အမျိုးသမီးတစ်ဦး၏ စူးစူးဝါးဝါးအော်ဟစ်လိုက်သောအသံကြောင့် အားလုံး မျက်လုံးပြူးသွားလေ၏။

သူကြီးသားက မျက်မှောင်ကြုတ်၍

" တောထဲက မိန်းမသံကြားတယ်၊ ဒါဟာ နတ်တွေရဲ့လှည့်စားမှုပဲဖြစ်မယ်၊ ကျုပ်တို့သွားလို့မဖြစ်ဘူး "

ဟုပြောဆိုလေ၏။ မရန်နေဒ်ကမူ အမျိုးသမီးကြီးဘက်သို့



www.burmeseclassic.com

လှည့်၍

" တစ်စုံတစ်ယောက်တော့ ဗုဒ္ဓရောက်နေပြီထင်တယ်၊ ကျုပ်တို့ သွားကြည့်ရအောင် "

ဟုဆိုကာ အသံကြားရာအရပ်သို့ ဦးတည်၍ပြေးလွှားသွားလေရာ သူကြီးသားသည် အော်ဟစ်၍ တားဆီးပြီး ကျန်ရစ်ခဲ့လေ၏။ မရန်နော်သည် မုဆိုးတစ်ဦးပီပီ လျှင်မြန်စွာ ပြေးလွှားသွားပြီး ချောက်ကမ်းပါးအနီးသို့ရောက်သောအခါ ကြောက်လန့်တကြားအော်ဟစ်နေသော မိန်းမပျိုတစ်ဦးနှင့် လွန်စွာကြီးမားသော တောကြီးမြွေဟောက်တစ်ကောင်ကိုတွေ့လိုက်ရ၏။

တောကြီးမြွေဟောက်သည် မြွေဟောက်တို့၏ဘုရင်ဖြစ်ပြီး အလွန် အဆိပ်ပြင်းလှသဖြင့် မရန်နော်သည် မိန်းမပျိုအတွက် အလွန်စိုးရိမ်သွား၏။

မိန်းမပျိုရှေ့တွင်ရှိသော တောကြီးမြွေဟောက်သည် ဆယ်ပေကျော်ကျော်ရှိပြီး ပါးပျဉ်းထောင်ထားသဖြင့် သူမအတွက် အလွန်အန္တရာယ်ရှိသောအနေအထားပင်ဖြစ်၏။

မရန်နော်သည် မိန်းမပျိုရှိရာသို့အပြေးသွား၍

" မလှုပ်နဲ့ မလှုပ်နဲ့၊ ငြိမ်ငြိမ်လေးနေ "

ဟုအော်ဟစ်ပြီး မြားကျည်တောက်မှ သံဈူးတပ်ထားသော မြားတစ်စင်းကိုထုတ်၍ တောကြီးမြွေဟောက်၏ပါးပျဉ်းကိုပစ်လိုက်လေ၏။

သံဈူးတပ်ထားသောမြားသည် တောကြီးမြွေဟောက်၏ပါးပျဉ်းကို ဖောက်ထွင်းဝင်ရောက်သောအခါမှပင် မရန်နော်သည် အနီးသို့ခုန်လွှားသွားပြီး မြွေဟောက်၏လည်ပင်းကို ဖြတ်ပိုင်းလိုက်လေ၏။



မိန်းမပျိုသည် ထိုအခါမှပင် မျက်လုံးများပြူးဝိုင်း၍ မြွေဟောက်ကြီးကိုကြည့်ကာ ငြိမ်သက်သွားလေ၏။ မရန်နော်က သူမကို မျက်မှောင်ကြုတ်ကြည့်ကာ

" တောထဲကို မိန်းကလေးတစ်ယောက်တည်း ဘာလာလုပ်တာလဲ "

ဟုမေးမြန်းလေရာ မိန်းမပျိုသည် မရန်နော်၏အမေးကြောင့်

" အမလေး အခုမှသတိရတယ်၊ ကယ်ကြပါဦး၊ ကယ်ကြပါဦး "

ဟုအော်ဟစ်ပြန်ရာ မရန်နော်က ကြောင်အမ်းအမ်းဖြစ်သွားပြီး

" ဟင် မိန်းကလေး ဘာဖြစ်လို့ အော်နေတာလဲ၊ မြွေကြီးသေသွားပြီလေ "

ဟုပြောဆိုလေ၏။ ထိုအခါ မိန်းမပျိုက သူမ၏အနောက်ရှိ ချောက်ကမ်းပါးကို လက်ညှိုးညွှန်ပြပြီး

" ချောက်ကြီးထဲမှာ ကျွန်မမောင်လေးကျနေတယ်၊ ကယ်ကြပါဦးရှင် "

ဟုအော်ဟစ်ပြောဆိုလေ၏။

မရန်နော်သည် သူမ၏စကားကြောင့် ချောက်ကမ်းပါးအောက်သို့ ငုံ့ကြည့်လိုက်သောအခါ ချောက်၏အောက်ဘက်ပေနှစ်ဆယ်ခန့်အကွာရှိ ကျောက်ဆွန်းတစ်ခုကို လက်နှင့်ဆွဲထားသော ကလေးတစ်ယောက်ကို ထိတ်လန့်ဖွယ်တွေ့ရလေ၏။

ကလေးသည် လေထဲတွင် တွဲလောင်းဖြစ်နေပြီး လက်ဘဲ့သော လာလျှင် ချောက်ထဲသို့ ပြုတ်ကျသွားနိုင်၏။ ထိုအခိုက်မှာပင် အနီး ရောက်လာသောအမျိုးသမီးကြီးက

www.burmeseclassic.com

www.burmeseclassic.com



" မရန်နေဘ် မင်းကိုယ်တိုင် ချောက်ထဲကို အမြန်ဆုံးဆင်းမှဖြစ်မယ် "

ဟုပြောလေရာ မရန်နေဘ်သည် မှဆိုးတစ်ဦးဖြစ်သော်လည်း ဖက်စောက်သောကျောက်ဆောင်ကျောက်ခဲများကိုကြည့်၍ အကြပ်ရိုက်သွားလေ၏။

မိန်းမပျိုမှာလည်း သူ့မဏ်ဖောင်းလေးအတွက် စိုးရိမ်ကြီးစွာအောင့်ပာစ်နေလေ၏။

ထိုအခိုက်မှာပင် အမျိုးသမီးကြီးက သူ့ခါးတွင်ချိတ်ဆွဲထားသော ကြိုးတစ်ချောင်းကိုယူ၍ ချောက်ကမ်းပါးတစ်ဖက်စွန်းရှိ ကျောက်စွန်းတစ်ခုကို ကြိုးဖြင့်ပစ်လိုက်ရာ ချိတ်မိသွားလေ၏။ မိုးနတ်မယ်က

" မရန်နေဘ် အေဒီကြိုးကိုဆွဲပြီး ကလေးရှိတဲ့ကျောက်စွန်းကို ခုန်ဆင်းလိုက်ပါ။ ပြီးတော့မှ ကလေးနဲ့အတူ ကြိုးကိုဆွဲပြီး ပြန်တက်ခဲ့ပါ။ အန္တရာယ်တော့သိပ်များဘယ်၊ ဖြစ်ပါ့မလား "

ဟုမေးမြန်းလေ၏။ မရန်နေဘ်က အခြေအနေကိုအကဲခတ်၍ ခေါင်းညိတ်ကာ

" ဖြစ်တယ်အဒေါ်၊ ကျောက်စွန်းမှာ ချိတ်မိနေတဲ့ကြိုး ခိုင်မခိုင်တော့လိုတယ် "

ဟု ပြောကာ ကြိုးကိုသေချာစွာချိတ်ဆွဲ၍ ချောက်ကမ်းပါးထဲသို့ ခုန်ဆင်းလိုက်လေရာ သူ၏ကိုယ်ခန္ဓာသည် ကံကောင်းထောက်မစွာဖြင့် ကျောက်စွန်းပေါ်သို့ ရောက်သွားလေ၏၊

မရန်နေဘ်သည် ထိုအခါမှပင် လက်အိပ်သေပြီး ပြုံးကျွမ်းတော်ဖြစ်နေသော ကလေးငယ်ကို ကျောက်စွန်းပေါ်သို့ ဆွဲတင်လိုက်၏။





ပြီးနောက် ကလေးကို ခဏမျှ အနားယူစေပြီး ကြိုးကိုဆွဲ၍ ချောက်ပေါ်သို့ ပြန်တက်စေ၏။

ကလေးငယ် အပေါ်သို့ရောက်သောအခါ မရန်နေဘ်လည်း ကျောက်တုံးကျောက်ခဲများကို ခိုဆွဲ၍ ပြန်တက်ခဲ့လေ၏။

ချောက်ကမ်းပါးအပေါ်သို့ပြန်ရောက်သောအခါ မရန်နေဘ်က ခြေပစ်လက်ပစ် လဲလျောင်းရင်း မိန်းမပျိုဘက်သို့လှည့်ကာ

" နေပါဦး မင်းတို့မောင်နှမက ဘာဖြစ်လို့ တောထဲသို့ အဖော်မပါဘဲ ရောက်နေရတာလဲ၊ တောထဲမှာ အန္တရာယ်ဘယ်လောက်များတယ်ဆိုတာ တွေ့ပြီမဟုတ်လား။ တစ်ယောက်ကချောက်ထဲကျတယ်၊ တစ်ယောက်က တောကြီးမြွေဟောက်နဲ့တွေ့တယ်၊ ချောက်ထဲကျရင် အရိုးအသားပြန်ရှာတွေ့မှာမဟုတ်ဘူး၊ တောကြီးမြွေဟောက်နဲ့တွေ့ရင်လဲ ပြန်လမ်းမရှိဘူး။ သူဟာ မြွေဟောက်တွေရဲ့ဘုရင်ပဲ၊ တောကြီးမြွေဟောက်ရှိတဲ့နေရာမှာ အခြားအဆိပ်ပြင်းတဲ့ မြွေတွေတောင် မနေနိုင်ဘူး၊ ကျုပ်တို့နဲ့တွေ့တာ ကံကောင်းတယ်မှတ်ပါ "

ဟု ပြောဆိုလေရာ သူကြီးသားက ဝင်၍

" မရန်နေဘ်ကလဲဗျာ၊ သူ့ခမြာ အသက်အန္တရာယ်ဘေးက လွတ်ကင်းကာစရှိသေးတယ်၊ အပြစ်မတင်ပါနဲ့၊ ညီမလေး ရော့ ဟောဒီရေဘူးထဲက ရေကိုသောက်လိုက်၊ အသားခြောက်တွေကိုလဲ စား "

ဟု မျက်နှာလို မျက်နှာရ ဝင်ရောက်ပြောဆိုလေ၏။ မိန်းမပျိုလေးသည် သူကြီးသားတိုက်သောရေတစ်ခွက်ကိုသောက်၍

" အစ်ကိုတို့အပြစ်တင်ရင်လဲ ခံရပါမယ်ရှင်၊ ကျွန်မတို့မှာ မောင်နှမ နှစ်ယောက်တည်းရှိပေမဲ့ ဆင်းရဲလွန်းလို့ တောထဲမှာ ဆေးမြစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ဥတွေရှာပြီး တစ်ဖက်နိုင်ငံက ကုန်သည်တွေကို ရောင်းရပါတယ်၊ မျောက်ဥ နုမရင်းဆေးမြစ်တွေရရင် ကျွန်မတို့ မောင်နှမအတွက် ဈေးကောင်းရ တတ်ပါတယ်၊ ဒီနေ့လဲ ချောက်ကမ်းပါးအစပ်မှာ ပေါက်တဲ့ ရှားပါးဆေး ပင်တစ်ပင်ကို မောင်လေးက ခူးဖို့ကြိုးစားရင်း ချောက်ထဲကို ကျသွားတာ ပါရှင်၊ မောင်လေးချောက်ထဲကျလို့ စိုးရိမ်တကြီးနဲ့ အောက်ဟာစ်နေတုန်း တောကြီးမြေပြောက်နဲ့ မမျှော်လင့်ဘဲ တွေ့ရတာပါ ''

ဟု ရှင်းလင်းပြလေ၏။ ထိုအခါ မိုးနတ်မယ်ဆိုသော အမျိုးသမီး ကြီးက သက်ပြင်းရှု၍

'' ဝမ်းရေးအတွက်ဆိုတော့လဲ စွန့်စားရှာဖွေရတာပေါ့၊ တော ကြီးမြေပြောက်ဟာ ကျောက်ဆောင်၊ ကျောက်တန်းတွေကြားမှာ နို အောင်းနေတတ်တယ်၊ မိန်းကလေးရဲ့ လုပ်ရှားမှုကြောင့် သူ့အတွက် အနှောင့်အယှက်ဖြစ်ပြီး ရန်ပြုတာ ဖြစ်ပါလိမ့်မယ် ''

ဟု ပြောဆိုလေ၏။ ထို့နောက်တွင်မှ မိန်းမပျိုက မရန်နော်တို့အား သူမနေထိုင်ရာ ရွာသို့ ခေါ်ဆောင်သွားလေ၏။

သူမ၏ရွာသည် လူနေအိမ်ခြေ ငါးဆယ်ခန့်ရှိသော ရွာတစ်ရွာပင် ဖြစ်၏။

ရွာကိုအုပ်ချုပ်သူသည် ဒူဝါယေ၊ အလန်ဒါမဟုတ်ဘဲ အဘိုးဝါ ရွာသူကြီးသာဖြစ်၏။

သူမသည် ရွာအနီးရှိ တဲငယ်လေးတစ်လုံး၌ ခင်းရံကျပ်တည်း၍ သွား နေထိုင်ရလေ၏။

သူမ၏ ဖခင် ရှိစဉ်က အဘိုးဝါရွာသူကြီးနှင့် ရန်ငြိုးရန်စရှိသဖြင့် ရွာသူကြီးက ကူညီထောက်ပံ့ခြင်းမရှိဟု သိရလေ၏။





တစ်ရွာလုံးရှိ ရွာသူရွာသားများသည် ရွာသူကြီး၏ ဆွေမျိုးများ အများစုဖြစ်သဖြင့် သူမတို့မိသားစုကို ကူညီခြင်းမရှိချေ။

မရန်နော်တို့သည် ထိုညက မိန်းမပျိုလေး၏ တဲအိမ်၌ အိပ်စက် ကြလေ၏။

ထိုညသန်းခေါင်ယံအချိန်၌ မိန်းမပျို၏ မောင်ငယ်လေးသည် အဖျားတက်နေသဖြင့် မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက သူမ၌ အသင့်ဆောင်ယူလာသော ဆေးဝါးများဖြင့် ကုသပေးလေ၏။

နောင်တစ်နေ့တွင် ကလေးငယ်၏အဖျား ကျဆင်းခြင်းမရှိသဖြင့် သူမတို့ရွာ၌ သောင်တင်နေလေ၏။

မိန်းမပျိုက သူမတို့အိမ်၌ မွေးထားသော ကြက်တစ်ကောင်ကို ယူ၍ ရွာထဲသို့ သွားရန် ပြင်ဆင်လေရာ မိုးနတ်မယ်က မေးမြန်းလေ၏။

ထိုအခါ မိန်းမပျိုက

'' နတ်ဆရာဆီမှာသွားပြီး နတ်တွေကို ပူဇော်မလို့ပါ၊ မောင် လေးရဲ့ အဖျားရောဂါ အမြန်ပျောက်အောင်လို့ ''

ဟု ပြောဆိုလေ၏။ အမျိုးသမီးကြီးက ခေါင်းခါ၍

'' ကြက်ကို ပူဇော်ပြီး နတ်တွေကို ဆုတောင်းမဲ့အစား ကြက် သားခွက်ပြုတ်လေး လုပ်နိုင်ရင် ပိုကောင်းပါတယ် ''

ဟု ပြောဆိုလေရာ မိန်းမပျိုသည် သူမ၏ မောင်လေးအတွက် တခဏမျှ တွေဝေနေပြီးမှ မီးဖိုဆောင်သို့ ဝင်သွားလေ၏။

ရွာသူကြီးသားသည် တစ်ချိန်လုံးလိုလိုပင် မိန်းမပျို၏အနီး၌ ရစ် ဝဲနေပြီး သိသိသာသာ ပိုးပန်းသော အမူအရာကို ပြင်ရလေ၏။

မိုးနတ်မယ်က ရွာသူကြီးသားကို ကြည့်၍.



www.burmeseclassic.com

www.burmeseclassic.com



" ဒီနောက်ပိုင်းကျနဲ့တော့ ခက်ပါတယ်၊ သူ့အမေကတော့ စာသင်ဖို့ လွှတ်လိုက်တယ်၊ သူကတော့ ရောက်ရာနေရာမှာ မိန်းမချောလေးနဲ့ ပျော်မွေ့နေတယ် "

ဟု မှတ်ချက်ချလေ၏။

မိန်းမပျိုလေးသည် ရွာ၌ အချိုးဆွေ့ နည်းပါးသဖြင့် အထီးကျန်နေထိုင်ရသဖြင့် သူ့ကို ဂရုစိုက်သော သူကြီးသား၏ နှစ်သိမ့်မှုများကို ကျေနပ်နေဟန်ရှိ၏။

မရန်နော်တို့သည် မိန်းမပျိုလေး၏ မောင်ငယ်လေး ဖျားနာနေသဖြင့် ရက်များစွာနေထိုင်ရလေ၏။

မိုးနတ်မယ်က သူမ၏ ဆေးဝါးများနှင့် ကုသာပေးရုံမက အားဖြည့်ရ ပြုတ်နေသော ကလေးကို စားသောက်ဖွယ်ရာများ ရှာဖွေကျွေးမွေး၏။

မိုးနတ်မယ်၏ ဆေးဝါးကုသပေးမှုကြောင့် ကလေးငယ်သည် ကျန်းမာစ ပြုလာလေ၏။

သူကြီးသားသည် မိန်းမပျို၏ အနီးတွင်သာ ရစ်ဝဲနေပြီး ၎င်း၏ စာပေသင်ကြားရန် ရည်ရွယ်ချက်ကို မေ့လျော့နေပုံရ၏။

တစ်ညသ၌ မရန်နော်သည် အိပ်ပျော်နေရာမှ လန့်နိုးပြီး ပြန်လည်အိပ်စက်မရသည်နှင့် ခြံထဲသို့ ဆင်းရန်ပြင်လိုက်၏။

သူသည် အိပ်ရာမှ ထထိုင်လိုက်သောအခါ တစ်စုံတစ်ယောက်က သူ၏လက်မောင်းကို ဆွဲလိုက်သဖြင့် အံ့ဩသွားပြီး လှည့်ကြည့်လိုက်ရာ မိုးနတ်မယ်ကို တွေ့ရလေ၏။

မရန်နော်က မိုးနတ်မယ်ကို မေးမြန်းရန် ပြင်ဆင်နေစဉ် သူမက လက်ကာပြ၍





" ရှူး… တိုး တိုး၊ ခြံထဲကို မင်းဆင်းလို့မဖြစ်ဘူး "

ဟု ပြောလေရာ မရန်နော်က မျက်မှောင်ကြုတ်၍

" ဘာဖြစ်လို့လဲ အဒေါ် "

ဟု မေးမြန်းလိုက်လေ၏။

အမျိုးသမီးကြီးက အိမ်မ၏အပေါက်ဝမှ ခြံထဲသို့ လက်ညိုးညွှန်ပြလိုက်ရာ လရောင်ဖြင့် လူနှစ်ဦး၏ ဝိုးတဝါးပုံရိပ်ကို မြင်ရလေ၏။

ထိုသူနှစ်ဦးမှာ မိန်းမပျိုနှင့် သူကြီးသားပင် ဖြစ်လေတော့၏။

သူကြီးသားသည် မိန်းမပျိုကို မေတ္တာသက်ဝင်ပြီး ရွာမှ ခွာလိုဟန်မရှိတော့ချေ။

မရန်နော်တို့သည် နောက်တစ်နေ့သို့ရောက်သောအခါ ကလေးငယ် ကျန်းမာနေသဖြင့် ရွာမှ ထွက်ခွာရန် ပြင်ဆင်ကြလေ၏။

ထိုအခါ သူကြီးသားက

" ကျုပ် မလိုက်တော့ဘူးဗျာ၊ ခင်ဗျားတို့ပဲ ခရီးဆက်ပေတော့ "

ဟု ပြောဆိုလေရာ မရန်နော်က သူကြီးသားကို အံ့ဩဟန်ဖြင့် ကြည့်၍

" ခင်ဗျားအဖေက စာပေသင်ကြားဖို့ လွှတ်လိုက်တာလေ၊ မိဘစကားကို နားမထောင်တော့ဘူးလား "

ဟု မေးမြန်းလေ၏။ သူကြီးသားက ခေါင်းခါယမ်း၍

" ကျုပ် စာပေမသင်ချင်ဘူး၊ အဖေလဲ စာပေမတတ်ဘဲ အကြီးရွာသူကြီး လုပ်နေတာပဲ၊ တကယ်တော့ ကျုပ်က လွတ်လွတ်လပ်လပ်ပဲ နေချင်တာယ်၊ ဒါကြောင့် ဒီရွာကလေးမှာပဲ တောင်ယာလုပ်ကိုင်ပြီး နေတော့မယ်၊ ကျုပ်နဲ့ မိန်းကလေးနဲ့ အမျိုးအနွယ်ချင်းလဲ တူပါတယ်၊ လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်လို့လဲ ရပါတယ် ''

ဟု ပြောလေ၏။

မရန်နေဘ်က သက်ပြင်းချ၍

'' ဒါဆိုလဲ ခင်ဗျားသဘောပါပဲ၊ သူတို့မောင်နှမအတွက် အားကိုးအားထားရှိသွားလို့ တစ်ခုတော့ကောင်းပါတယ်၊ စာပေ မသင်တဲ့အတွက် သူကြီးကတော့ စိတ်ကောင်းမှာမဟုတ်ဘူး။ သူ့ရဲ့အရိုက်အရာ ကို မဆက်ခံတော့ဘူးလား ''

ဟု ပြောလေ၏။ ထိုအခါ သူကြီးသားက ခေါင်းရည်တစ်ခွက်ကို ငုံ့သောက်ပြီး

'' သူကြီးအရိုက်အရာကို မလိုချင်ပါဘူး၊ သူကြီးအလုပ်က သမားရိုးကျ အလုပ်လေး၊ စွန့်စွန့်စားစားမရှိဘူး၊ ကျုပ်ငယ်ငယ်တုန်းက တော့ စွန့်စားခန်းတစ်ခုကို ကြီးကြီးကျယ်ကျယ်လုပ်ဖို့ စိတ်ကူးယဉ်ခဲ့တယ်၊ အခုတော့ ဒီအိပ်မက်တွေလဲ မရှိတော့ပါဘူး ''

ဟု ပြောလေ၏။ မရန်နေဘ်က မျက်မှောင်ကြုတ်၍

'' ဘယ်လို စွန့်စားခန်းလဲ ပြောပါဦး ''

ဟု မေးမြန်းလေ၏။ သူကြီးသားက

'' ဒီလိုပါ ကျုပ်တို့အဘိုး လက်ထက်တုန်းက မမြော်လင့်ဘဲ တောထဲက ရွှေတွေ အများကြီး တူးဖော်ဖြစ်တယ်၊ ရွှေတုံးတစ်ဆုံးကို တစ်ဆယ်သားလောက်ရှိတဲ့ ရွှေတုံးတွေပါ၊ အဘိုးဟာ ရွှေအိုးတွေရလို့ အပျော်ကြီးပျော်ခဲ့တယ်၊ သူ့ရဲ့ အလွန်တူးခြားတဲ့ ကံကြမ္မာ အလှည့်အပြောင်းတစ်ခုပေါ့ ဒါပေမဲ့ မကြာပါဘူး အဘိုးရွှေတွေ အများကြီးရတဲ့ သတင်း ပြန့်နှံ့သွားပြီး နယ်စပ်ဒေသ လူဆိုးတွေဟာ အဘိုးရဲ့ရွှေတွေ



ကို လုယက်ဖို့ ရောက်လာတယ်၊ အဘိုးဟာ သူ့ချွေးနည်းစာနဲ့ ရှာဖွေထားတဲ့ ရွှေတုံးတွေကို ဒေးပြလက် မအပ်ချင်တာနဲ့ ပန်နန်ဒင်ဘက်ကို ရောက်အောင်သွားပြီး လုံခြုံတဲ့နေရာမှာ သိမ်းခဲ့တယ်၊ ပြီးတော့မှ ရွာကို ပြန်လာတယ်၊ အဘိုး ရွှေတုံးတွေဖွက်ပြီး တစ်လအကြာမှာ ဓားပြတွေ ရွာကို ရောက်လာတယ်၊ ပြီးတော့ အဘိုးကို နှိပ်စက်ညှင်းပန်းပြီး ရွှေတုံးတွေရှိတဲ့နေရာကို မေးတယ်၊ နောက်ဆုံးမှာ အဘိုးဟာ သူ့ရဲ့ ရွှေတုံးတွေကို အသက်နဲ့လဲပြီး ကာကွယ်သွားခဲ့တယ်၊ အဘိုးဟာ သူသေကာနီးမှာ ရွှေတုံးတွေကို ပန်နန်ဒင်နားက သစ်ပင်တစ်ပင်ရဲ့ သစ်ခေါင်းထဲမှာ ဖွက်ထားကြောင်း ပြောပြခဲ့တယ်၊ ဒါပေမဲ့ အဘိုးရဲ့ သားသမီးတွေဟာ ရွှေတုံးတွေကို လှည့်လည်ရှာဖွေကြည့်ပေမဲ့ မရခဲ့ပါဘူး ''

ဟု ပြောလေရာ မရန်နေဘ်နှင့် အမျိုးသမီးကြီးက လွန်စွာ အံ့သြသွားပြီး

'' ဟင်... ရွှေတုံးတွေကို သစ်ခေါင်းထဲမှာ ဖွက်ခဲ့တယ်၊ ဟုတ်လား။ စုစုပေါင်း ရွှေတုံး ဘယ်နှစ်တုံးရှိသလဲ ''

ဟု မေးမြန်းလေ၏၊ ထိုအခါ သူကြီးသားက သက်ပြင်းချ၍

'' ရွှေတုံးကြီးဘုံးဂိတိလို့ ပြောတာပဲဗျာ၊ ရွှေတုံးတွေဟာ အလွန် တန်ဖိုးရှိတာတော့ သေချာပါတယ် ''

ဟု ပြောဆိုလေ၏၊

မရန်နေဘ်နှင့် မိုးနတ်မေယ်ဆိုသော အမျိုးသမီးကြီးသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ လွန်ခဲ့သော ရက်များစွာက မိုးကြိုး ပစ်၍ သစ်ပင်ပြိုလဲပြီးနောက် သစ်ခေါင်းထဲမှ ရရှိလာသော ရွှေတုံးကြီး ၉ တုံးကို သတိရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုရွှေတုံးများသည် တိုက်ဘိုက်ဆိုင်ဆိုင်ပင် သူကြီးသား၏ အဘိုးပိုင် ရွှေတုံးများဖြစ်နေလေ၏။

ထို့ကြောင့် အမျိုးသမီးကြီးက သက်ပြင်းချ၍

" အတော်ထူးဆန်းတဲ့ တိုက်ဆိုင်မှုပဲ၊ ကံကြမ္မာဆိုတာ အလွန်အံ့သြဖို့ကောင်းတယ်ဆိုတာ တကယ်မှန်တာပဲ၊ ဥစ္စာရှင်းမှန်တော့လဲ ပြန်ပေးရတာပေါ့ "

ဟု ပြောဆိုကာ သုဖဒီတ်ထဲရှိ ရွှေတုံး ၉ တုံးကို သူကြီးသား လက်ထဲသို့အပ်၍ ဖြစ်ကြောင်းကုန်စင်ကို ရှင်းလင်းပြလေ၏။

သူကြီးသားသည် ပါးစပ်အဟောင်းသားနှင့် နားထောင်နေပြီး နောက် အမျိုးသမီးကြီး၏ စကားဆုံးသောအခါ ဝမ်းသာအားရဖြင့်

" ဟင်... ဒါဆိုရင် ဒီရွှေတုံးတွေက အဘိုးရဲ့ ရွှေတုံးတွေပေါ့ ကျုပ်တို့ မျိုးရိုးစဉ်ဆက် ရှာဖွေခဲ့တဲ့ ပစ္စည်းတွေကို မမျှော်လင့်ဘဲ ပြန်တွေ့ပြီ၊ ဝမ်းသာလိုက်တာဗျာ၊ ဒီအကြောင်းတွေကို အဖေသိရင် ဘယ်လောက် ဝမ်းသာလိုက်မလဲ၊ အဖေ့ကို အမြန်ဆုံး ပြန်ပြောရမယ် "

ဟု ပြောဆိုလေရာ မိုးနတ်မယ်က သူကြီးသားကိုကြည့်၍

" အစတုန်းကတော့ ရွာကို မပြန်တော့ဘူးဆို "

ဟု မေးမြန်းလိုက်လေ၏။ သူကြီးသားက မျက်နှာငိုကြုတ်၍

" ရွာကို မပြန်တော့ဘူးဆိုတာ စာမသင်ချင်လို့ ရှောင်တိမ်းနေတာပါ၊ အခုလို အဘိုးရဲ့ ရွှေတွေကို ပြန်ရရင် ကျောင်းမတက်တဲ့အတွက်လဲ အဖေ စိတ်ဆိုးမှာ မဟုတ်တော့ပါဘူး၊ ဒီမှာစာမသင်တဲ့အတွက် အဖေ စိတ်မဆိုးရုံမကဘူး၊ မိန်းမယူရင်လဲ အဖေ စိတ်ဆိုးမှာ မဟုတ်တော့ဘူး၊ အဖေ့ကို ခွင့်တောင်းပြီး ယောဒီမိန်းကလေးကို လက်ထပ်ယူ

ပယ်ဗျာ "

ဟု ပြောဆိုလေ၏။ မရန်နေဘ်နှင့် မိုးနတ်မယ်သည် မိန်းမယူမည့်လေး အတွက်ပါ အဆင်ပြေသွားသဖြင့် ကျေနပ်ပြီး စိတ်ချလက်ချ ခရီးထွက် ခဲ့လေတော့၏။

[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



လမ်းခရီး၌ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက

" ဒူဝါထိန်ပိုင်ရှားရဲ့ နယ်မြေထဲကို ရောက်နေပြီ၊ မကြာမီ သူတို့နဲ့ တွေ့ရတော့မယ်၊ ဒါကြောင့် ငါတို့နှစ်ယောက် အစီအစဉ် ဆွဲမှဖြစ်မယ် "

ဟု ပြောလေရာ မရန်နေဘ်က သူမ၏စကားကို စိတ်လှုပ်ရှားစွာ နားထောင်နေ၏။ သူမက

" မုန်းဒူဝါတိန်ပိုင်ရှားက ရွှေကျင်တဲ့ လုပ်ငန်းတွေကို လုပ်ကိုင်ပြီး တိုင်းရင်းသားတွေကို ခေါင်းပုံဖြတ်နေတယ် ကြားတယ်၊ ဒါကြောင့် မင်းက ရွှေကျင်ဖို့ ရောက်လာတဲ့ လူငယ်တစ်ယောက်အဖြစ် သရုပ်ဆောင်ပါ၊ ငါကတော့ အဖိုးတန်ဆေးမြစ်တွေကို လေ့လာနေတဲ့ ပညာရှင်တစ်ယောက်အနေနဲ့ သရုပ်ဆောင်တော့မယ် "





ဟု ပြောဆိုလေ၏။ မရန်နေဘ်က အမျိုးသမီးကြီး၏ စကားကို တွေးဆ၍

" သူ့ဆီကို ကျုပ်တို့နှစ်ယောက် အတူတူ ရောက်လာတာကို မေးရင် ဘယ်လိုပြောမလဲ "

ဟု ဆိုလေရာ မရန်နေဘ်၏ စကားကြောင့် အမျိုးသမီးကြီးက

" ဒါကတော့ လွယ်ပါတယ်၊ မင်းက ငါ့ရဲ့လမ်းပြအဖြစ် ဒီနေရာအထိ အခကြေးငွေနဲ့ ပို့ဆောင်ပေးတယ်လို့ ပြောလိုက်ပေါ့ကွာ "

ဟု ပြောဆိုလေရာ မရန်နေဘ်က

" ဒါဆိုရင် ဟိုရောက်ရင် ကျုပ်တို့ တစ်ကွဲတစ်ပြားနေရမှာပေါ့ "

ဟု ပြောဆိုလေ၏။ အမျိုးသမီးကြီးက ခေါင်းညိတ်၍

" အခြေအနေအရ မိးစင်ကြည်ကရောာပေါ့ကွာ၊ စိတ်အေးအေးထားပါ၊ ငါတို့ အဆင်ပြေမှာပါ၊ ပထမဦးဆုံးအနေနဲ့ ငါ့အဖေရဲ့ မျိုးရိုး ၁၃ ဆက်ပစ္စည်း မိုးကြိုးတံခွန်အရုပ်ကို ရအောင်ယူရမယ်၊ ပြီးတော့မှ ရွှေလုံ့ပျံနဲ့ အပေါင်းအပါတွေကို ရှင်းလင်းပစ်မယ်၊ ဒီလိုလူမျိုးတွေကို လက်ပိုက်ကြည့်နေရင် ကြာရင် ငါတို့ ကချင်လူထု ဒုက္ခဆင်းရဲ တွေ့မှာသေချာတယ် "

ဟု ပြောဆိုလေရာ မရန်နေဘ်က လက်သီးကိုဆုပ်၍

" ဟုတ်တယ်၊ ကျုပ်တို့ဒေသ ငြိမ်းချမ်းဖို့ ကိုယ်စွမ်းရှိသမျှ ကြိုးပမ်းရမယ်၊ ရွှေလုံ့ပျံနဲ့ နယ်စပ်ကလူဆိုးတွေကို မောင်းထုတ်ပစ်ရမယ် "

ဟု ကြွေးကြော်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မရန်နေဘ်တို့သည် ဒူဝါတိန်ပိုင်ရှား၏ နယ်မြေသို့ တဖြည်းဖြည်းနဲ့ ကပ်လာလေ၏။

ဇင်းတို့သည် တောင်ကုန်းမြင့်ကြီးမှ တဖြည်းဖြည်း အောက်ဘက်သို့ နိမ့်ဆင်းလာလေ၏။

ထူထပ်သော သစ်တောများကို ကျော်လွန်ပြီးသောအခါ ကျယ်ပြန့်သော လွင်ပြင်ကျယ်ကြီးကို ရောက်လာလေ၏။

လွင်ပြင်ကျယ်ကြီး၏ တစ်ဖက်တွင် ထင်းရှူးတော ရှိနေလေ၏။

မရန်နေဘ်သည် ဈက်စီတစ်ဆုံး မြင်တွေ့ရသော တောင်တန်းကြီးများကိုကြည့်၍

'' ဒူဝါတိန်ပိုင်ရှားရဲ့ နယ်မြေကို ရောက်ပြီ၊ ကျုပ်တို့ သတိထားရတော့မယ် ''

ဟု ပြောဆိုလေ၏။ ထိုအခိုက်မှာပင် အမျိုးသမီးကြီးက လွင်ပြင်၏ တစ်နေရာကို လက်ညှိုးညွှန်ပြ၍

'' ဟိုမှာကြည့်စမ်း မရန်နေဘ်၊ လူတစ်ယောက် ပြေးလာတယ်ထင်တယ် ''

ဟု ပြောဆိုလေရာ မရန်နေဘ်က လှမ်းကြည့်လိုက်ရာ လွင်ပြင်ထဲတွင် လူတစ်ယောက် ပြေးလွှားနေကြောင်း တွေ့ရလေ၏။ မရန်နေဘ်က သက်ပြင်းချ၍

'' သူဘာဖြစ်လို့ ပြေးလွှားနေတာလဲ၊ သူ့နောက်မှာ အန္တရာယ်တစ်ခုတော့ ရှိမယ်ထင်တယ် ''

ဟု ရေရွတ်လေ၏။ ထိုအခိုက်မှာပင် ထင်းရှူးတောထဲမှ အနက်ရောင် သတ္တဝါနှစ်ကောင်သည် လျှင်မြန်သော အဟုန်ဖြင့် ပြေးထွက်လာ





ပြီး ရှေ့မှ ပြေးလွှားနေသူနောက်သို့ လိုက်လေ၏။

အမျိုးသမီးကြီးက ခေါင်းခါယမ်း၍

'' ဟိုလူ ပြေးမလွတ်တော့ဘူး၊ အမဲလိုက် ခွေးနှစ်ကောင် နောက်က လိုက်နေပြီ ''

ဟု ပြောဆိုလေ၏။ မရန်နေဘ်သည် ပြေးလွှားနေသူကို ကရုဏာသက်သော်လည်း ဇင်းတို့ ရောက်ရှိနေသော နေရာသည် မက်စောက်သော တောင်ကြီး၏ အပေါ်၌ရှိသဖြင့် ကယ်တင်ရန်မဖြစ်နိုင်ဘဲ ရှိလေ၏။

ခွေးနှစ်ကောင်သည် ပြေးလွှားနေသူကို မီသွားပြီး ကိုက်ခဲနေသဖြင့် ထိုသူသည် မပြေးနိုင်တော့ဘဲ လဲကျသွားလေ၏။

ထိုအခိုက်မှာပင် ထင်းရှူးတောထဲမှ မြင်းစီးသမား ငါးယောက်ထွက်လာပြီး ထွက်ပြေးသူအနီးသို့ ရောက်လာ၏။

မြင်းစီးသမားများအနက် ရှေ့ဆုံးမှ ဦးဆောင်လာသူသည် အနီရောင်ဝတ်ရုံကြီးတစ်ခုကို လွှမ်းခြုံထားလေ၏။

ထိုစဉ် အနီရောင်ဝတ်စုံရှင်၏ လက်နက်သည် လေထဲတွင် လက်ခနဲဖြစ်သွားပြီး ပြေးလွှားနေသူကို အဆုံးစီရင်လိုက်၏။

အမျိုးသမီးကြီးက မျက်မှောင်ကြုတ် လေသံတိုးတိုးဖြင့်

'' ရွှေလုံ့ပျံ ''

ဟု ရေရွတ်လိုက်လေ၏။ မရန်နေဘ်က အမျိုးသမီးကြီးကို လှည့်ကြည့်၍

'' သူဟာ ရွှေလုံ့ပျံပဲလား၊ အတော်ရက်စက်တဲ့သူပဲ ''

ဟု ရေရွတ်လေ၏။ အမျိုးသမီးကြီးက သက်ပြင်းချ၍

'' ငါတို့ဒေသကို ရောက်ရောက်ချင်း သွေးထွက်သံယိုမှုကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရပြီ၊ ငှါမိတ်ဆွေ လူ့ဂွစာကြီး ဦးထိပ်သီးကိုလဲ အရိပ်အရောင် မတွေ့ရသေးဘူး။ သူလဲ ဒီဒေသကို ကြိုးရောက်နေပြီနဲ့တူတယ်၊ ဘာ့ပဲဖြစ်ဖြစ် ဦးထိပ်သီးရှိရင်တော့ ငါတို့ကို အကူအညီပေးနိုင်မှာပါ ''

ဟု ပြောဆိုလေ၏။ မရန်နော်တို့သည် တောင်ကြီးပေါ်မှ လွင်ပြင်ရှိရာသို့ တဖြည်းဖြည်း ဆင်းခဲ့လေ၏။

တောင်ဆင်းလမ်းသည် မတ်စောက်လှ၏။ အမျိုးသမီးကြီးက မြင့်မားသော တောင်ကြီးကို မော့ကြည့်၍

'' ဒီတောင်ကြီးဟာ လွင်ပြင်ကျယ်ကြီးကို ရောက်ဖို့အတွက် သဘာဝ အတားအဆီးကြီး ဖြစ်နေတာပဲ ''

ဟု ပြောဆိုလေ၏။ မရန်နော်က လွင်ပြင်တစ်ဖက်ရှိ ထင်းရှူးတောကြီးကို ကြည့်၍

'' ထင်းရှူးတောတစ်ဖက်မှာ မြစ်ချောင်းတွေ အများကြီးရှိတယ် ဒီချောင်းတွေမှာ ရွှေတွေ အများကြီးထွက်တယ်၊ ကံကောင်းရင် ချောင်းထဲမှာ ရွှေတွေ အတုံးလိုက်ရတတ်တယ်၊ နောက်ပြီးတော့ ရွှေကို မေခါ မလီခမြစ်ဖျား၊ ဥရုမြစ်ဝှမ်းမှာ အများကြီးတွေ့ရတတ်တယ်၊ ဟူးကောင်းချိုင့်ဝှမ်းအတွင်းက တနိုင်းခ ဘက်မှာလဲ ရွှေတွေ အများကြီးပဲ၊ မုန်းဒူဝါ တိန်ပိုင်ရှားဟာ တိုင်းရင်းသားတွေကို ရွှေရှာခိုင်းပြီး အမြတ်ထုတ်သွေးစုတ်နေတယ်လို့ သိရတယ်၊ သူဟာ တိုင်းရင်းသားတွေကို မဝရေစာ ပေးပြီးရွှေတွေကို ဈေးနှိမ်ဝယ်တယ်၊ ပြီးတော့ တစ်ဖက်နိုင်ငံက ကုန်သည်ကြီးတွေဆီမှာ ဈေးကောင်းကောင်းနဲ့ ရောင်းတယ် ''

ဟု ပြောပြလေ၏။ အမျိုးသမီးကြီးက သက်ပြင်းချ၍

'' တိန်ပိုင်ရှားရဲ့ အင်အားကြီးမားလာတာလဲ မပြောနဲ့တော့၊





သူ့ဆာ လက်နက်လူသူအင်အားလဲ စုဆောင်းတယ်၊ စီးပွားရေးလဲ လုပ်တယ်၊ တိန်ပိုင်ရှားကို ဒီအတိုင်းလွှတ်ထားရင် မကြာမီ ကချင်ပြည်နယ်တစ်ခုလုံးကို သူ့ကြိဇာ သက်ရောက်အောင် ကြိုးစားလိမ့်မယ် ''

ဟု ပြောဆိုလေ၏။ မရန်နော်က အဝေးဆီသို့ ငေးကြည့်၍

'' တိန်ပိုင်ရှား တစ်ယောက်တည်း ကချင်ဒေသကို ကြီးစိုးရင် တော်သေးတယ်၊ အခုတော့ နယ်စပ်ဒေသက အလွန်ရက်စက်တဲ့ ဓားပြတွေလဲ ပါလာပြီဆိုတော့ ပိုဆိုးပြီပေါ့ ''

ဟု ရေရွတ်လေ၏။

မရန်နော်တို့သည် လွင်ပြင်ကြီးကို ကျော်ဖြတ်ပြီး ထင်းရှူးတောသို့ ခြေက်သန်းရပြန်၏။

ထင်းရှူးတောကို လွန်မြောက်သောအခါ ခပ်လှမ်းလှမ်းတွင် လူနေအိမ်ခြေများကို တွေ့ရှိရ၏။

မိုးနတ်မယ်က သက်ပြင်းချ၍

'' မုန်းဒူဝါတိန်ပိုင်ရှားရဲ့ရွာပဲ၊ ကျုပ်တို့ရွာထက် အများကြီးပိုကြီးပြီး အဆောက်အဦတွေကလဲ မြို့ငယ်လေးတစ်မြို့လိုပါပဲ၊ နှစ်ထပ်အိမ်ကြီးတွေတောင် ရှိတယ်၊ သွပ်မိုးတွေလဲ မိုးထားတယ်၊ အင်းပေါ့လေ၊ နယ်စပ်ဒေသက ကုန်သည်တွေ ခြေချင်းလိမ်နေတဲ့နေရာဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့ ''

ဟု ပြောဆိုလေ၏။ မရန်နော်တို့သည် ရွာကြီးအနီးသို့ ရောက်သောအခါ မြင်းစီးပြီး သွားလာနေသော တစ်ဖက်နိုင်ငံရှိ ကုန်သည်များကို တွေ့ရလေ၏။

၎င်းတို့၏ခါးတွင် သေနတ်နှင့် ဓားများကို ချိတ်ဆွဲထားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက်မှုများ ထူပြောမည်ထင်ရ၏။

ဗြိတိသျှ အစိုးရ၏ အာဏာစက်နှင့် ဝေးကွာသော အရပ်တွင်ရှိသဖြင့် အုပ်ချုပ်ရေးပိုင်းက လက်လှမ်းမီပုံ မရှိချေ။

ရွာလယ် လမ်းမကြီးတွင် ခေါက်ဆွဲဆိုင်၊ အရက်ဆိုင်နှင့် ထမင်းဆိုင်များကို တွေ့ရ၏။ လောင်းကစားဝိုင်း ပြုလုပ်သော အိမ်ကြီးများကိုလည်း တွေ့ရ၏။

ထိုရွာတွင် လီဆူ၊ ဂျိန်းဖော၊ ရဝမ်၊ တိဘက်၊ တရုတ် စသည့် လူမျိုးပေါင်းစုံကို တွေ့ရ၏။

၎င်းတို့အားလုံး တောင်ပေါ်သားများကဲ့သို့ ရိုးသားဟန်မရှိဘဲ လောဘရမ္မက်ကြီးသူများကဲ့သို့ ဖြစ်နေလေ၏။

မိုးနုတ်မယ်က ထမင်းဆိုင်တစ်ဆိုင်ထဲသို့ဝင်၍ ထမင်းဟင်းများကို မှာသူလေ၏။

စားသောက်ဖွယ်ရာများ ရောက်ရှိသောအခါ ကချင်ရိုးရာ စားသောက်ဖွယ်ရာများနှင့် အရသာ ကွာခြားလှသဖြင့် စားမဝင်သကဲ့သို့ ဖြစ်နေလေ၏။

ထမင်းဆိုင်ရှင် လူကြီးက မရန်နော်တို့ အနီးသို့ စပ်စုဟန်ဖြင့် ရောက်လာပြီး

“ ခင်ဗျားတို့ ဒီဒေသကို ဘယ်လို ရည်ရွယ်ချက်နဲ့ ရောက်လာတာလဲ ”

ဟု မေးမြန်းလေ၏။

မရန်နော်က မှန်းဒူဝါကြီးထံတွင် ရှေ့ရှာဖွေသောအလုပ်ကို လုပ်ချင်ကြောင်းပြော၍ မိုးနုတ်မယ်ဆိုသော အမျိုးသမီးကြီးက ဤဒေသရှိ





ရှားပါးဆေးမြစ်များကို လေ့လာသော ဆေးဆရာဖြစ်ကြောင်း ပြောလေ၏။

ထိုအခါ ထမင်းဆိုင်ရှင်လူကြီးက မရန်နော်၏ ခါးကြားတွင် ဆောင်ထားသော ဓားနှင့် ကျောတွင်ချိတ်ထားသောမြားကိုကြည့်ရှု၍

“ ဒူဝါကြီးဆီမှာ ရွှေတူးဖော်ရုံနဲ့ မကြီးပွားဘူး။ မောင်ရင်ခါးကြားမှာ ဆောင်ဓားကို တွေ့ရတယ်၊ အစွမ်းအစရှိတယ်ဆိုရင် မှန်းဒူဝါကြီးရဲ့ အဖွဲ့မှာ ဝင်အမှုထမ်းပါလား ”

ဟု မေးမြန်းလေ၏။ မရန်နော်က မျက်မှောင်ကြုတ်၍

“ မှန်းဒူဝါကြီးအဖွဲ့မှာ ဝင်အမှုထမ်းရင် ဘယ်လိုအခွင့်အရေးတွေ ရမလဲ ”

ဟုမေးမြန်းလေ၏။ ထိုအခါ ထမင်းဆိုင်ရှင်က

“ ဒူဝါကြီးဆီမှာအမှုထမ်းရင် တစ်လ ငွေငါးဆယ်ကျပ်နဲ့ ရွှေတစ်ဆယ်သားရမယ်၊ ဒါပေမဲ့ ဒီအတိုင်းတော့ဝင်ပြီး အမှုထမ်းလို့မရဘူး၊ ဒူဝါကြီးရဲ့အဖွဲ့မှာ ရှမ်းသိုင်းဆရာတွေရှိကယ်၊ သူတို့က အစမ်းသပ်ခံပြီးရင် အမှုထမ်းခွင့်ရတာယ်၊ အရည်အချင်းမရှိရင်တော့ သွားမစမ်းနဲ့မောင်ရင်၊ ရှမ်းသိုင်းဆရာတွေက အစွမ်းထက်ရုံမကဘူး၊ ကြမ်းလဲကြမ်းတမ်းတယ် ”

ဟုပြောဆိုလေ၏။ မရန်နော်သည် ထမင်းဆိုင်ထဲမှ ထွက်ခွာခဲ့ပြီးနောက် ရွာလယ်ရှိ ဇရပ်ကြီးတစ်ဆောင်တွင်နား၍ မရန်နော်က

“ ကျုပ် ဒူဝါကြီးအဖွဲ့မှာဝင်အမှုထမ်းသင့်သလား ”

ဟုမေးမြန်းလေရာ အမျိုးသမီးကြီးက ခေါင်းညိတ်၍

“ အမှုထမ်းသင့်တာပေါ့၊ ဒါမှ သူတို့နဲ့ အနီးကပ်နေပြီး ဒို့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့မိုးကြိုးတံခွန်အရုပ်ကို ပြန်ယူလို့ရမယ်၊ တစ်ခုတော့ရှိတယ်၊ မင်းရဲ့ပညာစွမ်းနဲ့ဆိုရင် ရှမ်းသိုင်းဆရာတွေကို အနိုင်ယူပြီး ထင်ရှားကျော်ကြားသွားလိမ့်မယ်၊ ဒီလိုဆိုရင် ငါတို့ကို မုန်းဒူဝါနဲ့ရွှေလုံ့ပုံဆိုတဲ့ကောင် သတိပြုမိသွားလိမ့်မယ်၊ ဒါကြောင့် မင်းရဲ့အစွမ်းကိုလျှို့ဝှက်ထားသင့်တယ် ''

ဟုပြောလေရာ မရန်နော်က ခေါင်းညိတ်၍

'' ကျုပ်နားလည်ပြီ၊ ဒါဆိုရင် ကျုပ်ရဲ့ပညာစွမ်းကိုလျှို့ပြီး ယှဉ်ပြိုင်ပါ့မယ် ''

ဟုပြောလေ၏။

မရန်နော်တို့သည် ထိုနေ့ညနေက မုန်းဒူဝါကြီး၏ရွာကြီးအတွင်း လှည့်လည်ကြည့်ရှုလေ၏။

ထိုရွာကြီးသည် အလွန်စည်ကားပြီး ရှားပါးဆေးမြစ်ဆေးဥများ၊ ရှားပါးတိရစ္ဆာန်များ၊ သစ်မွှေးနှင့်ပရဆေးများ၊ ကျောက်စိမ်းနှင့်ပယင်း၊ ရွှေထည် တွင်းထွက်ပစ္စည်းများကို ရောင်းချကြောင်းတွေ့ရ၏။

ထိုပစ္စည်းများကို တစ်ဖက်နိုင်ငံရှိ ကုန်သည်များက နှစ်သက်စွာ ဝယ်ယူကြလေ၏။

လက်နက်များကို ကိုင်ဆောင်၍သွားလာနေသော နယ်စပ်ဒေသလူဆိုးများကိုလည်းတွေ့ရလေ၏။

မရန်နော်သည် ထိုမြင်ကွင်းများကို တအံ့တဩကြည့်ရှု၍ သူ့အတွက် အထူးအဆန်းဖြစ်နေလေ၏။ ထိုညက မရန်နော်တို့သည် ရွာထဲရှိ တည်းခိုခန်းရှိသောထမင်းဆိုင်ကြီး၌ အိပ်စက်ခဲ့လေ၏။





မရန်နော်တို့သည် နောက်တစ်နေ့တွင် ရွာစွန်ရှိ မုန်းဒူဝါကြီး၏ နေအိမ်သို့ရောက်ခဲ့လေ၏။

မုန်းဒူဝါတိန်ပိုင်ရှား၏အိမ်ကို ကချင်ရိုးရာပုံစံအတိုင်း တည်ဆောက်ထားခြင်းမရှိချေ။ ခြံဝင်းကျယ်ကြီး၏အရှေ့တွင် ကချင်ရိုးရာဟူ၍ မနေတိုင်ကိုသာ တွေ့ရလေ၏။ မရန်နော်က မုန်းဒူဝါတိန်ပိုင်ရှား၏ နေအိမ်ကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

'' သူဟာ ဒူဝါတစ်ယောက်ဖြစ်နေပြီး ကချင်ရိုးရာအတိုင်း ဘာဖြစ်လို့ မနေတာလဲ ''

ဟုရေရွတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မုန်းဒုဝါတိန်ပိုင်ရှား၏ နေအိမ်နှင့်ခပ်လှမ်းလှမ်းတွင် ခြံစည်းရိုးကာရံထားသော တန်းလျားကြီးရှိ၏။

ထိုတန်းလျားကြီး၏အပေါက်ဝတွင် ရှမ်းဘောင်းဘီဝတ်ဆင်ထားသော အစောင့်အကြပ်များရှိ၏။ မရန်နော်ဘာ ခြံစည်းရိုးအပေါက်ဝ၌ရှိသော အစောင့်အား ဒုဝါကြီး၏အပွဲတွင် အမှုထမ်းလိုကြောင်းပြောဆိုလေရာ ၎င်းက

" ဒါဆိုရင် အထဲကိုလိုက်ခဲ့ပါမိတ်ဆွေ "

ဟုဖိတ်ခေါ်ပြီး ခြံဝင်းထဲရှိ အဆောင်တစ်ခုရှေ့တွင် အသားခြောက်၊ ရေနွေးကြမ်းတို့ဖြင့် ဧည့်ခံလေ၏။

ခဏကြာလျှင် ဓား၊ လှံ၊ လက်နက်များကို ကိုင်ဆောင်ထားသော သိုင်းဆရာ သုံးဦးရောက်လာပြီး တစ်ဦးက

" ဒုဝါကြီးရဲ့အပွဲဝင်ချင်ရင် သတ္တိရှိရမယ်၊ အရည်အချင်းလဲရှိရမယ်၊ အစွမ်းအစမရှိဘဲ ဝင်လာရင်တော့ ကျုပ်တို့နဲ့တွေ့ရင် ကျိုးပဲ့ပြီးပြန်သွားရမှာပဲ၊ ဒါနဲ့ခေါင်းရင်က ကိုယ်ခံပညာတတ်သလား "

ဟုမေးမြန်းလေ၏။

မရန်နော်က ခေါင်းညိတ်၍

" ရှမ်းဆရာကြီးတစ်ယောက်နဲ့ သင်ဖူးပါတယ်၊ ဆရာတို့ စမ်းကြည့်ပါ "

ဟုပြောလေ၏။

ထိုအခါ ရှမ်းသိုင်းဆရာတစ်ဦးက မျက်ရိုပ်ပြ၍ ရှေ့သို့တိုးလာပြီး မရန်နော်ကို ခြေဖြင့်ကန်ကျောက်လေ၏။

မရန်နော်က ၎င်း၏ခြေထောက်ကို လက်ဖြင့်ရိုက်ဖယ်လိုက်သော



အခါ ဘယ်ခြေ၊ ညာခြေများကို ဆက်၍ကန်ကျောက်ပြန်၏။

မရန်နော်က တစ်ချက်ပြီးတစ်ချက် ပယ်ထုတ်ပြီး တစ်ချိန်တွင် ၎င်း၏ခြေထောက်ကိုဖမ်း၍ ခန္ဓာကိုယ်ကို တစ်ပတ်လှည့်လိုက်ရာ သိုင်းဆရာသည် ထန်ချက်ပျက်သွားလေ၏။

ထိုအခါ ရှမ်းသိုင်းဆရာများသည် မရန်နော်၏အစွမ်းကို အသိအမှတ်ပြုလိုက်ပြီး

" မင်းမဆိုးဘူး ကိုယ်ခံပညာကောင်းတယ် "

ဟု ချီးမွမ်းကာ မရန်နော်၏ကျောတွင် လွယ်ထားသော မြားကိုကြည့်၍

" မြားပစ်တတ်သလား "

ဟု မေးမြန်းလေရာ မရန်နော်က ပစ်တတ်ကြောင်း ဝန်ခံလိုက်လေ၏။

ထိုအခါ ရှမ်းသိုင်းဆရာများက ခြံဝင်းတစ်နေရာသို့ခေါ်သွားပြီး စက်ဝိုင်းသဏ္ဌာန်ပြုလုပ်ထားသော သစ်သားဝိုင်းကို ညွှန်ပြ၍ မြားပစ်ခိုင်းလေ၏။

မရန်နော်သည် ထိုကဲ့သို့ ကြီးမားသော စက်ဝိုင်းကြီးကို ပစ်မလွဲအောင် လက်မှန်းတည့်သူဖြစ်၏။ စက်ဝိုင်းကို ချိန်ရွယ်ခြင်းပင်မရှိဘဲ လေးနှင့်မြားကို ထုတ်၍ လျှင်မြန်စွာ ပစ်လိုက်၏။

ထိုအခါ မြားသည် စက်ဝိုင်း၌ စိုက်ဝင်သွားသဖြင့် ရှမ်းသိုင်းဆရာများ မျက်လုံးပြူးသွားလေ၏။

ရှမ်းသိုင်းဆရာ တစ်ဦးက မရန်နော်ကို နောက်တစ်ကြိမ် ပစ်ခိုင်းပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



မရန်နေဘ်သည် ဒုတိယအကြိမ်တွင်မူ သူ့အစွမ်းကို ရှမ်းသိုင်းဆရာ များ အထင်ကြီးမှာစိုး၍ ခက်ဝိုင်းကို လွဲချော်အောင် ပစ်လိုက်လေ၏။

မရန်နေဘ်၏ မြားချက် လွဲချော်သွားသောကြောင့် ရှမ်းသိုင်းဆရာ ကရယ်မောပြီး

" စောစောတုန်းက မြားချက်ဟာ ကြက်ကန်းဆန်အိုးတိုးသွားတာဖြစ်မယ် "

ဟု ပြောဆိုလေတော့၏။

ထို့နောက်တွင်မူ ရှမ်းသိုင်းဆရာ တစ်ဦးက မရန်နေဘ်အား လက်ရည်စမ်းကြည့်ပြန်၏။

မရန်နေဘ်က သူ၏အစွမ်းကို အနည်းငယ်လျော့၍ ပြသလိုက်သောအခါ ရှမ်းသိုင်းဆရာများသည် မရန်နေဘ်ကို သဘောကျပြီး မုန်းဒူဝါ၏ အဖွဲ့တွင် အမှုထမ်းရန် ခွင့်ပြုလိုက်၏။

ထိုအချိန်မှစ၍ မရန်နေဘ်သည် အညိုရောင်ဝတ်စုံကို ဝတ်ဆင်ရ၏။

မုန်းဒူဝါကြီး၏အဖွဲ့တွင် အမှုထမ်းသူ အင်အားတစ်ရာနီးပါးရှိပြီး အဖွဲ့ဝင်များသည် မြို့ကြီးအလယ်ရှိ တန်းလျားတွင် နေထိုင်ကြရ၏။

မရန်နေဘ်က လောလောဆယ် တန်းလျားတွင် နေထိုင်ရန် အသင့်မဖြစ်သေးကြောင်း ပြောလေ၏။

မရန်နေဘ်သည် အမျိုးသမီးကြီးနှင့်အတူ ပြန်ထွက်ခဲ့ပြီးနောက် မရန်နေဘ်က

" ကျုပ်တော့ မုန်းဒူဝါကြီးရဲ့ အနီးကပ်လူဖြစ်သွားပြီ၊ ရှေ့ဆက်





ပြီး ဘာလုပ်ကြမလဲ "

ဟု မေးမြန်းလေ၏။ အမျိုးသမီးကြီးက သက်ပြင်းချ၍

" လောလောဆယ် ဘာမှ မလုပ်ရသေးဘူး၊ အခြေအနေကို မီးစင်ကြည့်ကရတာပေါ့ "

ဟု ပြောဆိုလေ၏။ ထို့နောက်တွင်မူ ၎င်းတို့နှစ်ဦးသည် တည်းခိုရာ ထမင်းဆိုင်အိမ်သို့ ပြန်ခဲ့လေ၏။

၆၀ ပန်ဓိ်ား ဘာကြော်ပေးစာချုပ်များ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ်-၇၊ အသောကလမ်း ကျောင်းပြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေ နေဝင်သောအခါ ရွာလယ်ရှိ တရုတ်ဆိုင်ကြီးတစ်ဆိုင်၌ ညစာ စားသောက်ကြ၏။

ထိုဆိုင်ကြီး၌ အရက်ကို တွဲဖက်ရောင်းချသဖြင့် လူများ စည်ကား နေလေ၏။

မရန်နော်တို့သည် စားသောက်ဆိုင်ကြီး၏အတွင်းသို့ မျက်လုံးဝေ့ကြည့်သောအခါ ဆိုင်၏ ထောင့်ဆုံး စားပွဲတစ်နေရာတွင် လူမရှိဘဲ ရှင်းလင်းနေပြီး ထိုစားပွဲခုံအား လှပသော အနီရောင် စားပွဲခင်းအသစ်ကြီး ခင်းကျင်းထားလေ၏။

မရန်နော်က ထိုစားပွဲကို လက်ညှိုးညွှန်ပြ၍

'' ဟိုထောင့်က စားပွဲကြီးသန့်တယ်၊ လူလဲ မရှိဘူး၊ သွားထိုင်



ရအောင် ''

ဟု ပြောဆိုလေ၏။ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက စားပွဲကို မျက်မှောင်ကြုတ်ကြည့်၍ မရန်နော်၏ အနောက်မှ လိုက်ခဲ့လေ၏။

အနီရောင်စားပွဲကြီး၌ မရန်နော်တို့ ဝင်ထိုင်လိုက်သောအခါ ဆိုင်ထဲတွင် စားသောက်နေသူများသည် အထိတ်တလန့်ဖြင့် ဝိုင်းဝန်းကြည့်ရှုကြလေ၏။

အမျိုးသမီးကြီးက မျက်မှောင်ကြုတ်၍

'' ဒီစားပွဲဟာ ဘယ်သူ့အတွက် လုပ်ထားကဲ့ စားပွဲလဲ မသိဘူး''

ဟု ရေရွတ်နေစဉ် ၎င်းတို့အနီးသို့ စားပွဲထိုးလူငယ်လေး ကမန်းကတန်း ရောက်လာပြီးလျှင်

'' ဒီနေရာမှာ ထိုင်လို့ မရပါဘူးခင်ဗျာ၊ ဒီစားပွဲဟာ ရွှေလုံ့မုံ့သခင်ကြီးအတွက် သီးသန့်ထားတဲ့စားပွဲပါ ''

ဟု ပြောဆိုလေရာ မရန်နော်က အံ့ဩဟန်ဖြင့် မျက်မှောင်ကြုတ်၍

'' အဲဒီရွှေလုံ့မုံ့ သခင်ကြီးဆိုတာ ဒီဆိုင်မှာ နေ့တိုင်းလာစားလို့လား ''

ဟု မေးမြန်းလေ၏။ စားပွဲထိုးကလေးက ပတ်ဝန်းကျင်ကို မျက်လုံး ဝေ့ကြည့်၍ လေသံတိုးတိုးဖြင့်

'' အမြဲတော့ မလာပါဘူးဗျာ၊ ဒါပေမဲ့ တစ်ခါတလေ သူရောက်လာရင် သီးသန့်ဝိုင်း လုပ်ပေးလို့ပါ ''

ဟု ပြောဆိုလေ၏။ မရန်နော်တို့ စကား ပြောဆိုနေစဉ်မှာပင်

www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးတစ်ဦး အပြေးအလွှား ရောက်ရှိလာပြီး

" ဆိုင်ရှေ့မှာ ရွှေလှံ့ပျံသခင်ကြီး ရောက်လာပြီ၊ စားပွဲက အမြန်ဆုံး ဖယ်ရှားပေးပါ "

ဟု အထိတ်တလန့် ပြောလေ၏။ မရန်နော်နှင့် မိုးနတ်မယ်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ မိုးနတ်မယ်က မျက်ရိပ်ပြလိုက်ရာ မရန်နော်တို့သည် စားပွဲဝိုင်းမှထ၍ အခြားသော ဝိုင်းတစ်ခုသို့ ပြောင်းရွှေ့ပေးလိုက်လေ၏။

မရန်နော်တို့ ပြောင်းရွှေ့ပြီး ဆိုင်ထဲသို့ အနီရောင်ဝတ်ရုံကြီးကို ခြုံထားသော လူတစ်ဦးသည် နောက်လိုက်ငါးဦးနှင့်အတူ ဝင်ရောက်လာခလေ၏။

ထိုသူ၏ မျက်နှာမှာ တင်းမာခက်ထန်ပြီး အရုပ်အမောင်း သန်မာထွားကျိုင်းသူဖြစ်၏။

သူ၏ နောက်လိုက်ငယ်သား ငါးဦးအနက်မှာ ရွှေရောင်လှံတစ်ချောင်းကို ကတ္တီပါစဖြင့် ပတ်၍ ကိုင်ထားလေ၏။

ရွှေလှံ့ပျံနှင့် အပေါင်းအပါများ ဆိုင်ထဲသို့ ရောက်သောအခါ ဆိုင်ရှင်နှင့် စားပွဲထိုးများသည် အနီရောင်စားပွဲကြီးတွင် ဝိုင်းအုံ၍ ၎င်းတို့လိုအပ်သည်များကို လွန်စွာ ရိုကျိုးသော အမူအရာဖြင့် မေးမြန်းလေ၏။

ရွှေလှံ့ပျံနှင့် လူစုသည် စားသောက်ဖွယ်ရာများကို မှာယူလိုက်သဖြင့် ၎င်းတို့လူစု၏ များပြားလှသော ဟင်းအမယ်များကို ထမင်းချက်က ချက်ပြုတ်ကြော်လှော်လေ၏။

ထို့ကြောင့် မရန်နော်တို့သည် အတန်ကြာသည်အထိ စားသောက်ဖွယ်ရာများ မရရှိဘဲ ရှိနေ၏။



ခဏကြာလျှင် စားပွဲထိုးများသည် အငွေ့တထောင်းထောင်းထနေသော စားသောက်ဖွယ်ရာများကို အနီရောင်စားပွဲကြီးသို့ ယူလာပေးလေ၏။

ရွှေလှံ့ပျံနှင့် လူစုသည် စားသောက်ဖွယ်ရာများကို တစ်ခုချင်းလိုက်လံ မြည်းစမ်းကြည့်လေ၏။

ရွှေလှံ့ပျံသည် ကုန်းဘောင်ကြီးကြော် တစ်ဖတ်ကို တူဖြင့်ယူ၍ ဝါးစားလိုက်ပြီး တစ်စုံတစ်ရာကို ဝါးလိုက်မိဟန်ဖြင့် မျက်နှာ ရှုံ့မဲ့သွားပြီး ပါးစပ်ထဲရှိ ဟင်းများကို ထွီခနဲနေအောင် ထွေးလိုက်၏။

ပြီးနောက် ပါးစပ်ထဲသို့ လက်ဖြင့် နှိုက်ထုတ်သောအခါ ဆံပင်ခြည် တစ်ချောင်းပါလာသဖြင့် ဆိုင်ရှင်လူကြီးနှင့် စားပွဲထိုးများသည် အထိတ်တိတ်အလန့်လန့် ဖြစ်သွားလေ၏။

ဆိုင်ရှင်လူကြီးက ရွှေလှံ့ပျံကို တဖွဖွ တောင်းပန်လေ၏။

ရွှေလှံ့ပျံက ဒေါသတကြီး တက်ခေါက်၍ ထမင်းချက်လူကြီးကို ခေါ်ခိုင်းလေ၏။

ထမင်းချက်လူကြီးသည် ရွှေလှံ့ပျံ အနီးသို့ ရောက်လာပြီး ဒူးထောက်မတတ် တောင်းပန်လေ၏။

ရွှေလှံ့ပျံက

" ငါစားမဲ့ဟင်းကို ဂရုမစိုက်တဲ့ကောင် "

ဟု ရေရွတ်ကာ လူကြီး၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်လိုက်လေ၏။

ထမင်းချက်လူကြီး၏ပါးမှ သွေးများ ထွက်လာသောအခါမှပင် ၎င်းကို ခြေဖြင့်ဆောင့်ကန်၍

www.burmeseclassic.com

www.burmeseclassic.com



" နောက် ငါစားမဲ့ဟင်းမှာ ဆံပင်ခြည်တွေ့ရင် မင်းရဲ့ခေါင်းနဲ့ ကိုယ် အိုးစားကွဲပြီမှတ် "

ဟု ကြိမ်းမောင်းလေ၏။ မရန်နော်တို့သည် ရွှေလှံပုံ၏ ရိုင်းပြပုံကို မျက်ဝါးထင်ထင် မြင်ရသဖြင့် ပိုမို၍ရွံရှာလေ၏။

မရန်နော်တို့သည် ထိုနေ့က အာဟာရ်နောက်ကျပြီးမှ ညစာကို စားရလေ၏။

၎င်းတို့သည် ညစာစားရင်း ရွှေလှံပုံ၏ အမူအကျင့်များကို တိတ်တခိုး ကြည့်ရှုခွင့်ရသဖြင့် များစွာ အကျိုးရှိခဲ့လေ၏။

၆၀ ပန်ဓိါ၊ ဘွဲ့ဂုဏ်ပေးခံရသူ စာရေးဆရာ ရေးသားလိုပါလျှင် မင်းမြတ်သူရ

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်၊





မရန်နော်တို့သည် နောက်တစ်နေ့တွင် မနက်စောစောထ၍ ရွာကြီး၏ အလယ်တွင်ရှိသော ဈေးခင်းထဲသို့ လှည့်လည် ကြည့်ရှုလေ၏။

အမျိုးသမီးကြီးသည် ဈေးတစ်နေရာတွင်ရှိသော ငှက်ပျောသီးကြီးများကို ကြည့်၍ ဝယ်ရန် ထွက်သွားလေ၏။

အမျိုးသမီးကြီးသည် ငှက်ပျောသီးများကို ရွေးနေစဉ် ဈေးတစ်ဖက်ရှိ မြင်းခွာသံများကို ကြားရပြီး ဈေးဝယ်နေသူများသည် လမ်းနံဘေးသို့ အပြေးအလွှား ကပ်ပေးကြ၏။

ငှက်ပျောသီးရောင်းနေသော လူငယ်လေးက ဈေးထိပ်ဘက်သို့ လှည့်ကြည့်၍

" အဒေါ် ငှက်ပျောသီးကို နောက်မှ ရွေးပါ၊ လာရော့မယ်



www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံး လမ်းနံဘေးကို ဆင်းပါ ''

ဟု ပြောလိုက်လေ၏။ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးသည် ဈေးဝယ်နေသူများ အားလုံး လမ်းနံဘေးသို့ ဆင်းသွားသဖြင့် သူမတစ်ယောက်တည်း ဈေးလယ်ခေါင်တွင် ထီးထီးကြီး ကျန်ခဲ့လေ၏။

ငှက်ပျောသီးသည်ကလေးက အထိတ်တလန့်ဖြင့်

'' အဒေါ် လမ်းဘေးကို အမြန်ဆုံးဆင်းပါ ''

ဟု ပြောဆိုလေ၏။ အမျိုးသမီးကြီးသည် လူငယ်လေး၏ စကားကို နားမထောင်ဘဲ ငှက်ပျောသီးများကိုသာ ဆက်၍ ရွေးနေလေ၏။

ဈေးသည်ကလေးသည် အမျိုးသမီးကြီးကို လမ်းနံဘေးသို့ ဆွဲချရန် ကြိုးစားသော်လည်း အချိန်မရတော့သဖြင့် ၎င်းကိုယ်တိုင် လွတ်ရာသို့ ပြေးလွှားသွားလေ၏။

မရန်နေဘ်သည် အမျိုးသမီးကြီးကို စိုးရိမ်စွာ ကြည့်ရှုနေစဉ် မြင်းများသည် ဈေးလယ်ခေါင်သို့ ရောက်ရှိနေပြီး မြင်းပေါ်မှ လူတစ်ဦးက အမျိုးသမီးကြီးကို ဒေါသတကြီး ဆဲဆို၍ လက်ထဲရှိ ကြာပွတ်ဖြင့် လှမ်းရိုက်၏။

မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးသည် သူမကိုရိုက်သော ကြာပွတ်ကို လက်ဖြင့် ဖမ်းဆွဲလိုက်ရာ ကြာပွတ်ရိုက်သူသာမက တစ်ဈေးလုံးရှိ လူများအားလုံး မျက်လုံးပြူးသွားလေ၏။

အမျိုးသမီးကြီးက ကြာပွတ်ကို လက်တစ်ဖက်ဖြင့် ဖမ်းဆုပ်၍ ငှက်ပျောသီးတစ်လုံးကို ထောင်ပြလိုက်ပြီး

'' ဘာဖြစ်လို့ ဒီလောက်တောင် အရင်လိုနေတာလဲ၊ ငှက်ပျောသီးလေး ဘာလေး အေးအေးဆေးဆေး ရွေးပါရစေ ''





ဟု ဣန္ဒြေရရ ပြောဆိုလေရာ ကြာပွတ်နှင့် ရိုက်သူသည် သူ၏ကြာပွတ်ကို ဖမ်းဆုပ်ထားပြီး အေးတိအေးစက် ပုံသဏ္ဍာန်ရှိသော အမျိုးသမီးကြီးကို အံ့ဩဟန်ဖြင့် ကြည့်ရှု၍

'' ကျုပ်တို့ မြင်းစီးလာတာ မမြင်ဘူးလား၊ မြင်းနဲ့ ဝင်တိုက်မှ မသာ ဖြစ်သွားမယ် ''

ဟု ရိုင်းစိုင်းစွာ ပြောဆိုပြီး သူ၏ကြာပွတ်ကို ဆွဲယူကာ ထိုနေရာမှ တစ်ဟုန်ထိုး ထွက်သွားလေ၏။

ဈေးသူဈေးသားများသည် သတ္တိကောင်းသော အမျိုးသမီးကြီးကို ဝိုင်းဝန်းချီးကျူးကြလေ၏။

မရန်နေဘ်က အမျိုးသမီးကြီး၏အနီးသို့ လျှောက်သွားပြီး လေသံ တိုးတိုးဖြင့်

'' အဒေါ်ရဲ့ ကိုယ်ခံပညာ အတော်ကောင်းမယ်ထင်တယ်၊ ကြာပွတ်ကို လှမ်းဆွဲလိုက်တာ ပညာရှင်တစ်ဦးဆိုတာ လုံးဝမသိရဘူး''

ဟု ချီးမွမ်းလိုက်လေ၏။

မရန်နေဘ်တို့သည် ထိုနေ့ ညနေမှာပင် ရွာထဲသို့ လှည့်လည်ရင်း ငှက်ပျောသီးရောင်းသော လူငယ်လေးနှင့် ပြန်တွေ့လေ၏။

လူငယ်လေးသည် ညနေပိုင်းတွင် ငှက်ပျောသီးမရောင်းဘဲ အကြော်စုံများကို ဗန်းဖြင့်ထည့်၍ ရောင်းနေကြောင်း တွေ့ရလေ၏။

မရန်နေဘ်က လူငယ်လေးကို ခေါ်၍ အကြော်တစ်ခုကို ယူပြီး

'' စီးပွားရေး သောင်းကျန်းလှချည်လား၊ မနက်က ငှက်ပျောသီး ရောင်းတယ်၊ ညနေရောက်တော့ အကြော်စုံရောင်းတယ် ''

ဟု ဆိုလိုက်ရာ လူငယ်လေးက သက်ပြင်းချ၍



www.burmeseclassic.com

" ကြိုးစားရမှာပေါ့ အစ်ကိုရယ်၊ မိဘတွေ မရှိတော့လဲ ကိုယ့်ဒူး ကိုယ်ချွန်ရတာပဲပေါ့၊ ကျွန်တော်တို့ဘဝမှာ ကြမ္မာဆိုးကြီးနဲ့ မကြုံရရင် ဘယ်လောက်ကောင်းမလဲဗျာ "

ဟု ပြောဆိုလေရာ မရန်နေဘ်က မျက်မှောင်ကြုတ်၍

" ဘယ်လို ကြမ္မာဆိုးလဲကွ "

ဟု မေးမြန်းလေ၏။ လူငယ်လေးက လက်သီးဆုပ်၍

" ရွှေလုံ့ပုံဆိုတဲ့လူကြီးဟာ အဖေ့ကို အပြစ်ရှာပြီး သတ်ခဲ့တယ်၊ အဖေ မရှိတဲ့နောက်ပိုင်း၊ အမေလဲ စိတ်ဆင်းရဲပြီး အသက်ဆုံးရရှာတယ် "

ဟု ပြောဆိုလေ၏။ မရန်နေဘ်သည် လူငယ်လေး၏ဘဝကို စိတ်ဝင်စား၍ မေးမြန်းရန် ပြင်လေ၏။

လူငယ်က ရွာစွန်ရှိ ၎င်း၏ တဲကလေးကို ညွှန်ပြပြီး

" အစ်ကို ခဏနေရင် တဲကို လာခဲ့ပါလား ကျွန်တော် ပြောပြပါမယ် "

ဟု ပြောဆိုလေ၏။ မရန်နေဘ်တို့သည် ဈေးထဲတွင် လှည့်လည်ကြည့်ရှုပြီး အတန်ကြာသောအခါ ရွာစွန်ရှိ တဲကလေးသို့ ရောက်လေ၏။

လူငယ်လေးသည် အကြော်ရောင်းရာမှ ပြန်လည်ရောက်ရှိနေချေပြီ။

လူငယ်က မရန်နေဘ်တို့ကို ကြိုဆို၍ သူ့ဘဝနောက်ကြောင်းကို ပြောပြလေ၏။ လူငယ်က

" အဖေဟာ အရင်တုန်းက ရွှေလုံ့ပုံစီးတဲ့ မြင်းဖြူကြီးကို ထိန်း





ကျောင်းရသူပါ၊ ရွှေလုံ့ပုံဟာ မြင်းဖြူကြီးကို အလွန်သဘောကျလို့ တရုတ်ကုန်သည်တွေဆီက ဈေးကြီးပေးပြီး ဝယ်ခဲ့တယ်၊ မြင်းဖြူကြီးဟာ အမြင်လှပပေမဲ့ သန္ဓေသိပ်ကောင်းတဲ့ မြင်းမဟုတ်ဘူး၊ မြင်းဆိုး မြင်းညစ်တစ်ကောင်ပါ၊ မြင်းဖြူကြီးကို ထိန်းတဲ့ မြင်းထိန်းတွေ တစ်ယောက်ပြီး တစ်ယောက်ထွက်ပြီး အဖေ့လက်ထက်မှာ မြင်းဖြူကြီးနဲ့ မြဲခဲ့တယ်၊ အဖေဟာ မြင်းတွေ ထိန်းကျောင်းတဲ့နေရာမှာ ကျွမ်းကျင်တဲ့အတွက် မြင်းဖြူကြီးကို နိုင်နင်းအောင် ကိုင်တွယ်ခဲ့တယ်၊ ဒါပေမဲ့ တစ်နေ့တော့ မြင်းဖြူကြီးကို စီးပြီး ရွှေလုံ့ပုံဟာ ဝေးလံတဲ့ ခရီးရှည်ကြီး ထွက်သွားတယ်၊ မြင်းကြီးဟာ ပင်ပင်ပန်းပန်း မသွားချင်ဘူး၊ ဒါကြောင့် သူ့ကို အဝေးကြီးမစီးဖို့ အဖေက ရွှေလုံ့ပုံကို သတိပေးပြီသားပဲ၊ ဒါပေမဲ့ ရွှေလုံ့ပုံဟာ အဖေ့ စကား နားမထောင်ဘဲ ခရီးဝေးကို ထွက်ခွာသွားတယ်၊ မြင်းဖြူကြီးဟာ အပြန်လမ်းကိုရောက်တော့ သန္ဓေမကောင်းတဲ့ စရိုက်အတိုင်း ချောက်ထဲကို ခုန်ချလို့ ရွှေလုံ့ပုံဟာ ကံကောင်းလို့ အသက်မသေခဲ့တာပဲ၊ ရွှေလုံ့ပုံဟာ မြင်းကြီးကို ခရီးဝေးခိုင်းတဲ့ သူ့ရဲ့ အပြစ်ကို နားမလည်ဘဲ ဒေါသတကြီးနဲ့ ရွာကို ပြန်လာခဲ့ပြီး မြင်းထိန်းဖြစ်တဲ့အဖေ့ကို ရိုက်နှက်ညှင်းပန်းခဲ့တယ်၊ အဖေဟာ သူတို့ရဲ့ မတရား ရိုက်နှက်ညှင်းပန်းမှုကြောင့် အိမ်ကို ပြန်ရောက်ပြီး သုံးရက်ပြည့်တဲ့နေ့မှာ အသက်ဆုံးခဲ့ရတယ်၊ ဒီအချိန်ကစပြီး အမေလဲ စိတ်ဆင်းရဲပြီး အဖေ့နောက်လိုက်သွားတာပါပဲ "

ဟု ပြောလေတော့၏။ မရန်နေဘ်နှင့် မိုးနတ်မယ်သည် လူငယ်လေး၏ စကားကြောင့် ၎င်းကို စိတ်မကောင်းဟန်ဖြင့် ဝိုင်းဝန်း နှစ်သိမ့် ဆက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် တဲအိမ်ထဲသို့ လူငယ်တစ်ဦးထပ်မံ ဝင်ရောက်လာပြန်သဖြင့် ပထမလူငယ်က

" ကျွန်တော့်နာမည်က ငှက်ပျောသီး၊ သူ့နာမည်က ခဝါသည်တဲ့၊ ကျွန်တော်တို့ရဲ့ အလုပ်အကိုင်တွေကို ဂုဏ်ပြုပြီး မှည့်ခေါ်ထားတာ ခဝါသည်ကလဲ ကျွန်တော်နဲ့အတူ နေတယ်၊ ဒီကောင်က ရွာလယ်က အဝတ်အစားလျှော်ဖွတ်တဲ့ဆိုင်မှာ အလုပ်လုပ်တယ် "

ဟု ဆိုကာ ခဝါသည်ဆိုသော လူငယ်အား မရန်နော်တို့နှင့် မိတ် ဆက်ပေးလေ၏။

ငှက်ပျောသီးက ခဝါသည်၏ ပခုံးကိုဖက်၍

" ဒီကောင်လဲ ကျွန်တော့်လိုပဲ ရှွေလုံ့ပုံကြောင့် ဘဝပျက်ခဲ့ရတဲ့သူပဲ "

ဟု ပြောဆိုလေ၏။

မရန်နော်တို့က စိတ်ဝင်စား၍ မေးမြန်းကြည့်သောအခါ ခဝါသည် က ခေါင်းညိတ်၍

" ဟုတ်တယ်အစ်ကို၊ ကျွန်တော်တို့ မိဘတွေက ငယ်ငယ်ကတည်းက သေဆုံးသွားခဲ့တယ်၊ ကျွန်တော်နဲ့ အစ်မကြီးလဲ လောကကြီးမှာ ကျန်ရစ်ခဲ့တယ်၊ အစ်မကြီးဟာ ရွာထဲမှာ တောက်တိုမယ်ရ လုပ်ပြီး ကျွန်တော့်ကို လုပ်ကျွေးခဲ့တယ်၊ အစ်မဟာ ဆင်းရဲပေမဲ့ အတော်ချောမောလှပတယ်၊ တစ်နေ့တော့ အစ်မကံဆိုးချင်တော့ ရွာထဲမှာ ရေခပ်နေတဲ့ အစ်မကို တဏှာရူးကြီး ရှွေလုံ့ပုံ မြင်တွေ့သွားတယ်၊ ရှွေလုံ့ပုံက အစ်မကို လိုချင်တော့ သူနေတဲ့အိမ်ကြီးမှာ အလုပ်လုပ်ခိုင်းတယ်၊ နောက်တော့၊ အစ်မကို အတင်းအဓမ္မ စော်ကားခဲ့တယ်၊ အစ်မဟာ ရှွေလုံ့ပုံရဲ့





စော်ကားမှုကြောင့် အရှက်ကြီးရှက်ပြီး တောင်ပေါ်က ခုန်ချခဲ့တယ်၊ အစ်မဆုံးတော့ ကျွန်တော်လဲ ရွာထဲမှာ တောက်တိုမယ်ရ လုပ်ပြီး အသက်မွေးခဲ့ရတယ်၊ အခုတော့ ပင်မင်းဆိုင်မှာ အလုပ်ရနေပါပြီ "

ဟု ပြောဆိုလေရာ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက သက်ပြင်းချ၍

" ရှွေလုံ့ပုံဆိုတဲ့ လူယုတ်မာကောင်ဟာ မုန်းဒူဝါတိန်ပိုင်ရှားထက်တောင် အာဏာပြင်းထန်နေပါလား၊ ဒီကောင်ကို ဒီအတိုင်းလွှတ်ထားလို့ မဖြစ်တော့ဘူး "

ဟု ရေရွတ်လေ၏။ ထိုအခါ ငှက်ပျောသီးဆိုသော လူငယ်လေးက မျက်မှောင်ကြုတ်၍

" မုန်းဒူဝါကြီးက ရှွေလုံ့ပုံလို မဆိုးပါဘူး၊ သူဟာ သတ္တိရှိတဲ့သူတွေကို စုဆောင်းပြီး သူ့ရဲ့အဖွဲ့မှာ စုဆောင်းထားတာပဲရှိတယ်၊ မုန်းဒူဝါကြီးဟာ စစ်တိုက်ဖို့တော့ အမြဲကြံဆနေတာပဲ၊ မုန်းဒူဝါကြီးဆီမှာ ရှွေလုံ့ပုံ နေရာကောင်းရထားတာက ရှွေလုံ့ပုံဟာ မိုက်ရူးရဲလုပ်တယ်၊ ကိုယ်ခံပညာတတ်တယ်၊ သတ္တိရှိပြီး အရည်အချင်း ပြည့်ဝတဲ့သူတွေကိုလဲ အများကြီး စုဆောင်းပေးနိုင်တယ်၊ ဒါကြောင့် ရှွေလုံ့ပုံကို ညာလက်ရုံးနေရာမှ ထားခဲ့တာပါ "

ဟု ပြောဆိုလေရာ ခဝါသည်ဆိုသော လူငယ်က အဝေးဆီသို့ ကြည့်၍

" ရှွေလုံ့ပုံဆိုတဲ့ ကောင်ကြီးရောက်တော့မှ မုန်းဒူဝါကြီးလဲ တဖြည်းဖြည်းနာမည်ပျက်လာတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ဘဝတွေ ပျက်အောင် လုပ်ခဲ့တဲ့အတွက် ရှွေလုံ့ပုံဆိုတဲ့ကောင်ကြီးကို ကာလ



www.burmeseclassic.com

စားချေမယ်လို့ ဆုံးဖြတ်ထားတယ် ''

ဟု ပြောဆိုလေ၏။ ငှက်ပျောသီးကလည်း လက်သီးဆုပ်၍

'' ဟုတ်တယ်၊ ကျုပ်တော့လဲ ရွှေလုံ့ပုံဆိုတဲ့ကောင်ကြီးကို ကလဲ့စားချေကို ချေရမယ် ''

ဟု ကြုံးဝါးလေ၏။

မရန်နော်နှင့် အမျိုးသမီးကြီးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက

'' တစ်နေ့နေ့တော့ ရွှေလုံ့ပုံကို ကလဲ့စားချေဖို့ အခွင့်အလမ်းကြုံမှာပါကွယ် ''

ဟု တိုးတိုးပြောလိုက်လေတော့၏။

[illegible]

[illegible]





ဤသို့ဖြင့် မရန်နော်တို့သည် မုန်းဒူဝါကြီး၏ရွာသို့ ရောက်ခဲ့သည်မှာ လေးရက်မြောက်နေ့သို့ ရောက်လေ၏။

ထိုနေ့မနက်တွင် မုန်းဒူဝါ တိန်ပိုင်ရှား၏ နေအိမ်ရှေ့တွင် ကချင်လူမျိုးများ စုရုံး၍ နတ်ပူဇော်ရန် ကိစ္စများ စီစဉ်နေလေ၏။

မရန်နော် သွားရောက်ကြည့်ရှုပြီးနောက်

'' ကချင်ကိုးရွာ မြေနတ် ပူဇော်ဖို့ပြင်ဆင်နေတာဘျ၊ မြေနတ်ပူဇော်ပြီးရင် ပူဇော်တဲ့နေရာကို သတ်မှတ်တဲ့ရက်အတွင်း ဘယ်သူမှ မသွားရဘူး၊ ဒီလိုပူဇော်မှုတွေလုပ်ဖို့ မုန်းဒူဝါကြီးရဲ့တာဝန်ပဲ၊ ဒူဝါဟာ လူထုရဲ့အကျိုးစီးပွားအတွက် နတ်ပူဇော်မှုတွေ လုပ်ပေးရတာယ်၊ ဒါကြောင့် ဒူဝါရဲ့အိမ်မှာ မဒိုင်နတ်လို့ခေါ်တဲ့ ကောင်းကင်နတ်ခန်းရှိတယ် ''

ဟု ပြောလေရာ အမျိုးသမီးကြီးက

'' နတ်ပူဇော်တဲ့နေရာမှာ ဘယ်လို သတ္တဝါမျိုးကို အသုံးပြု



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



သလဲ ''

ဟု မေးမြန်းလေ၏။

မရန်နေဘ်က

'' ဝက်၊ ကြက်၊ နွားတွေကို အောက်နတ်တွေ ပူဇော်ရာမှာ အသုံးပြုတယ်၊ အထက်နက်တွေကိုတော့ ကျွဲကို အသုံးပြုပြီး ပူဇော်လေ့ရှိတယ်၊ မုန်းဒူဝါတိန်ပိုင်ရှားဟာ နတ်ပူဇော်မှုတွေမှာ တာဝန်ယူပြီး လုပ်နေတုန်းဆိုတော့ သူဟာ ရိုးရာကို စွန့်ပယ်တဲ့သူ မဟုတ်သေးဘူး၊ ဒူဝါဟာ ဘာဖြစ်လို့ ရွှေလှံပျံဆိုတဲ့ လူယုတ်မာကို နေရာပေးထားသလဲ မသိဘူး''

ဟု ပြောဆိုလေ၏။

အမျိုးသမီးကြီးက သက်ပြင်းချ၍

'' ငါ့အဖေရဲ့ မိုးကြိုးတံခွန်ရုပ်ထုလေး မုန်းဒူဝါ တိန်ပိုင်ရှားဆီမှာ ရှိမှ ရှိသေးရဲ့လားမသိဘူး၊ ဘာပဲဖြစ်ဖြစ် အဖေ့ရဲ့ နောက်ဆုံးဆန္ဒ ပြည့်ဝအောင်တော့ ငါကြိုးစားရမှာပဲ၊ ငါ့မိတ်ဆွေ လူ့ဂွစာကြီး ဦးထိပ်သီးလဲ အရိပ်အယောင်တောင် မတွေ့ဘူး၊ ဒီလူကြီး ဘယ်ရောက်နေလဲ မသိဘူး''

ဟု ရေရွတ်လေ၏။ မရန်နေဘ်က မျက်မှောင်ကြုတ်၍

'' မုန်းဒူဝါတိန်ပိုင်ရှားရဲ့အိမ်မှာ မိုးကြိုးတံခွန်အရုပ်လေး ရှိနိုင်ပါတယ်၊ ဒါကြောင့် ဒူဝါရဲ့အိမ်ကြီးကို နိုးဝင်ပြီး မိုးကြိုးတံခွန်အရုပ်ကလေးကို ကျွန်တော်ရှာပေးပါ့မယ် ''

ဟု ပြောဆိုလေ၏။ ထိုအခါ အမျိုးသမီးကြီးက ခေါင်းခါယမ်း၍

'' တိန်ပိုင်ရှားရဲ့အိမ်ကို ငါ အကြိမ်ကြိမ်ဝင်ပြီး ရှာဖွေခဲ့ပြီးပါပြီ၊





မိုးကြိုးတံခွန်အရုပ်ကလေးကို မတွေ့ပါဘူး ''

ဟု ပြောဆိုလေရာ မရန်နေဘ်က အမျိုးသမီးကြီးကို အံ့ဩစွာဖြင့် ကြည့်ရှု၍

'' ဟင်... အဒေါ်က ဒူဝါကြီးအိမ်ထဲကို ဝင်ပြီး မိုးကြိုးတံခွန်အရုပ်ကို ရှာတယ် ဟုတ်လား ''

ဟု မေးမြန်းလေ၏။ အမျိုးသမီးကြီးက ခေါင်းညိတ်၍

'' ဟုတ်တယ်၊ ညဘက် မင်းမသိအောင် အိပ်ရာကထသွားပြီး ဒူဝါရဲ့အိမ်ထဲက မိုးကြိုးတံခွန်အရုပ်ကို ရှာဖွေခဲ့တယ် ''

ဟု ပြောဆိုလေ၏။ မရန်နေဘ်က မယုံနိုင်ဟန်ဖြင့် အမျိုးသမီးကြီးကို ကြည့်ပြီး

'' အဒေါ် ဒူဝါအိမ်ထဲကိုဝင်တော့ အစောင့်အကြပ်တွေ အများကြီး မရှိဘူးလား ''

ဟု မေးမြန်းလေ၏။ အမျိုးသမီးကြီးက ခေါင်းညိတ်၍

'' အစောင့်အကြပ်တွေ အများကြီးရှိတာပေါ့၊ ခြံထဲမှာ အမဲလိုက်ခွေးတွေတောင် လွှတ်ထားတယ်၊ အိမ်ပေါ်မှာလဲ ဓားရှည်ကိုင် လူငါးယောက်လောက် အမြဲရှိတယ် ''

ဟု ပြောလေ၏။ ထိုအခါ မရန်နေဘ်က မျက်မှောင်ကြုတ်၍

'' ဒါဆိုရင် အိမ်ထဲကို ဝင်တဲ့အခါ သူတို့တွေနဲ့ ထိပ်တိုက်မတွေ့ဘူးလား ''

ဟု မေးမြန်းလေ၏။ အမျိုးသမီးကြီးက

'' ထိပ်တိုက်တွေ့တဲ့အခါလဲ ရှိပါတယ်၊ သူတို့နဲ့တွေ့တော့ ငါ့ရဲ့ အကြောကိုင်ပညာနဲ့ အသာလေး အကြောကိုင်ပြီး ပေ့ျောအောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်တာပေါ့၊ အိမ်ကြီးရဲ့ ခြံစည်းရိုးကို တွယ်တက်ဖို့လဲ ဖိုးရဲ့ ကြိုးသိုင်းပညာကို အသုံးပြုရတာပေါ့၊ ပညာဆိုတာ လိုအပ်ရင် အသုံးပြုရတာပါပဲ ''

ဟု အေးအေးစွာ ပြောပြလေရာ မရန်နော်သည် အမျိုးသမီးကြီး၏ အစွမ်းကို ပိုမို၍ အသိအမှတ်ပြုလိုက်ရပြန်၏။

မရန်နော်က သက်ပြင်းချ၍

'' ဒါဆိုရင် မိုးကြိုးတံခွန် အရုပ်ကလေးက မှန်းဒူဝါရဲ့ လက်မှာ မရှိတော့ဘူးလား ''

ဟု မေးမြန်းလေ၏။ အမျိုးသမီးကြီးက မျက်မှောင်ကြုတ်၍

'' ဒါတော့ သဲသဲကွဲကွဲ မသိရသေးဘူး။ တိန်ပိုင်ရှားရဲ့ အိမ်ကြီးမှာ ရှေးဟောင်းပစ္စည်းတွေကို ပြတိုက်လိုထားတဲ့ အခန်းတစ်ခန်းရှိတယ်၊ အဲဒီအခန်းထဲမှာ ငါသုံးကြိမ်တိတိ ရှာဖွေခဲ့ပြီးပြီ ဒါပေမဲ့ ဒီနေ့ထက်တိုင် မတွေ့နိုင်သေးဘူး၊ မှန်းဒူဒါ တိန်ပိုင်ရှားဟာ မိုးကြိုးတံခွန်အရုပ်ကို ဈေးကောင်းရလို့ ရောင်းပစ်လိုက်ပြီလား မသိဘူး၊ မိုးကြိုးတံခွန်အရုပ်ကို ခိုးသွားတဲ့ လူယုတ်မာ ဇလကိုတော့ ဒီအရပ်မှာ ဒီနေ့ထက်အောင် မတွေ့သေးဘူး။ မိုးကြိုးတံခွန်အရုပ်ကလေးကို ရှာမတွေ့ရင် သေလွန်သွားတဲ့ ငါ့အဖေရဲ့ ဝိညာဉ်ဟာ ငြိမ်းချမ်းနိုင်မယ် မထင်ဘူး ''

ဟုပြောဆိုလေ၏။



မရန်နော်သည် နောက်တစ်နေ့တွင် အိပ်ရာမှထ၍ နံရံတွင် ချိတ်ထားသော လေးနှင့် မြားကျည်တောက်ကို ကြည့်၍ မြားပစ်လိုစိတ်များ ဖြစ်ပေါ်လာလေ၏။

ထို့ကြောင့် ထိုင်ရာမှထ၍ လေးနှင့်မြားကျည်တောက်ကို ယူကာ တောထဲသို့ သွားပြီး မြားပစ်လေ့ကျင့်ရန် ပြောဆိုလေ၏။

အမျိုးသမီးကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍

'' အင်း... စောင်းသမားဟာ စောင်းနဲ့ ၇ ရက်လောက်ဝေးရင် လက်ပျက်တယ်တဲ့၊ မြားသမားလဲ မြားပွဲဝေးရင် ဘယ်ခံနိုင်မလဲ၊ သွားရင် သွားလေ ''

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုအာ တောထဲသို့သွားရန် ခွင့်ပြုလိုက်လေ၏။ မရန်နော်သည် လေးနှင့်မြှားကို ယူ၍ တောထဲသို့ ထွက်ခဲ့လေ၏။

သူသည် မြှားပစ်ရန် နေရာရှာရင်း တောထဲသို့ တဖြည်းဖြည်း ရောက်ရှိသွားလေ၏။

သူသည် တောတစ်နေရာသို့ ရောက်သောအခါ သစ်ပင်ကြီးတစ်ပင်၏ ပင်စည်ကို ပစ်မှတ်ပြု၍ မြှားပစ်လေ့ကျင့်လေ၏။

အတန်ကြာအောင် မြှားပစ်လေ့ကျင့်ပြီး တောထဲမှ အမျိုးသမီးများ၏ စူးစူးဝါးဝါး အော်ဟစ်သောအသံကို ကြားရသဖြင့် ထိုနေရာသို့ ပြေးခဲ့လေ၏။

မရန်နော်သည် ပြေးလွှားရင်း စမ်းချောင်းတစ်ခုအနီးသို့ ရောက်ရှိသွား၏။

ထိုအခါ စမ်းချောင်းအနီးတွင် ထိတ်လန့်စွာ အော်ဟစ်နေသော မိန်းမပျိုတစ်စုနှင့် ဝက်ဝံကြီးတစ်ကောင်ကို တွေ့ရလေ၏။

ဝက်ဝံကြီးသည် လိုဏ်ဂူတစ်လုံးအနီးတွင် ချောင်ပိတ်မိနေသော မိန်းမပျိုတစ်ဦးကို ရန်မူရန် ပြင်ဆင်နေ၏။

မရန်နော်သည် ဝက်ဝံကြီးကို ကြည့်လိုက်သောအခါ ဟိမဝန္တာ ဝက်ဝံမျိုးနွယ်ဝင် ဝက်ဝံကြီးဖြစ်သဖြင့် မိန်းမပျိုအတွက် စိုးရိမ်သွားလေ၏။

ဝက်ဝံသည် လူနှင့်တွေ့လျှင် ချွန်ထက်သော လက်သည်းများဖြင့် ကုတ်ခြစ်လေ့ရှိ၏၊ ဝက်ဝံကုတ်သော ဒဏ်ရာမှာ အလွန်ပြင်း၏။ ဝက်ဝံသည် လူကို ဖက်၍ ညှစ်သတ်လေ့ မရှိပေ။

မရန်နော်သည် လိုဏ်ဂူကြီးပေါ်သို့ ခိုဆွဲ၍ တက်လိုက်ပြီး လိုဏ်ဂူပေါ်သို့ ရောက်သောအခါ မိန်းမပျိုနှင့် ဝက်ဝံကြားသို့ ခုန်ချလိုက်လေ၏။

ဝက်ဝံသည် မိန်းမပျိုရှေ့သို့ မိုးပေါ်မှ ကျသကဲ့သို့ ကျလာသော မရန်နော်အပေါ်သို့ အာရုံ ပြောင်းသွားလေ၏။

မရန်နော်သည် ဝက်ဝံကို လက်ထဲရှိ ဆောင်ဓားဖြင့် ရင်ဆိုင်လိုက်ပြီး မိန်းမပျိုကို ထွက်ပြေးရန် အော်ဟစ်ပြောဆိုလိုက်၏။

မိန်းမပျိုသည် မရန်နော်က ကြားမှ ကာဆီးထားသဖြင့် ဝက်ဝံရှေ့မှ လွတ်မြောက်အောင် ထွက်ပြေးနိုင်၏။

ဝက်ဝံသည် ကျယ်လောင်သောအသံဖြင့် အော်ဟစ်၍ မရန်နော်အား လက်သည်းများဖြင့် ကုတ်ခြစ်၏။

မရန်နော်သည် သူ၏ဓားဖြင့် ဝက်ဝံကို ရန်မမူလိုသဖြင့် ခြောက်လှန့်ပြီး ဝက်ဝံအနည်းငယ် နောက်သို့ ဆုတ်သောအခါ လိုဏ်ဂူပေါ်သို့ လျှင်မြန်စွာ ခိုဆွဲ၍ တက်လိုက်၏။

မရန်နော်သည် လိုဏ်ဂူပေါ်သို့ ရောက်သောအခါ လိုဏ်ဂူနှင့် အနီးဆုံး သစ်ပင်ကို ခိုဆွဲ၍ တက်လိုက်၏။ ထိုသစ်ပင်မှတစ်ဆင့် တစ်ပင်ပြီး တစ်ပင် ကူးသန်း၍ ဝက်ဝံနှင့် လွတ်ရာကို ရှောင်တိမ်းခဲ့၏။

မရန်နော်သည် သစ်ပင်များတစ်ပင်မှ တစ်ပင် ကူးသန်း၍ မိန်းမပျိုများ၏ ရှေ့သို့ ရောက်သွားလေ၏။

မရန်နော်က မိန်းမပျိုများကို ဝေးရာသို့ ခေါ်သွားပြီး

" မင်းတို့သိပ်ကံကောင်းတယ်၊ ဝက်ဝံ အမကြီးဟာ လိုဏ်ဂူထဲမှာ သားပေါက်နေတာ ဖြစ်မယ်၊ သားပေါက်နေတဲ့ ဝက်ဝံ မအေတွေဟာ သိပ်ပြီး ရန်လိုတတ်တယ်၊ ဒါနဲ့ နေပါဦး၊ ဘာဖြစ်လို့ တောထဲကို ရောက်







www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ မိန်းမပျိုအုပ်စုမှ ဝက်ဝံအန္တရာယ်နှင့် ရင်ဆိုင်ရသော မိန်းမပျိုက

'' ကျွန်မတို့ စမ်းချောင်းထဲမှာ ရွှေဒင်းနဲ့ ငွေဝါးတွေကို ဖမ်းဖို့ ရောက်လာတာပါ။ ရွှေဝင်းလေးတွေကို ကျွန်မ သိပ်ချစ်တယ်၊ ဒါကြောင့် ဖမ်းလို့မိရင် အိမ်မှာ မွေးထားလေ့ရှိတယ် ''

ဟု ပြောလေ၏။ မရန်နော်က သူမကိုကြည့်ကာ သက်ပြင်းချ၍

'' မိန်းကလေးတွေချည်းပဲ တောထဲကိုလာရင် အန္တရာယ်သိပ်များတယ်၊ မင်းတို့ ရွာထဲကပဲလား ''

ဟု မေးမြန်းလေ၏။ ထိုအခါ မိန်းမပျိုများထဲမှာ တစ်ဦးက ဝက်ဝံအန္တရာယ်ပြုခြင်း ခံရသော မိန်းမပျိုကို လက်ညှိုးညွှန်ပြ၍

'' ဟောဒီက မမလေးက ဒူဝါကြီးရဲ့ တစ်ဦးတည်းသော ညီမပါ၊ ကျွန်မတို့က မမလေးရဲ့ အစေအပါးတွေပါ၊ ဒူဝါကြီးက တောထဲကို မသွားဖို့ မကြာခဏ တားမြစ်ပါတယ်၊ ဒါပေမဲ့ မမလေးက ရွှေဝင်းငွေဝါးတွေကို မဖမ်းရမနေနိုင် ဖြစ်နေလို့ တိတ်တဆိတ် ထွက်လာရတာပါ''

ဟု ပြောလေ၏။ မရန်နော်သည် ဝက်ဝံအန္တရာယ်ပြုခြင်းခံရသူမှာ မုန်းဒူဝါတိန်ပိုင်ရှား ညီမဖြစ်သဖြင့် အလွန့်အံ့သြသွားလေ၏။

တိန်ပိုင်ရှား၏ညီမက မရန်နော်ကို ကျေးဇူးတင်သန့်ဖြင့်ကြည့်၍

'' ကျွန်မမှာ ရှင်ပေးတဲ့အသက်ပဲ ရှိပါတော့တယ်၊ အစ်ကို့ကို ပြောပြီး ရှင့်အတွက် ဖါလက်ဆောင်တွေ ပေးပါမယ်၊ ဒါနဲ့ ရှင်ဟာ ရွာကို ဘယ်လို ရည်ရွယ်ချက်နဲ့ ရောက်လာတာလဲ ရှေ့ရှာဖို့လား ''

ဟု မေးမြန်းလေ၏။ မရန်နော်က ခေါင်းခါ၍



'' ရှေ့ရှာဖို့ မဟုတ်ပါဘူး။ လောလောဆယ် ဒူဝါကြီးရဲ့ အဖွဲ့မှာ ဝင်အမှုထမ်းနေပါတယ် ''

ဟု ပြောဆိုလေရာ ဒူဝါ၏ ညီမက အံ့သြဟန်ဖြင့်

'' ဪ... ရှင်က အစ်ကိုကြီးရဲ့ အဖွဲ့မှာ အမှုထမ်းတဲ့သူကိုး၊ ရှင် ကျွန်မအသက်ကို ကယ်တဲ့အကြောင်း ဒူဝါကြီးကို ပြောလိုက်ရင် ဖါတွေ ရမှာသေချာတယ် ''

ဟု ပြောဆိုလေ၏။ မရန်နော်က ခေါင်းခါ၍

'' ကျုပ် ဖါတွေ မလိုချင်ပါဘူး၊ ဒူဝါညီမကို ကယ်တင်လိုက်ရတာ အခွင့်ကြုံလို့သာ သဘောထားလိုက်ပါ ''

ဟု ပြောဆိုလေ၏။ မုန်းဒူဝါ၏ ညီမက ခေါင်းခါယမ်း၍

'' ကျွန်မရဲ့ အသက်သခင်ကို ကျေးဇူးဆပ်ရမှာပေါ့၊ ဘာပဲဖြစ်ဖြစ် အစ်ကိုနဲ့တွေ့ရအောင် ရှင်လိုက်ခဲ့ပါ ''

ဟု ဖိတ်ခေါ်လေ၏။ မရန်နော်သည် မုန်းဒူဝါတိန်ပိုင်ရှားနှင့် တွေ့ဆုံလျှင် ၎င်းတို့၏ ရည်ရွယ်ချက်အတွက် အမြတ်ထွက်မည်ကို ရိပ်စားမိသဖြင့် သူမအနောက်သို့ လိုက်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မရန်နော်သည် မုန်းဒူဝါကြီး၏ စံအိမ်ကြီးသို့ မိန်းမချောလေးများ
နှင့် လိုက်ပါသွားလေ၏။

စံအိမ်ကြီး၏ ဧည့်ခန်းဆောင်သို့ ရောက်သောအခါ ဒူဝါ၏ ညီမ
က မရန်နော်ကို ခဏမျှ ထိုင်စောင့်ခိုင်းလေ၏။

အတန်ကြာသောအခါ အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသော
ဒူဝါကြီးသည် ညီမဖြစ်သူနှင့်အတူ ရောက်ရှိလာပြီး

" မောင်ရင်က ကျုပ်ရဲ့အဖွဲ့မှာ အမှုထမ်းနေတယ်ဆို၊ ကျုပ်ရဲ့
ညီမကို ဝက်ဝံအန္တရာယ်က ကယ်တင်ပေးတာ ကျေးဇူးတင်တယ်၊
ဒါကြောင့် မောင်ရင် ဒီမှာ လိုအပ်တာဘာရှိသလဲ "

ဟု မေးမြန်းလေ၏၊ မရန်နော်က ဒူဝါကြီးကို ခေါင်းခါယမ်း၍

" ကျေးဇူးတင်ပါတယ် ဒူဝါကြီး၊ ကျွန်တော့်အတွက် ဘာမှ





မလိုအပ်ပါဘူး "

ဟု ပြောလေ၏။ ဒူဝါကြီးက မျက်မှောင်ကြုတ်၍

" ကျုပ်ရဲ့ညီမက ပြောတယ်၊ မောင်ရင်ဟာ သတ္တိအလွန်
ကောင်းတယ်တဲ့၊ ဝက်ဝံကြီးကို ရှေ့ကနေ ကြုံကြုံခံပြီး ရင်ဆိုင်ပေး
တယ်လို့ ကြားရတယ်၊ သစ်ပင်တစ်ပင်ကနေ တစ်ပင်ကို ခုန်လွှားပြီး
သွားတာလဲ မျောက်တစ်ကောင်လား အောက်မေ့ရတယ်တဲ့၊ မောင်ရင်
သိုင်းပညာကို တတ်မြောက်သလား "

ဟု မေးမြန်းလေ၏။ မရန်နော်က ခေါင်းညိတ်၍

" သိုင်းပညာကို သင်ကြားဖူးပါတယ်၊ ကျွန်တော့်ကို ပညာသင်
ပေးတာ ရှမ်းသိုင်းဆရာကြီးပါ "

ဟု ပြောဆိုလိုက်လေ၏။ ထိုအခါ ဒူဝါကြီးက ခေါင်းတဆတ်
ဆတ်ညိတ်၍

" ရှမ်းဆရာတွေကတော့ သိုင်းပညာ အသင်အပြ ကောင်းပါ
တယ်၊ ဒါကြောင့် မောင်ရင်မှာ အရည်အချင်းရှိတာ ဖြစ်နိုင်တယ်၊ မောင်
ရင် ကျုပ်ရဲ့ ကိုယ်ရံတော်အဖွဲ့မှာ အမှုထမ်းပါ၊ ကျုပ်မှာ ကိုယ်ရံတော်
ရှစ်ယောက်ရှိတယ်၊ မောင်ရင်ပါရင် ကိုးယောက်ဖြစ်သွားတာပေါ့ "

ဟု မိန့်ခေါ်လေ၏။ မရန်နော်သည် ဒူဝါကြီးနှင့် နီးနီးကပ်ကပ်
နေထိုင်ရလျှင် မိုးကြိုးတံခွန်အရုပ်ကလေး၏ သဲလွန်စကို ရှာဖွေနိုင်သဖြင့်
ကိုယ်ရံတော် ပြုလုပ်ရန် သဘောတူလိုက်လေ၏။ ထိုအခါ မုန်းဒူဝါကြီး
ကသူ၏ ကိုယ်ရံတော်အမှတ်တံဆိပ်ကို လက်ကောက်ဝတ်တွင် ဝတ်ဆင်
စေ၏။

မရန်နော်က ဆက်လက်၍



www.burmeseclassic.com

" ရွာထဲမှာ ကျွန်တော့်ရဲ့အဒေါ် ကျန်ရစ်ခဲ့ပါတယ်။ အဒေါ်ဟာ ဆေးဆရာတစ်ဦးဖြစ်တဲ့အတွက် ရှားပါး ဆေးမြစ်တွေရှာဖွေချင်လို့ ဒီအရပ်ကို ရောက်လာတာပါ။ အဒေါ်ကို ကျွန်တော် ကိုယ်ရံတော်လုပ်တဲ့ အကြောင်း ပြောပြခွင့်ပြုပါ "

ဟု တောင်းပန်လေ၏။ ဒူဝါကြီးက မရန်နော်ကို ခွင့်ပြုလိုက်လေ၏။ ထိုအခါ ဒူဝါ၏ ညီမသည် မရန်နော်ကို အိမ်ကြီး၏ တံခါးဝအထိ လိုက်လံပို့ဆောင်ရင်း

" ရှင်ဟာ အစ်ကိုကြီးရဲ့ ကိုယ်ရံတော်ဖြစ်သွားပြီဆိုရင်တော့ ကျွန်မနဲ့ မကြာခဏ တွေ့ရမှာပါ၊ နောက်တစ်ခါ တောထဲကို သွားရင် ရှင့်ကို ခေါ်မယ်နော် "

ဟု ပြောဆိုလေရာ မရန်နော်က ခေါင်းညိတ်၍

" ဒူဝါကြီး ခွင့်ပြုရင်တော့ ခေါ်နိုင်ပါတယ် "

ဟု ပြောလိုက်လေ၏။





မရန်နော်သည် မိုးနတ်မယ်အား မုန်းဒူဝါကြီး၏ ကိုယ်ရံတော် အလုပ်ကို လက်ခံခဲ့ကြောင်း ပြောလေရာ သူမက

" ဒါဆိုရင်တော့ တို့ရဲ့ အကြံအစည်တွေ အောင်မြင်ဖို့ ပိုပြီး အခွင့်အရေး ရပြီပေါ့၊ မင်း ဒူဝါကြီးနဲ့ သွားနေပါ၊ ငါကတော့ ဒီဆိုင်မှာပဲ နေခဲ့ဦးမယ်၊ အခွင့်အရေးရရင် ငါနဲ့လာတွေ့ပေါ့ "

ဟု ပြောလေ၏။ မရန်နော်က မိုးနတ်မယ်ကို နှုတ်ဆက်၍ ရွာထဲသို့ ထွက်ခဲ့လေ၏။ ဈေးသို့ ရောက်သောအခါ လိုအပ်သော အသုံးအဆောင်များကို ရှာဖွေ၍ ဝယ်ယူလေ၏။

ထိုအခိုက်မှာပင် ရွှေလုံပျံအဖွဲ့မှ လူသုံးဦးသည် ဈေးအတွင်းသို့ မြင်းကို ဒုန်းစိုင်း၍ စီးနှင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်းတို့သည် ထုံးစံအတိုင်း လမ်းတွင် ပိတ်ဆို့နေသူများကို မြင်းပေါ်မှ ကြာပွတ်ဖြင့် ရိုက်နှက်သွားလေ၏။

မရန်နော်သည် စောင်များကို ခွေးချယ်နေစဉ် အဘိုးအိုတစ်ဦးသည် ဈေးလမ်းပေါ်သို့ လဲကျသွားကြောင်းတွေ့ရ၍ အဘိုးအိုကို လမ်းပေါ်မှ ကမန်းကတန်း ဆွဲယူလိုက်၏။

ထိုအခိုက်မှာပင် အနီးသို့ မြင်းစီးသမားများ ရောက်လာပြီး လမ်းပေါ်တွင်ရှိနေသော မရန်နော်ကို ကြာပွတ်ဖြင့် လှမ်းရိုက်လိုက်၏။

မရန်နော်သည် ဂုဏ်းတို့၏ ရိုင်းပြသော အပြုအမူကို မကျေမချမ်းဖြစ်သွားပြီး ကြာပွတ်ကို လက်ဖြင့် ဆွဲလုလိုက်ရာ မြင်းသမားများသည် ရပ်တန့်သွားလေ၏။

ပြီးနောက် ကြာပွတ်အလုခံရသော မြင်းသမားက ဒေါသတကြီးဖြင့်

“ ဟေ့ကောင်၊ မင်းက ငါတို့ကို ဆန့်ကျင်တာလား ”

ဟု မေးမြန်းလေ၏။ မရန်နော်က လက်သီးဆုပ်၍

“ မင်းတို့ ဘာဖြစ်လို့ ဒီလောက်စေတင် မိုက်ရိုင်းနေတာလဲ၊ အဘိုးအိုကြီးကို မြင်းနဲ့ တိုက်မိရင် ဘယ်လိုဒုက္ခ ခံစားရမယ်ဆိုတာ နားမလည်ဘူးလား ”

ဟု ကြိမ်းမောင်းလိုက်ရာ မြင်းစီးသမား သုံးယောက်သည် ဂုဏ်းတို့ကို တုံ့ပြန်မည်သူ ပေါ်ပေါက်လာသဖြင့် ဒေါသထွက်သွားပြီး မြင်းပေါ်မှ ခုန်ဆင်းကာ မရန်နော်ကို ဝင်ရောက်တိုက်ခိုက်ကြလေ၏။

မရန်နော်သည် ကိုယ်ခံပညာ တတ်ကျွမ်းသူဖြစ်သဖြင့် ဂုဏ်းတို့ သုံးယောက်ကို တစ်ယောက်ပြီးတစ်ယောက် မြေပေါ်သို့ လဲကျအောင်





တိုက်ခိုက်နိုင်ခဲ့၏။

ထိုသူသုံးယောက် မြေပေါ်သို့ လဲကျပြီး မရှုမလှ ရှုံးနိမ့်နေစဉ် မြင်းစီးသမား သုံးယောက် ထပ်မံရောက်ရှိလာပြီး မရန်နော်ကို ဓားရှည်များဖြင့် ဝင်ရောက်တိုက်ခိုက်ပြန်၏။

မရန်နော်သည် ထိုသူ သုံးယောက်ကိုလည်း ဓားများမြေပေါ်သို့ ကျပြီး အရေးနိမ့်အောင် တိုက်ခိုက်လိုက်ရာ ဈေးရောင်းဈေးဝယ်များသည် အလွန်သဘောကျဟန်ဖြင့် ကြည့်၍ လက်ခုပ်လက်ဝါးတီး၍ အားပေးကြလေ၏။ မရန်နော်က မြေပေါ်တွင် လဲကျနေသော လူခြောက်ဦးကို ကြည့်၍

“ ဒီနေ့ကစပြီး ကျုပ်ရှေ့မှာ မတရားလုပ်တာမြင်ရင် အခုလိုပဲ ခံရမယ်၊ အားလုံးမှတ်ထား ”

ဟု ကြိမ်းဝါးလိုက်ရာ ဈေးရောင်းဈေးဝယ်များက နှစ်ထောင်းအားရဟန်ဖြင့် ချီးမွမ်းကြလေ၏။ ဈေးသည်အဘိုးကြီးတစ်ဦးက

“ ဒီကောင်တွေ မတရားစော်ကားနေတာ ကြာပြီ၊ မောင်ရင်ရဲ့ သတ္တိကို ချီးကျူးပါတယ် ”

ဟု အားပေးစကားပြောလေ၏။

အခြားသော ဈေးသူဈေးသားများကလည်း မရန်နော်အား ဝိုင်းအုံ၍ ချီးမွမ်းကြလေ၏။

ထိုအခိုက်မှာပင် မြင်းခွာသံများကို ကြားရသဖြင့် မရန်နော်ကို ဝိုင်းအုံနေသူများသည် အနောက်သို့ လှည့်ကြည့်ကြလေ၏။

ထိုအခါ ဝတ်ရုံနီကြီးကို ခြုံလွှမ်းထားသော ရွှေလုံ့ပုံကို မြင်သော အခါ အနီးမှ ထွက်ပြေးသွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မရန်နေဒ်သည် ဈေးအလယ်တွင် တစ်ဦးတည်း ကျန်ရစ်ခဲ့လေ၏။ ဈေးသည်များလည်း လွတ်ရာကျွတ်ရာသို့ ပြေးလာပြီး ရွှေလှံ့ပျံ့သည် အတုံးအရုန်းလဲကျနေသော သူ၏ တပည့်တပန်းများ အလယ်တွင် အေး ဆေးစွာ ရပ်နေသော မရန်နေဒ်ကို ကြည့်၍ ဒေါသူပုန်ထသွားပြီး

" ဟေ့ကောင် မင်းက တော်တော်အစွမ်းထက်နေသလား၊ သေပေတော့ "

ဟု ကြုံးဝါးကာ သူ၏မြင်းကွင်းတွင် ချိတ်ဆွဲထားသော ရွှေရောင် လှံကို ဖြုတ်၍ မရန်နေဒ်အား ပစ်ရန် ကြံလိုက်၏။

ထိုအခိုက်မှာပင် သူ၏ညာလက်ရုံးဝင်ယောက်ကာ ရွှေလှံ့ပျံ့၏ လက်ကိုဆွဲ၍

" နေပါဦးဆရာ၊ ဒီကောင်ရဲ့ လက်ကောက်ဝတ်မှာ ဒူဝါကြီးရဲ့ အနီရောင်ကြိုးစကို တွေ့တယ် "

ဟု ပြောဆိုလိုက်ရာ ရွှေလှံ့ပျံ့က မရန်နေဒ်၏ လက်ကောက်ဝတ် ရှိ အနီရောင်ပိုးကြိုးစကို ကြည့်ကာ

" ဟေ့ကောင် ဒူဝါကြီးနဲ့မင်း ဘယ်လို ပတ်သက်သလဲ "

ဟု မေးမြန်းလေ၏။ မရန်နေဒ်က ရွှေလှံ့ပျံ့ကို ရှုတင်းတင်းကြည့်၍

" ဒူဝါကြီးက အခုပဲ ကျုပ်ကို သူ့ရဲ့ကိုယ်ရံတော် အဖွဲ့မှာ ခန့် လိုက်တယ် "

ဟု ပြောဆိုလေရာ ရွှေလှံ့ပျံ့သည် မရန်နေဒ်အား တိုက်ခိုက်ရန် မဖြစ်နိုင်တော့သဖြင့် လှံကို ရုပ်သိမ်းလိုက်ပြီး

" ဒီမှာ မင်းက ဒူဝါရဲ့ ကိုယ်ရံတော်ဖြစ်ရဲ့သားနဲ့ ဖို့ရဲ့ရောင်းရင်း တွေကို ဘာဖြစ်လို့ တိုက်ခိုက်ရတာလဲ "





ဟု မေးမြန်းလေ၏၊ မရန်နေဒ်က ရွှေလှံ့ပျံ့ကို မျက်နှာတည်တည် ဖြင့် ကြည့်၍

" ကျုပ်ရှေ့မှာ မတရားလုပ်နေတာမြင်ရင် ဘယ်လိုလူမျိုးကိုမှ သည်းမခံဘူး၊ အားနည်းတဲ့ဖက်က ဝင်ဖြေရှင်းရမှာပဲ "

ဟု ပြောဆိုလိုက်ရာ ရွှေလှံ့ပျံ့သည် မရန်နေဒ်ကို မကျေမချမ်း ကြည့်၍

" ဒီဒေသမှာနေရင် ငြိမ်ငြိမ်သက်သက်နေ၊ မငြိမ်သက်တဲ့သူဟာ သက်ဆိုးမရှည်တတ်ဘူး "

ဟု ခြိမ်းခြောက်လိုက်ရာ မရန်နေဒ်က မထီလေးစား အမူအရာ ဖြင့်

" ကျုပ်ကလဲ သေရမှာကို လုံးဝမကြောက်တဲ့သူဆိုတော့ ပွဲကြီး ပွဲကောင်းတွေ့မှာ ပေါ့ရှာပါတယ် "

ဟု ပြန်ပြောလိုက်ရာ ရွှေလှံ့ပျံ့သည် မရန်နေဒ်ကို မျက်ထောင့်နီ ကြီးဖြင့်ကြည့်၍ မြင်းကို ဒုန်းစိုင်း ထွက်ခွာသွားလေ၏။

မရန်နေဒ်သည် မုန်းဒူဝါကြီး၏ နေအိမ်သို့ ရောက်သောအခါ နေ အိမ်၏နံဘေးတွင် တန်းလျားသဏ္ဍာန် ဆောက်လုပ်ထားသော နေရာသို့ သွားရလေ၏။

ထိုနေရာ၌ မုန်းဒူဝါကြီး၏ ကိုယ်ရံတော်များ နေထိုင်ရလေ၏။ ၎င်းတို့သည် မရန်နေဒ်ကို ရင်းနှီးစွာ ကြိုဆို၍ အိပ်စက်ရန် နေရာ ကို ပြလေ၏။

မရန်နေဒ်သည် ထိုသူများကို အကဲခတ်ကြည့်သောအခါ မုန်းဒူဝါ ကြီးကို သစ္စာရှိသူများဖြစ်ကြောင်း တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်းတို့သည် မရန်နေဘ်နှင့် ရွှေလှံပုံ၏ လူများ ရန်ပွဲဖြစ်ပွားခြင်းကို ကြားသိနေပြီး မရန်နေဘ်ကို ချီးကျူးကြလေ၏။

ကိုယ်ရံတော်အဖွဲ့တွင် အသက်အကြီးဆုံး လူတစ်ယောက်က

" မောင်ရင်ဟာ အစွမ်းအစ အတော်ရှိမယ်နဲ့တူတယ်၊ ဒီရွာကို ရောက်ရောက်ချင်း ရွှေလှံပုံရဲ့ ပွဲတွေကို ကောင်းကောင်း ပညာပေးလိုက်တယ်၊ ကောင်းတယ် ဒီကောင်တွေကို ကျုပ်တို့လဲ မနှစ်သက်ဘူး ဒီကောင်တွေဟာ တစ်ရွာလုံးက လူတွေကို အနိုင်ကျင့် ဗိုလ်ကျနေတာနဲ့ ရွာက လူတွေဟာ ကျုပ်တို့ကိုတောင် သူတို့နဲ့အတူထင်ပြီး ကြည်ဖြူချင်တော့ဘူး၊ ဒီအကြောင်းတွေကို မုန်းဒူဝါကြီး သိစေချင်တယ်၊ ဒူဝါကြီးဟာ ရွှေလှံပုံကို မျက်နှာသာပေးထားတာ နယ်သူနယ်သားတွေရဲ့ အကြည်ညို ပျက်စေလိမ့်မယ် "

ဟု ပြောဆိုလေရာ ကျန်သော ကိုယ်ရံတော်များကလည်း ရွှေလှံပုံ တပည့်များ၏ မကောင်းမှုများကို ပြောဆိုလေ၏။

ကိုယ်ရံတော်တစ်ဦးကလည်း

" ဒူဝါကြီးက သူရဲ့အင်အားကို တိုးချဲ့ချင်တယ်၊ ဒီရည်ရွယ်ချက်ကြောင့် ရွှေလှံပုံနဲ့ ပေါင်းသင်းနေရတာပဲ၊ ဒါပေမဲ့ ဒူဝါကြီးဟာ ရွှေလှံပုံရဲ့ မကောင်းတဲ့စရိုက်တွေကို တဖြည်းဖြည်း ရိပ်စားမိနေပါပြီ၊ ဘာပဲ ဖြစ်ဖြစ် ရွှေလှံပုံဟာ ဒူဝါကြီးကိုတော့ ပခုံးချင်းမယှဉ်ရဲပါဘူး ဘာဖြစ်လို့လဲ ဆိုတော့ ဒူဝါကြီးဟာ နောက်လိုက်အင်အား များပြားတယ်၊ နယ်သူနယ်သားတွေရဲ့ အရှင်သခင်လဲဖြစ်တယ် "

ဟု ပြောလေ၏။ ကျန်သော ကိုယ်ရံတော်တစ်ဦးကမူ

" ရွှေလှံပုံဟာ သူ့လက်အောက်မှာ လူတွေစုနေတာ မနည်း





တော့ဘူး၊ အဲဒီလူတွေ အားလုံးဟာ အကျင့်စာရိတ္တ မကောင်းတဲ့ လူဆိုးလူသွမ်းတွေပဲ၊ သူတို့ အင်အားနဲ့ဆိုရင် ဒူဝါကြီးကို ယှဉ်ပြိုင်နိုင်တယ်၊ တစ်နေ့နေ့မှာ ဒူဝါကြီးနဲ့ ရွှေလှံပုံ ထိပ်တိုက်တွေ့လိမ့်မယ်ထင်တယ် "

ဟု ပြောဆိုလေ၏။

ထို့နောက်တွင်မူ ကိုယ်ရံတော်များသည် တောင်ဆိတ်တစ်ကောင်ကို ကင်ပြီး မရန်နေဘ်ကို ကြိုဆိုညည့်ခံပွဲ ပြုလုပ်လေ၏။

မရန်နေဘ်သည် ရင်းတို့နဲ့အတူ ပျော်ရွှင်စွာ ခေါင်ရည်များ သောက်၏။ သီချင်းများပါဝင်သီဆို၏။

ဒူဝါကြီး၏ ကိုယ်ရံတော်များအားလုံး မရန်နေဘ်ကို ခင်မင်ရင်းနှီးစွာ ဆက်ဆံသဖြင့် ကြောမိ ငယ်ပေါင်းကြီးဖော်များကဲ့သို့ ရင်းနှီးသွားကြလေတော့၏။

ရေပန်းစား၊ ဘာကြဲပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



မရန်နေဘ်သည် ရှုဝါကြီး၏ ကိုယ်ရံတော်အဖြစ် အမှုထမ်းနေသော်လည်း အမျိုးသမီးကြီးနှင့် မကြာခဏ သွားရောက်တွေ့ဆုံလေ၏။

အမျိုးသမီးကြီးသည် သူမတို့ မျိုးရိုးစဉ်ဆက် ထိန်းသိမ်းခဲ့ရသော မိုးကြိုးတံခွန် အရုပ်ကလေး၏ သဲလွန်စကို သဲကြီးမဲကြီး ရှာဖွေနေဆဲဖြစ်၏။

အမျိုးသမီးကြီးက မရန်နေဘ်နှင့် တွေ့ဆုံရင်း

" ငါ့မိတ်ဆွေ လူ့ဌစာကြီး ဒီတခေါ် ပျောက်ချင်းမလှ ပျောက်နေတာ ထူးဆန်းတယ်၊ ဒီလူကြီး ရွာထဲမှာ ပုန်းနေတာသဲ ဖြစ်မယ်၊ ဘာသဲဖြစ်ဖြစ် သူ့ကျေးဇူးမကင်းပါဘူး။ သူ့ကြောင့် ဒီရွာမှာ မိုးကြိုးတံခွန် အရုပ်ကလေးရောက်နေတာ သိရတယ် "





ဟု ပြောလေရာ မရန်နေဘ်က မျက်မှောင်ကြုတ်၍

" အခေါ် မိတ်ဆွေကြီး အန္တရာယ်များ ကျရောက်နေသလား "

ဟု မေးမြန်းလေ၏။ ထိုအခါ အမျိုးသမီးကြီးက ခေါင်းခါ၍

" ဒီလူကြီးရဲ့ အစွမ်းအစမျိုးကို ယှဉ်နိုင်တဲ့သူ ဒီရွာမှာ မရှိဘူး။ သူဟာ အလိုရှိတယ်ဆိုရင် မုန်းဂူဝါကြီးခေါင်းက ဦးထုပ်ကိုတောင် ရအောင် ယူနိုင်တဲ့သူပဲ "

ဟု ပြောဆိုလေ၏။ မရန်နေဘ်က ခေါင်းညိတ်၍

" ကျွန်တော်လဲ အစွမ်းကုန်ကြိုးစားပြီး ရှာဖွေပေးပါမယ်၊ အခေါ် စိတ်မပျက်ပါနဲ့ "

ဟု ပြောဆိုလေ၏။

ထို့နောက်တွင်မူ မရန်နေဘ်သည် ရွာထဲသို့ ပြန်ခဲ့လေ၏။ အပြန်လမ်း၌ ငှက်ပျောသီးဆိုသော လူငယ်လေးနှင့်တွေ့ပြီး ၎င်း၏ ဖိတ်ခေါ်မှုကြောင့် သူ၏အိမ်သို့ လိုက်ခဲ့လေ၏။

အိမ်သို့ရောက်သောအခါ လူငယ်နှစ်ဦးက စားသောက်ဖွယ်ရာ ခေါပ်ရည်များဖြင့် ဧည့်ခံပြီး ငှက်ပျောသီးက အစ်ကို့ကို စိတ်မကောင်းစရာ သတင်းတစ်ခုပြောရဦးမယ်၊ ရွာထဲက အစ်မကြီးတစ်ယောက် ကြိုးဆွဲချပြီး ကိုယ့်ကိုကိုယ် သတ်သေသွားပြီ၊ အဲဒီအစ်မကြီးဟာ လွန်ခဲ့တဲ့သုံးလလောက်က ရွှေလုံ့ပျံခေါ်စော်ကားပြီး ကိုယ်ဝန်ရှိသွားလို့တဲ့ "

ဟု ပြောဆိုလေရာ မရန်နေဘ်က တကဲ့ခေါက်၍

" တောက် ဒီကောင်ကြီး ယုတ်မာလှချည်လား "

ဟု ရေရွတ်လေ၏။

ထိုအခါ လူငယ်နှစ်ဦးက ရွှေလုံ့ပျံ ဖျက်ဆီးခဲ့သော မိန်းမများ၏



www.burmeseclassic.com

www.burmeseclassic.com



စာရင်းကို တစ်လှည့်စီ ပြောပြလေရာ ရွှေလုံပုံသည် မိန်းမလှပေါင်းများစွာ ဖျက်ဆီးခဲ့ကြောင်း သိရလေ၏။

ငှက်ပျောသီးဆိုသော လူငယ်က

" မကြာမီ ပွဲကြီးပွဲကောင်း တစ်ခု ကြဦးမယ် အစ်ကိုရေ ဒီတစ်ခါတော့ ပွဲကြီးပွဲကောင်းပဲ၊ ရွှေလုံပုံဟာ ဗူဝါကြီးရဲ့ တစ်ဦးတည်းသော ညီမကို ကြိစည်နေတယ်၊ သူဟာ ဗူဝါညီမကိုတော့ အချိန်စောင့်ပြီး ကြံပမ်းနေတယ် "

ဟု ပြောဆိုလေ၏။

မရန်နေဘ်က မျက်မှောင်ကြုတ်၍

" ဗူဝါကြီးရဲ့ ညီမက ရွှေလုံပုံကို ဘယ်လို သဘောထားသလဲ"

ဟု မေးမြန်းလေ၏။

ခဝါသည်ဆိုသော လူငယ်က သက်ပြင်းချ၍

" ဗူဝါကြီးရဲ့ ညီမကတော့ ရွှေလုံပုံကို ကြည့်ရှုံမပေါ်ဘူး၊ ဒါပေမဲ့ ဗူဝါကြီး ကိုယ်တိုင် သဘောတူရင်တော့ ရှောင်တိမ်းလို့ ရမှာမဟုတ်ဘူး "

ဟု ပြောလေ၏၊ ငှက်ပျောသီးဆိုသော လူငယ်က ခေါင်းခါ၍

" ဗူဝါကြီးက ရွှေလုံပုံရဲ့ အကျင့်စာရိတ္တကို ရိပ်စားမိနေတာပဲ၊ သူ့ညီမနဲ့ ဘယ်သဘောတူမလဲ၊ နောက်ပြီးတော့ ဗူဝါကြီးရဲ့ ညီမဟာ ရွှေလုံပုံကို မုန်းတီးနေတယ်လို့ သတင်းကြားတယ် "

ဟု ပြောလေ၏။ ခဝါသည်ဆိုသော လူငယ်က မျက်မှောင်ကြုတ်၍

" ရွှေလုံပုံဆိုတဲ့ လူယုတ်မာကြီးဟာ ဒီမြင် မိန်းကလေးတွေကို





လက်ရဲဇက်ရဲ နိုင်ပေမဲ့ ဗူဝါကြီး ညီမကိုတော့ မလုပ်ရဲဘူး၊ ဗူဝါကြီးက သူ့ညီမကို အတော်ချစ်တာကိုး၊ ဟဲ ဟဲ ဗူဝါကြီးနဲ့ ရွှေလုံပုံ ကွဲမယ်ဆိုရင် သူ့ညီမ ကိစ္စနဲ့ ကွဲမှာပဲ "

ဟု ပြောလေ၏။ မရန်နေဘ်သည် ၎င်းတို့၏ စကားများကို နားထောင်၍ မျက်မှောင်ကြုတ်လိုက်ပြီး

" ဗူဝါကြီးနဲ့ ရွှေလုံပုံကွဲရင် ဗူဝါ့ညီမကြောင့် ကွဲမယ်တဲ့လား၊ သူတို့နှစ်ယောက်ကို ကွဲအောင်လုပ်ရင် ငါတို့အကြံအောင်ပြီ "

ဟု ပြောလေရာ လူငယ်နှစ်ဦးက ခေါင်းညိတ်၍

" သိပ်ဟုတ်တာပေါ့ အစ်ကိုရယ်၊ ဒါပေမဲ့ ရွှေလုံပုံက သိပ်လည်တယ်၊ ဗူဝါကြီးနဲ့ ကွဲဖို့ မလွယ်ဘူး "

ဟု ပြောလေ၏။ ထိုအခါ မရန်နေဘ်က လက်သီးဆုပ်၍

" ဘာပဲဖြစ်ဖြစ် လူကြံရင် ဘာခံနိုင်မလဲကွာ၊ ငါတို့ကြိုးစားရင် အောင်မြင်နိုင်ပါတယ်၊ အချိန်တော့ စောင့်ရမယ်ကွ "

ဟု ပြောဆိုကာ ၎င်းတို့ကို နှုတ်ဆက်၍ ပြန်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မရန်နေဘ်သည် နောက်တစ်နေ့သို့ ရောက်သောအခါ မိုးနတ်မယ် ဆိုသော အမျိုးသမီးကြီးကို ရွှေလုံ့ပုံနှင့် မုန်းဒုဝါကြီး၏ အကြားတွင် ရန်တိုက်ပေးရန် ပြောဆိုလေ၏။

မိုးနတ်မယ်က မျက်မှောင်ကြုတ်၍

" ဟုတ်တယ်၊ မင်းရဲ့ အကြံကောင်းတယ်၊ သူတို့နှစ်ယောက် ခွာပြဲပြီဆိုရင် ငါတို့အကြံ အောင်မြင်ပြီ၊ ငါတို့မျိုးရိုးစဉ်ဆက် ရှာဖွေလာခဲ့တဲ့ မိုးကြိုးတံခွန်အရှင်ကလေးကိုလည်း ပြန်ရရင် ရနိုင်တယ်၊ ဒါပေမဲ့ ဒီလူနှစ်ယောက် ကွဲဖို့ဆိုတာ ငါတို့ ခေါင်းအေးအေးထားပြီး ကြံစည်မှ ဖြစ်မယ်၊ ဒီတော့ နောက်သုံးရက်ပြည့်ရင် မင်း ငါ့ဆီ ပြန်လာခဲ့ငါ "





ဟု ပြောဆိုလေတော့၏။

မရန်နေဘ်သည် အမျိုးသမီးကြီးထံမှ ပြန်လာပြီးနောက် သုံးရက် အတွင်း မုန်းဒုဝါတိန်ပိုင်ရှားနှင့် ရွှေလုံ့ပုံကွဲကွာမည့် နည်းလမ်းများကို ရှာကြံ စဉ်းစားလေ၏။

သို့သော် ၎င်းတို့နှစ်ဦး ကွဲကွာမည့် နည်းလမ်းကို ရှာဖွေမတွေ့ချေ။

သုံးရက်ပြည့် မိုးနတ်မယ်ဆီ ပြန်ရောက်လာသောအခါ၌လည်း သူမက ခေါင်းခါယမ်း၍

" ဒီလူနှစ်ယောက်ကို ခွာပြဲအောင်လုပ်ဖို့ အမျိုးမျိုးစဉ်းစားမိတယ်၊ ဒါပေမဲ့ ဘယ်နည်းလမ်းမှ စိတ်တိုင်းမကျဘူး "

ဟု ပြောရင်း မရန်နေဘ်ကိုခေါ်၍ ဈေးတန်းဘက်သို့ ထွက်ခဲ့လေ၏။ မရန်နေဘ်သည် အမျိုးသမီးကြီးနောက်သို့ လိုက်ပါရင်း ဒုဝါကြီးနှင့် ရွှေလုံ့ပုံ၏အကြောင်းကို စဉ်းစားနေလေ၏။

ထိုအခိုက်မှာပင် အမျိုးသမီးကြီးက ဈေးတစ်နေရာတွင်ရှိသော ရှဘ်ဖျော်တဲ တစ်လုံးရှေ့တွင် ရပ်တန့်၍ မျက်မှောင်ကြုတ်လိုက်ပြီး

" အနာဂတ်ကို စိတ်ဝင်စားသူများ ဖိတ်ခေါ်ပါတယ်ဆိုပါလား၊ ဗေဒင်ဟောမည်က ဆရာကြီး ထိပ်ခေါင်တဲ့၊ ဝင်မေးကြည့်ရအောင်၊ တစ်ခါတစ်ရံ ဗေဒင်ဆရာနဲ့တွေ့ပြီးရင် ကိုယ်ဘာလုပ်ရမယ်ဆိုတာ လမ်းစပေါ်လာတတ်တယ် "

ဟု ရေရွတ်ရင်း ရှက်ဖျင်တဲထဲသို့ ဝင်ခဲ့ရာ တဲ၏အပေါက်ဝတွင် လွန်စွာ ကြီးမားသော မြက်ဦးထုပ်ဆောင်းထားသူတစ်ဦးနှင့် တွေ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူက

" ဗေဒင်မေးချင်လို့လား၊ အထဲမှာ ဘယ်သူမှ မရှိဘူး၊ ကြွပါ ကြွပါ "

ဟု ပြောဆိုလေ၏။

မရန်နော်နှင့် အမျိုးသမီးကြီးသည် ရှက်ဖျင်တဲအတွင်းသို့ ဝင်ရောက်သွားသောအခါ ကျောခိုင်းထိုင်နေသော ဗေဒင်ဆရာကို တွေ့ရလေ၏။

ဗေဒင်ဆရာ၏ ရှည်လျားသော ဆံပင်များသည် ပခုံးပေါ်သို့ပင် ဝဲကျနေ၏။

ဗေဒင်ဆရာ၏ရှေ့တွင် အနက်ရောင်စားပွဲတစ်လုံးရှိပြီး စားပွဲပေါ်တွင် ဖန်လုံးကြီးတစ်လုံးရှိ၏။

ဗေဒင်ဆရာသည် ဖန်လုံးကိုကြည့်၍ မေးမြန်းသူ၏ အနာဂတ်ကို ကြည့်ရှုဟန်တူ၏။

ဗေဒင်ဆရာသည် အမျိုးသမီးကြီးကို မေးခွန်းတစ်ခုမျှ မဆိုဘဲ ဖန်လုံးကြီးကိုသာ တိတ်ဆိတ်စွာ ကြည့်ရှုနေ၏။

ခဏကြာမှ ထူးခြားသောအသံဖြင့် ဟောကွက်များကို စတင်လေ၏။

" အနာဂတ်ကို ယောင်ဝါးဝါးဖြစ်နေလို့ ဗေဒင်ခန်းထဲကို ဝင်ရောက်လာတယ်၊ ဒါပေမဲ့ ဗေဒင်ဆရာကို မယုံဘူးဖြစ်နေတယ်၊ လူတွေအားလုံးကို သံသယဖြစ်ပြီး ကိုယ့်ကိုကိုယ် အထင်ကြီးတဲ့စိတ်ဟာ ဆိုးပါတယ် "

ဟု ပြောလေရာ မရန်နော်သည် မျက်လုံးပြူးပြီး အမျိုးသမီးကြီး





ကို လှမ်းကြည့်လေ၏။

အမျိုးသမီးကြီးက သက်ပြင်းချ၍

" ကျွန်မ တွေ့ဖူးတဲ့ ဗေဒင်ဆရာတော်တော် များများဟာ ယုံချင်စရာမှ မရှိတာဘဲ၊ ယုံကြည်စရာမရှိတဲ့ ဆရာတွေထဲမှာ ဟိတ်ကြီးဟန်ကြီး တစ်ခွဲသားနဲ့ လူအထင်ကြီးအောင် ဖြီးဖြန်းနေတဲ့ ဝှကျကျ ဗေဒင်ဆရာဆိုရင် ပိုဆိုးတာပေါ့ "

ဟုပြောလေ၏။ ထိုအခါ ကျောခိုင်းထားသော ဗေဒင်ဆရာက တဟားဟားရယ်မောလိုက်ပြီး

" ကျုပ်ကို ဖြီးဖြန်းနေတယ်လို့ ခင်ဗျားက စွပ်စွဲတာလား၊ ကျုပ်ရဲ့ ဟောခန်းထဲက ထွက်သွားတဲ့သူတိုင်း မှန်တယ်လို့ တဖွဖွ ချီးမွမ်းပြီး ထွက်သွားတဲ့ သူတွေချည်းပဲ "

ဟု ပြောဆိုလေ၏။ မရန်နော်သည် မိုးနတ်မယ်နှင့် ဗေဒင်ဆရာ အတိုက်အခံ ပြောဆိုနေခြင်းကိုကြည့်၍ ပါးစပ်အဟောင်းသား ဖြစ်နေလေ၏။

မရန်နော်က ၎င်းတို့ကို ဖျောင်းဖျပြောဆိုရန် ပြင်ဆင်နေစဉ် မိုးနတ်မယ်က မျက်နှာရှုံ့မဲ့၍

" အပိုတွေ ပြောမနေနဲ့၊ ရှင်ဟာ ကတိတည်တဲ့သူမဟုတ်ဘူး၊ ကျွန်မကို အကူအညီပေးမယ်ဆိုပြီး ရှောင်ပုန်းနေတာ ဘာကြောင့်လဲ "

ဟု မေးမြန်းလေရာ မရန်နော်သည် ဗေဒင်ဆရာလူကြီးကို ဦးထိပ်သီးဆိုသော လူ့ဝှစာကြီးမှန်း ရိပ်စားမိသွားလေ၏။

ဦးထိပ်သီးသည် တစ်ခါက စွန်ပျံစီးရင်း မိမိနှင့် ခင်မင်ခဲ့ဖူးပုံကို သတိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူ့ဂွစာကြီး ဦးထိပ်သီးက တဟားဟားရယ်မောလျှက် ကျောခိုင်းနေရာမှ လှည့်ကြည့်ပြီး

" မရန်နော် ဒါတို့နစ်ခေယဘက်ရဲ့ ရန်ငွဲကို နားထောင်ပြီး စိတ်ရှုပ်ထွေးနေပြီလား၊ မိုးနတ်မယ်ဟာ လှသလောက် ခေါန့်ကြီးတယ်ကွ၊ သူဟာ ငါ့ရဲ့ အကူအညီမပါဘဲ သူလိုချင်တာကို မရဘူးဆိုတာ သိရက်နဲ့ ငါ့ကို ထိုက်ထိုက်တန်တန် အကူအညီ မတောင်းချင်ဘူး၊ ဒါကြောင့် ငါ ခဏလောက် ရှောင်ပုန်းနေလိုက်တာပါ "

ဟု ပြောလေရာ မိုးနတ်မယ်က ခေါင်းခါယမ်း၍

" ဒီမှာ ရှောင်တုန်းက ရှောင်နေပြီး အခုမှ အရှက်မြေ ပြောမနေနဲ့၊ ရှင်လဲ ဒီအလုပ်ကို မဘာတ်နိုင်လို့ ရှက်ရှင်တဲ့ကလေးမှာ ဗေဒင်ဆရာ ဟန်ဆောင်ပြီး ကြွက်ကလေးလို ပုန်းနေတာ မဟုတ်လား "

ဟု အပြစ်တင်လိုက်ရာ လူ့ဂွစာကြီး ဦးထိပ်သီးက ရယ်မော၍

" ဟဲ ဟဲ...ကျုပ် ခရှောင်ပုန်းနေတာဘယ်လို့ ခင်ဗျားဘယ်လို အထောက်အထားနဲ့ စွပ်စွဲမှာလဲ "

ဟု မေးမြန်းလေ၏။ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက အံကို ကြိတ်၍

" ရှင် ကျွန်မကို ကတိပေးထားတာတွေ ဘယ်ကိစ္စကို ပြီးဆုံးအောင် လုပ်ပေးလို့လဲ၊ ကျွန်မရဲ့ ရန်သူ ဇလဆိုတဲ့ကောင်ကို ရှင်တွေ့အောင် ရှာပေးမယ်ဆို၊ ကျွန်မတို့ မျိုးရိုးအဉ်ဆက် အရုပ်ကလေးကိုလဲ ပြန်ယူပေးမယ်ဆို "

ဟု ပြောဆိုလေရာ လူ့ဂွစာကြီးက ခေါင်းတဆတ်ဆတ် ညိတ်၍

" ကျုပ်ကတိတွေကို ဘယ်တော့မှ မပျက်ပါဘူးဗျာ၊ ခင်ဗျားရဲ့





ရန်သူဇလဆိုတဲ့ကောင်ကို ကျုပ် မရရအောင် ရှာဖွေပြီး ထိန်းသိမ်းထားပါတယ်၊ အရုပ်ကလေးကိုလဲ မရရအောင် ကြိုးပမ်းနေဆဲပါ "

ဟု ပြောဆိုလေ၏။ မိုးနတ်မယ်က လူ့ဂွစာကြီးကို မယုံနိုင်ဟန်ဖြင့် ကြည့်၍

" ဒါဆိုရင် ဇလဆိုတဲ့ လူယုတ်မာ ဘယ်မှာလဲ "

ဟု မေးမြန်းလေ၏။ လူ့ဂွစာကြီးက ခေါင်းညိတ်၍

" ခင်ဗျား တွေ့ချင်ရင် ကျုပ်ခေါ်ပေးပါမယ် "

ဟု ဆိုပြီး သူ၏ ရှက်ဖျင်တဲ့ အပေါက်ဝတွင် စောင့်နေသော မြက်ဦးထုပ်နှင့်လူကို လက်ယပ်ခေါ်လိုက်၏။

ထို့နောက် ထိုသူ၏ မြက်ဦးထုပ်ကို ပင့်တင်လိုက်ရာ နှုတ်ခမ်းမွှေးစရှိသော လူတစ်ဦး၏ရုပ်ရည်ကို မြင်ရလေ၏။

မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးသည် ထိုသူ၏မျက်နှာကို မြင်သောအခါ ဒေါသတကြီးဖြင့်

" ဟင်... လူယုတ်မာ ဇလပါလား "

ဟု ရေရွတ်လေရာ ပါးကိုဖြန်းခနဲ ချလိုက်လေ၏။

လူယုတ်မာ ဇလဆိုသူသည် မိုးနတ်မယ် ဖခင်ကြီး၏ မိုးကြိုးတံခွန် အရုပ်ကလေးကို ခိုးယူခဲ့သူပင်ဖြစ်၏။

ထိုသူက မိုးနတ်မယ်ကို အလွန်ထိတ်လန့်ဟန်ဖြင့်

" ခွင့်လွှတ်ပါ မမလေး၊ ကျွန်တော့်ရဲ့ မိုက်ပစ်တွေကို နောင်တရနေပါပြီ၊ မမလေး သတ်ရင်လဲ သေရပါမယ် "

ဟု ပြောဆိုလေရာ မိုးနတ်မယ်က ဒေါသတကြီး တက်ခေါက်၍

" တောက်... နင့်ကို အသေသတ်ပစ်ဖို့ပဲ ကောင်းတယ် နင့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာကောက်ကျစ်မှုကြောင့် ငါတို့ မျိုးရိုးစဉ်ဆက် ထိန်းသိမ်းခဲ့တဲ့ မိုးကြိုးတံခွန် အရုပ်ကလေး ပျောက်ဆုံးခဲ့ရတယ်၊ နင့်ကြောင့် ငါ့အဖေလဲ သေရတာပဲ့၊ အဖေဟာ မျိုးရိုးစဉ်ဆက် ထိန်းသိမ်းလာတဲ့ အရုပ်ကလေးဟာ သူ့လက်ထက်ရောက်ကာမှ ဆုံးရှုံးရတယ်ဆိုပြီး စိတ်မချမ်းသာပြီး သေဆုံးခဲ့ရတယ်၊ ဒါကြောင့် နင့်အသက်ပေးမှ ငါကျေနပ်မယ်''

ဟု ပြောဆိုပြီး လူယုတ်မာကို သတ်ရန် ကြိစည်လိုက်၏။ ထို အခိုက်မှာပင် လူ့ဂွစာကြီး ဦးထိပ်သီးက

'' မလုပ်ပါနဲ့ မိုးနတ်မယ်၊ ဒီကောင်ဟာ နောင်တရနေပါပြီ၊ နောက်ပြီတော့ သူ့ကို လက်စားချေစရာ မလိုတော့ဘူး။ သူဟာ သူ့ အပြစ်တွေအတွက် နောင်တရပြီး ကျုပ်ဆီမှာ ကျွန်တစ်ယောက်လို အလုပ်အကျွေး ပြုနေပါပြီ ''

ဟု ပြောဆိုလေ၏။ လူ့ဂွစာကြီး၏ တောင်းပန်မှုကြောင့် မိုးနတ်မယ်သည် အံကိုကြိတ်၍ လူယုတ်မာဇလကို ဘေးမဲ့ပေးလိုက်၏။

ထိုအခါ လူ့ဂွစာကြီးက

'' ကျုပ်လဲ အနာဂတ်ဗေဒင်ဆရာအနေနဲ့ အသွင်ပြောင်းပြီး မိုးကြိုးတံခွန်အရုပ်ကလေးကို ရှာဖွေနေပါတယ်၊ ဒါပေမဲ့ ဒီနေ့အထိ အရိပ်အယောင် မတွေ့သေးဘူး ''

ဟု ပြောဆိုလေရာ မိုးနတ်မယ်က လောလောဆယ် ရွှေလှံပျံနဲ့ မုန်းဒူဝါကြီးကို ရန်တိုက်ပြီး ကွဲကွာစေရန် ကြံစည်နေကြောင်း ပြောလေ၏။

ထိုအခါ လူ့ဂွစာကြီးက အခြေအနေအရပ်ရပ်ကို မေးမြန်း၍ သေချာစွာ စဉ်းစားဆင်ခြင်ပြီး

———————— ဇေဇာ



'' ဒါဆိုရင် ကျုပ် နားလည်ပြီ၊ မုန်းဒူဝါ တိန်ပိုင်ရှားနဲ့ ရွှေလှံပျံဆိုတဲ့ကောင် ခွာပြဖို့အတွက်ဆိုရင်သူ့ညီမကို အသုံးချရမယ်၊ ဒါဆိုရင် သူတို့ နှစ်ယောက် ခွာပြမဲ့နည်းလမ်းကို ကျုပ်တို့ ဝိုင်းပြီးစဉ်းစားကြတာပေ့ါ''

ဟု ပြောဆိုလေ၏။ မရန်နော်တို့သည် ငါးရက်အကြာတွင် ပြန်လည်တွေ့ဆုံရန်သဘောတူလိုက်လေတော့၏။

ပန်းဆက်ဆိုင် ကွန်ပျူတာ
အမှတ်(၇) မျက်နှာစာတန်း ကျိုက္ကဆံလမ်း ကျောက်မြောင်းရပ် တာမွေ

www.burmeseclassic.com

www.burmeseclassic.com



မရန်နော်တို့သည် ထိုရက်များအတွင်း စံအိမ်တော်၌ ကိုယ်ရံတော်အဖြစ် သွားရောက်နေထိုင်ရလေ၏။

ထိုသို့နေထိုင်ရင်း အသက်ဆယ့်သုံးနှစ်ခန့်ရှိသော မုန်းဒူဝါကြီး၏ သမီးနှင့် ခင်မင်နေပြီး သူမကြိုက်နှစ်သက်သော သစ်ခွပန်းများကို တောစပ်၌ သွားရောက် ခူးဆွတ်ရင်း အချိန်ကုန်လေ၏။

မုန်းဒူဝါကြီး၏ မိန်းမသည် သမီးကလေး အသက်ဆယ်နှစ်အရွယ်ကပင် ဆုံးပါးသွားကြောင်း သိရ၏။

ဒူဝါကြီး၏ သမီးသည် မိခင်မရှိတော့ဘဲ တစ်ကိုယ်တည်း အဖော်မဲ့နေထိုင်ရသဖြင့် သနားစဖွယ်ဖြစ်၏။





မရန်နော်သည် ကလေးငယ်၏ အထိန်းကျွန်ဖြစ်နေပုံကို ကရုဏာသက်လှ၍ အားလပ်သောရက်များအတွင်း ကလေးနှင့်သာ ဆော့ကစား နေလေ၏။

ဒူဝါကြီး၏ သမီးမှာလည်း မရန်နော်ကို အလွန်ခင်မင်ရင်းနှီးဟန်ရှိပြီး မရန်နော် ရောက်မလာလျှင် ကိုယ်ရံတော်တန်းလျားသို့ လာခေါ်လေ၏။

သူ့ကို စံအိမ်ကြီးကိုခေါ်၍ စားသောက်ဖွယ်ရာများကို ကျွေးမွေးလေ၏။

တစ်နေ့သ၌ မရန်နော်သည် ကလေး ပူဆာသဖြင့် ၎င်းကို လက်ဆွဲ၍ ရွာလယ်ရှိ ဈေးခင်းထဲတွင် လှည့်လည်ကြလေ၏။

ဤသို့လှည့်လည်ရင်း ဈေးကို လွန်မြောက်ပြီးသောအခါ ညောင်ပင်ကြီး တစ်ပင်အောက်တွင် ကလေးငယ်များ ဆော့ကစားနေသည်ကို မြင်သဖြင့် ကလေးငယ်က ကြည့်ရှုရန် ပူဆာ၏။

မရန်နော်သည် ကလေးငယ်နှင့်အတူ ညောင်ပင်ကြီးအောက်တွင် ထိုင်လေ၏။

ခဏကြာလျှင် ဒူဝါကြီး၏ သမီးသည် ရွာထဲရှိ ဆင်းရဲသားကလေးများနှင့် ဝင်ရောက်ဆော့ကစားလေ၏။

မရန်နော်သည် ကလေးငယ်များ၏ အပြစ်ကင်းစင်စွာ ကစားနေပုံကို ကြည့်ရှုရင်း ပျော်ရွှင်နေလေ၏။

ကလေးငယ်များသည် နဂါးကိုးကောင် ပျော်ရွှင်စရာ ဟု ဆော့ဟစ်၍ ကစားနေလေ၏။

ထိုအရပ်ရှိ ကလေးငယ်များ၏ နဂါးကိုးကောင် ဆော့ကစား



www.burmeseclassic.com

www.burmeseclassic.com



နည်းတွင် တစ်ဦးနှင့်တစ်ဦး အထင်လွဲမှားအောင် နဂါးများက မှားယွင်းသော သတင်းများ ပေးပို့သော နည်းလမ်းပါဝင်၏။

မရန်နော်သည် ကလေးများ၏ ကစားဟန်ကိုကြည့်ရှု၍ တစ်စုံတစ်ခုကို စိတ်ကူးပေါက်သွားပြီး လက်ဖျစ်တီး၍

" ဟုတ်ပြီ အကြံရပြီ "

ဟု အော်ဟစ်လိုက်လေ၏။

မရန်နော်သည် နောက်တစ်နေ့တွင် မိုးနတ်မယ်နှင့် လူ့ဂွစာကြီး ဦးထိပ်သီးအား သူ၏အကြံဉာဏ်များကို ပြောဆိုလေ၏။

ဦးထိပ်သီးနှင့် မိုးနတ်မယ်သည် မရန်နော်၏ ထူးခြားသော အကြံအစည်ကို သဘောကျသွားပြီး ဦးထိပ်သီးက

" မင်းရဲ့ အကြံအစည် အောင်မြင်မယ်ဆိုရင်တော့ ဒူဝါ တိန့်ပိုင်ရှားရဲ့ ရှေလုံ့ပုံဆိုတဲ့ကောင် ခွာပြုမှာသေချာတယ်၊ တကယ်တော့ ဒူဝါ တိန့်ပိုင်ရှားဟာ အလွန်အင်အား တောင့်တင်းချင်တာကလွဲရင် ဒုစရိုက်မှုတွေ မလုပ်ပါဘူး "

ဟု ပြောဆိုလေ၏။



အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး တစ်လခန့်အကြာတွင် မုန်းဒူဝါတိန့်ပိုင်ရှား၏ ညီမသည် သူမ၏ အထိန်းတော် မိန်းကလေးများ ဖျော်ဖြေသော စောင်းသံကို နားထောင်ပြီး အိပ်စက်ချင်လာသဖြင့် အိပ်ခန်းသို့ ပြန်ခဲ့၏။

ထိုအခိုက်မှာပင် အိပ်ခန်းဝ၌ စာတစ်စောင်ကို တွေ့ရသဖြင့် ဖတ်ကြည့်လိုက်ရာ

'ရက်လရှည်ကြာစွာ ခံစားနေရတဲ့ ကျုပ်ရဲ့အချစ်ဝေဒနာကို မင်းရိပ်စားမိဖို့သင့်ပါတယ်၊ ကျုပ်လို လူစွမ်း



www.burmeseclassic.com

*ကောင်းတစ်ယောက်ကို မင်းအစ်ကို မှန်းဒူဝါကြီးက*
*မငြင်းဆန်နိုင် ပါဘူး။ ဒါကြောင့် ကျုပ်ကိုချစ်တဲ့ပြန်ပါတော့။*
*မနက်ဖြန်မှာ ကျုပ်ရဲ့ အကြိုက်ဆုံးအရောင်ဖြစ်တဲ့*
*အနီရောင်ဝတ်စုံကို ဝတ်ဆင်လာမယ်၊ မင်းကျုပ်ကို*
*ချစ်တဲ့ပြန်မယ်ဆိုရင်တော့ အနီရောင်ကိုပဲ ဝတ်ဆင်*
*လာခဲ့ပါ ကျုပ်မျှော်လင့် နေမယ်'*

ရွှေလုံ့ပျံ့

ဒူဝါကြီး၏ညီမသည် သူ၏ အိပ်ခန်းဝသို့ ကျူးကျူးကျော်ကျော် ရောက်ရှိနေသော စာကိုဖတ်၍ ဒေါသူပုန်ထသွားလေ၏။

ရွှေလုံ့ပျံ့သည် သူမအား ယခင်ကပင် ထိကပါး ရိကပါး ပြောဆိုဖူးသဖြင့် ၎င်းကို ရွံရှာခဲ့မိ၏။

သို့သော် အစ်ကိုဖြစ်သူ မုန်းဒူဝါကြီးကို ရွံကြောက်သဖြင့် ရွှေလုံ့ပျံ့သည် သူမကို အတိအလင်း ချစ်ရေးမဆိုဝံ့ချေ။

ယခုတော့ သူမ၏ အိပ်ခန်းဝသို့ပင် တကျာရှူးကြီးက ချစ်ရေးဆိုသောစာကို အရောက်ပို့ခဲ့လေပြီ။

သူမ၏အိမ်၌ ဝင်ရောက်သွားလာခွင့်ရှိသော အစေခံ ၁ယောက် နှစ်ဆယ်ခန့်ရှိ၏။

ထိုအစေခံများအနက် တစ်ယောက်ကို စည်းရုံး၍ သူမထံသို့ မေတ္တာစာကို ပေးပို့ခဲ့ခြင်းဖြစ်နိုင်၏။

ဒူဝါ၏ ညီမသည် သစ္စာမရှိသော အစေခံများကို ဒေါသူပုန်ထပြီး သူမအနားသို့လာရန် အသံကုန်အော်ဟစ်လိုက်၏။

ထို့နောက် ဧည့်ခန်းသို့ စာပို့သူကို မေးမြန်းလေရာ မည်သူမျှ





ဝန်မခံကြချေ။

ဒူဝါကြီး၏ ညီမက တုတ်တုတ်မလှုပ်သော အစေခံများကိုကြည့်၍ လက်သီးဆုပ်ကာ

'' ငါ့အခန်းဝကို ညစ်စုတ်တဲ့ စာလာပေးတဲ့သူဟာ နင်တို့ထဲက တစ်ယောက်ပဲ၊ တရားခံကို ရှာလို့ မရသေးခင်တော့ လိပ်ထားနှင့်ပေ့ါ၊ တရားခံကို လက်ပူးလက်ကြပ်မိရင်တော့ အပြစ်ဒဏ် ကောင်းကောင်း ပေးရမယ် ''

ဟု ကြိမ်းဝါးလိုက်လေ၏။ သူမ၏ အစ်ကို မုန်းဒူဝါတိန်ပိုင်ရှားကို တိုင်ရန် ဒေါသတကြီးထွက်ခဲ့လေ၏။

အစ်ကိုဖြစ်သူသည် အိပ်ခန်းထဲတွင် မြေပုံများကို ဖတ်ရှုနေရာမှ ရွှေလုံ့ပျံ့၏စာကို ဖတ်လိုက်ပြီး ဒေါသူပုန်ထကာ

'' တောက်၊ အမျိုးယုတ်ကောင်၊ ငါ့ညီမကိုများ အချစ်ကြီးချစ်နေ သေးတယ်၊ သူ့ကိုယ်သူ စာထဲမှာ လူစွမ်းကောင်းလို့ ရေးထားတယ်၊ သူနဲ့ငါ ဘယ်သူ လူစွမ်းကောင်းလဲဆိုတာ သိရသေးတာပေ့ါ ''

ဟု ကြိမ်းဝါးလိုက်လေ၏။ နောက်တစ်နေ့သို့ ရောက်သောအခါ ရွှေလုံ့ပျံ့သည် သူ၏ တပည့်တပန်း ငါးယောက်နှင့်အတူ အပြာရောင် ဝတ်စုံကို ဝတ်ဆင်၍ ဒူဝါကြီး၏ စံအိမ်သို့ ရောက်ခဲ့လေ၏။

ရွှေလုံ့ပျံ့သည် တစ်ပတ်လျှင် တစ်ကြိမ်ကျ ဒူဝါကြီးထံသို့လာ၍ ရွှေတူးဖော်ရေးလုပ်ငန်းများ အခြေအနေကို အစီရင်ခံလေ့ရှိ၏။

ဒူဝါကြီးက ရွှေလုံ့ပျံ့အား ရွှေတွင်းများ အုပ်ချုပ်ရန် တာဝန်ပေး ထား၍ ဖြစ်၏။

ဒူဝါတိန်ပိုင်ရှားနှင့် ညီမဖြစ်သူသည် စံအိမ်တော်၏ ပြတင်းပေါက်

www.burmeseclassic.com



ခန်းဆီးများကို လှစ်ဟ၍ အဝေးမှ မြင်းစီးလာသော ရွှေလုံ့ပျံ့ကို ကြည့်လိုက်ရာ အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသဖြင့် ဒေါသူပုန်ထသွားလေ၏။

ထိုအခါ ညီမဖြစ်သူက

" ဒီကောင်ကြီးကို လောလောဆယ် ပြဿနာ မလုပ်နဲ့ဦး၊ သူ ရှေ့ဆက်ပြီး ဘာလုပ်မလဲဆိုတာ စောင့်ကြည့်ရမယ် "

ဟု ပြောလေရာ ဒူဝါကြီးက ဒေါသကို ထိန်းချုပ်ရန် ဆုံးဖြတ်လိုက်၏။ ဒူဝါကြီးသည် ဒေါသကို ချုပ်ထိန်းရန် ဆုံးဖြတ်ခဲ့သော်လည်း ရွှေလုံ့ပျံ့ကို မကျေမချမ်းဖြစ်နေသဖြင့် သူ၏အရှေ့သို့ ရောက်လာသော ရွှေလုံ့ပျံ့ကို ရှုတင်းတင်းကြည့်၍

" ကျုပ် ဒီနေ့ ဘာမှ မကြားချင်ဘူး၊ မင်းပြန်တော့ "

ဟု မောင်းထုတ်လိုက်ရာ ရွှေလုံ့ပျံ့သည် ရင်းကို ကြောင်အမ်းအမ်းကြည့်၍ ပြန်သွားလေ၏။

[illegible]
[illegible]





နောက်တစ်နေ့သို့ ရောက်သောအခါ ဒူဝါ၏ ညီမသည် အလှပြင်ရန် မှန်တင်ခုံသို့ လာသောအခါ မှန်တင်ခုံပေါ်တွင် ရွှေလုံ့ပျံ့၏ သဝဏ်လွှာကို တွေ့ပြန်၏။

'မင်းကဒူဝါရဲ့ညီမမို့ သွေးကြီးနေတာလား၊ ဒူဝါလဲ လူပါပဲ ကွယ်၊ ကိုယ်နဲ့ မတူမတန်ဘူးဆိုတာ မရှိပါဘူး၊ တကယ်တော့ မင်းအစ်ကို ဒူဝါကြီးထက်တောင် ကိုယ်က အရည်အချင်း ပိုရှိပါတယ်၊ ဒီနယ်မြေက မှန်းဒူဝါထက်တောင် ကိုယ့်ရဲ့ဩဇာပိုညောင်းပါတယ်၊ ရွှေလုံ့ပျံ့ဆိုရင် ဘယ်သူ လွန်ဆန်ရဲလို့လဲ၊ ဒါကြောင့် ကျုပ်ကို အမြန်ဆုံး ချစ်အဖြေ ပေးပါ'

ရွှေလုံ့ပျံ့



www.burmeseclassic.com

www.burmeseclassic.com



ဒူဝါ၏ ညီမသည် စာကိုဖတ်ပြီးနောက် စာပို့သူကို မေးမြန်းရာ အစေခံများက မသိကြောင်းပင် ငြင်းဆိုကြလေ၏။

သူမသည် တရားခံရှာမရသည့်အဆုံးတွင် စာကိုကိုင်၍ ဒူဝါကြီးကို သွားပြလိုက်၏။

ဒူဝါကြီးသည် စာကိုဖတ်၍ ဆွေ့ဆွေ့ခုန်သွားပြီး

" တောက်... ဒင်းကများ ကျုပ်ထက် အရည်အချင်းရှိတယ်တဲ့လား၊ ဒီနယ်မြေမှာ ဒင်းရဲ့ဩဇာ ညောင်းတယ်တဲ့၊ ငါမွေးတဲ့မျောက်၊ ငါ့ကို ပြန်ပြီး ခြောက်နေပြီ၊ တွေ့ကြသေးတာပေါ့ "

ဟု ကြိုးဝါးလေ၏၊ ထိုအခါ ညီမဖြစ်သူက

" အစ်ကို ခဏစောင့်ကြည့်ပါဦး။ ဒီကောင်ကြီးဟာ ဒီလောက်တောင် သူ့ကိုယ်သူ အထင်တကြီးဖြစ်နေရင် တစ်နေ့မှာ အစ်ကိုရဲ့ အာဏာကို ရယူဖို့ ကြိုးစားနိုင်တယ် "

ဟု ပြောလေ၏။

ဒူဝါကြီးသည် ညီမ၏ စကားကို နားထောင်ရန် ကြိုးရွယ်သော်လည်း ထိုနေ့က ရောက်ရှိလာသော ရွှေလှုံ့ပျံသည် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသဖြင့် ဒေါသကို မချုပ်တီးနိုင်ဘဲ မျက်နှာတည်တည်ဖြင့်

" ကျုပ်ကို ဘာအစီရင်ခံစာမှ ရှင်းပြမနေနဲ့၊ ကျုပ် မကြားချင်ဘူး "

ဟု ပြောဆိုလိုက်ရာ ရွှေလှုံ့ပျံသည် မုန်းဒူဝါကြီးကို နားမလည်ဟန်ဖြင့် ကြည့်၍

" ဒူဝါကြီး ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား "

ဟု မေးမြန်းလေ၏။ မုန်းဒူဝါ တိန်ပိုင်ရှားသည် ရွှေလှုံ့ပျံကို ဒေါသ





ဓားဖြင့် မခုတ်ပိုင်းမိစေရန် အတန်တန် စိတ်ကို ချုပ်တီး၍

" ကျုပ် ဘာမှ မကြားချင်ဘူးလို့ပြောနေတယ်၊ မင်းကျုပ်ကို စကားမရှုပ်နဲ့တော့ "

ဟု ပြောလိုက်ရာ ရွှေလှုံ့ပျံသည် ဒူဝါကြီး၏ တင်းမာသော ဟန်ပန်ကြောင့် မကျေမချမ်းဖြစ်ပြီး ပြန်သွားလေ၏။

ထိုရက်ပိုင်းအတွင်း ဒူဝါကြီးသည် ရွှေလှုံ့ပျံကို မကျေမချမ်းဖြစ်နေသဖြင့် ၎င်းအား ပေးထားသော အခွင့်အရေးအချို့ကို ပြန်ရုပ်သိမ်းလေ၏။

ရွှေလှုံ့ပျံသည် မောက်မာရိုင်းစိုင်းသူဖြစ်သဖြင့် မိမိအပေါ် တင်းမာနေသော မုန်းဒူဝါကြီးအား မခံချိ မခံသာဖြစ်နေ၏။

ထိုအချိန်တွင် ရွှေလှုံ့ပျံအား ယခင်က ပေးထားသော အခွင့်အရေးများ ပြန်ရုပ်သိမ်းသဖြင့် ပိုမို၍ မခံချိ မခံသာ ဖြစ်လာ၏။

ထို့ကြောင့် သူ၏တပည့်များကို အကျိုးအကြောင်း ပြောပြ၍ တက်ခေါက်ကာ

" တောက်... ဒူဝါတိန်ပိုင်ရှားက ကျုပ်ကို အခုတလော အသားလွတ် ရန်ရှာနေတယ်၊ ဘာလို့ ဒီလိုဖြစ်နေသလဲဆိုတာ မတွေးတတ်ဘူး "

ဟု ပြောဆိုလေရာ ရွှေလှုံ့ပျံကို ကပ်ဖားလျက်ဖား လုပ်လေ့ရှိသော တပည့်ဖြစ်သူက

" ဒူဝါကြီးဟာ ဆရာရဲ့ အင်အားကြီးမားလာတာကို မကြိုက်လို့ ဖြစ်မှာပေါ့။ တစ်နေ့ သူ့ရဲ့ အုပ်ချုပ်မှုကို ထိပါးလာနိုင်တယ်လေ "

ဟု မြှောက်ထိုးပင့်ကော် ပြုလုပ်ပေးလိုက်ရာ ရွှေလှုံ့ပျံက လက်



www.burmeseclassic.com

www.burmeseclassic.com



သီးဆုပ်၍

" ဗိုလ်ကြီး ကျုပ်ကို မထီလေးစားလုပ်ရင် မှားမှာပေါ့၊ ကျုပ်ရဲ့ အင်အားက ဗိုလ်ကြီးရဲ့ အင်အားနဲ့ ဘာမှမကွာတော့ဘူး၊ တောက် ဒီလူကြီးက ကျုပ်ကို ရန်ရှာနေမှတော့ တစ်နေ့နေ့မှာ နဂါးမှုန်းသီးအောင် အမောက်ထောင်ပြရမယ် "

ဟု ကြုံးဝါးလိုက်လေ၏။

ဝ၀ ဖန်တီးပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ်-၄၊ အင်းသာအလယ်၊ ကျောင်းမြောင်း လှိုင်ကုန်းသို့ စာဖြင့် ရေးသားနိုင်ပါသည်။





ဗိုလ်၏ ညီမသည် တစ်လလုံးလုံးပင် ရွှေလှံပျံ၏ စာများကို အိပ် အနှံ့ တွေ့ရလေ၏။

သူမ၏ အစေအပါးများကို အော်ဟစ်ဆူပူ၍ ရွှေလှံပျံ၏ စာများ ကို ယူဆောင်လာကြောင်း ဝန်ခံရန် ပြောဆိုလေ၏။

သို့သော် အစေခံများက မည်သူမျှ ဝန်မခံကြချေ။ ထို့ကြောင့် ဗိုလ်၏ ညီမသည် အိမ်ကြီး၏အပေါ်ထပ်သို့ မည်သူမျှ တက်ခွင့် မပြုတော့ ချေ။

ရွှေလှံပျံ၏ စာများသည် အလွန်မောက်မာလှ၏။ သူ၏ စာထဲ တွင် ဗိုလ်ကြီးထက်ပင် သူ၏ တန်ခိုးသြဇာကြီးပုံ၊ ရဲစွမ်းသတ္တိရှိပုံများ ကို ရေးသားထားပြီး ဗိုလ်ကြီးကို သတ္တိမရှိသူ၊ သူရဲဘော



www.burmeseclassic.com

ကြောင်သူ၊ အရည်အချင်းမရှိသူတချို့ ခွဲကားပြောဆိုပြီး အပုပ်ချထားလေ၏။

မုန်းဒူဝါ တိန်ပိုင်ရှားသည် စာများအားလုံးကို ဖတ်ရှုပြီး

" တော်ပြီ၊ ကျုပ် သည်းမခံနိုင်တော့ဘူး၊ ဒီကောင်ကို တိုက်ခိုက်မှ ဖြစ်တော့မယ်၊ ကျုပ်ရဲ့လူတွေကို စုစည်းရမယ် "

ဟု ကြီးဝါးကာ အဝေးသို့ ရောက်နေသော သူ၏လူများကို ပြန်လည်စုစည်းလေ၏။

ထိုအခါ ရွှေလှံ့ပျံသည် ဒူဝါကြီး၏ ခြေလှမ်းများကို ကြိုတင်ရိပ်စားမိသွားပြီး သူ၏ တပည့်တပန်းများကိုလည်း စုစည်းခဲ့လေ၏။

ဤသို့ ဒူဝါနှင့် ရွှေလှံ့ပျံ ကွဲကွာရန် လမ်းပေါ်နေချိန်တွင် မရန်နော်တို့သည် အကျေနပ်ကြီး ကျေနပ်နေလေ၏။

မရန်နော်က ရယ်မော၍

" ဟဲ ဟဲ... ကျုပ်အကြံ ဘယ်လောက်ပိုင်သလဲ၊ အခု ရွှေလှံ့ပျံနဲ့ မုန်းဒူဝါကြီး ထိပ်တိုက်တွေ့တော့မယ် "

ဟု ပြောဆိုလေ၏၊ မိုးနတ်မယ်သို့သော အမျိုးသမီးကြီးက ခေါင်းညိတ်၍

" ကောင်းတယ်၊ ဒီကောင်နှစ်ကောင် ရန်ပွဲဖြစ်ရင် မုန်းဒူဝါတိန်ပိုင်ရှားဘက်က ကူညီပြီး တိုက်ခိုက်မယ်၊ ပြီးရင် မုန်းဒူဝါကြီးဆီမှာရှိတဲ့ မိုးကြိုးတံခွန်အရုပ်ကလေးကို ရအောင် ပြန်တောင်းရမယ်၊ ဒူဝါကြီးဟာ ငါတို့ကို ကျေးဇူးတင်ပြီး သူ့ဆီက အရုပ်ပြန်ပေးမှာ သေချာတယ် "

ဟု ပြောဆိုလေရာ လူ့ဂွစာကြီး ဦးထိပ်သီးက လက်သီးဆုပ်၍

" ကောင်းလိုက်တဲ့အကြံ၊ ဒါဆိုရင် တစ်ချက်ခုတ် နှစ်ချက်ပြတ်





ပြီ၊ ကျုပ်တို့ ရည်ရွယ်ချက်တွေ အောင်မြင်ဖို့ ဖြစ်လာတာ မရန်နော်ရဲ့ အကြံအစည်ကြောင့်ပဲ "

ဟု ချီးမွမ်းလေ၏။ ထိုအခါ မရန်နော်က ခေါင်းခါ၍

" ကျုပ်တစ်ယောက်တည်းရဲ့ အရည်အချင်းကြောင့်ပဲ မဟုတ်ပါဘူး၊ ကျုပ်တို့ ကလေးတွေက ဝိုင်းဝန်း ကူညီနေလို့ပါ၊ တကယ်တော့ ရွှေလှံ့ပျံရဲ့ ပယောဂကြောင့် ကလေးနှစ်ယောက်ဖြစ်တဲ့ ငှက်ပျောသီးနဲ့ ခဝါသည်ရဲ့ ဖခင်တွေ သေဆုံးခဲ့ရတယ်၊ သူတို့ဟာ ရွှေလှံ့ပျံကို ကလဲ့စားသိပ်ချေချင်တယ်၊ ဒါကြောင့် ကျုပ်တို့အရေးမှာ တစ်တပ်တစ်အား ပါဝင်လာကြတာပါ၊ နောက်ပြီးတော့ ဒီကိစ္စမှာ ချီးမွမ်းဖို့ အလွန်ကောင်းတာက မုန်းဒူဝါကြီး တိန်ပိုင်ရှားရဲ့ သမီးကလေးပါ၊ ဒီကလေးမလေးကလဲ ကျုပ်တို့ကို ပါဝင် ကူညီပေးတယ်၊ ရွှေလှံ့ပျံဟာ သူ့ကိုယ်သူ အမြဲတန်းသားနားသပ်ရပ်ချင်သူဆိုတော့ သူ့ရဲ့ဝတ်စုံတွေကို နေ့စဉ် ပင်မင်းမှာ အပ်တယ်၊ ရွှေလှံ့ပျံ မနက်ဖြန် ဝတ်မဲ့ဝတ်စုံကို ပင်မင်းဆိုင်က ပြီးစီးအောင် ဆောင်ရွက်ပေးရတယ်၊ ခဝါသည်ဆိုတဲ့ ကောင်လေးဟာ ပင်မင်းဆိုင်မှာ လုပ်တဲ့သူဆိုတော့ မနက်ဖြန် ရွှေလှံ့ပျံ ဘာဝတ်မလဲဆိုတာ ကြိုသိနိုင်တယ်၊ ဒါကြောင့် ကျုပ်တို့ရဲ့ စာထဲမှာ ယုတ္တိရှိအောင် မနက်ဖြန် ဘယ်အရောင် ဝတ်လာမယ်ဆိုတာ ရေးသားနိုင်တာပဲ၊ ကျုပ်ရေးပြီးတဲ့ စာကို ငှက်ပျောသီးက ယူသွားပြီး ဒူဝါရဲ့သမီးလေးကို လျှို့ဝှက်ပြီးပေးတယ်၊ ကောင်မလေးက အိမ်ထဲကို အရောက် ပို့ပေးတာပါ၊ ဒါကြောင့်လဲ ဒူဝါရဲ့ ညီမဆီမှာ အစေခံတွေ အများကြီးရှိတဲ့ကြားက သူ့ဆီကို စာတွေ တစ်စောင်ပြီး တစ်စောင် ရောက်နေတာ "

ဟု ရှင်းလင်းပြလေရာ လူ့ဂွစာကြီးက သဘောကျစွာဖြင့် ခေါင်း



www.burmeseclassic.com

ညိတ်၍

'' မင်းတို့ရဲ့ အကြံဉာဏ် သိပ်ပိုင်တယ်၊ ဒါဆိုရင်တော့ မကြာခင်မှာ မုန်းဘုဝါကြီးနဲ့ ရွှေလုံ့ပျံ့ ထိပ်တိုက် တွေ့မှာပဲ ''

ဟု ပြောဆိုလေ၏။ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက

'' သူတို့နှစ်ဦး တိုက်ပွဲဖြစ်ရင် လူတွေ အများကြီး သေမှာပေါ့ ''

ဟု ပြောဆိုလေ၏၊ ထိုအခါ လူ့ဥစ္စာကြီး ဦးထိပ်သီးက

'' ကျုပ်လောင်းရဲတယ်၊ သူတို့ တိုက်ပွဲမဖြစ်စေရဘူး ''

ဟု ပြောလေ၏၊ ထိုအခါ မိုးနတ်မယ်က မျက်မှောင်ကြုတ်၍

'' ဘာကြောင့် ရှင် ဒီလိုပြောနိုင်တာလဲ ''

ဟု မေးမြန်းလေ၏။ လူ့ဥစ္စာကြီး ဦးထိပ်သီးက

'' မကြာမီ မုန်းဘုဝါတိန်ပိုင်ရှားဟာ စစ်ပွဲအတွက် မနေ့ာပွဲလုပ်ဖို့ ဖြစ်လိမ့်မယ်၊ အဲဒီမနေ့ာပွဲကို တိန်ပိုင်ရှားရဲ့ ထုံးစံအတိုင်း မိုးကြိုးတောင်ပေါ်မှာ ကျင်းပလိမ့်မယ်၊ ရွှေလုံ့ပျံ့ဟာ အဲဒီအချိန်မှာပဲ မုန်းဘုဝါကို လုပ်ကြံဖို့ ကြိုးစားလိမ့်မယ် ''

ဟု ပြောဆိုလေရာ မိုးနတ်မယ်က ဝိုးရိမ်ဟန်ဖြင့်

'' ဒါဆိုရင် ကျွန်မတို့ ဘယ်လိုလုပ်မလဲ ''

ဟု မေးမြန်းလေ၏။ လူ့ဥစ္စာကြီး ဦးထိပ်သီးက လက်သီးဆုပ်၍

'' ကျုပ်တို့ ကာကွယ်ရမှာပေါ့၊ မနေ့ာပွဲမှာ ကျုပ်တို့ မုန်းဘုဝါ တိန်ပိုင်ရှားကို စောင့်ရှောက်ရမယ်၊ ဒါဆိုရင် တိန်ပိုင်ရှားဟာ ကျုပ်တို့ကို ကျေးဇူးရှင်တွေလို သတ်မှတ်ပြီး မိုးကြိုးတံခွန်အရုပ်ကို သူ့လက်ထဲမယ် ရှိသေးရင် ပြန်ရလိမ့်မယ်၊ မရှိတော့ဘူးဆိုရင်တော့ ကျုပ်တို့ လက်လျှော့ရမှာပဲ ''





ဟု ပြောဆိုလေ၏။ မိုးနတ်မယ်က သက်ပြင်းချ၍

'' သူ့လက်ထဲမှာ မိုးကြိုးတံခွန် အရုပ်ကလေး ရှိနေပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့ ''

ဟု တီးတိုး ရေရွတ်လိုက်လေတော့၏။

စေယန်စာ၊ ကာတွန်းပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးတောင်သည် မုန်းဒူဝါတိန်ပိုင်ရွာ၏ ရွာနှင့် လေးမိုင်ကွာ မြေပြင်ကျယ်တွင်ရှိသော တောင်မြင့်ကြီး ဖြစ်၏။

ဒူဝါများသည် မနောပွဲကို မိမိဒေါင်ဧရိယာရှိ ခပ ဖြပ ခန့်ကျယ်သော ကွက်လပ်တွင် ကျင်းပလေ့ရှိသော်လည်း မုန်းဒူဝါ တိန်ပိုင်ရွာတို့ မျိုးရိုးစဉ်ဆက်ကမူ ရွာနှင့် လေးမိုင်ကွာ ကွင်းပြင်တွင်ရှိသော မိုးကြိုးတောင်တွင် လုပ်လေ့ရှိလေ၏။

မုန်းဒူဝါ တိန်ပိုင်ရွာသည် မနောပွဲပြုလုပ်ရန် နတ်ဆရာများနှင့် တိုင်ပင်လေတော့၏။ ကချင်လူမျိုးတို့၏ ရိုးရာဓလေ့ထုံးစံအရ ကျင်းပသော ပွဲများအနက် မနောပွဲမှာ အကြီးကျယ်ဆုံးအခမ်းအနားဖြစ်၏။





ကချင်တို့သည် မနောပွဲကို စစ်အောင်နိုင်သည့်အခါနှင့် စစ်ထွက်ကာနီးအခါ၊ ဥစ္စာဓနတိုးပွားသည့်အခါ၊ မနာမကျန်းဖြစ်သည့်အခါစသည် ဖြင့် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် မနောပွဲကို ကျင်းပလေ့ရှိသည်။

မနောပွဲများသည် ခမ်းနားကြီးကျယ်ပြီး ကုန်ကျစရိတ်များပြားလှ၏။

မနောပွဲများကို အုပ်ချုပ်သူ မုန်းဒူဝါများနှင့် အစဉ်အဆက် မနောပွဲကျင်းပခွင့်ရှိသူ လူကုံထံများက ကျင်းပလေ့ရှိ၏။

မုန်းဒူဝါတိန်ပိုင်ရွာသည် သူ၏အာဏာကို ထိပါးစော်ကားရန် ကြံစည်နေသော ရှေလုံပျံကို တိုက်ခိုက်ကာနီးတွင် မနောပွဲကျင်းပချင်သော ဆန္ဒရှိလေ၏။

မုန်းဒူဝါတိန်ပိုင်ရွာ၏နတ်ဆရာကြီးဂျိုင်ဝါနှင့် ခွမ်ဆာခေါ် နတ်ဆရာ၊ နင်ဂါခေါ် နတ်ဆရာတို့သည် စုဝေးတိုင်ပင်ကြ၏။ နတ်ဆရာကြီးဖြစ်သူ ဂျိုင်ဝါက -

" မနောပွဲတစ်ပွဲ ကျင်းပဖို့ အချိန်ဘယ်လောက်ယူသလဲဆိုတာ ဒူဝါကြီးသိပါတယ်၊ ကျုပ်တို့မှာ ပြင်ဆင်ဖို့အချိန်မရဘူး၊ မနောပွဲကို ချက်ချင်း ကျင်းပမှုမှာဆိုတော့ စစ်အောင်နိုင်ရေးအတွက် လုပ်ရတဲ့ပဒန်မနော လုပ်ဖို့မဖြစ်နိုင်ဘူး၊ ကြိုတင်ပြင်ဆင်မှုမရှိဘဲလုပ်ရတဲ့ နောင်ဆွတ်မနော လုပ်မှုပဲဖြစ်မယ်၊ နောက်ဆွတ်မနောကတော့ ကြိုတင်မှုမရှိဘဲ လုပ်ရတဲ့ ပွဲဆိုတော့ ဘယ်နတ်ကိုမှ တိုင်တန်းဖို့မလိုဘူး၊ ပူဇော်ဖို့လဲမလိုဘူး၊ မနောပွဲကျင်းပမဲ့ရက်ကတော့ အနည်းဆုံး (၄) ရက်ကြာမှဖြစ်မယ် "

ဟုပြောလေရာ မုန်းဒူဝါတိန်ပိုင်ရွာက ခေါင်းညိတ်၍

" နတ်ဆရာကြီးတို့ ကြိုက်သလိုလုပ်ပါ၊ လိုအပ်တာအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဆီကတောင်းပါ၊ မနေ့ာပွဲကို အောင်မြောင်မြင်မြင်လုပ်ပါ ''

ဟုမှာကြားလေ၏၊ ထိုအခါ နတ်ဆရာများသည် မနေ့ာပွဲကျင်းပ ရန် မိုးကြိုးတောင်ပေါ်ရှိ ညီညာပြန့်ပြူးသော မြေကိုရှင်းလင်းခြင်း၊ မနော တိုင်များကို စိုက်ထူခြင်း၊ နတ်များကို ပူဇော်ရန် ယဇ်ကောင်များကို ရှာဖွေရန် စီစဉ်ကြလေ၏၊

နတ်ဆရာများသည် နောင်ဆွတ်မနောဖြစ်သဖြင့် ကြိုတင် ပြင်ဆင် မှုများစွာ မလိုအပ်ချေ၊ အခြားသော မနေ့ာပွဲများကို ကျင်းပ လျှင် တစ်နှစ်ခန့်အကြာကပင် ကြိုတင်ပြင်ဆင်ရ၏။

ထိုရက်များအတွင်း မုန်းဒူဝါတ်နိုင်ရှားသည် သူ၏ကိုယ်ရံတော် များကိုခေါ်၍

'' ငါတို့တပ်တွေဟာ မကြာမီ အမျိုးယုတ်ရွှေလုံ့ပုံ့ရဲ့အုပ်စုတွေ ကို တိုက်ခိုက်တော့မယ်၊ ဒါကြောင့် မင်းတို့အားလုံး အသင့်ပြင်ထားပါ''

ဟုမှာကြားလေရာ ကိုယ်ရံတော်တစ်ဖွဲ့မှအသက် အကြီးဆုံး လူက

'' ရွှေလုံ့ပုံ့ကို တိုက်ခိုက်သင့်တာကြာပါပြီ၊ ဒီကောင်ကြောင့် ဒူဝါကြီးနာမည်ပျက်နေတာ ကျွန်တော်တို့ မခံချင်ဖြစ်မိတယ် ''

ဟုထောက်ခံလေ၏။ အခြားကိုယ်ရံတော်တစ်ဦးကလည်း

'' ဒူဝါကြီးရဲ့ဆုံးဖြတ်ချက်မှန်ကန်ပါတယ်၊ အခုဆိုရင် ရွှေလုံ့ပုံ့ ရဲ့အဖွဲ့တွေဟာလဲ လက်နက်ရိက္ခာတွေ စုဆောင်းနေတယ်လို့ သတင်း ကြားတယ်၊ ရွှေလုံ့ပုံ့ဟာ ဒူဝါကြီးကို အံတုဖို့ ပြင်ဆင်နေပါပြီ ''

ဟုပြောဆိုလေ၏။ ၎င်း၏စကားကြောင့် ဘိန်ပိုင်ရှားက လက် သီးဆုပ်၍ တက်ခေါက်ကာ



'' တောက် ဒီကောင်ဟာ ကျုပ်ဆီကို အခစားမဝင်တာကြာပြီ၊ အခုတော့ ကျုပ်ကို အတိအလင်းယှဉ်ပြိုင်ဖို့ ပြင်ဆင်နေပါလား ''

ဟုရေရွတ်လေ၏။

မရန်ဓနော်သည် ဒူဝါကြီးနှင့်ရွှေလုံ့ပုံ့တို့ ရန်ပွဲဖြစ်ပွားရန် ပြင်ဆင် နေသဖြင့် စိတ်ထဲတွင်ကျိတ်၍ ကျေနပ်သွားလေ၏။

၆၀ ပန်ဓာ၊ ဘာကြုံပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်၊

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ရွှေလှံ့ပျံ၏အဖွဲ့မှာလည်း လက်နက်အင်အား စုစည်း၍ နေလေ၏။ ရွှေလှံ့ပျံက သူ၏တပည့်များကိုစုစည်း၍

" မုန်းဒူဝါတိန်ပိုင်ရှားဟာ ငါ့ကို အတိအလင်းစိန်ခေါ်နေပြီ၊ သူ ဟာ တိုက်ပွဲအောင်မြင်အောင် မိုးကြိုးတောင်မှာ မနေ့ာပွဲတောင်ကျင်းပ ဖို့ပြင်နေပြီ၊ ဒီလူကြီးဟာ ငါ့ရဲ့ဩဇာအာဏာကြီးမားလာတာ မနာလို မရှုစိမ့်ဘူးဖြစ်နေတယ်၊ သူ့ဆီကို ငါသွားတွေ့တိုင်း ငါ့ကို မထီလေးစား ဆက်ဆံနေတာကြာပြီ၊ ရွှေလှံ့ပျံကို လျော့တွက်လို့ ဘယ်ရမလဲကွ "

ဟုပြောဆိုလေရာ သူ၏တပည့်များက မုန်းဒူဝါကြီး မောက်မာ ရိုင်းစိုင်းကြောင်း၊ တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းထောက်ခံကြ၏။

ထိုအခါ ရွှေလှံ့ပျံက လက်ကာပြ၍





" ဒီလူကြီး မိုးကြိုးတောင်မှာ မနာ့ပွဲလုပ်တာကိုကြားတော့ ငါ့ ခေါင်းထဲကို အကြံတစ်ခုဝင်လာတယ်၊ ငါ့ရဲ့အကြံအစည်အောင်မြင်ရင် တိုက်ပွဲဖြစ်စရာမလိုဘူး၊ ပောဒိနယ်ကြီးတစ်နယ်လုံးကို အုပ်ချုပ်တဲ့ မုန်း ဒူဝါအာဏာကို ငါသိမ်းပိုက်လိုက်ရုံပဲ၊ တိန်ပိုင်ရှားဟာ မထင်မှတ်ဘဲ အရှုံး ကြီးရှုံးစေရမယ် "

ဟုပြောလေရာ သူ၏တပည့်များက ရွှေလှံ့ပျံ၏အစီအစဉ်ကို ဝိုင်း ဝန်းမေးမြန်းကြ၏။ ရွှေလှံ့ပျံက တပည့်များကို သူ၏အနီးသို့ခေါ်၍ တိုး တိုးပြောလိုက်လေ၏။

ထိုအခါ ရွှေလှံ့ပျံ၏တပည့်များက စိတ်အားတက်ကြွစွာဖြင့်

" သိပ်ကောင်းတဲ့အကြံအစည်ပဲ၊ ဆရာ့ရဲ့အကြံအစီအောင်မြင် ခဲ့ရင် မိုးကြိုးတောင်မှာပဲ မုန်းဒူဝါဖြစ်ကြောင်း ကြေညာပြီး မနေ့ာပွဲကျင်းပ လိုက်ပေါ့ "

ဟုမြှောက်ထိုးပင့်ကော် လုပ်ပေးကြလေ၏။ ရွှေလှံ့ပျံသည် တပည့်များ၏စကားကြောင့် မုန်းဒူဝါအဆောင်အယောင်များကို မြင်ယောင်ပြီး အကျေနပ်ကြီး ကျေနပ်ကာ

" ဟားဟားဟား... မုန်းဒူဝါရွှေလှံ့ပျံ မုန်းဒူဝါ ရွှေလှံ့ပျံ ငါ့နာမည်နဲ့အတော်လိုက်ဖက်တာပဲ "

ဟုပြောဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မရန်နော်တို့လူစုသည် မုန်းဒူဝါကြီး၏ မနောပွဲပြုလုပ်ကာနီးတွင် စုဝေးတိုင်ပင်ကြလေ၏။

လူ့ဌာစကြီးဦးထိပ်သီးက

'' ရွှေလှံပုံ့ရဲ့အဖွဲ့တွေဟာ မနောပွဲပြီးတဲ့အချိန်မှာ မုန်းဒူဝါတိန်ပိုင်ရှားကို လုပ်ကြံလိမ့်မယ်၊ ဒါကြောင့် ငါတို့အုပ်စု တောင်ပေါ်တက်ပြီး ကြိုတင်စောင့်ဆိုင်းနေကြမယ် ''

ဟုပြောဆိုလေရာ မရန်နော်က သက်ပြင်းချ၍

'' ရွှေလှံပုံ့ရဲ့အကြံအစည်ကို မုန်းဒူဝါကြီးကို ဖွင့်ပြောလိုက်ရင် ကောင်းမလား ''

ဟုမေးမြန်းလေ၏။ ထိုအခါ လူ့ဌာစကြီးက ခေါင်းခါ၍

'' သူ့ကို အသိပေးလို့မဖြစ်ဘူးကွ၊ မုန်းဒူဝါဟာ သူ့ကိုလုပ်ကြံ





မယ်ဆိုရင် တောင်ပေါ်ကို တပ်သားတွေအများကြီး ခေါ်ထားလိမ့်မယ်၊ ဒါဆိုရင် ရွှေလှံပုံ့ရဲ့လုပ်ကြံမဲ့အစီအစဉ်ပျက်သွားမယ်၊ ငါတို့ဟာ ရွှေလှံပုံ့ တောင်ပေါ်တက်လာအောင် မုန်းဒူဝါကြီးနဲ့မြူဆွယ်ထားရမယ်၊ ဒီကောင်ရဲ့အဖွဲ့ကို ငါတို့ကူညီတိုက်ခိုက်ပေးရင် ဒူဝါကြီးနဲ့မိတ်ဆွေဖြစ်သွားမယ်၊ ဒါဆိုရင် ဒူဝါကြီးဆီမှာရောက်နေတဲ့ မိုးကြိုးတံခွန်အရုပ်ကလေးရဲ့သဲလွန်စကို ရရှိလိမ့်မယ် ''

ဟုပြောဆိုလေ၏။ မိုးနတ်မယ်က ခေါင်းညိတ်၍

'' ရှင့်ရဲ့အကြံဉာဏ်သိပ်ကောင်းတယ်၊ ဒူဝါကြီးနဲ့ ရင်းနှီးမှုရှိသွားရင် မိုးကြိုးတံခွန်အရုပ်ကလေး ပြန်ရနိုင်တယ် ''

ဟုပြောဆိုလေ၏။ ထိုနောက်တွင်မူ မရန်နော်တို့သည် မိုးကြိုးတောင်ပေါ်တွင် ကြိုတင်စောင့်ဆိုင်းရန် တိုင်ပင်ကြလေ၏။

မနောပွဲစတင်ကျင်းပသောနေ့တွင် ဂျိုင်ဂါခေါ် နတ်ဆရာကြီးက ရိုးရာနတ်ဂါထာများကို ရွက်ဆိုလေ၏။

ထို့နောက် ရိုးရာအရက်နှင့် ကောက်ညှင်းများကျွေးမွေးပြီး အခမ်းအနားစတင်ကြောင်း သေနတ်ပစ်ဖောက်၍ အသိပေးလိုက်၏။

နတ်ဆရာကြီးနှင့် နတ်ဆရာငယ်သည် ရိုးရာနတ်ဝတ်စုံများကို ဝတ်ဆင် ထားလေ၏။

ထိုရက်များအတွင်း အထက်နတ်ဖြစ်သော မဒိုင်နတ်ကို ကောင်းကင်မှပင့်ဆောင်၍ ပူဇော်ရ၏။

ဤသို့ပင့်ဆောင်ရာတွင် လေးရက်မျှ ကြာမြင့်လေ၏။

မဒိုင်နတ်ကို ပင့်ဆောင်ရာတွင်လည်းကောင်း၊ ပြန်ပို့ရာတွင်လည်းကောင်း မှန်ကန်တိကျစွာ ပင့်ဆောင်ရ၏။



www.burmeseclassic.com

မှားယွင်း၍ ပင့်ဆောင်မိပါက နတ်ဆရာများ လိပ်ပြာလွင့်တတ်သည်ဟု ယူဆကြ၏။

ထို့နောက် နတ်ဆရာကြီးဂျိုင်ဝါက အောက်ချင်းငှက်၏ ရှတ်သီးတပ်ထားသော ဦးထုပ်ကိုဆောင်း၍ မနောအဂကကို ဦးဆောင်၍ ကရလေ၏။

ရင်းနောက်မှ မနောပွဲကျင်းပသူ ဒူဝါနှင့် မိသားစုက လိုက်ရပါ၏။

မနောပွဲတွင် အထယ်ဘန်း နတ်ဆရာ ခင်ဂျောင်က တိရစ္ဆာန်များကို သတ်၍ သက်ဆိုင်ရာနတ်များကို ပူဇော်ရန် ပြင်ဆင်ပေးရလေ၏။

နတ်ဆရာဂျိုင်ဝါက မနောတိုင်များကို မျက်နှာမူ၍ နတ်များကို ပူဇော်ရလေ၏။

မုန်းဒူဝါတိန်ရှောင်ဇိန်းသည် သူ၏ မနောပွဲအောင်မြင်သဖြင့် ရန်သူဖြစ်သူ ရှေလုံပျံကို အောင်မြင်မည်ဟု ယုံကြည်နေလေ၏။



မနောပွဲရက်များတွင် မရန်နော်တို့သည် မိုးကြိုးတောင်သို့တက်ရန် ကြိုးစည်ကြလေ၏။

လူ့ဌာစာကြီး ဦးထိပ်သီးက

“ ငါတို့ တောင်ပေါ်တက်ပြီး ရှေလုံပျံရဲ့လူတွေကို စောင့်မယ်၊ ဒီကောင်တွေ တောင်ရဲ့အနောက်က တက်လာနိုင်တယ်၊ ဒီကောင်တွေကို တောင်ပေါ်ကစီးပြီး မြားစာကျွေးရမယ်၊ ရှေလုံပျံဟာ မုန်းဒူဝါကြီးကို ကိုယ်တိုင် လုပ်ကြံနိုင်တယ်၊ မရန်နော်က မုန်းဒူဝါကြီးကို ကာကွယ်ရ မယ် ”

ဟု ပြောဆိုလေ၏။ ထိုအခါ မိုးနတ်မယ်ဆိုသော အပျိုသမီးကြီးက

“ မရန်နော် မုန်းဒူဝါကြီးကို ကာကွယ်စရာမလိုဘူး ”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ မိုးနတ်မယ်၏ စကားကြောင့် လူ့ဂွစာကြီး ဦးထိပ်သီးက

'' ဒူဝါကြီးမှာ အသက်အန္တရာယ်ရှိနိုင်တယ် ''

ဟု ပြောလေ၏။ မိုးနတ်မယ်က သက်ပြင်းချ၍

'' ရှင်တို့ဟာ ဒူဝါကြီးအကြောင်းကို မသိဘဲ လျှော့တွက်ထားတာကိုး၊ ဒူဝါကြီးရဲ့အိမ်ကို ကျွန်မ ညဘက်ခိုးဝင်တော့ ဒူဝါကြီးရဲ့အိမ်မှာ ထူးဆန်းတဲ့ အခန်းတစ်ခန်းတွေ့တယ်၊ အခန်းဝမှာ တရုတ်နဂါးရုပ်ကြီး တစ်ရုပ်ရှိတယ်၊ ကျွန်မလဲ စိတ်ဝင်စားလို့ အခန်းထဲကို ချောင်းကြည့်တော့ မှန်းဒူဝါတိန်မိန်ရှားဟာ ဓားနှစ်လက်သိုင်းကို ကျွမ်းကျွမ်းကျင်ကျင် လေ့ကျင့်နေတာ တွေ့ရတယ်၊ တကယ်တော့ ဒူဝါကြီးဟာ လျှို့ဝှက်ပြီး နေထိုင်တဲ့ အဆင့်မြင့်သိုင်းပညာရှင်တစ်ဦးပါ ''

ဟု ပြောဆိုလေရာ မရန်နော်တို့သည် လွန်စွာအံ့ဩသွားလေ၏။ မရန်နော်က မိုးနတ်မယ်၏ စကားကို နားထောင်၍

'' ဒါပေမဲ့ ရွှေလုံပျံကိုလဲ လျှော့တွက်လို့ မရဘူး၊ ရွှေလုံပျံက ကိုယ်ခံပညာကို အဆင့်မြင့်မြင့် တတ်ကျွမ်းတဲ့ ပညာရှင်တစ်ယောက်ပဲ ''

ဟု ပြောဆိုလေ၏။ ထိုအခါ လူ့ဂွစာကြီးဦးထိပ်သီးက

'' ဟုတ်တယ်၊ ရွှေလုံပျံကို လျှော့ပတွက်သင့်ဘူး၊ မရန်နော်က သူတို့နှစ်ယောက်ရဲ့ တိုက်ပွဲကို စောင့်ကြည့်ပြီး အကူအညီ ပေးသင့်ရင် ပေးရမယ် ''

ဟု ပြောဆိုလေတော့၏။ မရန်နော်က ခေါင်းညိတ်၍

'' ကျုပ်က မှန်းဒူဝါကြီးရဲ့ ကိုယ်ရံတော် အဖွဲ့ဝင်ပဲ၊ ဒူဝါကြီးမှာ





အန္တရာယ်ရှိရင် ကာကွယ်ပေးရမှာပေါ့ ''

ဟု ပြောဆိုလေ၏။

ထို့နောက်တွင်မူ လူ့ဂွစာကြီးနှင့် မိုးနတ်မယ်သည် မိုးကြိုးတောင်သို့ လျှို့ဝှက်စွာ တက်ရန် ပြင်ဆင်ကြလေ၏။

ဝှက်ပျောသီးနှင့် ခဝါသည်ဆိုသော လူငယ်လေးနှစ်ဦးက ၎င်းတို့နှင့် လိုက်ရန် ကြိုးစည်နေသဖြင့် မရန်နော်တို့က တားမြစ်ခဲ့ရ၏။

လူ့ဂွစာကြီးနှင့် မိုးနတ်မယ်သည် မနောပွဲ ကျင်းပချိန်၌ ညအမှောင်ကို အသုံးချ၍ တောင်ပေါ်သို့ တက်ခဲ့လေ၏။

မရန်နော်ကမူ မှန်းဒူဝါကြီး၏ ကိုယ်ရံတော်တစ်ဦးဖြစ်သဖြင့် တောင်ပေါ်သို့ အတိအလင်း တက်ခဲ့လေ၏။

မနောပွဲကျင်းပပြီး လေးရက်မြောက်သောနေ့အထိ မှန်းဒူဝါကြီးသည် မည်သည့်အန္တရာယ်မျှ မကြုံတွေ့သေးချေ။

နောက်ဆုံးနေ့ မနောပွဲပြီးဆုံးသည့်အချိန်တွင် ရွှေလုံပျံ၏ တပည့်တပန်းများသည် မြင်းကိုယ်စီဖြင့် မိုးကြိုးတောင်အနီးသို့ ချဉ်းကပ်လာလေ၏။

မရန်နော်သည် မှန်းဒူဝါကြီး၏ ကိုယ်ရံတော်ဖြစ်သဖြင့် ပတ်ဝန်းကျင်အနှံ့ မှန်ဘီလူးဖြင့် ကြည့်ရှုလေရာ ရွှေလုံပျံ၏ အဖွဲ့သားများကို ဦးစွာ မြင်တွေ့လေ၏။

ထို့ကြောင့် မှန်းဒူဝါကြီးထံသို့ အပြေးအလွှားသွား၍ သတင်းပို့လိုက်ရာ မှန်းဒူဝါကြီးသည် ရွှေလုံပျံ၏ အဖွဲ့သားများကို မှန်ဘီလူးဖြင့် ကြည့်၍ မျက်နှာပျက်သွားပြီး တက်ခေါက်ကာ

'' တောက် ဒီကောင်ဟာ ငါ့ထက် ခြေတစ်လှမ်းသာသွားပြီ၊



www.burmeseclassic.com

www.burmeseclassic.com



မနေဘဲ့ ကျွန်းပနေချိန်မှာ ဒီကောင်တွေ လာတိုက်မယ်လို့ ငါလုံးဝ မမျှော်လင့်ဘူး။ တောင်ပေါ်မှာ ငါ့ရဲ့ကိုယ်ရံတော်တွေပဲ ရှိတယ်၊ သူတို့နဲ့ အင်အားချင်း လုံးဝမယှဉ်နိုင်ဘူး ''

ဟု စိတ်ပျက်လက်ပျက် ပြောဆိုလေ၏။ ထိုအခါ မရန့်နော်က ရှေ့သို့ထွက်၍

'' အင်အားချင်း မယှဉ်နိုင်ပေမဲ့ စိတ်မပျက်ပါနဲ့ ဒူဝါကြီး၊ ကျွန်ုပ်တို့ ကိုယ်ရံတော်တွေ အားကြိုးမာန်တက် တိုက်ခိုက်ပါ့မယ် ''

ဟု ကတိပြုလေရာ ဒူဝါကြီးသည် အနည်းငယ် စိတ်အားတက်ကြွသွားလေ၏၊ ရွှေလှံပုံ၏ အဖွဲ့သားများသည် တောင်ပေါ်သို့ တဖြည်းဖြည်း စတင် ချဉ်းကပ်လာ၏။

၎င်းတို့ တောင်ပေါ်တက်လာပုံကို ကျောက်တုံးကြီးတစ်တုံး၏ နောက်တွင် အကျအန ထိုင်နေသော လူ့ဗွစာကြီး ဦးထိပ်သီးနှင့် မိုးနတ်မယ်က သေချာစွာ မြင်လေ၏၊

မုန်းဒူဝါကြီးက လေးနှင့်မြားကို အသင့်ပြင်၍

'' ဟဲ ဟဲ... ဒီကောင်တွေကို ကျုပ်တို့ အေးအေးဆေးဆေး ထိုင်စောင့်ပြီးပစ်ရုံပဲ၊ ကျုပ်တို့ ရှိနေသရွေ့ ဒီကောင်တွေ အနောက်ဘက်က တောင်ပေါ်ကို ရောက်မလာစေရဘူး။ ကဲ...ကျုပ်တို့ပစ်ကြမယ် ''

ဟု ပြောဆိုကာ မြားကျည်တောက်ထဲမှ မြားများကို ထုတ်၍ စတင် ပစ်ခတ်လေတော့၏။

လူ့ဗွစာကြီးသည် မြားဝိဇ္ဇာဖြစ်ပြီး မိုးနတ်မယ်မှာလည်း မြားပစ်ကျွမ်းကျင်သူဖြစ်သဖြင့် ရန်သူများသည် မဝင်မှတ်ဘဲ အတုန်းအရုန်း ကျဆုံးလေ၏။



ရွှေလှံပုံသည် ၎င်းတို့အကြံအစည်ကို ဒူဝါကြီးက ကြိုတင်သိရှိနေသဖြင့် ဒေါသတကြီး ဟက်ခေါက်လိုက်ပြီး

'' တောက်... ဒီလူကြီးက ငါတို့ကို စပစ်နေတယ်၊ မင်းတို့ မရရအောင် တောင်ပေါ်တက်ပြီး တိုက်စမ်း ''

ဟု အမိန့်ပေးလေ၏။ ရွှေလှံပုံ၏လူများသည် တောင်ပေါ်သို့ တက်ရန် ကြိုးပမ်းသော်လည်း လူ့ဗွစာကြီးနှင့် မိုးနတ်မယ်၏ အစွမ်းကြောင့် တောင်ပေါ်သို့ မတက်နိုင်ဘဲ ရှိလေ၏။

မုန်းဒူဝါကြီး၏ ကိုယ်ရံတော်များသည် ရန်သူများကို ကူညီပစ်ခတ်နေသူများရှိသဖြင့် အလွန်အံ့ဩနေလေ၏။

မုန်းဒူဝါကြီးက တောင်အနောက်သို့ မှန်ဘီလူးဖြင့်ကြည့်၍ ဝမ်းသာအားရဖြင့်

'' ငါတို့ဖက်က ကူညီပေးမဲ့သူတွေရှိနေတယ်၊ ဒီကောင်တွေ အနောက်ဘက်လမ်းက တက်ပြီး အတုန်းအရုန်းကျဆုံးနေပြီ၊ အနောက်ဘက်လမ်းက ရန်သူတွေ တက်မလာနိုင်ရင် ငါတို့အတွက် အန္တရာယ်မရှိဘူး၊ အရှေ့ဘက်မှာ ရန်သူအများကြီး တက်နိုင်တဲ့ လမ်းမရှိဘူး၊ အရှေ့ဘက်က တက်လာရင်လဲ ငါတို့ကောင်းကောင်းရင်ဆိုင်နိုင်တယ် ''

ဟု ပြောဆိုလေ၏။ ရွှေလှံပုံသည် တောင်၏ အနောက်လမ်း[illegible] သူ၏ တပည့်တပန်းများ အတုန်းအရုန်းကျဆုံးသဖြင့် [illegible] မခံသာဖြစ်ပြီး ဟက်ခေါက်ကာ

'' တောက်... ငါတို့လူတွေ အများကြီး [illegible] ဘက်လမ်းကနေ တောင်ပေါ်ကို မရရအောင်တက်ပြီး [illegible] လုပ်ကြရမယ် ''

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောဆိုပြီး အရှေ့ဘက်လမ်းမှ တောင်ပေါ်သို့ တက်လေ၏။ ထိုအခါ အရှေ့ဘက်လမ်းတွင် စောင့်ကြိုနေသော မုန်းဒူဝါ၏ တပ်များနှင့် တိုက်ပွဲဖြစ်ပွားလေ၏။

၎င်းတို့သည် အနီးကပ်တိုက်ပွဲဖြစ်သဖြင့် ဓားလှံများကိုသာ အသုံးပြု၍ တိုက်ပွဲဝင်ကြ၏။

ရွှေလှံပျံသည် သူ၏ရွှေလှံပျံကို ဝှေ့ယမ်း၍ တက်လာသဖြင့် ကိုယ်ရံတော်များသည် ၎င်းကို မတားဆီးနိုင်ဘဲ နောက်သို့ ဆုတ်ခွာပေးရလေ၏။

ရွှေလှံပျံနှင့် ကိုယ်ရံတော်များ၏ ကိုယ်ခံပညာများစွာ ကွာခြားလှ၏။

မရန်နော်သည် မုန်းဒူဝါကြီး ရှေ့မှဆီးကြို၍ ရွှေလှံပျံအား တိုက်ခိုက်လေ၏။

ရွှေလှံပျံသည် မရန်နော်အား သာမန်ကိုယ်တော်တစ်ဦးဟု ထင်မှတ်ကာ သူ၏လက်ထဲရှိ ရွှေရောင်လှံဖြင့် ထိုးနှက်လိုက်၏။

သို့သော် မရန်နော်က ရွှေလှံအား ဓားဖြင့်ရိုက်ဖယ်၍ သူ့အား ပြန်လည်တိုက်ခိုက်ရာ မျက်လုံးပြူးသွားလေ၏။

ရွှေလှံပျံသည် မုန်းဒူဝါ တိန်ပိုင်ရှား၏ အနီးသို့ ရောက်ပြီးမှ ကိုယ်ရံတော်တစ်ဦး၏ တားဆီးမှုကို ခံရသဖြင့် ဒေါသူပုန်ထကာ မရန်နော်အား ပြင်းထန်စွာ တိုက်ခိုက်လေ၏။

ရွှေလှံပျံ မည်သို့ပင် တိုက်ခိုက်စေကာမူ မရန်နော်သည် ရှမ်းသိုင်းဆရာကြီးထံတွင် ကိုယ်ခံပညာကို ကျွမ်းကျင်စွာ သင်ကြားထားသည့်အပြင် ထူးချွန်သော မုဆိုးတစ်ယောက်ဖြစ်သဖြင့် အနိုင်မယူနိုင်ဘဲ





ရှိနေ၏။

ရွှေလှံပျံသည် ဒူဝါကြီးအနီးတွင် ဤမျှ ရဲရင့်၍ ထူးချွန်သော ကိုယ်ရံတော်တစ်ဦးရှိနေခြင်းကို ကြိုတင်မသိသဖြင့် မိမိကိုယ်မိမိ အပြစ်တင်လိုက်၏။

သူသည် မုန်းဒူဝါတိန်ပိုင်ရှားကို လုပ်ကြံရန် အရေးကြီးနေသဖြင့် ရွှေလှံပျံကို မွှတ်နေအောင်လှည့်၍ မရန်နော်အား ပြင်းထန်စွာ တိုက်ခိုက်လေ၏။

သို့သော် ရွှေလှံပျံသည် မရန်နော်ကို အနိုင်ရအောင် မတိုက်ခိုက်နိုင်ချေ။

မုန်းဒူဝါကြီးသည် ကိုယ်ခံပညာကို လျှို့ဝှက်စွာ လေ့ကျင့်ကတတ်သော ပညာရှင်တစ်ဦးဖြစ်သဖြင့် သူ၏အသက်အန္တရာယ်ကို ကာကွယ်ပေးနေသော မရန်နော်၏အစွမ်းကို အလွန်အံ့သြမိလေ၏။

သူ၏ကိုယ်ရံတော်သည် ဓားနှင့်လက်သိုင်းကို ကျွမ်းကျင်စွာ ကစားတတ်သူတစ်ဦး ဖြစ်၍နေ၏။

ထို့ကြောင့် ရွှေလှံပျံကို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်မည်ဟု ယုံကြည်လေ၏။

မရန်နော်သည် ရွှေလှံပျံကို ဓားနှစ်လက်ဖြင့် အပြင်းအထန် တိုက်ခိုက်ရင်း သူ၏လက်မောင်း၌ ပွန်းပဲ့ဖြစ်သွား၍ ငုံ့ကြည့်လိုက်ရာ ရန်သူဘက်မှ ပစ်လိုက်သော မြားတစ်စင်း စိုက်ဝင်သွားကြောင်း တွေ့ရလေ၏။

မရန်နော်သည် လက်မောင်းမှ နာကျင်လာသဖြင့် မျက်နှာကို ရှုံ့မဲ့ပြီး မြားကို ဆွဲနှုတ်ရန် ပြင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ရွှေလုံ့ပျံသည် မရန်နေဘ်ကို ကျော်လွန်၍ မှန်းဒူဝါကြီးကို စတင်တိုက်ခိုက်လေတော့၏။

ရွှေလုံ့ပျံသည် လှံတံကို လှည့်ပတ်ကာစားရင်း

" ဒူဝါကြီး သေပေတော့ "

ဟု ကြုံးဝါးကာ စတင်တိုက်ခိုက်လိုက်၏။

ထိုအခါ ဒူဝါကြီးက သူ၏ဓားနှစ်လက်ဖြင့် ရွှေလုံ့ပျံကို အေးအေးဆေးဆေးစွာ ခုခံလိုက်၏။

ရွှေလုံ့ပျံသည် ဒူဝါကြီးကို အလွယ်တကူ အနိုင်ယူနိုင်မည်ဟု ထင်မြင်နေလေရာ ဒူဝါကြီးက စနစ်တကျ တိုက်ခိုက်သဖြင့် မျက်လုံးပြူးသွားလေ၏။

ရွှေလုံ့ပျံသည် ဒူဝါကြီးကို မျက်စောင်းကြီးထိုးကြည့်၍

" ဟင်... ခင်ဗျား ခင်ဗျား "

ဟု တအံ့တသြ ရေရွတ်နေစဉ် ဒူဝါကြီးက ဟားဟားဟားရယ်မော၍

" ဟား ဟား ဟား... ရွှေလုံ့ပျံ သိုင်းပညာကို မင်းတစ်ယောက်တည်းပဲ တတ်တယ်ထင်သလား။ ငါက ကြောက်လက်သည်းဖွက်သလို နေထိုင်တာကွ။ အထင်မသေးနဲ့ "

ဟု ပြောဆိုလေရာ ရွှေလုံ့ပျံသည် ဒေါသဖြစ်လာပြီး ဒူဝါကြီးကို အပြင်းအထန် တိုက်ခိုက်လေ၏။

မည်သို့ပင် တိုက်ခိုက်စေကာမူ ဒူဝါကြီးသည် ကိုယ်ခံပညာ ကျွမ်းကျင်လှသဖြင့် အပြင်းအထန် ပြန်လည်ခုခံလေ၏။

ရွှေလုံ့ပျံသည် သူ၏ အစီအစဉ်များ လွဲချော်နေသဖြင့် စိတ်လှုပ်





ရှားပြီး တိုက်ခိုက်မှုများ လွဲချော်လာ၏။

တစ်ချိန်တွင် ဒူဝါကြီးသည် အနောက်သို့ဆုတ်ရင်း ကျောက်တုံးကို နင်းမိကာ ခြေချော်ကျပြီး လဲလေ၏။

ရွှေလုံ့ပျံသည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ အသံနက်ကြီးဖြင့် ကျားဟု ကြွေးကြော်ကာ ဒူဝါကြီးကို လှံဖြင့် ပြေးစိုက်လိုက်၏။

မရန်နေဘ်သည် ဒူဝါကြီးအတွက် အလွန်စိုးရိမ်ကာ သူ၏ခါးကြားမှ ဓားမြှောင်ကို ထုတ်၍ ရွှေလုံ့ပျံ၏ နောက်ကျောကို လျင်မြန်စွာ ပစ်လေ၏။

ရွှေလုံ့ပျံသည် ဒူဝါကြီးကို လှံဖြင့် ထိုးစိုက်ကာနီးမှ နောက်ကျောကို ဓားမြှောင် စိုက်ဝင်သွားသဖြင့် အင့်ခနဲအော်ပြီး တုန့်ဆိုင်းသွားလေ၏။

ဒူဝါကြီးသည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ရွှေလုံ့ပျံ၏ ကိုယ်ခန္ဓာကို ဓားဖြင့် ခုတ်ပိုင်းလိုက်ရာ ရွှေလုံ့ပျံသည် [illegible] ချောက်ထဲသို့ ပြုတ်ကျသွားလေတော့၏။

ထိုအချိန်တွင် ရွှေလုံ့ပျံ၏ တပည့်တပန်းများလည်း [illegible] ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒူဝါကြီးသည် သူ၏ရန်သူများကို အောင်ပွဲခံလိုက်သဖြင့် မရန်နော်တို့အား ကျေးဇူးတင်စကား အကြိမ်ကြိမ်ပြောကာ အရက်၊ ခေါင်ရည်၊ တောင်ဆိတ်ကင်တို့ဖြင့် ဧည့်ခံလေ၏။

ဒူဝါကြီးသည် ရှေလုံ့ပုံ့ပုံကဲ့သို့ လူဆိုးလူသွမ်းတစ်ယောက်ကို မြောက်စားမိခြင်းသည် မိမိ၏မှားယွင်းမှု ဖြစ်ကြောင်း နောင်တရဟန်ဖြင့် ပြောဆိုလေ၏။

ထို့အပြင် သူ၏အသက်အရွယ်မှာလည်း ကြီးရင့်ပြီဖြစ်သဖြင့် နယ်မြေရဲ့ရန် ဆန္ဒမရှိတော့ကြောင်း ပြောလေ၏။





ထို့နောက် ဒူဝါကြီးက မိုးနတ်မယ်နှင့် လူ့ဂွစာကြီး ဦးထိပ်သီးအား သူ၏ စံအိမ်တော်တွင် အေးဆေးစွာ နေထိုင်ရန် ဖိတ်ခေါ်သဖြင့် ၎င်းတို့က နေထိုင်ခဲ့လေ၏။

မိုးနတ်မယ်နှင့် လူ့ဂွစာကြီးသည် ဒူဝါကြီး၏ အထူးဧည့်သည်များအဖြစ် တစ်ပတ်ခန့် နေထိုင်ပြီးနောက် ဒူဝါကြီးက ညစာစားပွဲတွင် အံ့ဩဖွယ်ကောင်းသော စကားကို ဆိုလေ၏။ ဒူဝါကြီးက

" ခင်ဗျားတို့ ဒီဒေသကို ရောက်လာတဲ့ ရည်ရွယ်ချက်ကို ကျုပ်တို့ ဖွင့်ပြောချိန်တန်ပါပြီ၊ လျှို့ဝှက်မထားပါနဲ့တော့၊ ခင်ဗျားတို့ဟာ ကျုပ်ရဲ့ ကျေးဇူးရှင်တွေပါ၊ ကျုပ်ကူညီနိုင်ရင် ကူညီပါရစေ "

ဟု ပြောလေရာ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးက သူ့ပတို့မျိုးရိုးစဉ်ဆက် ထိန်းသိမ်းခဲ့ရသော မိုးကြိုးတံခွန် အရုပ်ကလေးအကြောင်းကို ပြောပြပြီး ထိုအရုပ်နှင့် ပတ်သက်၍ ရောက်ရှိခဲ့ကြောင်း ပြောပြလေ၏။ ထိုအခါ မုန်းဒူဝါကြီးက အံ့ဩဟန်မပြဘဲ

" ဒီပစ္စည်းနဲ့ ပတ်သတ်ပြီး ခင်ဗျားတို့ရောက်လာတယ်ဆိုတာ ကျုပ်ထင်ထားပြီးသားပါ၊ ကျုပ်ရဲ့စံအိမ်က ရှေးဟောင်းပစ္စည်းထားတဲ့ အခန်းကို လွန်ခဲ့တဲ့ရက်တွေက မကြာခဏ ဖောက်ထွင်းခံရတယ်လေ၊ တကယ်တော့ မိုးကြိုးတံခွန်အရုပ်ဟာ အလွန်ထူးဆန်းပါတယ်၊ ဘာကြောင့်လဲဆိုတော့ လွန်ခဲ့တဲ့နှစ်က တရုတ်ပြည်က ရှေးဟောင်းပစ္စည်းဝယ်တဲ့ ကုန်သည်ကြီးတစ်ဦးက ဒီအရုပ်ကလေးကို အလွန်လိုချင်ပြီး ဈေးကောင်းပေးတာနဲ့ ကျုပ်ရောင်းဖို့ ကြံစည်ခဲ့ကယ်၊ ဒါပေမဲ့ ကုန်သည်ကြီး ရောက်တဲ့ညမှာပဲ အရုပ်ကလေးဟာ သူ့အလိုလို ပျောက်သွားခဲ့တယ် "



www.burmeseclassic.com

ဟု ပြောလေရာ မိုးနတ်မယ်က အလွန်အံ့ဩဟန်ဖြင့်

" အလိုလို ပျောက်ဆုံးသွားတယ် ဟုတ်လား။ ရှင်းပါဦး "

ဟု မေးမြန်းလိုက်လေ၏။ ဘုငါကြီးက

" ဟုတ်ပါတယ်၊ ကျုပ်ရဲ့အိမ်ကို ဒီရွာမှာ ဘယ်သူမှ ကျူးကျော်ပြီး မခိုးဝံ့ဘူး၊ နောက်ပြီးတော့ အိမ်ကိုဖောက်ထွင်းခံရတဲ့ ခြေရာလက်ရာလဲ မမြင်ရဘူး။ ကျုပ်ရဲ့ အိမ်အပေါ်ထပ်မှာ တံခါးအထပ်ထပ်ရှိတဲ့ အတွက် တော်ရုံတန်ရုံ သူခိုးဟာ၀ယောက်ဟာ မဝင်ရောက်နိုင်ဘူး။ အိမ်ထဲကို ဝင်နိုင်ဖို့ သူခိုးဟာ ခြေလျှိုမိုးပျံတဲ့ အတတ်ပညာရှိမှ ဖြစ်မယ် "

ဟုပြောလေရာ လူ့ရှစ်ဆွေကြီး ဦးထိပ်သီးက

" အဲဒီညက အိမ်မှာအိပ်တဲ့ တရုတ်ကုန်သည်ကို စစ်ဆေးကြည့်သလား "

ဟု မေးမြန်းလေ၏။ ဘုငါကြီးက

" ကုန်သည်ကြီးဟာ တရုတ်ပြည်မှာ နာမည်ပျက်မရှိတဲ့ အလွန် အကျင့်စာရိတ္တကောင်းတဲ့ ကုန်သည်ကြီးပေါ့၊ သူဖြစ်နိုင်တာနဲ့မှာ သံသယ ဖြစ်မှာစိုးလို့ သူ့ဘာစ်ကိုယ်လုံးကို သေသေချာချာ စစ်ဆေးပေးပါတယ်၊ တကယ်တော့ မိုးကြိုးတံခွန်အရုပ်ကလေး ပျောက်ဆုံးသွားပုံကို ဘယ်လိုမှ တွေးတောလို့ မရနိုင်ပါဘူး။ ဒီအဖြစ်အပျက်ဟာ ကျုပ်တစ်သက်တာမှာ အလွန်ထူးဆန်းတဲ့အဖြစ်အပျက်ပါ၊ ဒီအရုပ်ကလေး ကျုပ် လက်ထဲမှာရှိရင် ခင်ဗျားတို့ကို လက်ဆောင်အဖြစ် အမှန်တကယ် ပေး လိုက်မှာပါ၊ အခု ကျုပ်လက်ထဲမှာ မရှိတော့တာ ခွင့်လွှတ်ပါဗျာ "

ဟု တောင်းပန်လေရာ မိုးနတ်မယ်ဆိုသော အမျိုးသမီးကြီးသည် သူမတို့ မျိုးရိုးစဉ်ဆက် ထိန်းသိမ်းခဲ့သော မိုးကြိုးတံခွန် အရုပ်ကလေး





ကို ရှာရန် မမျှော်လင့်နိုင်တော့သဖြင့် စိတ်ဓာတ်ကျသွားလေ၏။

သူမဖခင်၏ ရည်ရွယ်ချက်ကို အကောင်အထည် မဖော်နိုင်တော့ ချေ။

ထိုအခိုက်မှာပင် ၎င်းတို့၏ စကားကို အခန်းထောင့်တွင်ထိုင်၍ နားထောင်နေသော မုန်းဘုငါ၏ သမီးငယ်လေးက

" အဖေ တကယ်ပဲ အရုပ်ကလေးကို ဟောဒီက အဒေါ်တို့ကို လက်ဆောင်ပေးလိုက်မှာလား "

ဟု မေးမြန်းလေရာ ဘုငါကြီးက

" တကယ် ပေးလိုက်မှာပေါ့ကွယ် "

ဟု ပြောလေ၏။ ထိုအခါ ဘုငါ၏ သမီးငယ်လေးသည် ဧည့်ခန်း ထဲမှ ထွက်ခွာသွားပြီး ခဏအကြာတွင် တစ်စုံတစ်ခုကို ကိုင်၍ ပြန်လည် ရောက်ရှိလာ၏။

သူမ၏ လက်ထဲရှိ အရာကိုကြည့်၍ ဘုငါကြီးနှင့် မိုးနတ်မယ်က သံပြိုင်

" ဟင်... မိုးကြိုးတံခွန်အရုပ်ကလေးပါလား "

ဟု အော်ဟစ်လိုက်လေ၏။

ဘုငါ၏ သမီးငယ်လေးက အရုပ်ကလေးကို လက်နှစ်ဖက်ဖြင့် ကိုင်တွယ်၍ စားပွဲခုံပေါ်သို့ တင်ပေးလိုက်ပြီး

" အဖေသမီးကို အပြစ်မပေးပါနဲ့နော်၊ ဟောဒီအရုပ်ကလေးကို အဖေ ရောင်းတော့မယ်ဆိုတော့ သမီး သိပ်စိုးရိမ်တယ်၊ ဒီအရုပ်ကလေး ကို သမီး သိပ်ကြိုက်တာပဲ၊ သူ့ကို ရောင်းတော့မဲ့ညက အရုပ်ကလေးကို သမီး အိပ်မက်ထဲကိုလာပြီး သူ့ကို မရောင်းလိုက်ပါနဲ့၊ သမီးနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ထားပါလို့ ပြောတယ်၊ ဒါကြောင့် အိပ်ရာက လန့်နိုးပြီး အရုပ်ကလေးကို ဘယ်သူမှမသိအောင် အိပ်ခန်းထဲက ကစားစရာတွေကြားမှာ ဖွက်ထားလိုက်တာပါ၊ ဟောဒီက အဒေါ်တို့ဟာ အရုပ်ပိုင်ရှင်တွေဆိုရင် သမီးမလိုချင်တော့ပါဘူး၊ ပြန်ပေးလိုက်ပါပြီ ''

ဟု ပြောလေရာ မိုးနတ်မယ်သည် သူမတို့ မျိုးရိုးစဉ်ဆက် ထိန်းသိမ်းခဲ့ရသော အရုပ်ကလေးကို ပြန်လည်ရရှိသဖြင့် ဖော်မပြနိုင်အောင် ဝမ်းသာသွားပြီး အရုပ်ကလေးကို တုန်ယင်သောလက်များဖြင့် ယူ၍

'' ဥစ္စာရှင်မှန်လို့ ပြန်တွေ့ရပြီ ''

ဟု တီးတိုးရေရွတ်လိုက်လေတော့သည်။

မင်းမြတ်သူရ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com